
www.burmeseclassic.com

# ပျိုး

## မျှော်လေတဲ့လွမ်းဘွဲ့ကိုစေ



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မျိုး

# မျှော်လေတဲ့လွမ်းဘွဲ့ကိုစေ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၁၇၀၂၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၆၉၀၄၁၁
အဖုံးဒီဇိုင်း - Idea Kyaw
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြဲ-၀၃၀၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွှန့်၊ ရန်ကုန်မြို့
ပုံနှိပ်သူ - ဦးမြင့်သန်း (မြဲ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၈၊ စကားဝါလမ်း
အုံမြို့နယ်၊ ရန်ကုန်မြို့
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၁ ခုနှစ်၊ ဇွန်လ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
ဗျူး
မျှော်လေတဲ့လွမ်းဘွဲ့ကိုစေ/ ဗျူး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၂၉၆ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) မျှော်လေတဲ့လွမ်းဘွဲ့ကိုစေ

BURMESE CLASSIC .com

## အခန်း (၁)

ညော့်ခန်းထဲက ထိုင်ခုံမှာ ထိုင်နေကြတာ လူငါးယောက်ဆောင် ဖြစ်သည်။ ဒါပေမဲ့ အားလုံး တိတ်ဆိတ်စွာပဲရှိနေခဲ့ကြသည်။

ဆိုဖာထိုင်ခုံမှာ ထိုင်နေသည့် ဒေါ်ခင်ခင်ဆင့်တို့ဖနီးမောင်နှံရော သီရိတို့ဖနီးမောင်နှံပါ ခေါင်းလေးငုံ့ထိုင်နေသော တော်ဝင်သူဆီမှာ မျက်တောင်မခတ်တမ်း ငေးမောကြည့်နေသည်။

သိမ်မွေ့အေးချမ်းသောမျက်နှာလေးက မတုန်မလှုပ် ရှိနေသည်။ မျက်လွှာလေးချထားပုံက နူးညံ့လွန်းနေကာ မွေ့ပိုက်ယုယချင်စရာကောင်းနေ၏။

လက်စကခါးစည်းပါသော လက်ပွရင်ဖုံးအကျီလေးနှင့် ဂါဝန်အဝါနုလေးကို ဝတ်ဆင်ထားသည့် တော်ဝင်သူအသွင်က နှင်း

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သမီးလေးတစ်ပါးလိုပဲ ရှိ၏။ ဖြူနုဝင်းအိနေသော အသားအရေက
ညိုရောက်စရာမရှိ။ မျက်ဝန်းနက်နက်လေးတွေ နှုတ်ခမ်းဖူးဖူးလေးတွေ
က ရှင်းသန့်သောမျက်နှာလေးမှာ အထင်ရှား အပေါ်လွင်ဆုံး အလှ
တွေ ဖြစ်နေသည်။

"သမီးလေးရဲ့အနာဂတ်အတွက် အကောင်းဆုံးကို အနိုင်
စီစဉ်ပေးနေတာ"

တိတ်ဆိတ်နေသော ဒေါ်ခင်ခင်ဆင့်နှုတ်ဖျားက စကားသံ
ထွက်လာသည်။ ဒေါ်သီရိခင်ပွန်း ဦးထွန်းတင်မျက်နှာက အလိုမကျ
ဟု မဲ့သွားရင်း –

"မမဆင့်ဆန္ဒကို ဆန့်ကျင်တာတော့ မဟုတ်ပါဘူး။ ဒါပေ
သမီးလေးက ဒီမှာပဲ နေသားကျနေပြီလေ"

"နေသားကျနေတဲ့ဘဝက ဘာမှ တိုးတက်လမ်းမှမရှိဘဲ
အခုဆို သမီးလေးအသက်အရွယ်က ငယ်တော့တာမဟုတ်ဘူး။ ပြ
တော့ ဘွဲ့တစ်ခုရထားတာပဲ ရှိတယ်၊ ပြင်ပလောကရဲ့ အတွေ့အကြ
အထိအတွေ့က သမီးလေးမှာ မရှိဘူး"

"ဒါက သမီးကို ဘာမှ ပင်ပင်ပန်းပန်းမလုပ်စေဘဲ ရွှေ
ပေါ်မြှောက်တင်ထားတာပါ မမဆင့်၊ သွားလေသူအစ်ကိုကြီး, အစ်မကြီး
တို့ကလည်း သမီးလေးကို အရိပ်လို ရှိစေချင်ခဲ့တာကြောင့်ပါ"

ဦးထွန်းတင်က လောကကြီးထဲမှာမရှိတော့သော တော်ဝင်
မိဘတွေကို ရည်ရွယ်ပြီးပြောသည်။





မိဘနှစ်ပါးရှိစဉ်ကတည်းက တော်ဝင်သူဆိုသော တစ်ဦး
တည်းသောသမီးလေးကို မျက်စိအောက်က အပျောက်မခံနိုင်အောင်
ချစ်ခဲ့ကြတာပဲဖြစ်သည်။

အိမ်နှင့်ကျောင်းကလွဲလို့ ပြင်ပလောကနှင့်တောင် အထိအ
တွေ့မရှိစေရအောင် ရှိစေခဲ့ကြသည်။ ပညာရေးအတွက် အိမ်မှာ
ဆရာမတွေနှင့် သင်ကြားပေးခဲ့၏။

ပြင်ဦးလွင်မှာရှိသော ဒီ "အေးရိပ်စံငြိမ်" ခြံကြီးကလည်း
အမည်နှင့်လိုက်ဖက်အောင် သီးသန့်ဆန်လွန်းကာ ကျယ်ဝန်းခမ်း
နားသည်။

တော်ဝင်သူဘဝက အေးရိပ်စံငြိမ်ခြံကြီးထဲက မြေသားပေါ်မှာ
ပဲ ခြေချခွင့်ရသည်။

ခြံကြီးထဲက အပြင်ထွက်ခွင့်ရသည့်အချိန်က ဇိမ်ခံကားကြီး
ပေါ်မှာပဲ ဖြစ်သည်။

မမျှော်လင့်ဘဲ တော်ဝင့်မိဘနှစ်ပါး ကားအက်ဆီးဒင့်နှင့်
တိမ်းပါးသွားခဲ့ကြတော့ တော်ဝင့်ဘဝလေးက ဦးလေးဝမ်းကွဲတော်
စပ်သူ ဦးထွန်းတင်နှင့် ဒေါ်သီရိတို့ စောင့်ရှောက်မှုအောက်ကို ရောက်
ခဲ့သည်။

အခု တော်ဝင်ဆယ်တန်းအောင်သည့်နှစ်ရောက်မှ ရန်ကုန်
က ဒေါ်ခင်ခင်ဆင့်တို့လင်မယား ရောက်လာခဲ့တာဖြစ်သည်။

တော်ဝင်သူကို ရန်ကုန်ခေါ်သွားကာ ရန်ကုန်မှာပဲ တ



www.burmeseclassic.com

www.burmeseclassic.com



သို့လ်ဆက်တက်နိုင်းမည်ဆိုတော့ ဦးထွန်းတင်တို့ လက်မခံနိုင်ဖြစ်နေကြ၏။

"အခု တော်ဝင်လေးကို သီရိတို့ အရိပ်ကြည့်စောင့်ရှောက်နေခဲ့တာလည်း ကြာပါပြီ မမဆင့်ရယ်၊ သမီးလေးက ဒီမှာပဲ ပျော်ရွှင်နေပါတယ်"

ဒေါ်သီရိက ဝင်ပြောပြန်သည်။ ဒေါ်ခင်ခင်ဆင့်အကြည့်တွေက တော်ဝင်သူ့ဆီရောက်သွားရင်း –

"ကဲ သမီးလေးတော်ဝင် အန်တီဆင့်နဲ့ ရန်ကုန်လိုက်ပြီး ကျောင်းတက်မှာလား။ သမီးဆုံးဖြတ်၊ ဒီမှာနေပြီး ဒီခြံထဲမှာပဲ ကုပ်နေလို့ သမီးအတွက် ဘာတိုးတက်မှုမှရှိမှာ မဟုတ်ဘူး၊ ရန်ကုန်မှာ ကျောင်းတက်ရင် သမီးရဲ့အနာဂတ်အတွက် အကျိုးရှိမယ့် သင်တန်းတွေ, ပညာရပ်တွေ သင်နိုင်တယ်၊ သမီး ရှေ့ဆက်ရှင်သန်ရမယ့် အနာဂတ်အတွက် ရန်ကုန်မှာ အခွင့်အလမ်းတွေ အများကြီးနော်"

ဒေါ်ခင်ခင်ဆင့်စကားတွေကို တော်ဝင်သူ ခေါင်းလေးမော့ မျက်တောင်ရှည်ကြီးတွေပုတ်ခတ်ပြီး နားထောင်သည်။ ခေါင်းညိတ်ခေါင်းခါ မတုံ့ပြန်ပါ။ ဒါကိုကြည့်ပြီး အားမလိုအားမရဖြစ်ရတာ ဒေါ်ခင်ခင်ဆင့်ပဲဖြစ်၏။

"ဒီခေတ်ကြီးမှာ အိမ်ထဲမှာပဲပုန်းနေလို့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး သမီး"

"တော်ဝင်လေးအတွက် မိဘတွေထားရစ်ခဲ့တဲ့ အမွေဥစ္စာ





တွေက ဆယ်သက်စားမကုန်ပါဘူး မမဆင့်ရယ်"

"နေဦး ထွန်းတင်၊ မိဘအမွေဥစ္စာတွေ ရှိတယ်ဆိုပြီး တစ်ဘဝလုံးကို အိမ်ထဲမှာပဲနှစ်ထားမှာလား။ ကိုယ့်အစွမ်းအစနဲ့ အရည်အချင်းတော့ရှိသင့်တာပေါ့၊ ကလေးတိုးတက်မှာကို မင်းတို့က ဘာလို့ ပိတ်ပင်နေတာလဲ"

ဒေါ်ခင်ခင်ဆင့်အားမနာတမ်းဒေါသသံနှင့် ခပ်မာမာဆိုတော့ ဦးထွန်းတင်နှုတ်ပိတ်သွားသည်။ ဒေါ်သီရိလည်း ခေါင်းငုံ့သွားခဲ့၏။

"တော်ဝင် သမီး အန်တီမျက်နှာကိုကြည့်၊ အန်တီ့စကားကို အသေအချာနားထောင်၊ အခု အန်တီလာခေါ်တာ သမီးရဲ့ဘဝအတွက် တိုးတက်ဖို့ပဲ၊ သမီးရဲ့အန်ကယ်ကလည်း စင်ကာပူမှာအလုပ်သွားလုပ်တော့မှာဆိုတော့ ရန်ကုန်ကအိမ်မှာ အန်တီတစ်ယောက်ပဲ ရှိတယ်၊ သမီးလိုက်လာရင် အဖော်လည်းရတာ အမှန်ပဲ၊ အရေးကြီးတာက အန်တီ သမီးလေးကို တိုးတက်တဲ့ဘဝတစ်ခု ရောက်စေချင်လို့ပဲ"

ဒေါ်ခင်ခင်ဆင့်စကားတွေကို နားထောင်ရင်း တော်ဝင်သူ့အကြည့်တွေက ဦးလေးထွန်းဆီရောက်သည်။

ဦးလေးထွန်းနှင့် ဒေါ်သီရိတို့မျက်နှာတွေက အလိုမကျသလို သုန်မှုန်နေခဲ့တာ အထင်အရှား။ တော်ဝင်ကို အန်တီဆင့်နဲ့ မလိုက်စေချင်တာ သေချာသည်။

ဒါပေမဲ့ တော်ဝင်စိတ်ထဲမှာတော့ အန်တီဆင့်စကားတွေကို



www.burmeseclassic.com

www.burmeseclassic.com



လက်ခံမိ၏။ စိတ်ကလက်ခံပေမယ့် ခေါင်းမညိတ်ရဲတာ ဦးလေးထွန်းတို့ကြောင့်ပဲဖြစ်သည်။

ဒါကို အန်တီဆင့်ကလည်း ရိပ်မိပုံရပါသည်။

"သမီး"

"ရှင်"

"သမီးတစ်ခါမှမရောက်ဖူးတဲ့ ရန်ကုန်မို့ စိတ်က မရဲဖြစ်နေရင် အခု သမီးအလည်သဘောလိုက်ခဲ့၊ မပျော်ရင် သမီးကို အန်တီဆင့်ကိုယ်တိုင် ပြန်ပို့ပေးမယ်၊ ဟုတ်ပြီလား"

ဒီတစ်ခါတော့ တော်ဝင် ခေါင်းလေးညိတ်ပြမိပါသည်။

ဦးထွန်းတင် အံကြိတ်ကြိတ်ကာ မကျေမနပ်နှင့် ဧည့်ခန်းထဲက ထွက်သွားသည်။

ဦးထွန်းတင် အခန်းထဲဝင်သွားသည်အထိ အန်တီဆင့် မျက်လုံးမခွာတမ်းလိုက်ကြည့်နေ၏။ ပြီးမှ ဒေါ်သီရိဘက်လှည့်ကာ –

"ဒါက ဘာသဘောလဲ၊ နင့်ယောက်ျားက မကျေနပ်တဲ့သဘောလား မိသီရိ"

"အဲ အဲဒီသဘောမဟုတ်ပါဘူး မမဆင့်ရယ်၊ ကိုထွန်းက သမီးလေးကို သံယောဇဉ်တွယ်နေတာပါ၊ သူ့သမီးရင်းနဲ့ထပ်တူချစ်တဲ့ကလေးမ ရန်ကုန်ထွက်သွားမယ်ဆိုတော့ သူ တစ်မျိုးခံစားရလို့နေမှာပါ"

ဒေါ်သီရိ ဖုံးဖုံးဖိဖိပြောသည်။ အန်တီဆင့်က နှုတ်ခမ်းတွေ





မဲ့ပြုံးပြုံးလိုက်ရင်း –

"တော်ဝင်လေးကို သူ တကယ့်တူမရင်းချာလို ချစ်တယ်ဆိုရင် အခုကိစ္စက တော်ဝင်သူ့ဘဝ တိုးတက်မယ့်ကိစ္စပဲ၊ ခွင့်ပြုရမှာပေါ့"

"သီတို့က ခွင့်မပြုချင်လို့ မဟုတ်ပါဘူး မမဆင့်ရယ်၊ သမီးလေးက အိမ်ထဲကအိမ်ပြင်တောင် ထွက်ဖူးတာမဟုတ်တော့ နေရာသစ်, အိမ်အသစ်မှာ မနေတတ်မှာ စိုးလို့ပါရှင်"

"ဟဲ့ ငါက သူစိမ်းမှ မဟုတ်တာ၊ ပြောရရင် နင့်ယောက်ျားထွန်းတင်ထက်တောင် ရင်းပါတယ်၊ တော်ဝင်လေးက ငါ့အစ်မရင်းချာရဲ့ သမီးပါ"

အမှန်ဆိုတော့လည်း ဒေါ်သီရိ ခွန်းတုံ့မပြန်နိုင်ပါ။ တော်ဝင်ရဲ့ဖခင်ဦးထိုက်အောင်နှင့် ဦးထွန်းတင်က ညီအစ်ကိုဆိုပေမယ့် သွေးနီးကြတာ မဟုတ်ပါ။

ဦးထိုက်အောင်ရဲ့ ဦးလေးနှစ်ဝမ်းကွဲလောက်ရဲ့ မွေးစားသားဖြစ်တာမို့ ပြောရရင် သွေးက ဝေးလွန်းပါသည်။

"နင်တို့ တော်ဝင်ကို တကယ်သံယောဇဉ်ရှိ ချစ်ကြတယ်ဆိုရင် ဟောဒီပြင်ဦးလွင်ကခြံကြီးကို ထိန်းသိမ်းထားကြပေါ့၊ တော်ဝင်လေးအနာဂတ်ဘဝအတွက်တော့ ငါ့တာဝန်ထား"

ဒေါ်ခင်ခင်ဆင့်က ယတိပြတ်ပြောလိုက်တာမို့ ဒေါ်သီရိ ခေါင်းငုံ့ပြီး ငြိမ်သက်သွားပါသည်။

တော်ဝင်ကတော့ အန်တီဆင့်ကိုသာ အားကိုးတကြီး မျက်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းတွေနှင့် ဝေးကြည့်နေမိသည်။ ဒီအိမ် ဒီခြံကြီးမှာထက် အနှိတ်ဆင့်ဆီမှာက လွတ်လပ်မှုနှင့်အတူ ဘဝအတွက် တိုးတက်မှုတွေ အများကြီးရှိမှာယုံသည်။

လှောင်အိမ်စံငှက်တစ်ကောင်ဘဝကို တော်ဝင် မွန်းကျပ်စိတ်ပျက်နေခဲ့တာ ကြာခဲ့ပြီလေ။

✿ ✿ ✿



## အခန်း (၂)

♫ ကလေးရေ မင်းနဲ့နောက်ထပ် ငါဆုံချင်ပြီ ××× ဘဝမှာ ငါအလိုအပ်ဆုံး မင်းရဲ့မေတ္တာတရား ××× မင်းရဲ့ကရုဏာ မျက်ဝန်းလေးတွေ ငါမြင်ချင်ပြီ ××× အရင်လိုချစ်တုန်းပဲ ကလေးရေ ♫

ဂစ်တာကိုတီးပြီး သီချင်းဆိုနေပေမယ့် အာကာ့မျက်ဝန်းတွေက လမ်းမပေါ်မှာ ရောက်နေသည်။ လမ်းမပေါ်ဖြတ်သွားသမျှ မိန်းကလေးတွေကို အလွတ်မပေးစတမ်း ကြည့်သည်။

ဂစ်တာသံနှင့် သီချင်း ဟာမိုနီမဖြစ်သလို အာကာ့အသံက လည်းနားထောင်လို့ တစ်စက်ကလေးတောင် မပြေပြစ်တာမို့ ဝတ္တုနှင့်မင်းမဟော်တို့နှစ်ဦးအာရုံတွေကလည်း လမ်းမပေါ်က မြင်ကွင်းတွေကိုပဲ မျှောနေခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"လှလိုက်တာ မရယ်၊ တကယ်ဗျာ၊ ရင်ထဲမှာ ဒိန်းခနဲ ခုန်သွားတယ်"

ဆံပင်ရှည်ရှည်နှင့် မမတစ်ယောက် ရှေ့ကဖြတ်အလျှောက်မှာ အာကာအဆိုရော အတီးပါ တိခနဲရပ်သွားပြီး မကြားတကြားပြောသည်။ အာကာရဲ့ပါဝါမျက်မှန်ကြီးကို ကြောက်တာကြောင့်ပဲလား မသိ။ ထိုမမကလည်း မကြားယောင်ဆောင်ပြီး ခြေလှမ်းတို့မပျက် ဆက်လျှောက်သွားခဲ့သည်။

"ဘယ်လိုဖြစ်တာလဲကွ၊ စောစောက ကလေးဆိုပြီး အခုချက်ချင်း မမ ပြောင်းသွားပါလား"

"သြော် ဒါလား၊ အခြေအနေအရပေါ့ကွာ၊ အလန်းလေးတွေတွေ့ရင် ဒီရင်ဘတ်ကြီးထဲက အသည်းနှလုံးက မနေတတ်ဘူးဖြစ်နေတယ်၊ ပြောရရင် ဟတ်ထိတာပေါ့ကွာ"

ဝဏ္ဏကမေးတော့ အာကာ ရင်ဘတ်ကိုလက်ပုတ်ပြရင်း ပြောသည်။ စပ်ဖြီးဖြီးမျက်နှာကြီးက အချိုးမပြေလှတာမို့ မင်းမဟော်ဝင်နိုင်ကွပ်သည်။

"ကြည့်လည်းလုပ်ဦး အာကာ၊ ခဏ ခဏထိနေရင်း မင်းအသည်းတွေ ပွဲကြွေကုန်လိမ့်မယ်၊ မကောင်းဘူးဟ"

"ကြွေစမ်းပါစေကွာ၊ လန်းလန်းလေးတွေကြောင့် ကြွေရတာ ဖြေသာပါတယ်၊ ဟော ဟိုမှာ တစ်ယောက်လာနေပြန်ပြီ၊ ဒီတစ်ယောက်ပိုမိုတယ်ကွ"





"ဟင် ဘယ်မှာလဲ"

"ညာဘက်မဟုတ်ဘူး ဘယ်ကွ၊ မင်းတို့ခေါင်းတွေ ဘယ်ဘက်လှည့်လိုက်"

အာကာ့စကားကြောင့် နှစ်ယောက်စလုံးမျက်ဝန်းတွေ လမ်းမခဲ့ဘယ်ဘက် ဦးလှည့်သွားကြပြန်သည်။

"ဟင်"

ဝဏ္ဏနှုတ်က အာမေဋိတ်သံထွက်သွားတဲ့အထိ ဖြစ်သွားလောက်အောင်လည်း ကောင်မလေးက ဆွဲဆောင်မှုရှိပါသည်။ အထူးသဖြင့် ဝတ်ဆင်ထားပုံက စတိုင်လ်ကျလွန်း၏။ လက်တိုခါးရှည်နှိုစ်မ်းရောင်လေးက ခါးစည်းနှင့်မို့ ချပ်ချပ်ရပ်ရပ်ရှိသည်။ စတော်ကင်အနက်ရောင်ဘောင်းဘီအကျပ်က အဖျားမှာ ဇာပွင့်ဖြူလေးတွေပါသော အနာသတ်နှင့်ဖြစ်သည်။

• ငွေရောင်ဒေါက်မြင့်ဖိနပ်ကလေးနှင့် အချိုးအစားကျနစွာ လမ်းလျှောက်တတ်ပုံကအစ ငေးကြည့်ချင်စရာကောင်းပါသည်။

အနားရောက်လာတော့ နုဖပ်ဝင်းမွတ်သော မျက်နှာလေးက လှနေတာကို ပိုမိုပေါ်လွင်အောင် ပြင်ဆင်ထားသောခြယ်သမှုနှင့်လန်းပါသည်။ အားလုံးမေ့မောငေးကြည့်နေတုန်းမှာ ဝဏ္ဏ ထအော်သည်။

"ဟာ အဲဒါ ငါ့ညီမဝမ်းကွဲကွ"

ကောင်မလေး ဖျတ်ခနဲ လှည့်ကြည့်၏။ ပြီးတော့ ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်ကာ ခြေလှမ်းမပျက်ဆက်လျှောက်သွားသည်။

"မင်းကတော့ အနားရောက်မှ ဆွေမျိုးတော်ပစ်လိုက်ပြန်ပြီ ဘယ်တုန်းက အမျိုးတော်ပစ်လိုက်တာလဲဝဏ္ဏ"

အာကာ မကျေမနပ်ပြောတော့ ဝဏ္ဏကလည်း မျက်မှောင်ကြီးကုတ်ကာ ဖြေရှင်းသည်။

"ဟာ ငါတကယ်ပြောနေတာကွ၊ အဲဒါနယ်ကနေ ကျောင်းလာတက်တဲ့ ငါ့ညီမကွ၊ နာမည်ကဆွိဒါလီတဲ့၊ ငါ့နဲ့နှစ်ဝမ်းတည်းကွဲတာ"

"ဟုတ်လား၊ ကောင်းတာပေါ့၊ ငါတော့ခိုက်သွားပြီ မပေါ်၊ မင်းရော စိတ်ဝင်စားသလား"

"အာကာ"

ဝဏ္ဏ အသံကျယ်ကြီးနှင့် ထအော်သည်။ အာကာက ဘာလဲဆိုသည့်သဘောနှင့် မေးဆတ်ကြည့်သည်။ မင်းမပေါ်ကတော့ သူတို့နှစ်ယောက်စလုံးကိုပဲ အေးဆေးစွာကြည့်နေလိုက်သည်။

"အာကာ ငါတို့သုံးယောက်စလုံး အစောကြီးကတည်းက စည်းကမ်းထားပြီးသားနော်၊ စကြ,နောက်ကြတာ သူ့ညီမ ကိုယ့်ညီမ မပါကြေးလေ၊ မင်း ဒါတော့ စည်းထားသင့်တယ်"

ဝဏ္ဏ အံကြိတ်ရင်းပြောသည်။ အာကာက ဘာမှပြန်မပြောဘဲ ဝဏ္ဏမျက်ဝန်းတွေကိုပဲ စူးစူးနစ်နစ် ပြန်ကြည့်နေ၏။

"မင်း ဘာကြည့်တာလဲ အာကာ"





"မင်းကို မယုံလို့ကြည့်တာ၊ ဟိုးအဝေးကြီးကတည်းက မပြောဘဲ အနားရောက်မှ ငါ့ညီမဆိုတာ ယုံစရာလား"

"ဟာကွာ၊ ရုတ်တရက် ဘယ်မှတ်မိမလဲ၊ ဒါလီက အိမ်ဆောက်တာတောင် တစ်ပတ်လောက်ပဲရှိသေးတယ်"

"မင်းမျက်လုံးတွေက မရိုးသားဘူး၊ ဒီတော့ ငါလိုက်မေးကြည့်မယ်"

ပြောပြောဆိုဆို ဂစ်တာကို မင်းမပေါ်ဆီကမ်းပေးပြီး အာကာ လိုက်ဖို့ပြင်သည်။ ဝဏ္ဏ တားမလိုလက်ပြင်ပြီးမှ ပြန်ရုပ်သွားသည်။

အာကာက ဆွိဒါလီဆိုသော ကောင်မလေးနောက်ကို ခပ်သုတ်သုတ်ပြေးလိုက်သွားသည်။

"ဟာ သွားပြီ၊ ဒီကောင်ကွာ"

"သွားပစေပေါ့ဝဏ္ဏရာ၊ ဘာဖြစ်လို့ မင်းက ဒီလောက် ခြေမကိုင်မိ,လက်မကိုင်မိ ဖြစ်နေတာလဲ"

"ဒီကောင့်ပုံက တကယ်လိုက်မေးမှာကွ"

"အေးလေ၊ မင်းညီမဆိုတာသိရင် ပြီးတာပဲ၊ ဒီကောင်စည်းတော့မဖောက်ပါဘူး"

"မပြီးဘူး၊ ဒါလီက ငါ့ညီမမှ မဟုတ်ဘဲ၊ ငါချိန်နေတဲ့ ပစ်မှတ်လေကွာ"

အစောကြီးကတည်းက မပေါ်ထင်ပါသည်။ ဝဏ္ဏမျက်နှာက လိမ်ဆင်ကြီးဆိုတာ သိသာသည်။ ဒါကြောင့်လည်း အာကာဘ

www.burmeseclassic.com



ကာမင်သွားမေးတာပဲဖြစ်၏။

"အဲဒါနဲ့တောင် မ…က ရိုးရိုးသားသား မပြောဘူး"

"ဒါတော့ကွာ ငါ ကယ်နိုက်နေလို့ပါ၊ ဟို မင်းကော ဒါလီကို စိတ်မဝင်စားပါဘူးနော် မဟော်"

ဝဏ္ဏ မဝ့်မရဲမေးတော့ မဟော်နှုတ်ခမ်းတွန့်ပြုံးရင်းကြည့်နေလိုက်၏။ ပြီးမှ –

"ပထမတော့ စိတ်မဝင်စားဘူး၊ ဒါပေမဲ့ မင်းနဲ့အာကာနှင့်ယောက်တည်းပြိုင်မယ့်ပွဲဆိုတော့ ငါ မပါလို့ မကောင်းဘူးထင်တယ်"

ဝဏ္ဏ မျက်စိမျက်နှာပျက်နှင့် တောင်းပန်သလိုကြည့်ကာ –

"မဟော် ငါ တောင်းပန်တယ်ကွာ၊ မင်းဆန္ဒမရှိရင် ဒီပွဲတော့ လျော့်ပေးပါကွာ၊ ငါ ဒါလီကို တကယ်ကြိုက်တာပါကွာ မင်းမပါရင် ငါ အာကာကိုယှဉ်နိုင်ပါတယ်"

"ငါပါတော့ကော ဘာဖြစ်လဲ၊ ကောင်မလေးရွေးချယ်ရမယ့်ကိစ္စပဲကွ"

"မဖြစ်ဘူး၊ မင်းပါရင် ငါရှုံးမှာ သေချာတယ်၊ မဟော်ရာ မင်းမှာက ကောင်မလေးတွေ အများကြီးပဲဥစ္စာ၊ လက်ရှိတောင် သုံးလေးယောက်မကဘူး"

"ဟော့ကောင် ငါ့သိက္ခာကို မထိခိုက်နဲ့နော်၊ လက်ရှိက ဝတ်မှုံနဲ့ စုလှိုင်ပဲ ကျန်တာ သူငယ်ချင်းမိတ်ဆွေအဆင့်ပဲရှိတယ်"

"အေးပါ၊ မင်းက တို့ထက်ပိုပြီးစန်းပွင့်တာ သိပါတယ်





ဒါပေမဲ့ ဒါလီကိုတော့ ငါ့မျက်နှာထောက်ပြီး ချမ်းသာပေးပါကွာ"

"လာပြန်ပြီ၊ ငါကပဲ မိန်းကလေးတွေဖျက်ဆီးနေတာကျနေတာပဲ၊ စိတ်ချ စည်းရှိပြီးသားကွ၊ ဘဝအတွက် မရည်ရွယ်ဘဲ ဘယ်မိန်းကလေးကိုမှ ငါ နစ်နာအောင်မလုပ်ဘူးဆိုတာ ယုံ"

"အေးပါကွာ၊ မင်းစိတ်ကိုသိပါတယ်၊ ဟိုကွာ ငါက ဒီလိုပါ"

"ဟိုတွေ့ဒီတွေ မလုပ်နဲ့၊ မင်းဒါလီကိစ္စ ငါ စိတ်မဝင်စားဘူး၊ မပါဘူး၊ မင်းနဲ့ အာကာပဲရှင်း၊ ငါလစ်တော့မယ်"

"ဟင် ဘယ်လဲ"

"ငါနဲ့မဆိုင်တော့ ပြန်မယ်လေ၊ မင်းနဲ့အာကာပဲ ဆွေးနွေးညှိနှိုင်းကြပေါ့"

လက်ထဲကကစ်တာကို ဝဏ္ဏလက်ထဲကမ်းပေးခဲ့ပြီး လမ်းဘေးမှာရပ်ထားသော ကားဆီ သူလှမ်းခဲ့သည်။

ဝဏ္ဏကတော့ ကျေနပ်စွာကျန်ခဲ့မှာ သေချာ၏။ ဒါလီဆိုသော ကောင်မလေးအရေးကိစ္စမှာ သူမပါတာမို့ ဒီကောင် ဝမ်းသာသွားတာ အထင်အရှား။

အာကာနှင့်ဝဏ္ဏတို့နှစ်ယောက်ပဲ ဘာတွေဆက်ဖြစ်မည်မသိ။

ဒီပွဲမှာ သူကတော့ ပရိသတ်တစ်ဦးအဖြစ်ပဲ စောင့်ကြည့်ရတော့မည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"မပြောချင်လို့ မပြောဘဲနေတာနော်၊ မပြောရဲလို့ မဟုတ်ဘူး၊ ဒီအိမ်မှာ အားလုံးလည်ပတ်အဆင်ပြေနေအောင် တာဝန်ယူပေးထားတာ၊ ဘယ်သူ့ကိုမှ ကြောက်စရာမရှိဘူး"

ဖိနပ်ကြိုးချည်နေဆဲမှာပဲ စူးခနဲထွက်ပေါ်လာသော ဒေါ်မိုးမြင့်စံစကားကြောင့် မဟော် ခေါင်းမတ်သွားသည်။

ဒါ ဘယ်သူ့ကိုပြောတာလဲ။ အသေအချာ မသိသေးခင်မှာပဲ အံတွေတင်းတင်းကြိတ်ပြီးသား ဖြစ်နေသည်။ ပြီးတော့ ဒေါ်မိုးမြင့်စံရှိသည့် ညွှေခန်းထိုင်ခုံတွေဆီ လှည့်ကြည့်မိ၏။

ဒေါ်မိုးမြင့်စံက ညွှေခန်းထဲမှာ ကော်ဖီခွက်၊ သတင်းစာတစ်စောင်နှင့် ဟန်ကျပန်ကျရှိနေလျက်မှ လှမ်းပြောနေတာဖြစ်သည်။





ပါပေမဲ့ သူမရှေ့မှာက မိုးကျော်ရှိနေသည်။

သူမသားကိုပဲ ဒေါသထွက် ဆုံးမနေတာလား။ တမင်သိချင်တာမို့ နားစွင့်နေလိုက်မိ၏။

"ဘာမှမပြောတာကို အလိုက်တသိတော့ နေဖို့လိုတယ်၊ အငြိမ့်သားထိုင်စားပြီး လူတွေကို မကျေမနပ်ကြည့်နေတာတော့ မဟုတ်သေးဘူး"

မိုးကျော်က သူ့ကိုလှမ်းကြည့်နေတာမို့ သူ ပိုလို့ဒေါသတွေထွက်လာသည်။ ဒေါ်မိုးမြင့်စံ သူ့ကိုရည်ညွှန်းနေတာလား။

"ဒီမှာ အန်တီမိုး ဘယ်သူ့ကိုပြောနေတာလဲ၊ ကျွန်တော့်ကိုလား၊ မိုးကျော်ကိုလား"

ဆတ်ခနဲထရပ်ပြီး သူ ဘုဆတ်ဆတ် မာထန်ထန်မေးလိုက်တော့ ဒေါ်မိုးမြင့်စံမျက်နှာ ရဲရဲနီသွားကာ ဒေါသတွေနှင့် ရှူးရှူးရှားရှားဖြစ်သွားခဲ့သည်။

"အမလေး လေး ကြည့်စမ်း ကြည့်စမ်း၊ လူကြီးကိုပြန်မေးနေတဲ့လေသံက လူမိုက်ဆန်လိုက်တာ၊ ဒီမှာ မင်းမဟော် မင်းအိမ်မှာ တို့နေနေတယ်ဆိုပေမယ့် စီးပွားရေးကိစ္စမှန်သမျှ တို့ကပဲ ဦးဆောင်နေတာပါ၊ မင်း အဲဒီလိုလေသံမျိုးနဲ့ မဆက်ဆံသင့်ဘူး"

ဒေါ်မိုးမြင့်စံလေသံက ဒေါသသင့်နေတော့ မဟော်လည်း ဒုံးတွန့်မဲ့လိုက်ရင်း ထရပ်မိသည်။ ဒီလိုလေသံနှင့် လာဆက်ဆံလိုကတော့ မင်းမဟော်တို့ ဘယ်တုန်းကမှ ငြိမ်မခံတတ်တာသိလျက်နဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အစကတည်းက ဒီလိုပဲပြောတတ်တာ အန်တီမိုး မသိဘူးလား၊ အီညက်ညက်နဲ့ပြောတတ်တဲ့ ယောကျာ်းတွေရဲ့ အလုပ်မှ မဟုတ်ဘဲ၊ အခု အန်တီမိုးဦးစီးနေရတယ်ဆိုတဲ့ လုပ်ငန်းတွေမှာ ထိုက်သင့်တဲ့လခပေးပြီး ခန့်ထားတဲ့ဝန်ထမ်းတွေ အများကြီးရှိတယ်၊ အန်တီမိုးကို ဘယ်သူမှခိုင်းတာမှ မဟုတ်ဘဲ၊ ခဏ တစ်ဖြုတ် သွား၊ ရုံးခန်းထိုင်ခုံမှာထိုင်ပြီး ပြန်လာရတာကို အသံကောင်းဟစ်မနေနဲ့ဗျာ၊ အထင်လည်း မကြီးဘူး"

"ဘာပြောတယ်"

အနာပေါ်တုတ်ကျသလို ဒေါ်မိုးမြင့်စံ ဆတ်ဆတ်ခါနာသွားသည်။ မျက်နှာကြီးလည်း ရဲရဲနီလာကာ –

"မင်း ငါ့ကို မစော်ကားနဲ့ မပေါ်၊ မိသားစုရဲ့စီးပွားရေ တိုးတက်အောင် ငါ ဘယ်လောက်အပင်ပန်းခံပြီး အလုပ်လုပ်ခဲ့ တယ်ဆိုတာ မင်းမသိပါဘူး၊ အဲဒီလိုစီးပွားရေးကိစ္စတင် မကဘူး အိမ်မှုကိစ္စတွေလည်း ငါပဲလုပ်ပေးနေခဲ့တာ မင်းမျက်မြင်ပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော်မငြင်းပါဘူး၊ အန်တီမိုး သွားလာလှုပ်ရှားပေးနေရတာအတွက်လည်း ဒယ်ဒီက ထိုက်သင့်တဲ့လခ ငွေ သတ်မှတ်ပေးထားတာပဲ၊ ဘာမှ ဂုဏ်ဖော်ပြနေစရာမလိုဘူးလေ"

တစ်ခွန်းမခံဘဲ ချေပနေတော့ ဒေါ်မိုးမြင့်စံ မျက်နှာကြီး သပြေသီးမှည့်ကြီးလို ညိုညစ်လာ၏။ မထီတရီမျက်ဝန်းတွေနှင့် ရ ကြည့်နေသော မင်းမပေါ်ကို စားမတတ်ဝါးမတတ်ကြည့်ကာ –





"ငါက ဂုဏ်ဖော်နေတာ မဟုတ်ဘူး၊ မင်းသိအောင် ပြောနေတာ၊ ပြောမှသိမှာကိုး။ အံ့လည်းအံ့ပါရဲ့၊ အဒေါ်ကိုတောင် မီတွေးလို့ ဆက်ဆံနေတာ၊ ဒီမှာ မပေါ်"

"ပြောစရာရှိရင် မြန်မြန်ပြောဗျာ၊ အချိန်မရဘူး"

"တွေ့လား၊ ပြောနေရင်းနဲ့တောင် လေသံပိုဆိုးလာတယ်၊ မအေက နူးညံ့သလောက် သူ့ကျမှ ဘယ်လိုဗီဇဆိုးက ပါလာသလဲ မသိဘူး။ လူကြီးကိုတော့ ယဉ်ယဉ်ကျေးကျေး ဆက်ဆံသင့်တာပေါ့"

"ဟာဗျာ တော်ပြီ၊ တကယ်နားပူတယ်၊ အိမ်မှာမနေချင်တာ အဲဒါတွေကြောင့်ပဲ"

"ဒါဆိုလည်း မနေနဲ့လေ၊ အခုချက်ချင်း ဆင်းသွား"

"ဘာဗျ"

မင်းမပေါ် အော်သံကြီးစူးခနဲ ပေါ်ထွက်လာရင်း ဖြူနုသောမျက်နှာက ဒေါသကြောင့် ရဲရဲနီလာတာ အထင်းအရှား။

"ကျွန်တော်က အိမ်ကဆင်းသွားရမယ်၊ ဟုတ်လား"

"ဆင်းသွားပေါ့၊ မင်းက အိမ်မှာမနေချင်ဘူးဆို"

"ကျွန်တော်က ဘာလို့ဆင်းရမှာလဲ၊ ဒါ ကျွန်တော့်မိဘတွေပိုင်တဲ့အိမ်ဗျ။ အမွေအားလုံးကို ဆက်ခံပိုင်ခွင့်ရှိတာ ကျွန်တော်ပဲ"

"မင်းတစ်ယောက်တည်းပိုင်တာ မဟုတ်ဘူး မင်းမပေါ်၊ ပြီးတော့ အမွေဆိုတာ ဆက်ခံထိုက်မှပိုင်ဆိုင်မှာ၊ မင်းလိုသားမျိုးနဲ့ မထိုက်တန်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား"

မင်းမဟော် ဟားတိုက်ရယ်မောပစ်တော့ ဒေါ်မိုးမြင့်စံ ဒေါသတကြီးနှင့် ဝေါက်ခနဲထပ်သည်။

"မဟော် မင်းစော်ကားတာတွေ များနေပြီ၊ ငါ ဘာမှ မတုံ့ပြန်ဘူးဆိုပြီး ရောင့်တက်မနေနဲ့"

"ဟုတ်တယ် မဟော်၊ မင်းက အမြဲတမ်း ပြဿနာရှာနေတာပဲ"

တစ်ချိန်လုံးငြိမ်သက်နေသော မိုးကျော်ကပါ မိခင်ဖြစ်သူဘက်က ဝင်ပြောလာ၏။ ဒီကောင်နှင့်သူက သိပ်မျက်နှာချင်းဆိုင်ကြတာ မဟုတ်။ မတတ်သာလို့ ဆိုင်မိရင်တောင် စကားတစ်ခွန်းပြောဖြစ်တာ မဟုတ်။ အခုမှ အမေ့ဘက်ကဝင်ပါပြီး သူ့ကိုပြောလာတာတော့ မခံနိုင်။

"ဟေ့ကောင်မိုးကျော် မင်း ဝင်မပါနဲ့၊ ပြဿနာရှာတော့ ဘာဖြစ်လဲ၊ ဒါ ငါ့အိမ်၊ ငါ့ခြံပဲ"

"အေး မင်းတို့ကို မှီခိုနေရတယ်ဆိုပြီး အဲဒီလို အနိုင်မကျင့်နဲ့၊ မင်းမကျေနပ်ဘူးဆိုရင် အားလုံးရှင်းလင်းသွားအောင် အမွေခွဲကြမယ်"

"ရတယ်လေ၊ ရှေ့နေကြီးကို ဖုန်းဆက်ခေါ်လိုက်ပေါ့၊ ဘယ်သူအသာစီးရမလဲဆိုတာ ကလေးတွေကအစ သိတယ်၊ ပြီးတော့မှ မင်းတို့ဘက်က ဘွာမခတ်ကြေးနော်၊ ငါကတော့ ဘာဖြစ်ဖြစ် ငဲ့





ညာမှာ မဟုတ်ဘူး"

"မဟော် နင့်စကားတွေ ကြမ်းလှချည်လား၊ အမှန်ဆို ငါတို့နဲ့ နင်က အမျိုးရင်းကြီးတွေနော်၊ နင်က ဘာအငြိုးတွေနဲ့ ဒီလောက်အထိ ပြတ်သားနေချင်တာလဲ၊ အမလေး ကိုဖြူရေ ရှင့်ကသာ စိတ်ချမ်းသာနေနိုင်တာ၊ ကျန်ခဲ့တဲ့ ကျွန်မတို့မှာက ငရဲမီးကြီး မျိုချထားရသလိုပဲ၊ အီး ဟီး ဟီး"

အဝေးကိုရောက်နေသော ဒယ်ဒီကို အော်ဟစ်တမ်းတပြီး ဒေါ်မိုးမြင့်စံ ငိုပါတော့သည်။ မိုးကျော်က မိခင်ဖြစ်သူကိုထွေးပွေ့ထားရင်း သူ့ကိုမျက်ထောင့်နီကြီးနှင့်ကြည့်သည်။

သူကလည်း အလျှော့မပေးဘဲ ခပ်စူးစူးပြန်စိုက်ကြည့်ပြီး ရှာခနဲလှည့်ထွက်ခဲ့သည်။

မိုးကျော်က ဒေါ်မိုးမြင့်စံရဲ့ ပထမအိမ်ထောင်နှင့်ရခဲ့သောသားဖြစ်သည်။ ထို့ကြောင့် သူနဲ့ သွေးဝေးလွန်းပါသည်။ ဒေါ်မိုးမြင့်စံကလည်း သူမကိုယ်သူမ အဒေါ်ရင်းတစ်ယောက်ဟု နာမည်ကောင်းယူထားပေမယ့် သုံးလေးဝမ်းကွဲလောက် ဝေးလွန်းပါသည်။

ထိုအသိကြောင့်လည်း သူတို့သားအမိတွေ ဘာပဲပြောပြော သူ အကောင်းမမြင်နိုင်ပါ။ ယုံကြည်မှုလည်း လုံးဝမရှိ။ ဒါကြောင့်လည်း သူဆက်ဆံသမျှက ရိုင်းစိုင်းသည် ဆိုချင်ဆို။

ရင်မှာ နောင်တရစရာအကြောင်းမရှိတာ အမှန်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ငါ မအားဘူး မခ"

ခပ်ပြတ်ပြတ်ငြင်းဆိုပြီး မောင်းထုတ်ပေမယ့် နှင်းမခ ထွက်မသွားသေးဘဲ အနားမှာ ပေရပ်နေတုန်းဖြစ်သည်။

"ကိုကိုကလည်း တစ်ခါတလေလေး တောင်းဆိုမိတာကို၊ နော် လိုက်ပို့ပေးပါ ကိုကိုရယ်"

ငိုမဲ့မဲ့အသံလေးနှင့် ချွဲချွဲနွဲ့နွဲ့ပြောလာပေမယ့် မဟော် ရင်ထဲမှာ သနားစိတ်တို့ တစ်စက်လေးတောင် ဖြစ်မလာပါ။

"ငါ မအားလို့မအားဘူးပြောပြီးပြီ၊ လိုက်နှောင့်ယှက်မနေနဲ့ မခ၊ ကဲ သွားပါတော့၊ နှင့်အစ်ကို မိုးကျော်ကို ခေါ်သွားစမ်းပါ"

စကားဆုံးသည်နှင့် နံရံမှာထောင်ထားသည့် ဂစ်တာကိုဆွဲ





ယူကာ ခြံထဲဆင်းဖို့ ဟန်ပြင်မိသည်။ ဒါပေမဲ့ စားပွဲပေါ်က ဟန်းဖုန်းလေးက မြည်လာပြန်သည်။

မကိုင်ဖြစ်သေးဘဲ နှင်းမခကို လှည့်ကြည့်လိုက်သည်။ သူ့မျက်ဝန်းတွေထဲက အရိပ်တွေကို မြင်တွေ့သွားမှ နှင်းမခ ပခုံးလေးတွန့်ပြီး လှည့်ထွက်သွားခဲ့သည်။

သည်တော့မှ ဖုန်းလေးကိုကောက်ယူလိုက်သည်။ မှတ်မိနေသောဖုန်းနံပါတ်လေးကိုမြင်တော့ ဒေါသစိတ်တို့ ချက်ချင်း ဒီရေလိုတိုးလာပြန်၏။

ချစ်သက်ငြိမ့်ဆီက ဖုန်းပဲဖြစ်မည်။ သူမ ရန်ကုန်ပြန်ရောက်ပြီပေါ့။

"ဟဲလို မောင်လား၊ ငြိမ့်ပါ"

"ပြော ငြိမ့်၊ မင်း ဘယ်ကဆက်နေတာလဲ၊ မန္တလေးကလား"

"မဟုတ်ပါဘူး မောင်ရဲ့၊ ဒီနေ့ပဲ ငြိမ့်ပြန်ရောက်တာ"

ငြိမ့်အသံကိုကြားနေပေမယ့် သူ့ရင်ထဲကဒေါသတွေက ပြေလျော့မသွားခဲ့တာ သေချာသည်။ လွန်ခဲ့သော နှစ်ပတ်လောက်ကတည်းက ငြိမ့် သူ့ကိုအသိမပေးဘဲ မန္တလေးကို ထွက်သွားခဲ့တာဖြစ်သည်။

သူ့စိတ်ကိုသိလျက်နဲ့ ငြိမ့်အခုလိုလုပ်သွားတာကတော့ သူ ဘယ်လိုမှ ခွင့်မလွှတ်နိုင်တာ အမှန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"ပြော"

"စိတ်ဆိုးနေတာလားဟင်"

"စိတ်ဆိုးတာက ပြီးသွားပြီ၊ အခု မင်းက ငါ့ရင်ထဲမှာကို မရှိတော့တာ"

အပြတ်ကို ပြောပစ်လိုက်သည်။ ချက်ချင်းတောင်းပန်စကား တွေဆိုလာသော ငြိမ့်အသံကို ကြားရပြန်၏။

"ဒီတစ်ခါတော့ ခွင့်လွှတ်ပေးပါ မောင်ရယ်၊ ငြိမ့် တောင်းပန်ပါတယ်၊ အခုသွားတာက သူငယ်ချင်းတွေက လက်မှတ်ဝယ်ပြီး နေလို့ပါ"

"ဘာပဲဖြစ်ဖြစ် မင်း ကိုယ့်စကားကို နားထောင်သင့်တယ်၊ နားမထောင်ဘူး၊ အလေးမထားဘူးဆိုတော့လည်း လမ်းခွဲကြရုံပေါ့ ကွာ"

"ဟင် ဘာရယ် မောင်၊ လမ်းခွဲကြမယ်၊ ဟုတ်လား"

"ဒါ အကောင်းဆုံးပဲလေ၊ အပွင့်လင်းဆုံးပြောရရင် မင်းကို ကိုယ် တော်တော်စိတ်ကုန်နေတာ ကြာပြီ ငြိမ့်"

"ဘာပြောတယ် မင်းမဟာ"

ချစ်သက်ငြိမ့်လေသံက မာတင်းသွားခဲ့တာ မခံချင်စိတ် မာနကြောင့် ဖြစ်မည်ထင်သည်။ မင်းမဟာ နှုတ်ခမ်းတွန့်ပြုံးလိုက်တာ ကိုလည်း သူမ မြင်တွေ့နိုင်မှာမဟုတ်ပါ။





"ပြောစမ်းပါ မင်းမဟာ၊ ရှင် ဘာပြောလိုက်တာလဲ"

မောင်တွေ့ဘာတွေ ပျောက်ကုန်ကာ နာမည်တွေခေါ်ပြီး တောင် ပြောလာသည်ဆိုမှတော့ အခြေအနေက တင်းမာသွားပြီဟု သူသိသည်။ ဒါလည်း ကောင်းပါသည်။ တကယ်ဆို လမ်းခွဲပြတ်စဲ သင့်နေတာ နှစ်ဦးကြားမှာ ကြာခဲ့ပြီ။

"မင်းကြားပြီးပြီပဲ ငြိမ့်၊ ကိုယ် ထပ်ပြောရဦးမှာလား"

"ကောင်းပြီ မင်းမဟာ၊ ချစ်သက်ငြိမ့်ဘဝမှာ ဘယ်ရည်းစား ကမှ အရင်ဆုံးဖြတ်တာ မလိုချင်ဘူး။ လမ်းခွဲစတမ်းဆိုရင် ကျွန်မက အရင်ဆုံး လမ်းခွဲပြတ်စဲချင်တာ"

မခံချင်စိတ်နှင့် ချစ်သက်ငြိမ့် မာနထောင်ပြနေသည်။ ငွေ ကြေးမနရော ရုပ်ရည်အလှအပမာနတွေပါ အမြင့်ဆုံးမှာရှိသည့် ချစ်သက်ငြိမ့် ခုလောက်ဆို အသားတွေတုန်အောင် ဒေါသထွက်နေမှာ သူသိပါသည်။

"ကောင်းပြီ ငြိမ့်၊ မင်းကျေနပ်သလို မင်းက လမ်းခွဲပြတ် စဲတယ်လို့ပဲ သဘောထားလိုက်ပါ၊ ကိုယ် ကျေနပ်တယ်"

"ကျေနပ်တယ်၊ ဟုတ်လား။ ရှင်က အနိုင်ပိုင်းသွားတာပဲ၊ ကျေနပ်မှာပေါ့၊ ကျွန်မကတော့ မကျေနပ်ဘူး"

"မင်းကျေနပ်အောင် ကိုယ်ဘာလုပ်ပေးရမှာလဲ၊ အားလုံးသိ အောင် မင်းက ကိုယ့်ကိုဖြတ်သွားတယ်ဆိုပြီး လိုက်ကြေညာပေးရမှာ လား ချစ်သက်ငြိမ့်"



www.burmeseclassic.com

www.burmeseclassic.com



"တောက်၊ တော်တော့ မင်းမဟာ"

တော်တော့ဆိုကာ တက်တစ်ချက်ခေါက်ပြောပေမယ့် ဖုန်းက မချသေး။

"မင်းမဟာရဲ့သမိုင်းမှာ ဘယ်မိန်းမကိုမှ အောက်ကျမခံခဲ့ဖူးဘူး ချစ်သက်ငြိမ့်၊ ဘယ်ရည်းစားကိုမှလည်း အမုန်းအငြိုးတွေနဲ့ လမ်းမခွဲခဲ့ဖူးပါဘူး။ မင်း ဆန္ဒရှိရင် မိတ်ဆွေအဖြစ် အမြဲတမ်းအသင့်ပါကဲ ဘိုင့်"

ပြောပြီး ဖုန်းကိုပါ တစ်ခါတည်းပိတ်ပစ်လိုက်မိသည်။ ချစ်သက်ငြိမ့် ဘယ်လောက်ထိ ဒေါကန်ကျန်ခဲ့မည် မသိပါ။

ချစ်သူရည်းစားတွေ အများကြီး ထားခဲ့ဖူးသည်။ ချစ်သက်ငြိမ်းနှင့်မှ အတော်ကို စိတ်ပျက်သွားခဲ့တာဖြစ်သည်။

အခုတော့ ဇာတ်လမ်းက ပြီးပြတ်သွားခဲ့ပြီ။

"ကိုကို့ကောင်မလေးနဲ့ ပြဿနာတက်နေတာလား"

နှင်းမခအသံကြောင့် လှည့်ကြည့်တော့ ကောင်မလေး ဘယ်အချိန်ကတည်းက ရပ်နားထောင်နေသည် မသိ။

"နှင် ဘာလုပ်နေတာလဲ၊ ငါဖုန်းပြောနေတာကို နိုးနားထောင်နေတာပေါ့လေ"

"အံမယ် နိုးနားထောင်စရာလား။ အခန်းအပြင်မှာရပ်နေရင်း အလိုလိုကြားနေရတာပါနော်၊ အဲဒါ ချစ်သက်ငြိမ့်ဆိုတဲ့ ကိုကို့ကောင်မလေးမဟုတ်လား"





"စပ်စုမနေနဲ့၊ သွားတော့၊ ဒါ ငါ့ကိစ္စ"

ပြောပြီး ဂစ်တာကိုကောက်ယူကာ သူ လက်ကွက်စမ်းနေတော့ နှင်းမခ မကျေမနပ် နှုတ်ခမ်းလေးစူကာ ထွက်သွားခဲ့၏။

ဘယ်လိုကောင်မလေးမှန်းလည်း မသိပါ။ သူ ဘယ်လောက်ပြောပြော မနာတတ်သောကောင်မလေးက ဒေါ်မိုးမြင့်စံရဲ့ သမီးငယ်မို့ သူ အရောမဝင်ဘဲနေခဲ့သည်။

ဒါပေမဲ့ ကောင်မလေးကတော့ သူ့ကိုပဲ ခင်မင်နေသည်။ ဒါကို ဒေါ်မိုးမြင့်စံက ဘာမှမပြောပေမယ့် မိုးကျော်ကတော့ ကျေနပ်ပုံမရပါ။

သူ့ညီမနှင့် သူ ပတ်သက် စကားပြောတာမျိုးတောင် အလိုရှိပုံမရပါ။ ဒါကြောင့်လည်း သူ့ဘက်က အရွဲ့တိုက်ကာ တစ်ခါတစ်ခါတော့ စကားပြောဖြစ်၏။

ထိုထက်တော့ မပိုခဲ့တာ သေချာသည်။

မောင်နှမတွေဆိုပေမယ့် သွေးက သိပ်ဝေးလွန်းတာကိုလည်း သူနားလည်သည်။ ကိုယ့်ထက် လေး၊ ငါးနှစ်လောက်ငယ်သော နှင်းမခကိုလည်း ညီမလေးလိုပဲ စိတ်က သဘောထားသည်။

ကလေးဆန်စွာ ခင်မင်စရာကောင်းတာမှန်ပေမယ့် သူ့အမေအစ်ကိုတွေနဲ့ ကိုယ်က ဘယ်လိုမှသဟဇာတမဖြစ်လေတော့ –

ဝေးဝေးနေတာပဲ ကောင်းပါသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

♫ ရည်းစားထားတာ အပိုတွေပါ ××× သောကမီးကို ဝယ်သလိုပါ ♫

မိညိုသီချင်းလေးညည်းကာ အိမ်အလုပ်တွေလုပ်နေတာကို ငေးကြည့်ရင်း တော်ဝင် မျက်မှောင်လေးကုတ်သွားသည်။

"မိညို အဲဒါ သီချင်းလား"

တော်ဝင်မေးတော့ မိညို အူတူတူလှည့်ကြည့်ရင်း ခေါင်းလေးညိတ်ပြ၏။

"မသိပါဘူး၊ တစ်ခါမှ မကြားဖူးလို့မေးတာ"

"ဟင် မမကလည်း ဒီသီချင်းတောင် မကြားဖူးဘူးလား စုံတွဲသီချင်းလေ မမရဲ့ သိပ်နားထောင်လို့ကောင်းတာ"





"ငါမှ နားမထောင်ဖူးတာ၊ ဟိုမှာ သီချင်းနားမထောင်သလောက်ပါပဲ"

"ဟင် မမကလည်း ညံ့လိုက်တာ"

မိညို နှာခေါင်းလေးရှုံ့ကာ ဝေဖန်သည်။ မိညိုကို အပြစ်မမြင်ရက်ပါ။ သူမအဖြစ်က မိညိုပြောမည်ဆိုလည်း ပြောလောက်သည်။

မြင်ဦးလွင်မှာနေစဉ်တုန်းက ကျောင်းစာနှင့်ပဲ အချိန်ကုန်ရတာမို့ တီဗွီကိုတောင် သိပ်ကြည့်ခွင့်ရခဲ့တာမဟုတ်ပါ။ သီချင်းတွေဆိုလျှင် ပိုလို့ဝေးသည်။

"အပျော်အပါးတွေ အာရုံမလွင့်နဲ့၊ စာပဲ ကြိုးစား"

ဦးလေးထွန်းတင်က စည်းကမ်းတင်းကျပ်စွာ အုပ်ချုပ်သည်။ ဒါကြောင့်လည်း တော်ဝင် မွန်းကျပ်ခဲ့ရတာ အမှန်ဖြစ်သည်။

အခုတော့ အန်တီဆင့်ဆီ ရောက်ခဲ့ပြီ။ အန်တီဆင့်အိမ်က အိမ်ဖော်မလေး မိညိုကတောင် တော်ဝင်ကို ညံ့လိုက်တာတဲ့။

"နေပါဦး မိညို၊ စောစောက နင်ညည်းနေတဲ့ သီချင်း အဓိပ္ပာယ်က ဘာလဲ"

"ဩော် ရည်းစားထားတာ မကောင်းဘူး၊ သောကမီးလိုပဲ ပူလောင်တယ်လို့ ပြောတာ"

"ရည်းစား၊ ဟုတ်လား၊ အဲဒါ ဘာလဲ"

"ဟင် မမကလည်း ရည်းစားဆိုတာ အဲ ချစ်သူတွေလေ၊



www.burmeseclassic.com

www.burmeseclassic.com



အဲ ဟိုလေ ယောက်ျားလေးနဲ့ မိန်းကလေးချစ်ကြတာကို ပြောတာ

မိညို့ရှင်းပြတာတွေလည်း တော်ဝင်နားမလည်ပါ။ မိညို ကလည်း နားလည်အောင်ရှင်းပြဖို့ ခက်နေ၏။ တကယ်ဆို မိညို မမထက် အသက်သုံးနှစ်လောက်ငယ်သည်။

မမလို အတန်းပညာလည်း တတ်တာမဟုတ်ပါ။ မူလတန်း ကျောင်းမှာပဲ မိညို ကျောင်းကထွက်ခဲ့ရတာ ဖြစ်သည်။

"မိညို ရှင်းမပြတတ်ပါဘူး၊ မမက မိညို့ထက်တော် ပညာတတ်တာကို၊ မမက ဆယ်တန်းဖြေထားတယ်ဆို"

"အင်း ဟုတ်တယ်၊ ဒါပေမဲ့ အတန်းပညာနဲ့ အတွေ့အကြုံ ဗဟုသုတက မဆိုင်ဘူး မိညို့ရဲ့"

"ဘယ်လို မဆိုင်တာလဲဟင် မမ"

ဒီတစ်ခါတော့ မိညို သူ့ကိုမေးလာသည်။ တော်ဝင် သိထား သလောက်နှင့်ပဲ မိညို့ကိုရှင်းပြရပြန်သည်။

"ငါက ပြင်ဦးလွင်မှာ ခြံထဲကခြံပြင်တောင် ထွက်ရတာ မဟုတ်ဘူး၊ ဒီတော့ ပတ်ဝန်းကျင်နဲ့ မထိတွေ့ဖူးဘူး၊ ဗဟုသုတမ ခဲ့ဘူး၊ ဦးလေးထွန်းတင်တို့အရိပ်အောက်မှာပဲ နေခဲ့ရတာလေ၊ အ ရန်ကုန်မှာနေပြီး ကျောင်းတက်ဖို့ အန်တီဆင့်ခေါ်လာခဲ့တာ"

"မေမေဆင့် ပြောပါတယ်၊ မမတော်ဝင်သူ့ကို မမြင်ဖူးခ ကတည်းက မိညို့တွေ့ချင်နေတာ၊ မမက မိညို့စိတ်ကူးနဲ့ မြင်ထာ တာထက်တောင် လှသေးတယ်"





"မိညို့က ဘာစားချင်လို့ မြှောက်နေတာလဲ"

"မြှောက်နေတာ မဟုတ်ပါဘူးနော်၊ တကယ်ပြောတာပါ၊ မမက လှတယ်၊ အသားလေးတွေက ဝင်းဝါနေတာပဲ၊ ဆံပင်ကြီးက လည်း နက်မှောင်နေတယ်၊ မမ မျက်နှာလေးက ဘာမှမလိမ်းဘဲ နဲ့တောင် လှနေတာ"

မိညို့ချီးကျူးနေသောစကားသံတွေကို ဒေါ်ခင်ခင်ဆင့်လည်း ကြားနေခဲ့ပါသည်။

မိညို့ပြောသလို တော်ဝင်သူလေးက အမည်နှင့်လိုက်ဖက် အောင် ချောမောလှပသည်။ ဒါပေမဲ့ သူမလေးမှာ ပတ်ဝန်းကျင် နှင့်ပတ်သက်သည့် အတွေ့အကြုံ ဘာမှမရှိပါ။

ဦးထွန်းတင်တို့အရိပ်အောက်မှာ ဘာဗဟုသုတမှမရှိဘဲ ရှင် သန်ကြီးပြင်းခဲ့ရသည့်ဘဝလေးက ဆိုးလွန်းသည်။

"ဟင် မေမေဆင့် နိုးပြီလား၊ ကော်ဖီသောက်မှာလားဟင်"

ဒေါ်ခင်ခင်ဆင့် စားသောက်ခန်းထဲဝင်လာတော့ မိညို့ စကား ဖြတ်ကာ ဆီးကြိုနှုတ်ဆက်သည်။

"အေး ကော်ဖီပဲသောက်မယ်၊ ပေါင်မုန့်လေး မီးကင်လိုက် မိညို့"

မိညို့ ခေါင်းကလေးညိတ်ကာ ပေါင်မုန့်မီးကင်ဖို့ ပြင်ဆင် သည်။ ဒေါ်ခင်ခင်ဆင့်က တော်ဝင့်နံဘေးမှာ ဝင်ထိုင်ရင်း –

"သမီး အစောကြီးနိုးနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်တီဆင့်၊ မျက်လုံးတွေက အကျင့်ပါနေပြီ
လေ၊ ဟိုမှာဆို အစောကြီးထတတ်တာကိုး"

"အင်း အန်တီဆင့်ကို ပြောပါဦး၊ သမီး ကိုထွဋ်တင်တို့အိမ်
မှာ နေထိုင်ရှင်သန်ရတဲ့ဘဝကို အန်တီဆင့်သိချင်တာ"

တော်ဝင် ပင့်သက်လေးရှိုက်ကာ ယဲ့ယဲ့လေးပြုံးသည်။ ပြီး
မှ သူမ,ရှင်သန်ခဲ့ရသော ဘဝလေးကိုပြောပြသည်။

"အန်တီဆင့် သိထားတဲ့အတိုင်းပါပဲ၊ ဦးလေးထွဋ်က သမီး
ကို ဖေဖေ,မေမေတို့ရှိစဉ်ကလိုပဲ တစ်ခုခုဖြစ်မှာ စိုးရိမ်တယ်ဆိုတဲ့
အကြောင်းပြချက်နဲ့ ခြံထဲကအပြင်တောင် ထွက်ခွင့်မပြုခဲ့ပါဘူး
တစ်ခါတလေ ထွက်စရာကိစ္စရှိရင်တောင် ဦးလေးထွဋ်ဖြစ်ဖြစ်, ဒေါ်
လေးသီရိဖြစ်ဖြစ် လိုက်ပို့ပေးခဲ့တာ၊ အများအားဖြင့်တော့ စာသင်
ကျောင်းနဲ့ အိမ်မှာပဲ တော်ဝင် အချိန်တွေကုန်ဆုံးခဲ့တာလေ"

"အင်း ဒါကြောင့် သမီးလေးမှာ ပတ်ဝန်းကျင်ကိုကြောက်
ရွံ့တဲ့စိတ်တွေ ကြီးစိုးနေတာ၊ ဘာပဲဖြစ်ဖြစ် အန်တီဆင့်ကတော့
သမီးဘဝလေးကို ပတ်ဝန်းကျင်နဲ့ထိတွေ့ ကျွမ်းဝင်စေချင်တယ်၊ ဒါမှ
သမီးမှာ ဗဟုသုတနဲ့ အတွေ့အကြုံတွေ ရင့်ကျက်လာမှာပေါ့"

"သမီး အန်တီဆင့်စီမံတဲ့အတိုင်း ခေါင်းညိတ်ခဲ့တာ ဒါ
ကြောင့်ပါပဲ"

တော်ဝင်က အားကိုးသလိုပြောတော့ အန်တီဆင့် ခေါင်းက
ညိတ်ညိတ်နှင့်ပြုံးကာ တော်ဝင့်ပခုံးလေးကို ဆုပ်ကိုင်သည်။





"သမီးကို အန်တီဆင့်က သမီးရင်းလို ချစ်ပါတယ်ကွယ်၊
ဘာတယ်ဆို အန်တီဆင့်နဲ့ သမီးမေမေက ညီအစ်မအရင်းချာတွေ
လေ၊ ထွဋ်တင်ဆိုတာက သမီးဖေဖေနဲ့ ညီအစ်ကိုတော်ပေမယ့် သွေး
သားလွန်းပါတယ်၊ သူတို့ ဘာကြောင့် သမီးကို အန်တီဆင့်နဲ့ မလိုက်
စေချင်တာလဲဆိုတာ အန်တီဆင့်သိတာပေါ့"

"ဘာလို့လဲ အန်တီဆင့်"

စိတ်ဝင်စားသလို မျက်နက်ဝန်းလေးတွေ ဝိုင်းကာမေးလာ
သည့် တော်ဝင်သူ့ကို ကြည့်ကာ ဒေါ်ခင်ခင်ဆင့် ပင့်သက်လေးချမိ၏။

တကယ့်ကို ရိုးအေးနုံအလွန်းသည့် ကလေးမလေးပါလား။

သူမ,ပိုင်ဆိုင်ရမည့်အမွေဥစ္စာတွေကြောင့် ဦးထွဋ်တင်တို့
အပိုင်ချုပ်ကိုင်ထားတာ မသိရှာ။

"ကဲပါ သမီးရယ် နောက်တော့ သမီးသိလာမှာပေါ့ကွယ်၊
အခုတော့ ဘာမှမသိချင်ပါနဲ့တော့၊ သမီးကို အန်တီဆင့် ကျောင်း
တက်ဖို့, သင်တန်းတွေတက်ဖို့ စီမံပေးမယ်"

"သင်တန်းတွေ၊ ဟုတ်လား"

"ဒါပေါ့၊ အတန်းပညာက အရေးကြီးသလို သမီးတတ်ထား
သင့်တဲ့ ပညာတွေလည်း ရှိသေးတယ်၊ ကွန်ပျူတာသင်တန်းတို့,
ဘာသာရပ်ဆိုင်ရာစကားပြောသင်တန်းတို့ပေါ့ကွယ်"

တော်ဝင် ခေါင်းလေးညိတ်ရှာသည်။

သူမအတွက်တော့ ရင်ဆိုင်ရမည့် အတွေ့အကြုံအသစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



အတွက် အုံ့ညြှိနေမှာ သေချာသည်။

ဘာပဲဖြစ်ဖြစ် တူမလေးအနာဂတ်အတွက်တော့ ဒေါ်ခင်ခင်ဆင့်စိတ်ထဲမှာ စီမံကိန်းတွေချမှတ်ပြီးနေသည်။

ဒါကလည်း တော်ဝင်သူလေးအတွက်ပဲဟု။

✿ ✿ ✿



## အခန်း (၆)

"ကိုကို"

ခေါ်သံက ချွဲချွဲပျစ်ပျစ်အသံဖြစ်သည်။ နား အနားက ကပ်ပြီးထွက်လာတာမို့လည်း မဟာ တွန့်ခနဲဖြစ်သွားခဲ့၏။

လက်ထဲမှာကိုင်ထားသော ဟန်းဖုန်းလေးဆီက အကြည့်တွေ နှင်းမခဆီ ရောက်သွားခဲ့၏။ ထိုအခါ နီရဲနေသော နှုတ်ခမ်းလွှာလေးတွေကို အနီးကပ်မြင်လိုက်ရတာမို့ ကမန်းကတန်း ခေါင်းကို နောက်ဆုတ်ရှောင်မိသည်။

"ဘာဖြစ်တာလဲဟ အလန့်တကြား"

"ဟင် အဲဒီလောက်အထိတောင် မခ,ရုပ်က ဆိုးနေလို့လား"

မျက်ခုံးလေးတွန့်၊ နှုတ်ခမ်းလေးရှုကာပြောပုံက မှုန်နဲ့ဖန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီကောင်မလေးရုပ်ရှည်လေးက ရှင်းသန့်ချောမောပေမယ့် ဟန်မူရာ ပိုလွန်းနေတာ သူကြည့်လို့မရတာ အမှန်။

"ရုပ်ဆိုးတာမဟုတ်ဘူး၊ အကျည်းတန်တာ"

စိတ်အချဉ်ပေါက်စွာ သူပြောဖြစ်လိုက်မိတော့ နှင်းမခ မျက်ရှည်လေးတွေချက်ချင်းဝဲလာကာ –

"ကိုကိုက မခ,ဆိုရင် ရက်ရက်စက်စက် ပြောတယ်၊ မခ အရမ်းဝမ်းနည်းတာပဲ၊ သိလား"

"ပြဿနာပဲဟာ၊ ဒီမှာ ဖုန်းခေါ်မရလို့ စိတ်ညစ်နေရတဲ့အထဲ နင်က တစ်မျိုး"

မပျော် စိတ်ပျက်သလိုပြောတော့ မခ မျက်တောင်လေးတွေပုတ်ခတ်ပြီး ဝဲတက်နေသောမျက်ရည်တွေကို သိမ်းဆည်းသည်။

"ကိုကို ဖုန်းဆက်မလို့လား၊ ဆက်လေ၊ မခ ပြီးတဲ့အထိ စောင့်ပေးမယ်"

"ဘာလုပ်ဖို့ စောင့်မှာလဲ၊ ဘာကိစ္စလဲပြော"

"ကိုကို ဒီနေ့ ဘယ်မှမသွားဘူး မဟုတ်လား။ မခ သူငယ်ချင်းတစ်ယောက်မွေးနေ့ပွဲ သွားချင်လို့"

"နင့်ဘာသာ သွားပါ့၊ ငါ မလိုက်ချင်ဘူး"

"လိုက်ခဲ့ပါ ကိုကိုရယ်၊ မခ,သူငယ်ချင်းတွေက ကိုကို့ကို အပါခေါ်ခဲ့ပါလို့ ပြောထားလို့"

"ဘာရယ်၊ နင့်သူငယ်ချင်းတွေနဲ့ ငါနဲ့ ဘာဆိုင်လို့လဲ"





"မဆိုင်ပေမယ့် သူတို့တွေက ကိုကို့ကို သိကြတယ်လေ၊ အိမ်ကို လိုက်လာဖူးကြတာကိုး"

မခနှင့်အတူ အိမ်ကိုလိုက်လာဖူးသော သူငယ်ချင်းတွေရှိဖူးပါသည်။ ဒါပေမဲ့ သူတစ်ယောက်မှ မသိ။ မရင်းနှီးပါ။ မသိမဆိုင်ခ,ကခေါ်နေတာကို လိုက်ပို့ဖို့လည်း စိတ်မဝင်စားပါ။

"ဆောရီးပဲ၊ ငါက ဘယ်မိန်းကလေးနဲ့မှ မပတ်သက်ချင်ဘူး။ ငါ့ဘာသာ အေးအေးဆေးဆေးနေချင်လို့ အပြင်မထွက်ဘာ"

"ဟင် ဘာဖြစ်လို့လဲ၊ ဟို မနေ့က ကိုကိုနဲ့ငြိမ့်ဆိုတဲ့ မမ ပြဿနာတွေတက်လို့ ကိုကို စိတ်ညစ်နေတာလား"

"နားစမ်းပါ၊ ဘာကိုစိတ်ညစ်ရမှာလဲ၊ ပြတ်ချင်နေတာ ကြာပြီ စာရင်းရှင်းသွားတာ ပိုတောင်ကောင်းသေးတယ်"

ရင်ထဲမှာရှိသည့်အတိုင်း သူပြောတော့ နှင်းမခမျက်နှာလေးဝင်းပကြည်လင်သွားတာ သိသာလွန်းသည်။

အညိုရောင်ဆံပင်တိုတိုအခွေအလိပ်ကလေးတွေနှင့် မျက်နှာလေးကို မှန်မှန်လေးခြယ်သထားသော နှင်းမခ။ နှုတ်ခမ်းဖူးဖူးလေးတွေကိုတော့ ပန်းဆီရောင်လေးတင်ထားသည်။

ဝတ်ထားတာ ဂါဝန်လေးကလည်း ပန်းနုရောင်မို့ နုနုဖပ်ဖပ်ကလေး လှပနေခဲ့သည်။

"ကိုကိုက ရည်းစားတွေအများကြီးထားပြီး အလွယ်တကူ



www.burmeseclassic.com

www.burmeseclassic.com



ပြတ်တောက်နိုင်တယ်နော်၊ ဘာလို့လဲဟင်"

"ဘယ်သူ့ကိုမှ ရင်ထဲမှာ မရှိလို့ ရှင်းပြီလား"

"ဟင် ဒါဆို ကိုကိုချစ်တဲ့မိန်းကလေး မရှိသေးဘူး၊ မကြုံဖူးသေးဘူးပေါ့၊ ဟုတ်လား ကိုကို"

"ဟာ စကားများလိုက်တာ သာလိကာရယ်"

"ကိုကိုကလည်း ကိုယ့်ညီမလေးက သိချင်လို့မေးတာကို၊ ဘာလို့ ဒေါသတွေထွက်နေတာလဲဟင်"

မျက်နှာလေးညှိုးကျကာ တောင်းပန်သလိုလေးပြောတော့ သူ့စိတ်ထဲမှာ သနားသွားမိသည်။ ကိုယ် ဘယ်လောက်ပဲဆူဆူ၊ နာအောင်ပြောပြော အခင်အမင်မပျက် လာခေါ်တတ်သော နှင်းမခကိုတော့ သူ ခင်ပါသည်။

ဒါပေမဲ့ ဒေါ်မိုးမြင့်စံရဲ့သမီး၊ မိုးကျော့်ရဲ့ညီမဆိုသော အသိစိတ်ထဲရှိနေတာမို့ နှစ်နှစ်ကာကာ ခင်မင်လို့မရတာ အမှန်။

"မခ နှင် ဘာလုပ်နေတာလဲ"

အသံမာမာနှင့်အတူ အခန်းထဲကထွက်လာသော မိုးကျော်မျက်နှာကြီးကိုမြင်လိုက်တာနဲ့ မပေါ်လည်း မျက်မှောင်ကြုတ်သွားပါ။

"စကားပြောနေတာလေ ကိုမိုးရဲ့"

နှင်းမခက မိုးကျော်ကိုတစ်ချက်ကြည့်ကာ ဖြေသည်။ အစ်ကိုရင်းချာပေမယ့် မိုးကျော်ကို မခက သိပ်ခင်မင်သံယောဇဉ်ရှိပုံမရ၊ မိုးကျော်ကလည်း အစ်ကိုဆိုသောပါဝါနှင့် ဖိနှိပ်ချင်သည်။





အခုလည်း သူနဲ့စကားပြောနေတာကိုပဲ မကျေမနပ်သလို မျက်ဝန်းတွေနဲ့ ကြည့်နေတော့ မပေါ် ဂရုမစိုက်သလို ဥပေက္ခာပြုလိုက်ရင်း –

"ကဲ မခ နှင်လစ်တော့၊ ဒီနေ့ ငါ့ဘာသာ ငြိမ်ငြိမ်းချမ်းချမ်းနေချင်တယ်၊ ကျက်သရေမင်္ဂလာမရှိတဲ့မျက်နှာတွေ မမြင်ချင်ဘူး"

"မင်း ဘယ်သူ့ကိုပြောတာလဲ မပေါ်"

"ငါ့ဘာသာ ပြောချင်တဲ့သူပြောတယ်၊ မင်း ဘာလုပ်ချင်သို့လဲ"

တမင်ပဲ လူမိုက်စကားဆိုပစ်လိုက်တော့ မိုးကျော်မျက်နှာကြီးနီရဲသွားကာ အံကိုကြိတ် လက်သီးဆုပ်သည်။

"မာန်ဖိပြမနေနဲ့ မိုးကျော်၊ လက်ရှန်းချင်းယှဉ်ချင်တယ်ဆိုလည်း ငါ့ဘက်က အသင့်ပဲနော်"

"မပေါ် ငါ မင်းလို လူမိုက်မဟုတ်ဘူး"

"မိုက်တာနဲ့ သတ္တိကိုမခွဲခြားတတ်ဘဲ လာမပြောနဲ့ မိုးကျော်၊ မင်းဝဲ အခုမိုက်မဲပြီး အစွယ်ထုတ်ပြနေတာ"

"တော် တော်ပါတော့ ကိုကိုရယ်၊ မခ တောင်းပန်ပါတယ်"

အခြေအနေတွေ တင်းမာမလာခင် နှင်းမခက သူ့လက်မောင်းကိုလှမ်းကိုင်ပြီး တားမြစ်သည်။ သူ နှင်းမခလက်တွေကို ဖတ်ခနဲ ပုတ်ချရင်း –

"ဒီမှာ မခ နှင်နဲ့ငါ ဘာမှမတော်ဘူးနော်၊ ဒီတော့ သူမှ



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်အကူညီတောင်းစရာလည်း မလိုဘူး ဟိုမှာ နင့်အစ်ကို ရှိတယ်''

ပြောပြီးသည်နှင့် စားပွဲပေါ်ကသတင်းစာကို ကောက်ယူပြီး မဟော်ထွက်သွားသည်။

မခ မျက်နှာလေးညိုကာ ကျန်ရစ်ခဲ့သည်။ မိုးကျော်ကတော့ ဒေါသတွေတလိပ်လိပ်တက်နေသော မျက်နှာကြီးက ပြေလျော့မသွားခဲ့ဘဲ

''တောက် နင် ဘာလို့ ဒီကောင်နဲ့ ပတ်သက်ချင်နေတာလဲ မခ''

မဟော်မရှိတော့မှဘဲ ရင်ထဲကဒေါသတွေကို မိုးကျော် ပေါက်ကွဲမိတော့သည်။

''ကိုမိုး ဘာတွေလာပြောနေတာလဲ၊ မခနဲ့ ကိုကိုတို့ စကားပြောနေကြတာ ဘာပြဿနာမှ မရှိဘူး၊ ကိုမိုးရောက်လာမှ''

''ဘာ၊ ငါရောက်လာမှဆိုတော့ ငါကပဲ ပြဿနာရှာနေတဲ့သဘောလား၊ နင် ဒီကောင်နဲ့ ရှင်းရှင်းနေစမ်းပါ၊ တကယ်ရိုင်းတဲ့ကောင်''

''ကိုမိုးကရော ဘာလို့ ကိုကို့ကို မကောင်းမြင်နေရတာလဲ''

''ငါ မကောင်းမြင်တာလား ဒီကောင်က ငါတို့တစ်မိသားစုလုံးကို တမင်မကောင်းမြင်နေတာ၊ အဲဒီကောင်ကိုမှ နင်က ခေါင်းငုံ့တိုးဝင်နေတာ ငါလုံးဝသည်းမခံဘူးနော် မခ၊ နောက်ဆိုရင် နင်





ဒါကို အဆိုးမဆိုနဲ့''

မခ မျက်နှာလေး တင်းခနဲဖြစ်သွားသည်။ ဘာမှ ခွန်းတုံ့မပြန်ဘဲ မိုးကျော်ရှေ့က လှည့်ထွက်ခဲ့သည်။

''တောက်''

မိုးကျော်တစ်ယောက်တည်း ဒေါသတွေ အညွှန့်မကျိုးနိုင်ဘဲ ကျန်ခဲ့ရပြန်သည်။ တကယ်ရိုင်းတဲ့ မင်းမဟော်။

မခကလည်း ဒီကောင့်ကိုမှ အောက်ကျို့ပေါင်းသင်းနေခဲ့တာကို ခံရခက်လွန်းသည်။ တကယ်ဆို မဟော်ဆိုသည့်ကောင်က ညည်းစားတွေထည်လဲတွဲကာ ရှုပ်ပွေတတ်လွန်းသည့်ကောင်။

ဒါကိုသိလျက်နဲ့ မခ ပတ်သက်ချင်နေတာ အန္တရာယ်များလွန်းသည်။

ဒီကောင်မလေးလုပ်နေတာ မဟုတ်သေး။ ကိုယ်ကတော့ ညီမလေးမို့ မထိရက် မရိုက်ရက်ဘဲနေတာကို သူက မလေးမစားချင်ပါ။

အမေ့ကိုတော့ ပြောပြတိုင်ထားဦးမှ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ပျင်းလိုက်တာကွာ ဘာလုပ်ရင်ကောင်းမလဲ"

မပေါ်နွတ်က ထုတ်ဖော်ညည်းညူမိတော့ အာကာ လက်ထဲကဂစ်တာကို အသာချပြီး လှမ်းကြည့်သည်။

သုံးယောက်သား ဝဏ္ဏအိမ်မှာပဲ မနက်ကတည်းက ရောက်နေကြတာဖြစ်၏။ ဝဏ္ဏမိဘတွေလည်း မရှိတော့ ခြံထဲမှာ ကောဇောကြီးခင်းပြီး ဂစ်တာတီးကြသည်။

အိမ်ဖော်ဒေါ်စိန်စီစဉ်ပေးသော အစားအသောက်တွေကို တစ်မျိုးပြီးတစ်မျိုး စားကြသည်။

ရောက်တတ်ရာရာ စကားတွေပြောရတာလည်း များပြီ ဂစ်တာတီးပြီး သီချင်းတွေဆိုရတာလည်း ပျင်းလာပြီ။





"မင်းက ဘာလုပ်ချင်လို့လဲ မပေါ်ရာ"

"တစ်ခုခုပေါ့ကွာ၊ ထိုင်နေရတာ ပျင်းလာပြီ"

"ဒါဆို ဘောလုံးကန်ကြမလား"

ဝဏ္ဏကပြောတော့ မပေါ်ရော အာကာပါ သဘောတူ သက်ခံကြသည်။

"ကောင်းတာပေါ့၊ လူပ်လူပ်ရှားရှားလေးဖြစ်သွားမှ သွေးပူသွားမှာ၊ ကန်ကြမယ်"

"သုံးယောက်တည်းဆိုတော့ ဘယ်လိုကန်မှာလဲ၊ လေးယောက်လောက်မှ အဆင်ပြေမှာ"

"အပျော်ပဲ အာကာရာ၊ အဆင်ပြေသလို ကန်မှာပေါ့၊ ကန်ဖို့က အဓိကပဲလေ"

ပြောပြောဆိုဆို ဝဏ္ဏကထွက်သွားသည်။ မပေါ်နှင့် အာကာ ဘောင်းဘီရှည်တွေလိပ်တင်နေတုန်းမှာပဲ ဘောလုံးတစ်လုံးနှင့် ဝဏ္ဏပြန်ရောက်လာသည်။

"မင်းတို့ အဝတ်အစားတွေ လဲချင်လဲကြလေ၊ ငါ့ဝတ်စုံတွေ ရှိတယ်"

"ရတယ်၊ မလိုဘူး၊ ဒီအတိုင်းပဲ ကန်မယ်"

ပြောရင်း မပေါ်က ခြံထဲမှာတွေ့သော အုတ်နီခဲတစ်လုံးကို မြက်ခင်းအစပ်မှာ ထောင်သည်။

"တိုင်ထိုးပေါ့ကွာ၊ သုံးယောက်စလုံး ဘောလုံးလုကန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဂိုးသွင်းနိုင်တဲ့သူနိုင်တယ်''

''ရှုံးတဲ့နှစ်ယောက်က မနက်ဖြန် တစ်ပိုင်းရှင်းကြေးနော်''

အားလုံး သဘောတူလက်ခံကာ ဘောလုံးလေးကို မြက်ခင်းပြင်မှာမြှောက်တင်ပြီး ပွဲကို စတင်လိုက်ကြသည်။ သုံးယောက်သား ဘောလုံးကိုဝိုင်းလုကန်ကြသည်။

တစ်ယောက်ခြေထောက်ထဲ ဘောလုံးပါသွားလျှင် ကျန်နှစ်ယောက်က ဝိုင်းလုပြီး ဂိုးမသွင်းနိုင်အောင် တားကြသည်။

မိနစ်ပိုင်းမှာပဲ ချွေးတစိုစိုနှင့် သူတို့သုံးယောက်စလုံး သူနိုင်ကိုယ်နိုင် ကစားလို့ကောင်းနေခဲ့ကြ၏။

✿

ခြံထဲမှာပဲ နေရတာ ပျင်းစရာကောင်းလာတာမို့ တော်ဝင် ခြံပြင်လမ်းမပေါ် ထွက်ကာ လမ်းလျှောက်နေမိသည်။

တစ်ယောက်တည်းမို့ အဝေးကြီးလည်း မလျှောက်ရဲဘဲ ကိုယ့်ခြံတံခါးရှေ့မှာပဲ ဘယ်ညာလျှောက်နေရင်း မျက်ဝန်းတွေက ပတ်ဝန်းကျင်ကိုဝေ့ဝဲ အကဲခတ်ကြည့်နေမိသည်။

တစ်ဖက်ခြံထဲကို မထင်မှတ်ဘဲ အကြည့်ရောက်မိတော့ မြင်ရသောမြင်ကွင်းတွေကြောင့် တော်ဝင် ငေးငေးလေးဖြစ်သွား၏။





ကလေးတွေလည်း မဟုတ်ပါဘဲ ခြံထဲမှာ ဘောလုံးကန်နေကြသော လူရွယ်သုံးယောက်ကို တွေ့လိုက်ရ၏။

ဂျင်းဘောင်းဘီရှည်တွေကို ဒူးအထက်ထိလိပ်တင်ကာ သုံးယောက် ဘောလုံးတစ်လုံးကို ဝိုင်းလုကန်နေကြသည်။

တော်ဝင်အတွက် အံ့သြစရာကောင်းနေတာက သုံးယောက်လုံးရဲ့ ဆံပင်အရောင်တွေကြောင့်ပဲ ဖြစ်သည်။ တစ်ယောက်က နီညိုကြင်အရောင်၊ တစ်ယောက်က ရွှေဝါရောင်နှင့် ကျန်တစ်ယောက်ကတော့ အညိုရောင်ဆံပင်တွေထဲမှာ အဖြူလား၊ ရွှေရောင်လား မသိ၊ ခေါက်ထားသေးသည်။

ရန်ကုန်သားတွေပဲ ထင်သည်။ တခြားသူတွေအတွက် အထူးအဆန်းမဟုတ်ပေမယ့် တော်ဝင်အတွက်တော့ အမြင်ဆန်းနေသည်။

တော်ဝင်မြင်တွေ့နေရတာ သူတို့ခြံတံခါးသံပန်းတွေကြားက မြင်ကွင်းကျဉ်းကျဉ်းလေးပဲဖြစ်သည်။ အုတ်တံတိုင်းကြီးတွေ ကာရံထားသောနေရာရောက်လျှင် မမြင်ရတော့ပါ။

မြက်ခင်းမှာ ကစားနေကြသော သူတို့သုံးယောက် ခြံတံခါးမြင်ကွင်းထဲ ရောက်လာမှပဲ တော်ဝင် မြင်တွေ့ရသည်။

ပျောက်သွားလိုက်၊ ပေါ်လာလိုက် သူတို့သုံးယောက်ကို တော်ဝင် ငေးငေးလေးပဲ ရပ်ကြည့်နေမိ၏။ ထိုအခိုက်မှာပဲ တော်ဝင် မျှော်လင့်မထားသောအခြေအနေကို ရင်ဆိုင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်တံတိုင်းကို ကျော်ထွက်လာသော ဘောလုံးက တော်ဝင့်မျက်နှာဆီကို တည့်မတ်စွာ ဝင်လာ၏။ တော်ဝင် ဘာလုပ်ရမှန်းမသိဖြစ်ကာ မျက်စိစုံမှိတ်ပြီး ခေါင်းကိုငုံ့ထားလိုက်သည်။

"ဘုတ်"

"အမေ့"

ဘောလုံးက တော်ဝင်နဖူးတည့်တည့်ကို ထိမှန်သည်။ ကော်ဘောလုံးလေးမို့ သိပ်မနာကျင်လှပေမယ့် ကြောက်စိတ်တွေနှင့် တော်ဝင် ရင်တွေတုန်ယင်သွားကာ မူးမိုက်သွားခဲ့တာတော့ အမှန်။

နဖူးပေါ်က နာကျင်မှုထက် ရင်က တုန်ယင်မှုကြောင့် တော်ဝင် ရင်ဘတ်ကို လက်ဖြင့်အသာဖိကာ ခြံတံခါးကိုကြည့်နေမိသည်။

ခြံထဲမှ ခပ်သွက်သွက်ခြေလှမ်းတွေနှင့် ထွက်လာသူက ရွှေဝါရောင်ဆံပင်တွေနှင့်လူရွယ်ပဲ ဖြစ်သည်။

တော်ဝင့်ခြေရင်းမှာ ပြုတ်ကျနေသောဘောလုံးကို တစ်လှည့်၊ တော်ဝင်ကို တစ်လှည့် ကြည့်ကာ သူ့ခြေလှမ်းတွေ တွန့်ဆုတ်သွားတာ တဒင်္ဂတပဲ ဖြစ်သည်။ သူ တော်ဝင်အနားကို စက္ကန့်ပိုင်းလေးမှာပဲ ရောက်လာခဲ့သည်။

"ကိုယ်ကန်လိုက်တဲ့ဘောလုံး မင်းကို ထိသွားသေးသလား ဟင်"

ဘောလုံးကို ပြန်ကောက်မယူဘဲ တော်ဝင်ကိုကြည့်ကာ မေးလာသောသူ့မျက်ဝန်းတွေကို တော်ဝင် ရင်ဆိုင်မကြည့်ရဲအောင်





င်တွေတုန်နေသည်။ နုဖပ်ဝင်းမွတ်နေသောမျက်နှာက ချွေးစလေးတွေ စို့နေသည်။

တကယ့်ကို နုဖပ်ချောမောလိုက်တာဟု စိတ်ထဲက မှတ်ချက်ချမိသည်။ ယောကျ်ားလေးဟုတောင် ဆိုရခက်အောင် သူ့မျက်နှာက နုဖပ်အိညက်လွန်း၏။

မျက်ခုံးတွေက ထူပိန်းနေတာမျိုးမဟုတ်ပါဘဲ ထင်းနေအောင်ပေါ်လွင်ပြီး အချိုးကျနစွာထင်နေ၏။ တိုစိပ်စိပ်မျက်တောင်တွေကာရံထားသည့် မျက်ဝန်းတွေက ဆွဲဆောင်နိုင်စွမ်းသော အင်အားတို့ ပါဝင်နေသည်။

"မင်းရင်ဘတ်ကို ထိသွားတာလားဟင်"

အခုချိန်အထိ တော်ဝင့်လက်ကလေးက ရင်ဘတ်ကို ဖိထားဆဲမို့ သူမေးသည်။ တော်ဝင် မျက်နှာကလေး ရဲရဲနီသွားကာ ခေါင်းကိုခါယမ်းရင်း –

"မ မဟုတ်ပါဘူး ဘောလုံးက နဖူးကိုလာမှန်သွားတာပါ"

သူ့မျက်ဝန်းတွေက တော်ဝင့်နဖူးလေးဆီ ရောက်လာပြန်သည်။

"ဆောရီးကွာ၊ တော်တော်နီသွားတယ်၊ မင်း ခေါင်းတွေဘာတွေမူးသွားသေးလား"

တော်ဝင် ခေါင်းညိတ်ပြီးမှ ခေါင်းကိုပြန်ခါယမ်းမိပြန်သည်။ သူစိမ်းယောကျ်ားလေးတစ်ယောက်နှင့် နီးကပ်စွာ မျက်နှာချင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေရသည့်အဖြစ်က တော်ဝင်ကို ကယောင်ကတမ်းတွေ ဖြစ်စေ
"ကိုယ် တကယ်တောင်းပန်ပါတယ်၊ ဟို ကိုယ် ဘာကူညီ ရမလဲဟင်"

"အို ရ ရပါတယ်၊ ကျွန် ဘာမှမဖြစ်ပါဘူး"

တော်ဝင်ငြင်းဆိုရင်း လှည့်ထွက်ဖို့အပြင်မှာ –

"နေ နေပါဦး"

"ရှင်"

"မင်းဘာမှမဖြစ်တာ သေချာတယ်ဆိုရင် ကိုယ်တစ်ခုမေး ချင်လို့"

"ဟုတ် ဟုတ်ကဲ့"

ရဲရဲနီသောနှုတ်ခမ်းပြင်လေးလိုပဲ သူမမျက်နှာတစ်ခုလုံး ရဲနေတာ ရှက်စိတ်ကြောင့်ထင်ပါသည်။

သွေးကြောမျှင်စိမ်းစိမ်းလေးတွေ ထင်းနေအောင် နုညက် သောပါးပြင်လေးတွေကိုကြည့်ကာ မပော်ရင်ထဲ နွေးသွားခဲ့သည် လှလိုက်တဲ့ ကောင်မလေး။ မျက်နှာလေးက အပြစ်ဆိုစရာ မြူတစ်မှုန် တောင် မထင်ပါ။

ရှက်ရိပ်သန်းသောမျက်နှာလေးကို တစ်နေကုန်ထိုင်ကြည့်ခွင့် ရရင်တောင် မပော် မျက်တောင်မခတ်ဘဲ ကြည့်ချင်မိသည်။

"မင်းနာမည်လေး သိချင်လို့"

"ရှင်"





"မင်းနာမည်လေ၊ ကိုယ့်နာမည်က မပော်၊ မင်းမပော်တဲ့"

"ဟုတ်ကဲ့၊ ကျွန်မ သွားပါရစေ၊ အန်တီဆင့်တွေ့သွားရင် ဆစ်မျိုးထင်မှာ စိုးလို့ပါ"

"ဟာ ဟော့ နေ နေပါဦး"

ကောင်မလေးပြန်တောင်လှည့်မကြည့်တော့ဘဲ ခြံတံခါးလေး ဆွဲဖွင့်ပြီး ဝင်သွားသည်။

ခါးအထိရှည်သော ဆံပင်ရှည်ကြီးတွေနှင့် ပြေပြစ်အချိုးကျန သော အလှတွေကို သူ ငေးရင်းရပ်နေမိဆဲ –

သူမရဲ့ ချစ်စရာကောင်းသော ပုံရိပ်လေးကတော့ သူ့အာရုံ ထဲက ဘယ်တော့မှ ကွယ်ပျောက်သွားမည်မဟုတ်တာ သေချာသည်။

လှသော၊ ချောသော မိန်းကလေးတွေအများကြီး သူဆုံဖူး၊ တွေ့ဖူးပါသည်။ ဒါပေမဲ့ ဒီကောင်မလေးနဲ့ မတူတာတော့ သေချာ သည်။

နူးညံ့စွာလှပချောမွေ့သလို၊ ရှက်တတ်သောမျက်ဝန်းနှင့် အမူအရာလေးတွေက ဟန်ဆောင်ခြင်းကင်းသည်။ နာမည်လေး မေးမိ တာနဲ့ ရဲသွားသောပါးပြင်လေးတွေကို သူ ပြန်မြင်ယောင်နေမိတုန်း ရှိသည်။

တကယ့်ကို မြတ်နိုးစရာကောင်းတဲ့ ကောင်မလေး။

မိန်းကလေးတွေနဲ့ပတ်သက်ဖို့ စိတ်ကုန်နေသော သူ့ကိုမှ နတ်သိကြားတွေက ဆုံတွေ့အောင် ဖန်တီးပေးလိုက်တာလား။



www.burmeseclassic.com

www.burmeseclassic.com



သေချာတယ် ကောင်မလေးရယ်။

မင်းနဲ့ထပ်ဆုံတွေ့ခွင့်ကို ကိုယ့်နှလုံးသားက တမ်းတမ်းတတ တောင်းဆိုနေတော့မှာ။

✿ ✿ ✿



## အခန်း (၇)

"မေမေ့သမီးကို မေမေပြောထားဦး၊ သား ဒီကောင်နဲ့ ပြဿနာမဖြစ်ချင်ဘူးနော်"

မိုးကျော် မကျေမနပ်နှင့် အသိပေးတိုင်နေတော့ ဒေါ်မိုးမြင့် ခ နှုတ်ပိတ်ငြိမ်သက်နေမိသဲ။ နှင်းမခကတော့ မိုးကျော်ကို အလိုမကျ သလို နှုတ်ခမ်းလေးစူကာ မျက်နှာလွှဲထားသည်။

"မပော်ဆိုတဲ့ကောင်က သားတို့တစ်မိသားစုလုံးအပေါ် အမြဲ ဘမ်း အထင်သေးရှုတ်ချနေတဲ့ကောင်၊ မခ,အပေါ်မှာလည်း ဘယ် တော့မှ အကောင်းမမြင်တဲ့ကောင်၊ ဒါကို မခ,က ခယနေတာ သား သည်းမခံနိုင်ဘူးနော်"

"ကဲပါ သားရယ် ဒေါသတွေ မထားပါနဲ့၊ ဒီကိစ္စကို မေမေ



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြမယ်၊ ဟုတ်လား၊ သား အသေအချာနားထောင်''

ဒေါ်မိုးမြင့်စံပြောရင်း လေသံတိုးတိုးနှင့် မိုးကျော်ကိုရှင်းပြ သည်။

''မဟော် ရှိင်းတာ မေမေသိတယ် သား၊ ဒါပေမဲ့ မေမေ တို့မှာက မပတ်သက်လို့မရဘူးလေကွယ်''

''ဒါကြောင့် အမေ့ကို သားပြောနေတာပေါ့၊ မေမေ့ယောက်ျား ကို အပြတ်စီစဉ်နိုင်းတော့ဗျာ၊ ကြာရင် မလွယ်ဘူး၊ မဟော်နဲ့ သားတို့ ရသင့်တဲ့အမွေကို ရှင်းမှဖြစ်မယ်''

မိုးကျော်ကတော့ ရင်ထဲက ခံစားချက်အတိုင်း ပြတ်သားစွာ ပဲပြောနေသည်။ ဒေါ်မိုးမြင့်စံ ပင့်သက်ရှိုက်ရင်း ခေါင်းကိုခါယမ်း သည်။

''သား ဘာမှ မသိပါဘူးကွယ်၊ မဟော်တို့အဖေက ဒီကိစ္စ နဲ့ပတ်သက်ပြီး မေမေကိုရှင်းပြထားပြီးပြီ သား''

''ဘာလဲ၊ ဘာကိုရှင်းပြတာလဲ အမေ''

''သားပြောသလို အမွေတွေကိုခွဲဝေမယ်ဆိုရင် မေမေတို့ ပိုင်ဆိုင်ခံစားရမယ့်အမွေက မဟော်ရမှာရဲ့ ဆယ်ပုံတစ်ပုံလောက်ပဲ ရှိတယ်သား''

''ဟင် ဒါတော့ မတရားဘူးဗျာ၊ မေမေကလည်း ဦးမင်းဖြူ ရဲ့ တရားဝင်ဇနီးမယားပဲဗျာ၊ ဒီလောက်အထိ ကွာဟလွန်းတာ မ ဖြစ်သင့်ဘူး''





မိုးကျော် မခံမရပ်နိုင်ဘဲ ပြောသည်။ ဒေါ်မိုးမြင့်စံ သားဖြစ် သူကို နားလည်စွာကြည့်ရင်း ငြိမ်သက်နေသည်။

တကယ်ဆို သူမရင်ထဲမှာလည်း ထိုကိစ္စနှင့်ပတ်သက်ပြီး ကျင်ခံစားခဲ့ရတာ ကြာပြီ၊ ဒါပေမဲ့ ထိုကိစ္စကြီးက သူမ ဘယ်လိုမှ တတ်သာသော ကိစ္စကြီးဆိုတာလည်း နားလည်ခဲ့သည်။

''သား နားလည်အောင်ပြောရရင် မင်းမဟော်ရသင့်တဲ့ အမွေတွေကို မင်းမဟော်ရဲ့မိခင်က မသေခင်ကတည်းက ရှေ့နေကြီး နဲ့ လွှဲပြောင်းပေးထားပြီးသားကွဲ့''

''ဘာရယ် မေမေ၊ မဟော်က လက်ရှိ တရားဝင်အမွေတွေ ပြီးသားပေါ့၊ ဟုတ်လား''

''ဟုတ်တယ် သား၊ မင်းမဟော် အသက်နှစ်ဆယ့်သုံးနှစ် ပြည့်တာနဲ့ လက်ရှိ အိမ်နဲ့ခြံတွေ, ဘိုးဘွားပိုင်အမွေတွေနဲ့ ဥစ္စာတွေ အကုန် တစ်ဦးတည်းပိုင်ဆိုင်ခွင့်ရမှာလေ''

''ဦးမင်းဖြူက ဒီကိစ္စကို လက်ခံသား မေမေ''

''သူ လက်မခံလို့ မရတဲ့ကိစ္စလေ၊ ပြောရရင် အခုလက် ရှိ ပိုင်ဆိုင်မှုအမွေအားလုံးဟာ မင်းမဟော်ရဲ့မိခင်ဘက်က ပိုင်ဆိုင်ချမ်း သာမှုတွေပဲလေ၊ ကိုမင်းဖြူဘက်က ချမ်းသာတာမဟုတ်ဘူး၊ ကိုမင်း ဖြူဆိုတာ မဟော်ရဲ့မိခင်တွေပွဲရုံမှာ မန်နေဂျာပေါ့၊ သူ့ရဲ့ ရိုးသားကြိုး စားမှုကြောင့် မဟော်မိခင်နဲ့ပေးစားခဲ့တာ၊ မိဘတွေဆုံးပါးတော့ အမွေ တွေကို မြေးဖြစ်တဲ့မဟော်ကို လွှဲပေးခဲ့တာပဲ သား''



www.burmeseclassic.com

"ဟာဗျာ၊ ဒါတော့ မေမေ နစ်နာလွန်းတယ်"

မိုးကျော် နာကျင်ခံရခက်စွာ ရေရွတ်သည်။ သူမျှော်လင့်ထားသည်က လက်ရှိပိုင်ဆိုင်မှုတွေကို မပော်နှင့် သူ့မိခင် ခွဲဝေခံစားရမည်ဟု ထင်ထားခဲ့၏။ တစ်ဝက်မဟုတ်တောင် မေမေ့အတွက် သုံးပုံတစ်ပုံ၊ လေးပုံတစ်ပုံတော့ ရမည်ဟု ထင်ထားခဲ့တာဖြစ်သည်။

အခုတော့ ထင်ထားသမျှ လွဲနေပြီ။

"မေမေ့အတွက် ရမှာက မပော်မိခင်သုံးပါးပြီး နောက်ပိုင်းမှာ ဆက်ပြီးတိုးပွားလာတဲ့ လုပ်ငန်းက အမြတ်ငွေတွေပဲရှိတယ် သားအဲဒါကိုပဲ ကိုဖြူနဲ့အမေ နှစ်ဦးပိုင်ဆိုင်တာပါ"

အခုမှ မိုးကျော် အတိအကျသိလိုက်သည်။ ဘာမှ မက်လောက်စရာမရှိသော ငွေကလေးသာ ရရှိမည့်အဖြစ်ပါလား။

"မဖြစ်သင့်ဘူး မေမေရာ"

"မဖြစ်သင့်တာမှန်ပေမယ့် မေမေတို့ ဘယ်လိုမှ မထုတ်နိုင်တဲ့ကိစ္စပဲသားရယ်၊ ဒါကြောင့် မေမေလည်း သည်းခံနေရတာပေါ့ကွယ်"

မိုးကျော် စိတ်ပျက်ညစ်ညူးသလို ခေါင်းကိုခါယမ်းပြီး ထွက်သွားခဲ့၏။ ဒေါ်မိုးမြင့်စံ ပင့်သက်ရှိုက်ရင်း မိုးကျော်ကို ငေးကြည့်နေရာမှ တိတ်ဆိတ်နေသော သမီးနှင်းမခကိုလှည့်ကြည့်သည်။

တစ်ချိန်လုံး ဘာစကားမှမဆိုဘဲ သူမတို့သားအမိနှစ်ယောက်ပြောနေတာတွေကိုပဲ နားထောင်နေသည့် သမီးလေးလည်း ကြား





လိုက်ရသည့်စကားတွေအတွက် ခံစားစိတ်ဆင်းရဲသွားခဲ့ပြီလား မသိ။

"သမီး သမီးလေး စိတ်ညစ်သွားခဲ့ပြီလားဟင်"

"ဘာကိုပြောတာလဲ မေမေ"

"ဩော် စောစောက မေမေတို့ပြောနေတာတွေ သမီးကြားမှာပေါ့၊ မေမေတို့ရဲ့ ပိုင်ဆိုင်ရပိုင်ခွင့်က ဘာမှမရှိဘူး သမီး"

နှင်းမခ ခေါင်းလေးခါယမ်းပြီး နွေးနွေးကလေးပြုံးသည်။

"ဟင့်အင်း သမီးအဲဒီအတွက် ဘာလို့စိတ်ညစ်ရမှာလဲ မေမေရယ်၊ ဒီအိမ် ဒီခြံကြီးနဲ့ ပိုင်ဆိုင်မှုတွေက ကိုကိုမင်းမပော်ရဲ့ ပိုင်ဆိုင်မှုတွေပဲလေ၊ သူနဲ့တိုက်တန်လို့ ရတာပဲလေ၊ သမီး လက်ခံထားလည်ပြီးသားပါ"

နှင်းမခကတော့ ရင်ထဲရှိသည့်အတိုင်းပဲ ပြောမိသည်။ တကယ်လည်း အမွေဥစ္စာတွေကို မခ မမက်မောခဲ့တာ အမှန်ဖြစ်သည်။

မေမေနဲ့ ကိုကိုမပော်ရဲ့ဖခင်တို့က ဖနီးမောင်နှံတွေဆိုပေမယ့် မေမေ့ရော အန်ကယ်ဦးမင်းဖြူပါ ငယ်ပေါင်းတွေမှ မဟုတ်ခဲ့သဲ။ ပထမအိမ်ထောင်တွေ တိမ်းပါးပြီးမှ ပေါင်းဖက်ခဲ့ကြသူတွေဟု မခ နားလည်သိထားသည်ပဲ။

"တကယ်ပြောတာ မေမေ၊ အန်ကယ်ဖြူကို သမီးချစ်ပါတယ်၊ ကိုကို့ကိုလည်း သမီး သံယောဇဉ်ရှိတယ်၊ သမီးတို့ရဲ့ ကျေးဇူးရှင်တွေအဖြစ် သမီး လက်ခံထားပြီးသားလေ"

သမီးလေးရဲ့ ဖြူစင်သောစိတ်နှလုံးသားလေးကို သူမ မြင်

www.burmeseclassic.com



တွေ့နေခဲ့ရသည်။ သမီးလေးရင်ထဲမှာ ပထွေးဖြစ်သူနှင့် သားကိုပါ သံယောဇဉ်တွယ်နေတာတော့ သေချာ၏။

သမီးလေးသံယောဇဉ်တွယ်သလို မပေါ်ဘက်က တူညီစွာတုံ့ပြန်မှုပေးလျှင် ဘယ်လောက်ကောင်းမည်လဲ။ အခုတော့ -

မင်းမပေါ်ရဲ့ ဆက်ဆံမှုတွေက သူမတို့သားအမိအပေါ်မှာ သံယောဇဉ်ကင်းမဲ့လွန်းတာ သေချာ၏။

အထူးသဖြင့် သူမအပေါ် မိထွေးတစ်ယောက်ဟူသောအမြင်နှင့် အမြဲခက်ထန်စွာ ဆက်ဆံတတ်သည်။ သားဖြစ်သူ မိုးကျော်ကိုလည်း မပေါ် မခင်တွယ်ပါ။ သမီးလေးကိုတော့ သူတို့သားအမိလောက်မဆိုးဟု ထင်သည်။

ဒါကလည်း သမီးလေးက အမြဲတမ်း သည်းခံအလျှော့ပေးတတ်သောစိတ်ကြောင့်ပဲ ဖြစ်၏။

“သမီးကို မေမေ တစ်ခုမေးမယ်နော်”

“ဘာများလဲ မေမေ၊ မေးလေ”

“မောင်မင်းမပေါ်ကို သမီး သံယောဇဉ်ကြီးသလား”

မခ နှုတ်ကဖြေခဲ့ပြီးသားစကားကို မေမေ ဘာကြောင့်ထပ်မေးနေတာလဲ စဉ်းစားမရပါ။ မခ ခေါင်းလေးညိတ်ပြတော့ မေမေ ထပ်ပြောသည်။

“သမီးကို မေမေပြောချင်တာက မင်းမပေါ်နဲ့သမီးက မောင်နှမအရင်းအချာတွေ မဟုတ်ဘူးနော် သမီး”





“သမီး သိပါတယ် မေမေ”

မခ ခေါင်းလေးငုံ့ကာ တိုးတိုးလေးပဲဖြေသည်။ မောင်နှမချင်းချာတွေမဟုတ်ပေမယ့် ကိုကို့ကို မခ သံယောဇဉ်နှောင်တွယ်နေမိတာ ကိုယ်တိုင်ပဲသိပါသည်။

ကိုကို့ကို မခ ရင်ထဲက ခင်တွယ်နေမိတာတွေ၊ ကိုကို့အက်က ဘယ်လောက်ပဲ ခါးသီးတင်းမာနေပါစေ။ မခ မာနတွေထားနိုင်ဘဲရှိနေတာကို မေမေလည်း သိနေလောက်ပြီ။

“မေမေ သမီးကို နားလည်တယ် သမီး၊ မပေါ်က မေမေ့ကို မိထွေးတစ်ယောက်လို့ မြင်နေတာကို မေမေစိတ်နာတယ်၊ ဒါဆမဲ့ မေမေသည်းခံခွင့်လွှတ်ထားပါတယ်၊ မပေါ်က မေမေ့အပေါ် အမြင်မကြည်ပေမယ့် သမီးအပေါ်မှာတော့ မဆိုးပါဘူးကွယ်”

မေမေ့စကားတွေနဲ့ မခကို နှစ်သိမ့်အားပေးနေတာလား။ ဘာပဲဖြစ်ဖြစ် မခရင်ထဲမှာတော့ အားတွေရှိသွားခဲ့တာ အမှန်ဖြစ်သည်။ ကိုမိုးက မကြည်ဖြူပေမယ့် မေမေကတော့ ကိုကိုနဲ့ကြည်ဖြူနေတာ သိလိုက်သည်။

“ကဲ ကဲ မေမေ ချိန်းထားတဲ့အလုပ်ကိစ္စလေးရှိသေးလို့ သွားဦးမယ် သမီး”

မခ,ပခုံးလေးကို ဆုပ်ကိုင်နှုတ်ဆက်ပြီး မေမေထွက်သွားခဲ့သည်။ မေမေ့ကျောပြင်လေးကိုငေးရင်း မခ ဝမ်းသာဆိတ်စွာ ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲက မေမေ့ရဲ့ အရိပ်လေးပျောက်ကွယ်သွားတော့ မခ,အာရုံထဲကို တိုးဝင်လာတာ ကိုကိုမင်းမဟော်ရဲ့မျက်နှာပဲ ဖြစ်သည်။

နုဖပ်ချောမွေ့နေသောမျက်နှာက မခ,နဲ့ဆုံတိုင်း မာတင်းခက်ထန်နေခဲ့တာကိုတော့ ရင်မှာ ခံစားဝမ်းနည်းမိ၏။

ကိုကိုရယ် –

မခအပေါ်မှာ ကိုကို ဘယ်လောက်ပဲ ခက်ထန်နေပါစေ ကိုကို့ကို မခ မမုန်းနိုင်ဘူး။ မနာကြည်းနိုင်ဘူး။

မိန်းမသားတစ်ယောက်ရဲ့ သိက္ခာတွေ၊ မာနတွေ အားလုံး ခဝါချပြီး ကိုကို့အပေါ် မခ မြတ်နိုးနေခဲ့တာ ကိုကိုသိစေချင်တယ် ကိုကို။

ချစ်ခြင်းမေတ္တာတရားမှာ အတုံ့အလှည့်၊ အသွားအပြန်ရှိတယ်တဲ့။ ကိုကို့ရဲ့တုံ့ပြန်မှုတွေ မခ,အပေါ် ဘယ်တော့မှ ပြန်ရောက်လာမှာလဲဟင်။

အဲဒီတစ်နေ့ တစ်ချိန်ကို မခ စောင့်မျှော်နေတယ်ကိုကို။

✿ ✿ ✿



## အခန်း (၉)

"မင်းမေးနေတာ ဘယ်သူလဲ၊ ငါတော် မသိဘူး"

ဝဏ္ဏ တကယ်ပြောနေတာမှန်း မဟော်ယုံပါသည်။ သူဆုံခဲ့တွေ့ခဲ့ရသော ကောင်မလေးကို သူ ပထမဆုံးမြင်ဖူးတာဖြစ်သည်။

ဝဏ္ဏတို့အိမ်နှင့်မျက်နှာချင်းဆိုင်အိမ်မှာ မိန်းကလေးငယ်ငယ်ဆိုလို့ အရင်က မရှိခဲ့တာ သေချာသည်။

"အဲဒီအိမ်က အန်တီဒေါ်ခင်ခင်ဆင့်အိမ်ပါ၊ အဲဒီအိမ်မှာ ဆံပင်ချက်တဲ့ကောင်မလေး မိညီပဲရှိတယ်၊ အခုလက်ရှိလည်း ဒေါ်ခင်ခင်ဆင့်ယောက်ျားက စင်ကာပူသွားနေတာကွ"

ဝဏ္ဏက သူသိသမျှ ရှင်းပြနေသည်။ မဟော် တိတ်ဆိတ်စွာနားထောင်ရင်း မျက်ဝန်းတွေက တစ်ဖက်ခြံကိုငေးမောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏကလည်း မပေဟ့်မျက်ဝန်းတွေ ဦးတည်နေရာ တစ်ဖက်ခြံ ငေးရင်း –

"မင်းတွေ့ခဲ့တာ မိညိုတော့ မဟုတ်ပါဘူးနော်"

"မင်းပြောတဲ့ မိညိုကို ငါမြင်ဖူးတာပဲ မဟုတ်ဘူး"

"ဒါဆို နောက်ထပ်ခေါ်ထားတဲ့ အိမ်ဖော်တစ်ယောက် ယောက်များလား မသိဘူး"

"နို့၊ လုံးဝမဟုတ်နိုင်ဘူး၊ သူလေးက အသားလေးတွေ အစ ဝင်းအိနေသည်နေတာ ဆံပင်ကအရှည်ကြီး အိမ်ဖော်တစ်ယောက် ရဲ့ပုံစံတော့ လုံးဝမဟုတ်ဘူး"

"ဒါဆို အန်တီဆင့်ရဲ့ အမျိုးအဆွေထဲက ဖြစ်မှာပေါ့၊ အန် တီဆင့်တို့က သားသမီးရင်းချာ မရှိဘူး၊ သူ့ယောက်ျားမရှိလို့ အဖော် ခေါ်ထားတာ ဖြစ်နိုင်တယ်"

ဝဏ္ဏထင်မြင်ယူဆချက် မှန်နိုင်သည်။ သူ နာမည်မေးတုန်း က မဖြေခဲ့သောကောင်မလေးရဲ့နှုတ်က အန်တီဆင့်ဟု ခေါ်ဝေါ်သုံး နှုန်းခဲ့တာတော့ သူ ကောင်းကောင်းမှတ်မိနေသည်။

"မင်းပြောတာ ဖြစ်နိုင်တယ်၊ ဒေါ်ခင်ခင်ဆင့်ကို သူ အန် တီဆင့်လို့ခေါ်တာ ငါ မှတ်မိတယ်"

"ဟုတ်ပြီ၊ ဒါဆို ရောက်တာမကြာသေးလို့ ထင်တယ် မပူနဲ့၊ ငါစုံစမ်းပေးမယ်"

"ပြဿနာမရှိပါဘူး၊ မင်းသိမလားမေးကြည့်တာ၊ ငါ့ဘာသာ





စုံစမ်းလို့ရပါတယ်"

"ဘာလဲကွ၊ မင်းက ငါ့ကို မယုံတာလား၊ စိတ်ချ၊ ငါစိတ်ဝင် စားနေတာ ဒါလိုပါ"

ဝဏ္ဏက သူမမေးဘဲ ဖြေရှင်းနေပြန်သည်။ မပေဟ့်မျက် ဝန်းတွေ အိမ်ရှေ့ခြံဝန်းလေးဆီက အကြည့်လွှဲပြီး ဝဏ္ဏကိုကြည့်သည်။

"ဆွိဒါလီကိစ္စမှာ မင်းရှောင်ပေးတာ ငါ တကယ်ကျေးဇူး တင်တယ် မပေဟ်၊ ဒါကြောင့် အခု မင်းကိစ္စကို ငါကူညီမှာပါ"

ဝဏ္ဏရဲ့ဆွိဒါလီကိစ္စမှာ သူပေးထားခဲ့သော ကတိအတွက် ဝဏ္ဏက ကူညီဖို့ပြောနေပေမယ့် သူ မယုံရဲတာအမှန်ဖြစ်သည်။ မိန်း ကလေးတစ်ယောက်ကို သူတို့သုံးယောက် အလောင်းအစားနှင့် အ ပြိုင်လိုက်ဖူးတာ အကြိမ်ကြိမ်ပါပဲ။ ဒါပေမဲ့ ဒီတစ်ခါတော့ ဘာကြောင့် မှန်းမသိဘဲ သူ့စိတ်ထဲမှာ ဝဏ္ဏတို့ကို အကြွင်းမဲ့မယုံကြည်ပါ။ ပြီးတော့ ဒီကောင်မလေးကို သူ အလေးအနက်ဖြစ်နေခဲ့မိ၏။

"ကျေးဇူးတင်တယ်ဝဏ္ဏ၊ ဒါပေမဲ့ ငါ တကယ်မင်းရဲ့အကူ အညီကို မလိုချင်ဘူးကွာ၊ ငါ့ဘာသာပဲ ကြိုးစားချင်တယ်"

"မင်းဆန္ဒပဲ မပေဟ်၊ လိုအပ်ရင်တော့ ငါ့ကိုပြောပါ၊ ငါကူ ညီမယ်၊ ပြောသာပြောတာပါ၊ မင်းအရည်အချင်းကို ငါ ယုံပြီးသားပါ"

ဝဏ္ဏချီးကျူးစကားအတွက် ဒီတစ်ခါတော့ သူ တွန့်ခနဲ တော့ ဖြစ်သွားမိသည်။ ရည်းစားတွေအများကြီးထားခဲ့တာကို ဒီကောင် မလေး မသိစေချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဝဏ္ဏ မင်းကိုငါ ကြိုတောင်းပန်ထားချင်တယ်၊ ငါ့အ
ကြောင်းတွေကို အဲဒီကောင်မလေး မသိစေချင်ဘူး"

ဝဏ္ဏ မျက်မှောင်ကြီးကုတ်ကာ နားမလည်သလိုကြည့်သည်
ကောင်မလေးတွေအများကြီးနှင့် ပတ်သက်ဖူးသည့်ကောင်။ ဘယ်
ကောင်မလေးကိုမှလည်း လေးနက်စွာ အာရုံမထားခဲ့သော မင်းမဟော်
အခုမှ ထူးဆန်းနေသည်ထင်၏။

"ဘာလို့လဲ မဟော်"

"အခု ငါတွေ့ထားတဲ့ကောင်မလေးက တကယ်ဖြူစင်ရိုး
သားတာ သေချာတယ်၊ ငါ့ရာဇဝင်သမိုင်းတွေကြားရင် သူ အထင်လွဲ
သွားနိုင်တယ်၊ ဒါကြောင့် သိုဝှက်ထားချင်တာ"

"မင်းကလည်း ကြံဖန်ပြီးစိုးရိမ်နေသေးတယ်၊ မင်းရှုပ်ပုံ မင်း
အနေအထားနဲ့ ဘယ်ကောင်မလေးက ငြင်းဆိုဖူးလို့လဲ"

ဝဏ္ဏက သူ့ကိုကြည့်ကာ ယုံကြည်စွာနှင့်ပြောနေခဲ့သည်
သူ့စိတ်ထဲကတော့ လုံးဝစိုးရိမ်နေခဲ့တာ အမှန်ပဲဖြစ်သည်။

နာမည်လေးမေးမိတာနဲ့တောင် မျက်နှာကလေးနီမြန်းရှက်
သွေးဖြာသွားခဲ့သည့်ကောင်မလေး။ သူ့သတင်းတွေကြားရင် သူ့ကို
မြင်တာနဲ့ ထွက်ပြေးသွားမှာ သေချာသည်။

"ဘာပဲဖြစ်ဖြစ် မင်း သိုဝှက်ပေးထားကွာ၊ အာကာကိုလည်း
ပြောထားရဦးမယ်"

"နေပါဦး မဟော်၊ မင်း ဘာကြောင့်စိုးရိမ်လွန်နေတာလဲ"





"ငါဝန်ခံတယ် ဝဏ္ဏ၊ ငါရည်းစားထားရတာ စိတ်ကုန်ပြီးငွေ
ထို့ အားလုံးကိုဖြတ်ခဲ့တယ်၊ ဒီမိန်းကလေးကတော့ ငါ့နှလုံးသားကို
လှုပ်ခတ်သွားစေခဲ့တာကွ"

သူ့နှုတ်က တစ်ခါမှမကြားဖူးသော ဝန်ခံစကားကြောင့် ဝဏ္ဏ
အံ့ဩစိတ်ဝင်စားသွားပုံရသည်။

"အံ့ဩစရာပဲ၊ မင်းမဟော်ဆိုတဲ့ကောင် နှလုံးသားကို လှုပ်
ခတ်သွားစေလောက်တဲ့ မိန်းကလေးအလှကတော့ ပပဝတီလို မိန်း
ကလေးထင်တယ်"

"လှတယ်ဆိုတာထက် သူ့ရဲ့နူးညံ့ဖြူစင်မှုလေးကို ငါခံစား
သွားတာကွ"

"စိတ်ဝင်စားသွားပြီ၊ ငါ အခုချက်ချင်းတောင် အန်တီဆင့်
ရဲ့အိမ်ကို ပြေးဝင်ကြည့်ချင်တယ်"

"ဟော့ကောင် မင်း ကတိကိုမမေ့နဲ့နော်"

"ဟား ဟား စိတ်ချစမ်းပါကွာ၊ ငါရင်ထဲမှာ ဒါလီပဲရှိတယ်၊
ပြီးတော့ မင်းကို ငါနဲ့အာကာ ဘယ်တုန်းကယှဉ်နိုင်လို့လဲ"

ဝဏ္ဏ ကတိထပ်ပေးနေပေမယ့် သူမယုံရဲပါ။

မိန်းကလေးတွေကို အပျော်သဘော၊ အပျင်းပြေသဘောမျိုး
ထားခဲ့မိတာတွေကိုတောင် နောင်တတွေရချင်နေသည်။

ဒီတစ်ခါတော့ သူ ဝဋ်မလည်ချင်ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

♫ ကိုယ့်နှလုံးသားလေးလည်း ××× ရင်ခုန်နှုန်းထိန်းဖို့ ခက်
××× ငြိမ်အောင် တင်းထားလို့မရ ××× မယုံချင်ဘူး မင်းနဲ့တွေ့စ
××× ဒါ အချစ်လို့ခေါ်မလား ××× ကိုယ်မသိလိုက်ပြီ ရင်ခွင်ထဲဆွေ
××× နောက်ဆုံးတော့ မင်းနဲ့မှ ချစ်တတ်ပြီပေါ့ ××× ♫

ဂစ်တာကို ရင်ခွင်မှာပိုက်တီးခတ်ရင်း သီချင်းကို မှဒ်အပြည့် ခံစားသီဆိုနေသော မပေါ်ကတော့ မခ အနားရောက်လာတာကို မသိရှာပါ။ မျက်ဝန်းတွေ မှေးမှိတ်ထားရင်း သီချင်းကိုညည်းနေဆဲ

♫ ဒါ အချစ်လို့ခေါ်မလား ××× ကိုယ်မသိလိုက်ပြီ ရင်ခွင် ထဲဆွေး ××× နောက်ဆုံးတော့ မင်းနဲ့မှ ချစ်တတ်ပြီပေါ့ ××× ♫

မှိတ်ထားသော မျက်ဝန်းတွေကြောင့် တိုစိပ်ညီညာသော





မျက်တောင်တွေကို မခ စိတ်တိုင်းကျ စိုက်ကြည့်နေခွင့်ပါ ရနေခဲ့သည်။ အစက်အပြောက်ဆိုလို့ မှဲ့တစ်မှုန်တောင်မတင်သော ကိုကို့မျက်နှာက မခ ဘယ်ပေါ့မှကြည့်မဝသော အရိုပ်တစ်ခုပဲဖြစ်၏။

နှာတံက ကျစ်လျစ်ပြီး အချိုးကျကာ နှုတ်ခမ်းတွေပိရိသေ သပ်လျက် ပန်းနုရောင်တင်နေ၏။ မေးရိုးနှင့်နှုတ်ခမ်းအထက်က စိမ်း မြမွှေးညင်းစိမ်းလေးတွေကိုကြည့်ကာ မခ,ရင်ထဲမှာ ကိုကို့ကို မြတ်နိုး ခြင်းတွေ ပိုမိုတိုးလို့လာသည်။

"ဟင်"

မျက်ဝန်းတွေ ဖျတ်ခနဲပွင့်ကာ မခကိုမြင်တော့ ထုံးစံအတိုင်း ကိုကို့မျက်နှာ အလိုမကျစွာ သုန်မှုန်သွား၏။

"ပြဿနာပဲ၊ မင်း ဘာလာနှောင့်ယှက်ဦးမလို့လဲ မခ"

"ကိုကိုကလည်း မခ,ကိုဆို အမြဲတမ်းပေါက်ဖို့ပဲ စဉ်းစား နေတာပဲ"

"မဟုတ်လို့လား၊ အခု ဘာလာလုပ်တာလဲ"

"ကိုကို့သီချင်းသံကြားလို့ ဆင်းလာတာ၊ ဆက်တီးလေ မခ ငြိမ်ငြိမ်လေးနားထောင်မှာပါ"

မခ စကားကြောင့် မပေါ်မျက်နှာ မဲ့ခနဲဖြစ်သွားရင်း –

"သွားစမ်းပါ၊ နင်နားထောင်ဖို့ ငါက ဆိုပြရမလား"

သူ့ ဘုတွေချည်းပြောကာ မောင်းထုတ်နေတာတောင် မခ မျက်နှာတစ်ချက်မပျက်ဘဲ ခုံတန်းလေးမှာ ဝင်ထိုင်သည်။



www.burmeseclassic.com

"ကိုကို ခုတစ်လောဆိုနေတဲ့ သီချင်းလေးက နားထောင်လို့ကောင်းတယ်၊ ဖော်ပိုင်သီချင်းမဟုတ်လား"

"ဟုတ်တယ်၊ ဂျဲဗီလင်နဲ့ငါဆိုနေတာ နင်ရောက်လာတော့ လုံးဝဗီလင်ပျက်သွားပြီ"

"ဟင် မခ ဘာလုပ်မိလို့လဲ၊ အသံတောင်မပေးဘဲ ရပ်နားထောင်နေတာပါ၊ ကိုကိုတောင် မသိဘူးလေ"

"အေး ငါက ဂဲ့ယ်ဗီလင်နဲ့ကိုယ် အာရုံထဲမှာပုံဖော်ပြီး ခံစားဆိုနေတာ၊ မျက်လုံးဖွင့်လိုက်တော့ နင့်မျက်နှာကြီးမြင်လိုက်ပြီး မှန်ပျောက်ကုန်တော့တာပဲ"

"ဘယ်လို၊ အာရုံထဲမှာ ပုံဖော်ပြီးဆိုနေတာ၊ ဟုတ်လား ကိုကို"

"အေး ဟုတ်တယ်၊ ငါခံစားပုံဖော်နေတဲ့ ကောင်မလေးအရိပ်က နင်ဖျက်ဆီးလိုက်လို့ ပျောက်ကုန်တာ"

"ကိုကိုရဲ့ကောင်မလေးတွေက ပေါများလိုက်တာ၊ ကိုကို ဘာလို့ ရည်းစားတွေ အများကြီးထားတာလဲဟင်"

ဒီကောင်မလေးရဲ့စက်ကွင်းကလွတ်အောင် သူ ဘယ်လိုမှ ရှောင်ရှားလို့မရပါလား။ အခုလည်း ကြည့်။ ကုတ်နဲ့ကော်ချုတောင် ထွက်သွားမည့်ပုံ မပေါ်။ အိမ်ထဲမှာ မမြင်ချင်သည့်မျက်နှာတွေ ရှိနေတာမို့ ခြံထဲဆင်း သီချင်းဆိုနေတာကို လာရှုပ်နေ၏။

စိတ်က ခပ်ချဉ်ချဉ်ဖြစ်လာတာမို့ –





"ရည်းစားတွေအများကြီးထားတာကို ငါက ဝါသနာကိုပါတာ ပြီးရင် အဲဒီမိန်းကလေးတွေကို အသည်းကွဲအောင်ခွဲမယ်၊ သူတို့မျက်ရည်တွေမြင်လိုက်ရမှ ငါက စိတ်ချမ်းသာကျေနပ်သွားတာ၊ သိပြီလား"

"ဒါဆို ကိုကိုက မချစ်ဘဲနဲ့ တစ်ယောက်ပြီးတစ်ယောက် ထားနေတာပေါ့"

"ခက်ပါလား။ မချစ်လို့ ကစားနေတာပေါ့။ ကဲ အမိ မင်းသာ ဒီမင်း နေခဲ့တော့၊ ငါတော့ လစ်ပြီ၊ ဂစ်တာကို သိမ်းထားလိုက်"

ပြောပြီး မင်းမပော် ဆင်ဝင်အောက်မှာရပ်ထားသော ပရာဒိုကားပြာလေးပေါ် တက်မောင်းထွက်သွားသည်။

မခ ဂစ်တာကလေးကို လှမ်းယူကာ ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားမိသည်။ ကိုကို့ရဲ့ ကိုယ်သင်းရနံ့လေးတွေက ဂစ်တာကလေးမှာ စွဲကျန်ရစ်သည်ဟု ခံစားမိ၏။

ကိုကို့ကားလေး ခြံဝကပျောက်သွားတော့ မခ ဂစ်တာအိုးလေးကို ပါးအပ်ထားရင်း အတွေးလေးတွေ လွင့်နေမိခဲ့။

ရည်းစားတွေအများကြီးထားတတ်သော ကိုကို့အကြောင်းကို မခ သိပါသည်။ ဒါပေမဲ့ ဘယ်မိန်းကလေးကိုမှ ကိုကို အလေးမထားတတ်တာကိုလည်း မခ သိနေသည်။

အခုပဲ ကြည့်လေ။ ရည်းစားတွေအများကြီး ကိုကိုထားတာ ဝါသနာပါလို့တဲ့။ ဘယ်ရည်းစားကိုမှ ကိုကို့နှလုံးသားက မချစ်ဘူး

www.burmeseclassic.com



သေးတာ မခ သိလိုက်ရသည်။

ဘာပဲဖြစ်ဖြစ် ထိုစကားလေးက မခ အတွက်တော့ ကျေနပ်ဝမ်းသာစရာတော့ကောင်းပါသည်။

စစ်မှန်တဲ့ အချစ်ဆိုတာ ကိုကို့နှလုံးသားထဲမှာ တစ်နေ့နေ့တော့ဖြစ်တည်လာမှာ မခ အကြွင်းမဲ့ယုံသည်။

အဲဒီအချစ်ကိုပဲ မခ ပိုင်ဆိုင်ချင်တာပါ။ ကိုကို့ရင်ခွင်ထဲမှာ မိန်းကလေးတွေ ဘယ်လောက်များနေပါစေ၊ မခ မနာလိုဝန်တိုတာမျိုး မဖြစ်ခဲ့ပါ။ မခ ကိုကို့ကိုချစ်တာ ခွင့်လွှတ်နားလည်အချစ်ပါပဲ။

ဒါကို ကိုကို တစ်နေ့မှာ နားလည်မြင်သိနိုင်ကောင်းပါရဲ့။

✿ ✿ ✿



## အခန်း (၁၁)

"မင်းကြွေမယ်ဆိုလည်း ကြွေလောက်တယ် မဟော်၊ တော်တော်လှတဲ့ ကောင်မလေးပဲကွ"

တစ်ဖက်ခြံထဲကို အဝေးကြည့်မှန်ပြောင်းထဲမှ လှမ်းကြည့်ရင်းဆိုနေသည့် အာကာပခုံးကို သူ လှမ်းဆွဲလိုက်ရင်း –

"ကဲ မင်း ဒီလောက်ကြည့်ပြီးရင် တော်ပြီအာကာ"

"ဟ ဘာဖြစ်တာလဲကွ၊ မင်းကလည်း တွန့်တိုလိုက်တာ"

လက်ထဲကမှန်ပြောင်းကို ဆွဲလုခံလိုက်ရုံမကဘဲ လူကိုပါ ပခုံးအဆွဲခံလိုက်ရတာမို့ အာကာ နှာကစ်သွားပုံရ၏။

"တွန့်တိုတယ် အာကာ။ ဖြစ်နိုင်ရင် တော်ဝင်လေးကို ဘယ်သူမှ မမြင်,မကြည့်နိုင်အောင် ငါက အာခံတွင်းထဲမှာ ငုံထား



www.burmeseclassic.com

www.burmeseclassic.com



ချင်တာကွ"

မပော်စကားကြောင့် ဝတ္တုပြုံးသည်။ မိန်းကလေးတွေ နှင့်ပတ်သက်လျှင် ဘယ်တုန်းကမှ သဝန်မတိုတတ်သော မပော်ဖြ နေပုံက တကယ့်လူပျို့ရိုင်းလေးအတိုင်းပါပဲ။

"အဲဒါဆိုလည်း မင်း ငုံထားလိုက်ပေါ့၊ တစ်ခုတော့ရှိတယ် ရွှေကျုတ်ထဲတော့ ထည့်ပြီးတော့ငုံနော်၊ တော်ကြာ အီးအီးပါချင် ခက်နေမယ်"

အာကာ့စကားကြောင့် မပော် လက်သီးနှင့်ရွယ်သည်။ အာကာက သုတ်ခနဲ ဝတ္တုအနောက်မှာ ကွယ်ရပ်ပြီးဖြစ်နေ၏။

"သွားမစနဲ့အာကာ၊ ဒီကောင်က အခုမှ ရည်းစားထားဖူးတာ ကွ"

ဝတ္တုက နောက်တော့ အာကာမျက်နှာကြီးရှုံ့မဲ့လိုက်ရင်း -

"မပော်ရာ အရင်ကဆို မင်းထားခဲ့တဲ့ရည်းစားတွေတောင် မတွန့်တိုတတ်ဘဲနဲ့၊ အခုကျမှ ဘယ်လိုဖြစ်တာလဲ"

"ငါ အခု ရည်းစားထားဖို့ကြိုးစားနေတာ မဟုတ်ဘူးလေ၊ ချစ်သူထားချင်နေတာ၊ ငါဝန်ခံပြီးပြီ၊ သူ့ကို ငါ တကယ်ကြွေသွား တာ"

ပြောနေရင်း မှန်ပြောင်းနှင့် တစ်ဖက်ခြံထဲကို မပော်ရှုးစိုက် ကြည့်နေပြန်သည်။ တစ်ဖက်ခြံဝန်းထဲက ခုံတန်းလေးမှာ မိညိုဆို သောကောင်မလေးနှင့် ထိုင်နေသော ချစ်သူလေးပုံရိပ်ကို မြင်နေရဆဲ။





ခြံထဲက အိမ်ပြင်တောင်မထွက်တော့သည့် သူမကို သူတွေ့ ဆိုတာက အတော်ကိုခက်ခဲလွန်းနေသည်။ အခုတောင် ဝတ္တုရဲ့ ကြောင့် နာမည်လေးကို သိခွင့်ရခဲ့သည်။

တော်ဝင်သူတဲ့။

နာမည်လေးနဲ့ လိုက်ဖက်အောင်ပဲ မိန်းကလေးရယ်။ နုစင် မွတ်နေသော မျက်နှာလေးက ကြည့်လို့မဝနိုင်အောင် လှပချောမွေ့ နိုးသည်။

"တော်ဝင်သူက ပြင်ဦးလွင်က၊ အန်တီဆင့်ရဲ့ တူမတဲ့ကွ၊ ကုန်မှာ ကျောင်းလာတက်မှာတဲ့"

သတင်းစကားတွေကို ဝတ္တုက သယ်ဆောင်လာပေးသည်။ လည်း သူ ဝတ္တုရဲ့အိမ်မှာပဲ နေ့စဉ်သောင်တင်နေသည်။

မြင်ခွင့်မရသော မျက်နှာလေးကို မြင်နိုင်ဖို့အတွက် ဝတ္တုတို့ က ဝရန်တာလေးမှာ အခုလို နိုးကြောင်နိုးဂုက်ပဲ ကြည့်ခွင့်ရသည်။

"မပော် တော်လောက်ပြီလေ၊ ဟိုကတွေ့သွားရင် မင်းကို ဆ်မျိုးထင်နေဦးမယ်"

"နေစမ်းပါဦးကွာ၊ ကြည့်မဝသေးလို့ပါ"

သူဆိုနေတုန်းမှာပဲ တော်ဝင်နှင့် မိညိုက ခုံတန်းလေးပေါ်က င်းကာ အိမ်ဘက်ကိုပြန်နေကြပြီ။

အဝါနုရောင်ဂါဝန်လေးနှင့် တော်ဝင်သူက သူရပ်နေသော ရန်တာလေးဆီကို ယောင်ယမ်းပြီးတောင် လှည့်မကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမပုံရိပ်ကလေး ပျောက်ကွယ်သွားတော့မှ မဟော် ဖင့် သက်ရှိက်ရင်း မှန်ပြောင်းလေးကို မျက်နှာကခွာနိုင်တော့သည်။

''အိမ်ထဲ ဝင်သွားပြီကွ''

''အေး ဒါဆိုလည်း လစ်ရအောင်ကွာ ၊လက်ဖက်ရည်ဆိုင် သွားမယ်''

''လက်ဖက်ရည်သောက်ချင်ရင် ဝဏ္ဏတို့အိမ်မှာလည်း သောက်လို့ရတာပဲ အာကာရ''

''ဆိုင်မှာပဲ သောက်ချင်တာ၊ လက်ဖက်ရည်လေးသောက် ရင်း မျက်စိအစာလေး ကျွေးရအောင်ပေါ့ကွာ''

''မင်းကတော့ ကြောင်လွန်းတယ်၊ ဒါကြောင့်လည်း မျက်မှ ပါဝါတွေ ထပ်တိုးနေရတာဖြစ်မယ်''

မဟော်နှိပ်ကွပ်တော့ အာကာက ပခုံးတွန့်ပြုံးရင်း –

''အေး ငါ့ပါဝါတိုးတာထက် မင်းလည်း မကြာခင်ပိုတိုးလာ မှာသေချာတယ် မဟော်၊ အမြဲတမ်း မှန်ပြောင်းကြီးနဲ့ကြည့်နေရတဲ့ ဘဝ''

အာကာ့စကားကို သူ ခွန်းတုံ့မပြန်နိုင်ခဲ့ပါ။ သူ့အဖြစ်က အာကာပြောသလို ဖြစ်နေသည့်ဘဝပဲလေ။

တော်ဝင်သူဆိုသော ကောင်မလေးကိုဆုံတွေ့ဖို့ ဘယ်လို ဖန်တီးရမလဲဆိုတာလည်း စဉ်းစားမရပါ။

''သူက အပြင်မထွက်တော့ ဘယ်လိုလုပ်ရမလဲ မသိဘူး''





''ကျောင်းတွေဖွင့်ရင်တော့ အပြင်ထွက်မှာပေါ့ကွာ၊ အဲ တစ်ခု တော့ရှိတယ်၊ သူက ရန်ကုန်ကို အခုမှရောက်ဖူးတာဆိုတော့ တစ် ယောက်တည်းထွက်မှာမဟုတ်ဘူး၊ အန်တီဆင့်တော့ ပါမှာကွ''

မဟော် ရင်မောသွားသည်။ တော်ဝင်သူဆိုသော မိန်းကလေး အနားကို ချဉ်းကပ်ဖို့တောင် အခွင့်အရေးက မရှိသည့်အဖြစ်။

မြင်တွေ့နိုင်ခွင့်လေးကိုတောင် ကိုယ့်မှာ ခိုးကြောင်ခိုးဝှက် ကြိုးစားနေရသည့်ပုံနှင့်တော့ တကယ်မလွယ်ပါလား။

ကိုယ် ဝင်နိုင်လည်ပြီလား တော်ဝင်ရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ဒေါက် ဒေါက်"

အခန်းတံခါးကို ခေါက်ခေါ်နေသံကြားပေမယ့် မပေါ် တမင် အသံမပေးဘဲနေလိုက်သည်။

"မင်းမပေါ် မပေါ်"

ကြားလိုက်ရတာ ဒေါ်မိုးမြင့်စံရဲ့ အသံဖြစ်နေသည်။ မပေါ် မျက်ခုံးတွေတွန့်ခနဲဖြစ်သွားရင်း ခုတင်ပေါ်ကဆင်းသည်။ အဆက်မ ပြတ်ခေါက်ခေါ်နေသောအသံတွေက တော်တော်နဲ့ရပ်ဆိုင်းသွားမှာ မဟုတ်ဟု မပေါ်သိသည်။

ဝုန်းခနဲ တံခါးကိုဆွဲဖွင့်လိုက်တော့ အခန်းရှေ့မှာရပ်နေသော ဒေါ်မိုးမြင့်စံ ရုတ်တရက်မို့ လန့်သွားပုံရသည်။





"ဘာဖြစ်လို့ ကျွန်တော့်ကို လာနှိုးနေရတာလဲဗျာ၊ ကျွန်တော် အိပ်နေရင် ဘယ်သူနှိုးတာမှ မကြိုက်ဘူးဆိုတာ ဒေါ်မိုးမြင့်စံသိရဲ့နဲ့"

ဘုဆတ်ဆတ်သူ့စကားကြောင့် ဒေါ်မိုးမြင့်စံမျက်နှာ တင်းခနဲ ဖြစ်သွား၏။ ဒါပေမဲ့ ချက်ချင်းပဲ ဒေါသစိတ်ကို ဖြေချလိုက်ဟန်နှင့်

"အန်တီ တမင်နှိုးတာမဟုတ်ပါဘူး မောင်မပေါ်၊ ကိုဖြူ့ဆီက ဖုန်းလာနေလို့ပါ"

ဒယ်ဒီ့ဆီကဖုန်းဆိုတာကြောင့် မပေါ့်ဒေါသစိတ်တွေ ချက်ချင်းပဲ ပျောက်ဆုံးသွားသည်။ ပြီးတော့ ညဝတ်အင်္ကျီဖားဖားကြီးနှင့်ပဲ ဒေါ်မိုးမြင့်စံရှေ့က တိုးထွက်ခဲ့သည်။

ဧည့်ခန်းထဲက စားပွဲပေါ်မှာတင်ပေးထားသော ဖုန်းခွက်လေးကို ကောက်ယူလိုက်မိ၏။

"ဟဲလို ဒယ်ဒီ"

"သား အိပ်ရာကတောင် မထသေးဘူးလားကွ"

"နိုးနေတာ ကြာပါပြီ၊ တမင်အိပ်နေတာ၊ ဒယ်ဒီ နေကောင်းသယ်နော်"

"ကောင်းပါတယ် သား၊ သားလည်း နေကောင်းတယ် ဟုတ်လား"

"လူကတော့ နေကောင်းတယ်၊ ဒယ်ဒီ စိတ်ကတော့ ညစ်နေတာ အမှန်ပဲ၊ အိမ်မှာကို မနေချင်တာ"

ဒယ်ဒီရဲ့ပင့်သက်ရှိုက်သံကြီးကို ကြားသည်။ သူနှင့် ဒေါ်မိုး



www.burmeseclassic.com

www.burmeseclassic.com



မြင့်စံတို့ဆက်ဆံမှုတွေကို ဒယ်ဒီအသိဆုံးဖြစ်သည်။ ဒါကြောင့်လည်း မြန်မာပြည်ကမသွားခင်က သူ့ကို အကြိမ်ကြိမ်မှာခဲ့သည်။ အခုလည်း

"သား မစံတို့မိသားစုအပေါ် ဘာလို့ အမြင်မကြည်လင်ဖြ နေရတာလဲကွာ"

"ကြည်လင်စရာမှမရှိဘဲ ဒယ်ဒီ"

"ခက်ပါလား သားရယ်၊ မစံက ဘာပဲဖြစ်ဖြစ် အရည်အချင်း ရှိတဲ့ မိန်းမတစ်ယောက်ပါကွာ၊ အခုလက်ရှိ ဒယ်ဒီမရှိချိန်မှာတော လုပ်ငန်းကိစ္စတွေကို နိုင်နင်းအောင်စီမံအုပ်ချုပ်ပေးနိုင်တယ်"

"ဒယ်ဒီ ဘယ်လောက်ပဲအထင်ကြီးကြီး သားကတော့ အ ထင်မကြီးဘူး"

"သားဘက်က ဒီလိုတစ်ဖက်သတ်အမြင်စောင်းနေသရွေ့ သားတို့ကြားမှာ အဆင်ပြေမှု ဘယ်တော့မှ ရမှာမဟုတ်ဘူးသား"

"ဂရုမစိုက်ပါဘူး ဒယ်ဒီရာ၊ ခေတ်အဆက်ဆက်က မိထွေ ဆိုတာ ကောင်းတဲ့သူ ဘယ်လောက်ရှိလို့လဲ၊ ကျွန်တော်နားလည်ထား တာ ဒယ်ဒီ့မိန်းမက အားလုံးကိုချုပ်ကိုင်ဖို့ ကြိုးစားနေတာပဲ"

"သား အထင်လွဲနေပြီ၊ အခု မစံလုပ်ပေးနေတဲ့အလုပ်တွေ က သားနာမည်နဲ့ သားပိုင်ဆိုင်တဲ့လုပ်ငန်းတွေပဲ၊ တိုးတက်နေတာတွေ ကလည်း သားအတွက်ပဲ သူ့မှာ ဘာခံစားခွင့်မှ မရှိဘူး"

"အဲဒီအတွက် သူ့ကိုထိုက်တန်တဲ့ လခနဲ့ ခံစားခွင့်ပေးထား တာပဲ ဒယ်ဒီ"





"သား တမင်ကတ်ပြောနေတာပဲ၊ တကယ်ဆို မစံက သူစိမ်း လည်း မဟုတ်ပါဘူးကွာ၊ မင်းမေမေကိုယ်တိုင် မစံကို အကြွင်းမဲ့ယုံ ကြည်အားကိုးခဲ့တဲ့သူပါ"

"ဒယ်ဒီရဲ့မိန်းမဘက်က ဒယ်ဒီရပ်တည်နေတာလား"

"မဟုတ်ဘူးသား၊ ဒယ်ဒီက မိသားစုစိတ်နဲ့ နွေးနွေးထွေး ထွေးရှိစေချင်တာပါ၊ အခုဆို သား ဘာမှပူစရာမလိုဘဲ၊ နေချင်သလို နေခွင့်ရနေတာကိုပဲ ကြည့်လေ"

"အဲဒါ ကျွန်တော် တမင်နေနေတာပါဒယ်ဒီ၊ ဒါပေမဲ့ ဒယ်ဒီ ပြန်လာတာနဲ့ ကျွန်တော်အလုပ်ကိစ္စတွေကို တာဝန်ယူနိုင်အောင်ကြိုး စားမယ်၊ ဒယ်ဒီ ဘယ်တော့လောက်ပြန်လာမှာလဲ"

"နောက်ထပ် ခြောက်လလောက်တော့ ဒယ်ဒီ ဒီမှာဆက်နေ ဦးမယ် သား"

"အိုကေ၊ ဒယ်ဒီပြန်လာရင် ကျွန်တော်ဖြစ်ချင်တာတွေ ပြော ပြမယ်"

"ကောင်းပြီသား၊ ဒါပေမဲ့ ဒယ်ဒီမရှိချိန်မှာတော့ သားရဲ့ မကြည်လင်တဲ့အမြင်တွေ လျှော့ပြီး မစံတို့သားအမိနဲ့ တည့်အောင်နေ ပါ၊ ဒယ်ဒီ သားကို တောင်းပန်နေတာပါ၊ ကဲ မစံကို ဖုန်းပေးလိုက်ဦး သား၊ ဒယ်ဒီ မှာစရာတွေရှိသေးလို့"

သူ့ဖုန်းခွက်လေးကို စားပွဲပေါ် ညင်သာစွာပဲ ပြန်တင်လိုက် သည်။ ညှော်ခန်းထဲက ထိုင်ခုံမှာတိတ်ဆိတ်စွာထိုင်ရင်း သူနဲ့ဒယ်ဒီ



www.burmeseclassic.com

www.burmeseclassic.com



စကားပြောတာကို စောင့်ပေးနေသော ဒေါ်မိုးမြင့်စံကို တစ်ချက်လှ ကြည့်ရင်း –

"ဒယ်ဒီက စကားပြောမလို့တဲ့"

တိုတိုပြတ်ပြတ်ပဲပြောကာ ညေ့ခန်းထဲက သူလှည့်ထွ သည်။ ဒယ်ဒီနဲ့ဒေါ်မိုးမြင့်စံ ဘာတွေပြောပြော သူ စိတ်မဝင်စာ နားလည်းမထောင်ချင်ပါ။

ဒယ်ဒီက ဘယ်လောက်ပဲ ညှိနှိုင်းတောင်းဆိုနေပါစေ ဘက်ကတော့ ဘယ်လိုမှ အမြင်မကြည်တာ သေချာသည်။

မေမေတိမ်းပါးပြီး တစ်နှစ်အတွင်းမှာပဲ ဒေါ်မိုးမြင့်စံနှင့် ဒီတို့ လက်ထပ်ခဲ့ကြသည်။ ထိုစဉ်တုန်းက သူ့အသက် ဆယ့်ခြေ နှစ်ကျော်နေခဲ့ပြီ။

သူ လက်မခံ သဘောမတူပေမယ့် ဒယ်ဒီက ဒေါ်မိုးမြင့် ဖွတ်လက်ထပ်ခဲ့သည်။ ဒယ်ဒီကို စိတ်နာပေမယ့် နောက်ပိုင်းမှာ နားလည်ခဲ့သည်။ ဒယ်ဒီကို ဒေါ်မိုးမြင့်စံက ဘယ်လိုမာယာ သိမ်းပိုက်လိုက်သည် မသိပါ။

ဒေါ်မိုးမြင့်စံက မေမေရှိစဉ်ကတည်းက စီးပွားရေးလုပ် တွေကို ဦးဆောင်နေနိုင်သူမို့ မာနကတော့ပြည့်သည်။ သူကလ နဂိုကတည်းက ကြည့်မရတာမို့ နှစ်ဦးကြားမှာ နွေးထွေးမှုမရှိ

ပထမတော့ ဒေါ်မိုးမြင့်စံက သူ့ကို အလျှော့ပေးပြီး ကျွ အောင်ကြိုးစားခဲ့သေးသည်။ သူ့ဘက်က မာတင်းတင်းပဲဆ





သော့ ဒေါ်မိုးမြင့်စံဘက်ကလည်း ဥပေက္ခာပြု မာတင်းပြသည်။

တစ်အိမ်တည်း အတူနေကြပေမယ့် သူစိမ်းဆန်သောအခြေ အနေတွေနှင့် နေထိုင်ခဲ့ကြသောကာလကြီးက ကြာခဲ့ပြီ။

ဒယ်ဒီ ဘယ်လိုပဲညှိပေးပေး သူတို့ကြားမှာ နွေးထွေးမှုက ဘင်းစင်နေခဲ့ကြသည်။

ဒယ်ဒီပြန်လာလျှင်တော့ ပြတ်သားစွာပဲ စာရင်းရှင်းရတော့ ည်။ သူ အသက်လည်း ငယ်တော့တာမဟုတ်။ စီးပွားရေးတက္ကသိုလ် က ဘွဲ့တစ်ခုရပြီးလို့ နှစ်ဆယ့်နှစ်ထဲတောင် ဝင်နေပြီ။

ကွန်ပျူတာသင်တန်းတွေ၊ ဘာသာရပ်ဆိုင်ရာ စကားပြော သင်တန်းတွေလည်း သူတက်ထားပြီးပြီ။

လုပ်ငန်းခွင်အတွေ့အကြုံ မရှိတာပဲ ရှိသည်။ ဒါကလည်း ဒေါ်မိုးမြင့်စံဦးစီးစီမံနေသော အလုပ်တွေကို မလုပ်ချင်တာကြောင့် ဖြစ်၏။

ဒယ်ဒီပြန်လာလျှင်တော့ အပြတ်သားဆုံးရှင်းပေးဖို့ တောင်း ဆိုမည်။ သူ ပိုင်ဆိုင်ရသင့်တာတွေယူမည်။ ဒယ်ဒီကိုယ်တိုင်က သား ရင်းအချာထက် မိန်းမနှင့် သူမသားသမီးတွေကို တွယ်တာနေလျှင် သည်း ရှိစေတော့။

ရေလိုက်ငါးလိုက်နေထိုင်ခဲ့သောဘဝကို တည်တည်ငြိမ်ငြိမ် နှင့် သူကြိုးစားချင်နေပြီ။

ဒီစိတ်ကူးလေးတွေ သူ့ရင်ထဲရောက်လာတာ တစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သောသူလေးကြောင့်လည်း ဖြစ်သည်။

တော်ဝင်သူကြောင့်ပဲ ဖြစ်သည်။

ဆုံဖူးတာ တစ်ကြိမ်တည်းပေမယ့် တော်ဝင်နှင့်ပတ်သက်ပြ
သူ့မှာ ရည်မှန်းချက်တွေက ရှိနေခဲ့သည်။ ဒါကို တော်ဝင်ကတေ
သိမည်မဟုတ်ပါ။

တော်ဝင်ရယ် ဒီအကြောင်းတွေပြောပြဖို့အတွက် မင်းသေ
နဲ့ ထပ်ဆုံချင်သေးတယ်၊

ဆုံနိုင်ခွင့်လေးပေးပါ တော်ဝင်။

✿ ✿ ✿



## အခန်း (၁၃)

"ဘယ်လို၊ သမီးကို ရှင်တို့ဆီ အလည်လွှတ်ပေးရမယ်
ဟုတ်လား"

"ဟုတ်ပါတယ် မမဆင့်၊ မတွေ့ရတာကြာတော့ သမီးလေး
ကို တွေ့ချင်လို့ပါ၊ အခုလည်း သမီးက စာမေးပွဲအောင်သွားပြီဆိုတော့
သမီးလေးရဲ့အနာဂတ်ကို ဆွေးနွေးချင်လို့ပါ"

ဦးထွဋ်မှတ်စကားသံတွေကို နားထောင်ရင်း ဒေါ်ခင်ခင်ဆင့်
နှုတ်ခမ်းလေးတွေ တွန့်ပြုံးမိသည်။ တော်ဝင် ရန်ကုန်ရောက်တာမှ
နစ်လမပြည့်သေး။ သတိရလွမ်းတာတွေ ပြောနေသည်။

တော်ဝင်ဆယ်တန်းကို ဂုဏ်ထူးလေးဘာသာနှင့်အောင်တာ
သည်း သိသည်။ ဒါပေမဲ့ တော်ဝင့်အနာဂတ်ကိစ္စအတွက်ဆိုသေး



www.burmeseclassic.com

www.burmeseclassic.com



စကားကိုတော့ လက်မခံနိုင်ပါ။

"တော်ဝင်အနှာဂတ်ကိစ္စဆိုတာ ဘာလဲထွန်းတင်၊ ကလေး
အတွက် ငါ အားလုံးတာဝန်ယူတယ်လို့ မင်းကိုပြောခဲ့ပြီးပြီပဲ"

"မဟုတ်သေးဘူးလေ မမဆင့်၊ တော်ဝင်လေးရဲ့စိတ်ဆန္ဒကို
အသေအချာ မေးသင့်သေးတယ်"

"မင်းက ဘာမေးချင်လို့လဲ၊ သမီးက ဒီမှာပျော်နေပြီ၊ ဒီမှာ
ပဲကျောင်းတက်ဖို့၊ ပြီးတော့ တခြားသင်တန်းတွေတက်ဖို့ ငါစီစဉ်ပြီး
ပြီ"

တစ်ဖက်က ဦးထွန်းတင်စကားသံတိတ်သွားသည်။ သွာ
ခေါ်ကတည်းက ဦးထွန်းတင်တို့လင်မယား မထည့်လိုတာ ထင်ရှာ
သည်။

"ဘာပဲဖြစ်ဖြစ် သမီးလေးကို ကျွန်တော်တို့တွေ့ချင်သေ
ကယ် မမဆင့်"

"မင်းတို့တွေ့ချင်ရင် ရန်ကုန်လာခဲ့ကြပေါ့၊ သမီးကတော့
လာနိုင်မှာမဟုတ်ဘူး၊ ဒီအပတ်ထဲမှာပဲ ကွန်ပျူတာသင်တန်းတစ်
တက်ရတော့မှာ"

ရှင်းရှင်းလင်းလင်း အပြတ်ပြောလိုက်တော့ ဦးထွန်းတင်
ချက်ချင်း ဘာမှမပြောနိုင်ရှာပါ။ ဒေါ်ခင်ခင်ဆင့် နှုတ်ဆိတ်စွာနှင့်
ကျိတ်ပြုံးနေမိပြန်သည်။ တကယ်ဆို တူမလေးအပေါ်မှာ သူတို့တွေ
ကောင်းမည်ထင်ကာ ယုံကြည်စိတ်ချစွာ ထားခဲ့သည်။





တကယ်တမ်းကျ သူတို့စိတ်ရင်းတွေကို သူမ သိနားလည်ခဲ့
တော်ဝင်လေးကို တင်းကျပ်ဖိနှိပ်ကာ သူတို့တွေစိတ်တိုင်းကျ
လုယ်ဖို့ကြိုးစားနေခဲ့ကြတာပဲဖြစ်သည်။

"မမဆင့်"

တိတ်ဆိတ်နေသော ဦးထွန်းတင်ခေါ်သံကို ပြန်ကြားရသည်။

"ပြော ထွန်းတင်"

"ဟို ကျွန်တော်တို့ ရန်ကုန်ကိုလာခဲ့မယ်၊ အလည်သဘော
ပေါ့၊ သမီးလေးနဲ့လည်း တွေ့ချင်လို့"

ခွင့်တောင်းသလိုဆိုလာသော ဦးထွန်းတင်စကားတွေကြောင့်
ခင်ခင်ဆင့် ပြုံးလိုက်မိတာကိုတော့ ဦးထွန်းတင် မြင်နိုင်မှာမဟုတ်
ပါ။

"နင်တို့ ဆန္ဒရှိရင်လာခဲ့ပါ ထွန်းတင်၊ ငါ့ဘက်က အိမ်ရှင်
ကောင်း ပီသစေရမယ်၊ ပြီးတော့ ဒီရောက်ရင် တော်ဝင်လေး ဘယ်
လောက်ပျော်နေတယ်ဆိုတာ နင်တို့မြင်တွေ့သွားမှာပေါ့"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ တစ်ပတ်အတွင်းလာခဲ့ပါ့မယ်
ဆင့်"

ကတိပေးပြီး ဦးထွန်းတင် ဖုန်းချသွားသည်။ အလိုမကျစွာ
တင်းခက်ထန်နေမည့် မျက်နှာကြီးကိုလည်း သူမ မြင်ယောင်ကြည့်
ပါ။

အခုလောက်ဆို ဦးထွန်းတင်တို့ ကြံရာမရစိတ်တွေနှင့် ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံဝေနေကြမှာ သေချာသည်။

"အန်တီဆင့်"

"ပြော သမီး လာလေ"

အသံလေးပေးကာ ညှော်ခန်းထဲဝင်လာသော တော်ဝင်သူ
ဒေါ်ခင်ခင်ဆင့်က သူမအနီးကထိုင်ခုံမှာ ဝင်ထိုင်စေသည်။ တော်ဝင
အပြုံးလေးနှင့်နှုတ်ဆက်ပြီးမှ –

"စောစောက ဖုန်းဆက်တာ ဦးလေးထွဋ်ဆီကလားဟင်"

"ဟုတ်တယ် သမီး၊ သမီးလေးကို သူတို့ဆီလာလည်စေချ
လို့တဲ့"

"ဟင်"

မျက်ဝန်းလေးတွေက စိုးရိမ်စိတ်လေးတွေ အရိပ်ထင်သွား
တာ ဒေါ်ခင်ခင်ဆင့်မြင်တွေ့လိုက်ပါသည်။

"သမီး သွားချင်လို့လား"

"ဟင့်အင်း မသွားချင်ဘူး အန်တီဆင့်၊ ဟိုကိုသွားလည်
အောင် သမီးအတွက် ဘာမှမရှိပါဘူး၊ ပြီးတော့ သမီးကို အန်တီဆ
သင်တန်းတက်ဖို့စီစဉ်ပေးထားတယ်ဆို"

"အန်တီဆင့်ကလည်း သမီးမလာနိုင်ဘူးလို့ ပြောလိုက်
တယ်ကွယ်၊ သမီးအတွက် လုပ်စရာတွေအများကြီးလေ၊ ဘာ
အချိန်တွေကို အလဟဿအကုန်ခံရမှာလဲ၊ အဲဒီအတွက် ထွဋ်တင
လာချင်ရင် ရန်ကုန်လာခဲ့ဖို့ ပြောလိုက်တယ်"





"ဦးလေးထွဋ်တို့ ရန်ကုန်လာကြမယ်၊ ဟို သမီးကို လာခေါ်
ကြမှာလားဟင် အန်တီဆင့်၊ သမီး မလိုက်ပါရစေနဲ့နော်"

တော်ဝင်လေးက တောင်းပန်သလို သူမ ပခုံးလေးဆုပ်ကိုင်
ကာပြောသည်။ ပြင်ဦးလွင်က မိကြီးကို တော်ဝင်လေး ကြောက်လန့်
ထွန်းနေတာ သိပ်ကိုသေချာပါသည်။

ဒါကလည်း ထွဋ်တင်တို့ တော်ဝင်လေးအပေါ်မှာ အနိုင်ယူ
စိတ်လျှောင်စွာနှင့် ဖိနှိပ်ထားမှုတွေကြောင့်ပဲဖြစ်လိမ့်မည်။

"သမီးကို အန်တီဆင့်ကလည်း ပြန်မထည့်ပါဘူးကွယ်၊
ဟိုမှာ သမီး မွန်းကျပ်ပိတ်လှောင်နေခဲ့တာ သိတယ်၊ သမီးကို အန်
တီဆင့်ခေါ်လာတာ အပြီးအပိုင်မွေးစားဖို့ပဲ သမီး"

"တကယ်နော် အန်တီဆင့်၊ သမီးကို မွေးစားမှာနော်"

"သမီးလေးရယ် သမီးလေးက အန်တီသမီးလေးပါပဲ၊ သမီး
ခမေက အန်တို့အစ်မရင်းချာပဲကွယ်"

"ဝမ်းသာလိုက်တာ အန်တီလေးရယ်"

တော်ဝင်သူက ကလေးတစ်ယောက်လို ဒေါ်ခင်ခင်ဆင့်ကို
တင်းတင်းပွေ့ဖက်ရင်း ရင်ခွင်ထဲတိုးဝင်သည်။ တူမဖြစ်သူ ဆံနွယ်
လေးတွေကို ပွတ်သပ်ရင်း ဒေါ်ခင်ခင်ဆင့်ရင်ထဲမှာ ကြည်နူးချမ်းမြေ့
သွားသည်။

ချစ်စရာကောင်းသော တူမလေးကို မိဘတွေဆုံးပါးသွားပြီး
ကတည်းက ဥပေက္ခာပြုခဲ့သလိုဖြစ်ခဲ့ရ၏။ တကယ်ဆို သူမဘက



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းတင်တို့အပေါ်မှာ ယုံကြည်လွှယ်ခဲ့တာဖြစ်သည်။

တော်ဝင်လေးအပေါ်မှာ သူတို့တွေ ဖိနှိပ်ထားကြမည်ဟု လုံးဝ မထင်မှတ်ခဲ့ပါ။ သိလိုက်ရချိန်မှာပဲ ရန်ကုန်ကို အပြီးခေါ်ယူဖို့ ဆုံးဖြတ်ခဲ့၏။

ထို့အတွက် ထွန်းတင်တို့က လုံးဝမကျေနပ်နိုင်တာ သိသည်။ သူတို့ရည်ရွယ်ချက်က တော်ဝင်လေးရဲ့ အမွေဥစ္စာတွေကို မက်မော စိတ်နှင့် ထိန်းချုပ်နိုင်ဖို့ရည်ရွယ်နေတာ ထင်ရှား၏။

ရိုးသားဖြူစင်လှသော တော်ဝင်လေးခမျာတော့ ဒါတွေကို မသိရှာပါ။

တော်ဝင်လေးကိုတော့ သူမ သမီးရင်းလိုစောင့်ရှောက်ပျိုး ထောင်ပေးရပါဦးမည်။

ဦးထွန်းတင်တို့ရောက်လာလျှင်တော့ အပြတ်သားဆုံးပြော ကာ ရှင်းရမည်။ သမီးလေးကိုယ်တိုင်က သူမရင်ခွင်မှာ ပျော်နေပြီ ဆိုမှတော့ သူတို့တွေ ဘာမှတတ်နိုင်ရှာမည် မဟုတ်ပါ။

✿ ✿ ✿



## အခန်း (၁၄)

သုံးယောက်သား ကြေးအိုးဆိုင်လေးမှာထိုင်ကာ စားသောက် နေပေမယ့် မဟော်မျက်ဝန်းတွေက လမ်းမပေါ်ကိုပဲ အာရုံတွေရောက် နေတာဖြစ်သည်။

ဒါကြောင့်လည်း MARKII ကားပြာကြီးလမ်းထဲဝင်လာ ကတည်းက မဟော်လှမ်းမြင်သည်။ စားလက်စ ကြေးအိုးပန်းကန်ထဲ ဇွန်းကိုပြန်ချကာ မဟော် ကားကြီးကို မမှိတ်မသုန်ကြည့်သည်။

ပလက်ဖောင်းနံဘေးမှာ ကားထိုးရပ်သွားသည်နှင့် မဟော့် မျက်ဝန်းတွေ ဝင်းလက်တောက်ပသွားခဲ့၏။

"လာပြီလား မဟော်"

မဟော်အရိပ်ကိုမြင်တွေ့လိုက်သည့် ဝဏ္ဏက မေးရင်းရှေ့



www.burmeseclassic.com

www.burmeseclassic.com



လမ်းမပေါ်ကိုလှမ်းကြည့်သည်။ အာကာလည်း လိုက်ကြည့်သည်။

ကားတံခါးဖွင့်ပြီးဆင်းလာသူက ဒေါ်ခင်ခင်ဆင့်ဖြစ်သည်။ ပြီးမှ ထပ်ဆင်းလာသူက တော်ဝင်သူ။

လက်စကအင်္ကျီလေးက ခါးအကျပ်နှင့် ခြေဖျားအနားထိရှည်သော ဂါဝန်ရှည်ကြီးက ပုစွန်ဆီရောင်ရေလေးဖြစ်သည်။ ဝင်းမွတ်နေသော မျက်နှာလေးကို တစ်ခဏပဲမြင်တွေ့လိုက်ရတာဖြစ်သည်။

ဒေါ်ခင်ခင်ဆင့်နှင့်ယှဉ်တွဲလျက် တိုက်ခန်းလှေကားထစ်တွေပေါ်ကို တစ်လှမ်းချင်းလှမ်းတက်သွားသော တော်ဝင်ရဲ့ နက်မှောင်သောဆံနွယ်ကြီးတွေကိုပဲ မြင်လိုက်ရ၏။

"ဒီသင်တန်းမှာ တက်တာတော့ သေချာနေပြီ"

"သေချာပါတယ်ကွာ၊ အန်တီဆင့်ကို ငါ မေးကြည့်ထားတာပါဆို"

ဝဏ္ဏက ပြောသည်။ တော်ဝင် ဒီကွန်ပျူတာသင်တန်းမှာ တက်မည်ဟု ဝဏ္ဏကပဲ သတင်းပေးလာတာဖြစ်သည်။ ဒါကြောင့်လည်း မဟော်တို့သုံးယောက် ဒီလမ်းထဲက သင်တန်းရှေ့ ကြေးအိုးဆိုင်လေးကို ရောက်နေခဲ့ကြတာဖြစ်သည်။

"အန်တီကြီးက သင်တန်းထဲအထိ လိုက်ဝင်သွားတယ်ကွ"

"အဲဒီအန်တီကြီးပါ သင်တန်းတက်တာလား"

အာကာက ဝင်နောက်နေသေးသည်။ မဟော်ကတော့ ဖင်တကြွကြွနှင့် ဖြစ်နေပြီ။





"သူ့တူမကို စိတ်မချလို့ သင်တန်းခန်းမထဲအထိ လိုက်ပို့တာဖြစ်မယ်"

"ဟား ဒီအတိုင်းဆို မဟော် ဘယ်လိုကြိုးစားမလဲ"

"နေ့တိုင်းလိုက်ပို့မယ် မထင်ပါဘူးကွ၊ ဒီနေ့ စတက်တဲ့နေ့မို့ လိုက်ပို့တာဖြစ်မှာပါ"

အာကာနှင့်ဝဏ္ဏတို့ အချီအချပြောနေပေမယ့် မဟော်က ဆိတ်ဆိတ်နေသည်။ တော်ဝင် ဒီသင်တန်းတက်တာ သိနေပေမယ့် သူ့မှာ တော်ဝင်ကို စကားပြောဆိုဖို့အခြေအနေက မပေးပါလား။

ကြည့်နေတုန်းမှာပဲ ဒေါ်ခင်ခင်ဆင့်ဆိုသောအန်တီကြီး လှေကားထစ်တွေအတိုင်း ပြန်ဆင်းလာသည်။

"ဟော အန်တီတော့ ပြန်ဆင်းလာပြီကွ"

ဒေါ်ခင်ခင်ဆင့် ကားပေါ်ပြန်တက်ကာ မောင်းထွက်သွားတော့မှ မဟော်ထရပ်လိုက်သည်။

"မင်းသွားမလို့လား မဟော်"

"အေး သွားမှာပေါ့၊ တွေ့ခွင့်က ဒီတစ်နည်းပဲရှိတော့တာလေ"

"ဖြစ်ပါ့မလား၊ အခန်းထဲရောက်သွားပြီ ထင်တယ်၊ မင်းဝင်လို့ဖြစ်ပါ့မလား၊ ပြဿနာတက်နေဦးမယ်"

"မပူနဲ့ အဆင်ပြေအောင်စီစဉ်မယ်"

ဝဏ္ဏကိုပြောပြီး ခပ်သွက်သွက်ထွက်ခဲ့သည်။ ကားလမ်းမကို



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ကူးပြီး တတိယထပ်မှာရှိသော "UNI"ကွန်ပျူတာသင်တန်းခန်း
ဆီ သူရောက်၏။

သင်တန်းဆရာ မရောက်သေး၍ထင်သည်။ သင်တန်း
မစသေးပါ။ သူ ခပ်တည်တည်ပဲ အခန်းထဲလှမ်းဝင်ခဲ့လိုက်သည်

ပလတ်စတစ်ခုံလေးတွေမှာ ထိုင်စောင့်နေသည့် သင်တန်
သူသုံးယောက်ပဲ ရှိသည်။ ထိုသုံးယောက်မှာ တော်ဝင်က သူ့ကိုမမြ
ဘဲ တစ်ယောက်တည်း ငေးငေးလေးထိုင်နေ၏။

"တော်ဝင်"

"ဟင်"

တော်ဝင်နံဘေးက ထိုင်ခုံလေးမှာ သူ အသာပဲဝင်ထိုင်လိုက်
သည်။ တော်ဝင့်မျက်နက်ဝန်းလေးတွေ ဝိုင်းစက်ပြီး သူ့ကိုကြည့်သည်
ထိုမျက်ဝန်းလေးတွေထဲမှာ သူ့ကိုမှတ်မိသွားပုံရသည့်အတွက် ဒ
ကျေနပ်သွား၏။

"ဟင် ရှင် ရှင်"

"ကိုယ့်ကို မှတ်မိတယ်နော်"

ဝိုင်းစက်အံ့သြနေဆဲ မျက်ဝန်းလေးတွေနှင့် တော်ဝင် ခေါ
ကလေးညိတ်ပြသည်။ နီးနီးကပ်ကပ်မြင်တွေ့နေသော မျက်နက်ဝန်
လေးတွေမှာ တစ်စုံတစ်ရာကို ကြောက်လန့်နေပုံရ၏။

"မင်း ဘာကြောက်နေတာလဲဟင်၊ ကိုယ့်ကိုမကြောက်ပါနဲ့
မင်း ဒီမှာသင်တန်းတက်မှာသိလို့ လာစောင့်နေတာ"





"ဟို ဟို ရှင် ကျွန်မနာမည်ကို ဘယ်လိုသိနေတာလဲဟင်"

"သိချင်လို့ စုံစမ်းရင်း သိတာပေါ့ကွာ"

ဝင်းမှတ်အိညက်နေသောမျက်နှာလေးပေါ်က ဖြူစင်ရိုးသား
ခြင်းတွေကို မဟော်မြင်နေရတော့ ပိုလို့မြတ်နိုးစိတ်တွေဖြစ်တည်လာ
၏။

"အန်တီဆင့်မြင်သွားရင် မကောင်းဘူး၊ သွားပါတော့ ကိုမင်း
ဟော်"

"မပူပါနဲ့ကွာ၊ သူ ပြန်သွားပါပြီ၊ ကိုယ်က မင်းတို့သင်တန်း
ရှေ့က ကြေးအိုးဆိုင်လေးက ထိုင်ကြည့်နေတာ"

"ရှင် တော်ဝင်ကိုကြည့်နေတာ"

"ဟုတ်တယ်၊ အရင်ရက်တွေကလည်း မင်းတို့ခြံရှေ့အိမ်က
ဝရန်တာအိမ်က မင်းကိုနေ့တိုင်းစောင့်ကြည့်တာ၊ အရင်လို ခြံပြင်တောင်
မထွက်တော့ ကိုယ့်မှာ နှုတ်ဆက်ခွင့်လေးတောင် မရခဲ့ဘူး"

"အို"

ပန်းနုရောင်မျက်နှာလေးက ပိုလို့ ရဲရဲနီသွားသည်။ သွေး
ကြောစိမ်းလေးတွေနှင့် မွေးညှင်းနုနုလေးတွေကိုတောင် အနီးကပ်
မြင်နေရတော့ မဟော် ပိုလို့ရင်ခုန်ချင်လာသည်။

"မင်း ဒီမှာ ဘယ်လောက်ထိ သင်တန်းတက်မှာလဲ တော်
ဝင်"

"တစ်လလောက်ပဲ တက်မှာပါ၊ ပြီးရင် အန်တီဆင့်ရဲ့ အိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ဆရာနဲ့ခေါ်သင်ပေးမယ်တဲ့''

''ပြဿနာပဲ၊ ဒါဆို ကိုယ်တွေ့ခွင့်လေးက တစ်လလောက်ပဲရမှာပေါ့''

''တော်ဝင်က ကျောင်းဖွင့်ရင် တက္ကသိုလ်တက်ရတော့မှာလေ၊ ဒါကြောင့် ဒီတစ်လလောက်ပဲ အချိန်ရတာ၊ အခြေခံသင်ရုံပဲ

စကားကောင်းနေတုန်း သင်တန်းတက်ဖို့ ဘဲလ်သံလေးက အချက်ပေးလာသည်။

''ဟို သင်တန်းတက်ရတော့မယ် ကိုမင်းမဟော်၊ တော်ဝင်ကို ခွင့်ပြုပါဦးနော်''

''ညနေ သင်တန်းဆင်းရင် ကိုယ်လာခဲ့ဦးမယ်''

''ဟင့်အင်း မလာပါနဲ့၊ အန်တီဆင့်က ဦးမိုးကိုအကြံခိုင်းမှာ''

ပြောပြီး သင်တန်းခန်းမလေးထဲ သူမ လှမ်းဝင်သွားတော့ သူ ရင်မောစွာကျန်ရစ်ခဲ့သည်။

တစ်ခဏလေးပဲဆုံတွေ့ စကားပြောခွင့်ရပေမယ့် သူ့ရင်ထဲမှာ ဝမ်းသာကြည်နူးခြင်းတွေ လှိုင်းလုံးတွေလို ငြိမ့်နေသည်။

မလာပါနဲ့လို့ မင်းလေးတားပေမယ့် မနေနိုင်တဲ့ကိုယ်ကတော့ လာဖြစ်ဦးမှာပါ တော်ဝင်။

ကိုယ့်နှလုံးသားက မင်းလေးကိုပဲ တမ်းတနေတော့လည်း

✿ ✿ ✿



## အခန်း (၁၅)

''ဘာရယ် မဟော်၊ မင်းက သင်တန်းတက်မလို့''

ဝဏ္ဏ မယုံသလိုမေးသည်။ အာကာကလည်း ပါဝါမျက်မှန်ကြီးထဲမှ မျက်လုံးတွေပြူးကြည့်ရင်း –

''ဘာကြောင်တာလဲ မဟော်ရာ၊ အဲဒီသင်တန်းက ကွန်ပျူတာအခြေခံသင်တန်းကွ၊ မင်းက အဆင့်တွေကျော်နေပြီပဲဥစ္စာ''

''ကြောင်တာမဟုတ်ဘူး၊ တော်ဝင်နဲ့တွေ့ဖို့က ဒီတစ်နည်းပဲ ရှိတယ်''

''ဩော်၊ ဒါကြောင့် မင်းက တက်မှာကိုး''

ဝဏ္ဏ သဘောပေါက်သွားသည်။ မဟော်ကိုလည်း ရှုရှုစိုက်စိုက်ကြည့်ကာ ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာပြုံးတာလဲ ဝဏ္ဏ"

"သဘောကျလို့ပါ၊ ဘယ်မိန်းကလေးကိုမှ အာရုံမနစ်ခဲ့ တို့ကောင်ကြီး အခုမှ သည်းသည်းလှုပ်ရောဂါတက်နေလို့"

ဝဏ္ဏပြောတာကိုလည်း မရှက်နိုင်တော့တာ အမှန်။ ဝေ ဝင်လေးနှင့် ဆုံတွေ့ခွင့်အတွက် ဒီနည်းလမ်းပဲရှိသည်။

သင်တန်းအကြိုအပို့မှာ MARK II ကားကြီးနှင့်ရောက် သော တော်ဝင်ကို ဆုံတွေ့နိုင်ဖို့နည်းလမ်းက တစ်ခုမှမရှိတာ သု လိုက်သည်။

အခုပဲ သင်တန်းနှစ်ရက်မှာ တော်ဝင်နှင့်ဆုံခွင့်ရတာ မ ပိုင်း သင်တန်းမတက်ခင် မိနစ်ပိုင်းလေးပဲဖြစ်သည်။ ညနေကျ အကြိုရောက်နေသော ကားကြီးကြောင့် သူ့မှာ ငုတ်တုတ်မေ့ရသ

"တော်ဝင် တောင်းပန်ပါတယ် ကိုမင်းမဟော်၊ သင် ဆင်းချိန်တွေမှာ လာစောင့်ပါနဲ့နော်၊ ဦးမိုးက အန်တီဆင့်ကိုပြန် ရင် တော်ဝင် ဒုက္ခရောက်မှာ"

"ဘာလို့လဲ တော်ဝင်၊ အန်တီလေးကို တော်ဝင် အ ကြောက်နေသလား"

"အန်တီဆင့်ကို ကြောက်တာမဟုတ်ပါဘူး။ အန်တီဆ စိတ်ဆိုးပြီး ပြင်ဦးလွင်ပြန်ပို့လိုက်ရင် တော်ဝင် ဒုက္ခရောက်မှာ"

"ဘာလို့လဲကွာ၊ ကိုယ့်ကိုရှင်းပြစမ်းပါ"

ဒီမှာပဲ တော်ဝင်ရှင်းပြတာတွေကို သူ သိခဲ့ရသည်။





ောင်ကြွက် တော်ဝင်လေးဘဝက ဦးလေးတွေ၊ အဒေါ်တွေကြားမှာ နိုပ်ကြည့်ရှင်သန်နေရသည့်အဖြစ်ပါလား။

"ဟော့ကောင် မဟော် ဘာဖြစ်နေတာလဲ"

ပခုံးကိုဆတ်ခနဲပုတ်ခေါ်သော ဝဏ္ဏအသံကြားမှပဲ သူ အ ေးတွေထဲက ပြန်လန့်နိုးလာရ၏။

"ဘာလဲ၊ ငါ အတွေးလွန်သွားလို့ပါ"

"မင်းကတော့ ဖြစ်ရမယ်၊ ပြန်ကြမယ်လေ"

သည်တော့မှပဲ သူခေါင်းညိတ်ပြီး ထိုင်ခုံက ထရပ်မိသည်။ ော်ဝင်မရှိတော့သော ကွန်ပျူတာသင်တန်းခန်းလေးကို လှမ်းကြည့် း ရင်ထဲမှာတော့ မောချင်ချင်။

တော်ဝင်နှင့်ဆုံတွေ့နိုင်ဖို့ သူဘက်ကကြိုးစားခဲ့တာကို တော် ်သိလျှင် ဘာပြောမည်မသိ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

အခြေအနေက သူထင်ထားသည်ထက် ဆိုးနေခဲ့ပြီမှန်း
ထွန်းတင် သဘောပေါက်လိုက်ပါသည်။

တော်ဝင်ရဲ့အသွင်ကိုကြည့်လိုက်ရုံနှင့် သူ့ရည်ရွယ်ချက်
ဖြစ်မလာတော့တာကို နားလည်ပြီးဖြစ်နေသည်။

အချိန်တိုလေးအတွင်းမှာပင် တော်ဝင်နှင့် ဒေါ်ခင်ခင်ဆ
ရဲ့ သံယောဇဉ်က ခိုင်မာသွားခဲ့တာ သေချာ၏။ တော်ဝင်သူဆို
သူတို့နှင့်အတူ ပြင်ဦးလွင်မှာနေခဲ့သော တော်ဝင်သူမဟုတ်တော့
စကားသံတွေနားထောင်ရုံနဲ့ သိနိုင်၏။

"သမီး အန်တီဆင့်နဲ့ပဲ နေတော့မယ် ဦးလေးထွန်း
သမီး သင်တန်းတွေလည်းတက်နေပြီ ပြီးတော့ ဒီမှာပဲ ကျောင်းတ





စီစဉ်ထားတယ်"

"ဟင် သမီးက ပြင်ဦးလွင်ကို ပြန်မလာတော့ဘူးလား၊
လေးထွန်းတို့ကို သံယောဇဉ်ပြတ်ပြီလား"

"သမီးဘဝတိုးတက်ဖို့အတွက်ပါ ဦးလေးထွန်းရယ်၊ သံယော
ပြတ်တဲ့သဘောတော့ မဟုတ်ပါဘူး"

"သမီးပြောတာ မှန်တယ် ထွန်းထင်၊ အခု သမီးက နည်း
ပညာတက္ကသိုလ် တက်မယ်၊ ကျောင်းပိတ်ရက်တွေမှာလည်း သင်
တန်းတွေတက်စရာ ရှိတယ်၊ ဒီကြားထဲမှာ သမီးကျောင်းပြီးရင် မိဘ
ပိုင်နက်တွေဦးစီးနိုင်အောင်လည်း သင်ကြားရဦးမယ်၊ ပွင့်ပွင့်လင်း
လင်းပြောရရင် တော်ဝင်လေးကို ငါကိုယ်တိုင် အမွေစားအမွေခံအဖြစ်
မွေးစားလိုက်တာ"

"ဟင်"

"ဟုတ်တယ်၊ ငါတို့မှာလည်း သားသမီးရင်းချာမှ မရှိတာ၊
ငါတို့ပိုင်ဆိုင်သမျှ သမီးလေးပဲ ဆက်ခံရမှာလေ၊ လက်ရှိ သမီးလေး
ရဲ့ ပိုင်ခွင့်အမွေတွေကို ရှေ့နေကြီးနဲ့ နှင်တို့စီစဉ်လွှဲပေးဖို့ပဲ လိုတယ်"

ဒေါ်ခင်ခင်ဆင့်နှုတ်က ပြတ်သားလွန်းစွာဆိုနေတော့ ဦးထွန်း
တင် ဟန်မဆောင်နိုင်လောက်အောင် မျက်နှာကြီးရဲရဲနီလာ၏။

"ဒီအစီအစဉ်တွေဟာ မမဆင့်ရဲ့ အစီအမံတွေမဟုတ်လား။
သမီးလေးအမွေတွေကို ကျွန်တော်က လွှဲပေးရအောင် သမီးအသက်
က မပြည့်သေးဘူး၊ တော်ဝင် အသက်နှစ်ဆယ်ပြည့်မှ အမွေတွ



www.burmeseclassic.com

www.burmeseclassic.com



ရှမှာ''

''သမီးမိဘတွေ စီမံခဲ့တာ ငါသိပါတယ်၊ ငါပြောတာက ရှေ့နေကြီးနဲ့တိုင်ပင်ပြီး သမီးရမယ့်အမွေတွေကို စာရင်းအတိအကျ လုပ်ထားချင်တာ''

''ဒါ ဘာသဘောလဲဗျ၊ မမဆင့်စကားက ကျွန်တော့်ကို မယုံသင်္ကာနဲ့ စစ်ဆေးတဲ့သဘောလား''

ဒေါသစိတ်တွေမထိန်းနိုင်ဘဲ ရှူးရှူးရှဲရှဲဖြစ်လာသော ဦးထွန်းတင်ကို ဒေါ်ခင်ခင်ဆင့် တည်ငြိမ်စွာပဲ ပြုံးကြည့်သည်။ အခုအချိန်ထိ ဘာစကားမှ ဝင်မဆိုဘဲ နားထောင်နေသော ဒေါ်သီရိ မျက်နှာလေးငယ်နေ၏။

''ဒါ အမှန်ပဲ ထွန်းတင်၊ နင် ဘယ်လောက်ပဲဟန်ဆောင်ဆောင်ပါစေ၊ နင့်လုပ်ရပ်တွေက အမှန်ကို ဖော်ပြနေကြတာပဲလေ၊ သမီးလေးကို နင် ဖိနှိပ်ထိန်းချုပ်ထားတာ ဘာသဘောလဲ၊ ပြီးတော့ လက်ရှိ ပြင်ဦးလွင်က သမီးလေးရဲ့လုပ်ငန်းတွေမှာလည်း တိကျတဲ့ စာရင်းဇယားတွေမရှိဘူး''

အမှန်တွေကိုပဲ ဒေါ်ခင်ခင်ဆင့် တိကျစွာဆိုနေတော့ ဦးထွန်းတင် ခေါင်းငိုက်စိုက်နှင့် ဘာမှမတုံ့ပြန်နိုင်ရှာပါ။

''ငါ အားလုံးကို စုံစမ်းပြီးပြီ ထွန်းတင်၊ သမီးလေးမိဘတွေ လက်ထက်က အောင်မြင်နေတဲ့လုပ်ငန်းတွေမှန်သမျှ နင့်လက်ထဲရောက်မှ အရှုံးစာရင်းတွေပြနေတာ လုံးဝမဟုတ်သေးဘူး''





''ဒါတော့ ကျွန်တော် ဘာမှမတတ်နိုင်ဘူး''

''နင် လူမိုက်စကားမပြောနဲ့ ထွန်းတင်၊ နင့်ဘက်က ရိုးသားတယ်ဆိုရင် ရင်ဆိုင်ရှင်းမလား ပြော''

ဒီတစ်ခါတော့ ဦးထွန်းတင် ဘာမှမတုံ့ပြန်နိုင်တော့ပါ။ ကြိတ်မှိတ်ခံမရ ဒေါသတွေနှင့် ထရပ်သည်။

''ကျွန်တော်လာခဲ့တာ တော်ဝင်ရဲ့ဆုံးဖြတ်ချက်ကို သိချင်လို့ပါ၊ ကျွန်တော်တို့ တာဝန်ယူစရာမလိုဘူးဆိုရင်လည်း ပြီးတာပဲ၊ ဒီနေ့ပဲ ကျွန်တော်တို့ပြန်တော့မယ် မမဆင့်''

မရှင်းနိုင်မလင်းနိုင်ပြဿနာတွေ ပါလာပြီဆိုတော့ ဦးထွန်းတင်လေသံ ပျော့ကျသွားကာ အခန်းထဲက ခပ်ကုပ်ကုပ်လေးပြန်ထွက်သွားသည်။

ဒေါ်သီရိကတော့ မဝံ့မရဲမျက်ဝန်းတွေနှင့် ဒေါ်ခင်ခင်ဆင့်ကို ကြည့်ကာ ငြိမ်သက်လို့နေဆဲ။

''နင့်ယောက်ျားရဲ့စိတ်ဓာတ်ကို နင်အသိဆုံးနေမှာပေါ့ မိသီ၊ ဘာတယ်ဆို သူ ဒီလိုမလုပ်သင့်တာ အမှန်ပဲ၊ ငါ့ဘက်က သူစိမ်းဆန်ဆန်ရင်ဆိုင်ပစ်လို့ရပေမယ့် ငါ ဒီလောက်မရက်စက်ပါဘူး၊ ဒီတော့ အမွေကိစ္စနဲ့ နင့်ယောက်ျားလုပ်ထားတဲ့အလုပ်တွေကို တိတိကျကျ ရှင်းမယ်၊ ပြီးရင် နင်တို့မိသားစုအတွက် ထိုက်သင့်သလောက်လည်း ပေးမှာပါ၊ နင်တို့မိသားစု လုပ်ကိုင်စားသောက်ပေါ့''

''ဟုတ် ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် မမဆင့်ရယ်၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမပြောချင်တော့ပါဘူး။ တကယ်ဆို ကိုထွဋ်ရဲ့ မတော်လော
တွေကို သိပါတယ်၊ ကျွန်မ,တားပေမယ့် မရခဲ့ပါဘူး''

ဒေါ်သီရိအခုတော့ ဝန်ခံနေခဲ့ပြီ။ တော်ဝင်ကတော့ ငြိမ်သ
စွာပဲ နားထောင်နေရင်း ကျေနပ်နေမိတာအမှန်။

ဘာပဲဖြစ်ဖြစ် အန်တီဆင့်နှင့် အမြဲတမ်းအတူနေရတော့
ကို တွေးကာကြည်နူးသည်။ အမွေတွေဥစ္စာတွေထက် တော်ဝင်
ချင်တာ နွေးထွေးတဲ့မိသားစုကလေးပဲ ဖြစ်ပါသည်။

ဦးလေးထွဋ်တို့ဆီက မပိုင်ဆိုင်ခဲ့ရသောမေတ္တာကို အန်
ဆင့်ဆီက ပိုင်ဆိုင်ရတော့မှာ သေချာနေပြီ။

✿ ✿ ✿



အခန်း (၁၇)

''ဘယ် ဘယ်လို၊ ကိုမင်းမဟော်က ကွန်ပျူတာသင်တန်း
တက်မလို''

''ဟုတ်တယ်လေ၊ ဒီနေ့ပဲ စတက်တော့မှာ၊ စာရင်းသွင်း
ထားပြီးပြီ''

တော်ဝင်မျက်ဝန်းလေးတွေ မယုံနိုင်သလို မျက်ခောင်းကြီး
ဆွဲပုတ်ခတ်ပြီး ကြည့်နေရှာသည်။

''တော်ဝင်''

''ရှင်၊ ဘာလဲ ကိုမင်းမဟော်''

''ကိုယ် ဘာလို့ ဒီသင်တန်းကိုတက်ခဲ့တာလဲ သိလား''

ခေါင်းကလေးခါယမ်းပြီး တော်ဝင်ဖြေသည်။ ဖြူစင်သော



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းလေးတွေကို မဟော် ပိုလို့မြတ်နိုးမိ၏။ နှလုံးသားလေးက ဖြူစင်ရိုးသားလွန်းသလို သူမမျက်နှာလေးကလည်း နုညက်လွန်းသည်။

သူ့ထက် လေးနှစ်ကျော်လောက်ငယ်နေသော တော်ဝင်ကို သူ မရိုးသားစိတ်နဲ့ ဘာမှဖုံးကွယ်မထားချင်ပါ။

"တော်ဝင်နဲ့အတူ တက်ချင်လို့ပေါ့၊ တော်ဝင်ကို မြင်တွေ့နိုင်ခွင့်ရမယ့်နည်းလမ်းက ဒီတစ်ခုပဲရှိတာလေ"

"တော်ဝင်ကြောင့်၊ ဟုတ်လား ကိုမင်းမဟော်"

"ဟာကွာ၊ နာမည်ကြီးခေါ်တာကလည်း နားထောင့်လိုက်တာ"

"ဟင် ကိုမင်းမဟော်နာမည်ပဲလေ"

"ဒါပေမဲ့ အပြည့်အစုံကြီး မခေါ်နဲ့ကွာ၊ မဟော်ဆိုလည်း ဖြစ်တာပဲ"

"အို ရဲကြီးမှာပေါ့၊ ကိုမင်းမဟော်က တော်ဝင်ထက် အသက်ကြီးတာကို"

တကယ့်ကို ရိုးသားဖြူစင်လွန်းသောအတွေးလေးနှင့် ပြောနေတော့ မဟော်မရယ်ရက်ဘဲ သနားမိပြန်သည်။

"ဒါဆိုလည်း ကိုမင်းလို့ပဲ ခေါ်ကွာ၊ နာမည်အပြည့်အစုံကြီး ကြားရတာ အဲဆင်မပြေဘူး"

"ကိုမင်းမဟော် အဲ ကိုမင်း,မကြိုက်ရင် မခေါ်တော့ပါဘူး





ဟိုလေ ဒီသင်တန်းမှာ တော်ဝင်နဲ့သိတဲ့သူ တစ်ယောက်မှမရှိလို့ အားငယ်နေတာ၊ ကိုမင်းရှိတော့ တော်ဝင် အရမ်းအားရှိသွားပြီ"

ကိုယ်က ရှည်ရှယ်ချက်တစ်ခုနှင့် သူမအနားကို ချဉ်းကပ်နေပေမယ့် တစ်စက်လေးတောင်မရိပ်မိရှာဘဲ ပြောနေသော ကောင်မလေးရဲ့ရိုးသားမှုက သူ့ကို နှုတ်တွေဆွံ့အသွားစေ၏။

"အခုတစ်လော တော်ဝင် အရမ်းကံကောင်းနေတယ်၊ သိသား၊ ပြင်ဦးလွင်က ဦးလေးထွန်းတို့နဲ့လည်း အန်တီဆင့်က ရှင်းလိုက်ပြီ တော်ဝင် ဒီမှာပဲ အမြဲနေခွင့်ရတော့မှာတဲ့"

"ဟုတ်လား၊ ကိုယ်လည်းဝမ်းသာပါတယ်"

"ဟိုလေ တော်ဝင်မှာ ညီအစ်ကိုမောင်နှမ,မရှိတော့ ကိုမင်းကို အစ်ကိုတစ်ယောက်လို သတ်မှတ်ခွင့်ပေးပါနော်"

မဟော် ပြုံးမိသည်။ မျှော်လင့်ချက်မျက်ဝန်းလေးတွေနဲ့ ငေးကြည့်နေသော တော်ဝင်ရဲ့မျက်နှာလေးက ငြိမ်းချမ်းဖြူစင်လွန်းသည်။

"တော်ဝင့်ဆန္ဒအတိုင်းပဲလေ၊ ကိုယ့်မှာလည်း မောင်နှမတွေ မရှိတော့ဘူးကွ"

"ဟုတ်လား၊ ဟို ကိုမင်းမှာ မိဘတွေရော ရှိသေးလား၊ အဖေနဲ့ အမေလေ"

"အဖေရှိတယ်၊ အမေကတော့ အင်း မိထွေးပဲရှိတာ"

"မိထွေး ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သံယောင်လိုက်ရေရွတ်ရင်း အပြုံးတို့ပျောက်သွားသော မဟော်မျက်နှာကို တော်ဝင် ငေးငေးလေးကြည့်နေ၏။

"ဟုတ်တယ်၊ အဲဒီမိထွေးမှာ သားတစ်ယောက်, သမီးတစ် ယောက်ပါတယ်၊ မေမေဆုံးတော့ ကိုယ့်အဖေက ယူလိုက်တာ"

"ဒါဆို ကိုမင်းမှာ ညီနဲ့ညီမ ရှိတာပေါ့၊ ပျော်စရာကြီး"

"ဘယ်ကလာ ပျော်စရာကောင်းမှာလဲ၊ တကယ်စိတ်ညစ်စ ကောင်းနေတာ၊ ကိုယ်နဲ့ လုံးဝမတည့်ဘူး"

"သူတို့က ဆိုးလို့လားဟင်"

"အင်း ဆိုးတယ်"

စိတ်ထဲမှာ နဂိုကတည်းက အမြင်မကြည်လင်တာမို့ မဟော် ခပ်ပြတ်ပြတ်ပဲ ပြောလိုက်သည်။ တော်ဝင်က မျက်တောင်ကော့ကြီး တွေပုတ်ခတ်ပြီး –

"ဟို တော်ဝင်က ကိုမင်းကို မဆိုးပါဘူးနော်၊ ကိုယ့်အစ် ကိုတစ်ယောက်လို ခင်မင်မှာပါ"

မြတ်နိုးစရာကောင်းလိုက်သည့် ကောင်မလေး။ နှုတ်ခမ်းဖူး ဖူးလေးတွေက မာယာကင်းသောစကားတွေနှင့် သူ့ကိုပြောနေသည်။

ကောင်မလေးရဲ့ ဖြူစင်ရိုးသားမှုတွေအတွက်တော့ သူ့ဘက် က ဖြူစင်ခြင်းနဲ့ပဲ ပေးဆပ်ချင်သည်။

စိတ်ချပါ ကောင်မလေးရယ်။ မင်းလေးအနားမှာ မင်းလေး ကို စောင့်ရှောက်ရင်းနဲ့ ကိုယ် မြတ်နိုးစွာ ချစ်သွားမှာပါ။





အခုချိန်မှာ ကိုယ့်ရင်ထဲက စကားတွေကို မျိုသိပ်ထားမှာ ပါ။ ဒါ မင်းလေးရဲ့ ဖြူစင်ရိုးသားမှုတွေကို အရောင်တွေနဲ့ မညစ် နွမ်းစေချင်လို့ပါ။

မင်းလေးကို ကိုယ် မြတ်နိုးခြင်းတွေက စစ်မှန်တဲ့နှလုံးသား ထဲက အချစ်နဲ့ဆိုတာတော့

မင်းလေး ယုံကြည်ပေးပါ တော်ဝင်သူရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

''ဘယ်လို၊ ငါတို့က ကားတိုက်ခံရမယ်၊ ဟုတ်လား''

အာကာ မျက်လုံးကြီးပြူးကာ အထိတ်တလန့်မေးသည်။ ဝဏ္ဏကလည်း ပါးစပ်ထဲရောက်နေသောပေါက်စီကို ကသောကမျော မျိုချရင်း –

''မဟော် မင်းရည်ရွယ်ချက်က ဘာလဲ၊ ငါတို့ကို သေစေ ချင်နေတာလား''

''အေးလေ၊ သူငယ်ချင်းအချင်းချင်း မင်း ဒီလောက်ထိတော့ မရက်စက်သင့်ဘူး''

ဝဏ္ဏရော အာကာပါ အထိတ်တလန့်နှင့် ခါးသီးစွာ ငြင်းဆို နေကြတော့ မဟော် လက်ကာတားမြစ်ရင်း –





''နေကြပါဦး၊ ငါက မင်းတို့ကို အကူအညီတောင်းတာပါ''

''အကူအညီ၊ မင်းတောင်းတဲ့အကူအညီကြီးကလည်း စဉ်းစားဦးလေ၊ ငါတို့နှစ်ယောက်က ကားတိုက်ခံရမယ်လို့''

''မဟုတ်သေးဘူးလေကွာ၊ ငါက မင်းတို့ကို တကယ် ကားအတိုက်ခံခိုင်းတာမှ မဟုတ်တာ၊ တော်ဝင်ကို လာကြိုမယ့်ကား သင်ဘန်းရှေ့ကို ရောက်မလာဖို့ပဲ လိုအပ်တာ၊ ဒီတော့ တော်ဝင်ကို လာကြိုမယ့် ဦးမိုး မလာနိုင်ဘဲ အစီအစဉ်ပျက်အောင်ပဲ လုပ်ပေးခိုင်းတာ''

အာကာနှင့်ဝဏ္ဏ မျက်မှောင်ကြီးတွေကုတ်လျက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။ မဟော်တောင်းဆိုသည့် အစီအစဉ်အတွက် သူတို့ နှောက်တွန့်နေကြတာ အမှန်။

ဒီမနက်မှာပဲ သူတို့နှစ်ယောက်ကိုဖုန်းဆက်ခေါ်ကာ လိုက်လံကျွေးမွေးပြုစုနေသည့် မဟော်ရဲ့အကြံအစည်ကို အခုမှပဲသိရတော့သည်။

''မင်း တော်တော်လည်တဲ့ကောင်ပဲ မဟော်၊ ငါတို့ကို လိုက်ပြီးကျွေးမွေးပြုစုနေတာ ဒီအကြံကြောင့်ကိုး''

''ဟုတ်ပါ့၊ စိတ်ကြိုက်ကျွေးမွေးပြီး ကားတိုက်ခံခိုင်းမှာကြီးကတော့ တော်တော်ရက်စက်တဲ့အစီအစဉ်ပဲ''

''ဟာကွာ တကယ်ကားအတိုက်ခံခိုင်းတာမှ မဟုတ်တာ၊ ဦးမိုးရဲ့ကားရှေ့မှာ မင်းတို့ထဲကတစ်ယောက် ဟန်ဆောင်လှဲချလိုက်ရင် ပြီးပြီ''



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ မင်းအစီအစဉ်က တော်ဝင်သူ့ကို ဦးမိုး လာမကြိ ရင် ဘာလုပ်မလို့လဲ၊ ဘာလဲ မင်း ကားတင်ပြေးမလို့လား"

"ဟာ မဟုတ်ပါဘူးကွာ၊ ဒီနေ့ တော်ဝင်ရဲ့ သင်တန်းနောက် ဆုံးနေ့မို့ ငါ တော်ဝင်နဲ့ အေးအေးဆေးဆေးတွေ့ချင်တယ်ကွာ"

"သင်တန်းမှာ ဒီလောက် တစ်လလုံးလုံးတွေ့နေတာတောင် မင်းက အားမရသေးဘူးလား"

"အေးလေ၊ အခုချိန်အထိတောင် မင်းတို့က အဆင်မပြေ သေးဘူးလား၊ နေရာချင်း လဲလိုက်ချင်တယ်၊ ညံ့ပါ့"

အာကာ တမင် သူ့ကိုရွဲ့ပြောနေမှန်း သိသည်။ ရည်းစားတွေ အများကြီးထားကာ အတွေ့အကြုံအများကြီးရှိသည့် သူ့လိုကော က တော်ဝင်ကို အခုချိန်အထိ ဖွင့်မပြောသေးတာကို သူတို့ ဘ မကျဖြစ်နေသည်။

"ပြောစမ်းပါ မဟော်၊ မင်းက ဘာကြောင့် အခုချိန်အထိ ဒီကောင်မလေးကို ဖွင့်မပြောသေးတာလဲ"

ဝဏ္ဏက ထပ်မေးသည်။ မဟော် နွေးနွေးကလေးပြုံးရင်း ချောကလက်မစ်ရှိတ်ကို အရသာခံသောက်သည်။ ပြီးမှ –

"သူ့ကိုသိပ်ချစ်လို့ပဲ ဝဏ္ဏ"

"ပြဿနာပဲ၊ ချစ်တယ်ဆိုရင် မင်း ဖွင့်ပြောတော့လေ"

"ဖွင့်မပြောရက်အောင် သူက ဖြူစင်လွန်းနေလို့ ငါနှုတ်တွေ ဆွံ့အနေတာ၊ ငါ တော်ဝင်ကို မြတ်နိုးပြီးချစ်တာ"





"အေး၊ ကြည့်လည်းလုပ်၊ အခု သင်တန်းပြီးပြီဆိုတော့ မင်းနဲ့ထပ်ဆုံခွင့်ဆိုတာ ခက်ခဲသွားပြီ"

"အဲဒီအတွက် ငါ ဒီနေ့ တော်ဝင်နဲ့ အေးအေးဆေးဆေး ဆေး စကားပြောခွင့်ရချင်နေတာကွ၊ မင်းတို့ ကူညီပေးပါကွာ"

"အင်း မျက်ခုံးက ခပ်လှုပ်လှုပ်ပဲ၊ မောင်းလာတဲ့ကားရှေ့ကို ငါတို့က ဟန်ဆောင်ရင်ဆိုင်တိုးရမှာဆိုတော့ အခန့်မသင့်ရင် တကယ် အတိုက်ခံရမှာ"

"အဲဒီလောက် အန္တရာယ်မများပါဘူးကွာ၊ အတိုက်မခံရခင် ဟန်ဆောင်လိုက်ပေါ့၊ နာရီဝက်လောက်နောက်ကျရင် ရပြီ"

မဟော် ဖွတ်တောင်းဆိုနေတော့ ဝဏ္ဏနှင့်အာကာ မနေ သာပါ။ ညီအစ်ကိုတွေထက်တောင် သံယောဇဉ်နှောင်တွယ်နေကြ သည့် သူငယ်ချင်းတွေဆိုတော့လည်း –

"အေး မင်းအတွက်ဆိုတော့လည်း ငါတို့ဘက်က အသက် စွန့်ရ စွန့်ရ ကူညီရမှာပေါ့၊ ကဲ အာကာ စိတ်ကြိုက်အဝစားထား၊ ပြီးရင် ကားအတိုက်ခံကြစို့"

"လုပ်ကွာ၊ သေတစ်နေ့ မွေးတစ်နေ့ပဲ"

နောက်ပြောင်ပြောရင်း ဝဏ္ဏနှင့်အာကာ စားပွဲပေါ်က ဆီ ချက်ပွဲတွေကို အားပါးတရ စားလိုက်ကြသည်။

သူကတော့ ဝဏ္ဏနှင့်အာကာတို့ အမှားအယွင်းမရှိ အဆင် ပြေပါစေဟုပဲ ဆုတောင်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှ တော်ဝင်နှင့်စကားပြောချိန်လေး ရမှာလေ။

✿

သင်တန်းပြီးဆုံးတော့ တော်ဝင် သူ့ကိုလာနှုတ်ဆက်သည်
ခါးရှည်ကိုယ်ကျပ်အနီရောင်အင်္ကျီလေးနှင့် ဝမ်းဆက်ထဘီနီရဲရဲလေး
ဝတ်ထားသော တော်ဝင်အလှက အားလုံးထဲမှာ ထင်းနေသည်။

"ကိုမင်း တော်ဝင် သွားတော့မယ်နော်"

"မနက်ဖြန်ဆို ကိုယ်တို့ ဆုံနိုင်ခွင့်မရှိတော့ဘူးနော်"

မဟော် ချွေးချွေးမြည့်မြည့်လေးဆိုတော့ တော်ဝင့်မျက်
နှာလေး ညှိုးကျသွားခဲ့သည်။

"ကိုမင်းကို တော်ဝင် ခင်ပါတယ်၊ ဟိုလေ တော်ဝင်တ
မယ့်ကျောင်းကို ကိုမင်း လာလည်လို့ရပါတယ်"

"အင်း၊ ကိုယ်လာလည်မှာပါ"

"တော်ဝင် သွားတော့မယ်နော်၊ ဦးမိုး စောင့်နေလို့မယ်"

နှုတ်ဆက်စကားလေးနှင့် တော်ဝင် လှေကားထစ်လေး
အတိုင်း ခပ်သုတ်သုတ်ကလေးဆင်းသွားသည်။

မဟော် နောက်က အသာလိုက်ဆင်းသည်။ ဝတ္ထု
အာကာတို့ သူစေနိုင်းသည့်အတိုင်းသာ အဆင်ပြေခဲ့လျှင်တော့





ပလက်ဖောင်းပေါ်ရောက်တော့ သူ ကျေနပ်ဝမ်းသာသွား
သည်။ တော်ဝင်ကိုလာကြိုသော MARK II ကားပြာကြီးမရှိပါ။
လက်ဖောင်းတစ်နေရာမှာတော့ တော်ဝင် ဟိုကြည့်သည်ကြည့်နှင့်
င်းကလေး ဘယ်ညာရွှေ့လျားနေ၏။

တော်ဝင်အနားကို သူလျှောက်လာနိုက်မှာပဲ ဟန်းဖုန်းမြည်
သံလေးကြောင့် တော်ဝင် ဖုန်းကို ထုတ်ယူနားထောင်နေတာ တွေ့
ရ၏။

"ရှင်၊ ဟုတ်ကဲ့ ဟုတ်ကဲ့ အန်တီဆင့်"

"--- --- --- ---"

"စိတ်ချပါ အန်တီဆင့်၊ သမီးအတွက် မပူပါနဲ့၊ ဟုတ်ကဲ့"

တော်ဝင့်မျက်နှာလေးမှာ စိုးရိမ်ထိတ်လန့်စိတ်လေးတွေ အ
ရိပ်ထင်လျက် နံဘေးရောက်လာသောသူ့ကို မော့ကြည့်သည်။

"ဘာဖြစ်လို့လဲ တော်ဝင်"

"ဦး ဦးမိုး လူတစ်ယောက်ကို ကားနဲ့တိုက်မိလို့တဲ့"

"ဟုတ်လား၊ ဘာဖြစ်သွားသေးလဲ"

"မသိဘူး၊ အခု အန်တီဆင့်ဆီဖုန်းဆက်လို့ အန်တီဆင့်
လိုက်သွားတယ်တဲ့၊ တော်ဝင်ကို အငှားကားနဲ့ ပြန်ခဲ့ဖို့ ဖုန်းလှမ်း
ဆက်တာ"

"တော်ဝင်ကို ကိုယ်လိုက်ပို့ပေးမယ်လေ"

"ဟင့်အင်း မပို့ပါနဲ့၊ အန်တီဆင့်သိသွားရင် ဘယ်ကောင်းမ



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ ဟိုလေ တက္ကစီတစ်စီးလောက် ငှားပေးပါနော် ကိုမင်း''

''ကိုယ့်ကားနဲ့ တော်ဝင်တို့အိမ် မရောက်ခင် လမ်းထိပ်အထ ပို့ပေးမယ်၊ အနားရောက်မှ တက္ကစီငှားပေးလိုက်မယ်၊ ဒါဆို အန် ဆင့် မသိဘူးပေါ့''

မညာတတ် မလိမ်တတ်သော ကောင်မလေးကိုမှ သူ လိမ်ညာခိုင်းနေသည့်အဖြစ်။ ကောင်မလေးမျက်နှာက လိပ်ပြာမ သလို ခေါင်းကလေးခါသည်။

''ဟို ဟိုလေ အန်တီဆင့်သိရင်''

''မသိပါဘူးကွာ၊ အန်တီဆင့်က ဦးမိုးကိစ္စအတွက် သွား တာပဲဥစ္စာ''

တော်ဝင် တွေတွေလေးငြိမ်သက်နေတော့ သူ တော် လက်ကလေးကိုဆွဲကာ ကားဆီခေါ်ခဲ့သည်။

''ကဲ တက်ပါကွာ၊ ဘာမှမပူနဲ့၊ ကိုယ်လိုက်ပို့ပေးမယ်''

တော်ဝင် မငြင်းနိုင်ဘဲ ပါလာသည်။ ကားတံခါးလေး သူ ပေးတော့ တော်ဝင် ဝင်ထိုင်သည်။ ယုံကြည်လွယ်လွန်းသည့် ကော မလေးရဲ့အပေါ်မှာ သူ လှည့်စားသလိုဖြစ်နေပြီလား။

ကောင်မလေးရယ် ကိုယ် လိမ်ညာတာမဟုတ်ပါဘူး။ မင် ချစ်လွန်းလို့ ကြံစည်ဖန်တီးမိတာပါ။ မင်း စိုးရိမ်ထိတ်လန့် လုပ်လိုက်မိသလို ဖြစ်နေခဲ့ပြီလား။

''တော်ဝင် အရမ်းစိုးရိမ်နေတာလား''





''အင်း ဦးမိုးအတွက် စိုးရိမ်နေတာ၊ တစ်ခုခုဖြစ်သွားရင် ဦးမိုး ဒုက္ခရောက်မှာ၊ ဦးမိုးမှာက မိသားစုနဲ့''

တော်ဝင် ပြောရင်း မျက်ရည်လေးတွေတောင် ဝဲလာသည်။ ကြည့်ရင်း သူ စာနာသနားသွားမိ၏။

''မစိုးရိမ်ပါနဲ့ တော်ဝင်ရယ် ဘာမှမဖြစ်ပါဘူး၊ ဒါနဲ့တော်ဝင် က ဘယ်ကျောင်းတက်မှာလဲ၊ ကိုယ်လာလည်မှာနော်''

''နည်းပညာတက္ကသိုလ်တက်ဖြစ်မှာ''

''ဟင် ဘယ်လို''

''နည်းပညာတက္ကသိုလ်ပါ ဘာဖြစ်လို့လဲ''

မဟော် အံ့သြထိတ်လန့်သွားမိတာတော့ အမှန်ဖြစ်သည်။ နည်းပညာတက္ကသိုလ်ဆိုတော့ နှင်းမခနှင့် ဆုံနိုင်သည်။ နှင်းမခက တက်ရှိမှာ နည်းပညာတက္ကသိုလ်တက်နေသည်။ ဒီနှစ်ဆို ဒုတိယနှစ် ရောက်ပြီ။ အခုတော့ တိုက်တိုက်ဆိုင်ဆိုင် တော်ဝင်နှင့်လာတူနေ၏။

''ဘာမှမဖြစ်ပါဘူး ကိုယ်လာလည်ရင် တော်ဝင် ရှောင်မနေ နဲ့နော်''

''ဟင့်အင်း ဘာလို့ရှောင်ရမှာလဲ၊ လာခဲ့ပါ၊ တော်ဝင်ရှိမှာပါ''

''ကျောင်းတက်ဖို့က သုံးပတ်လောက်လိုသေးတယ်ဆိုတော့ ဒီရက်တွေမှာ တော်ဝင့်ကို ကိုယ် တွေ့ခွင့်မရှိတော့ဘူးလားဟင်''

မဟော့်စကားကြောင့် တော်ဝင် မျက်နှာဝန်းလေးတွေနှင့် လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းနဲ့ ခင်မင်နေတာကို အန်တီဆင့်သိရင် ဘာပြောမလဲ မသိဘူး။ တော်ဝင်မှာ မိတ်ဆွေသူငယ်ချင်း တစ်ယောက်မှမရှိဘူး ကိုမင်းက ပထမဆုံးခင်မင်ရင်းနှီးတဲ့သူပါ၊ ဒါပေမဲ့ ယောကျာ်းလေး သူငယ်ချင်းဖြစ်နေတော့ အန်တီဆင့် လက်ခံပါ့မလား မသိဘူး"

သူမစကားကြောင့် မဟော်ရင်ထဲမှာ စိုးရိမ်စိတ်ကလေးဝင် လာရသည်။ တော်ဝင်ရဲ့အန်တီဆင့်က သူ့အကြောင်းတွေသိရင် တော် ဝင်နှင့်ရင်းနှီးကျွမ်းဝင်နေတာကို လက်ခံမည်လား။

သူ့အကြောင်းတွေကိုသိရင် ဘယ်လိုမှ လက်မခံမှာ သေချာ ၏။

"ကိုမင်းကို တော်ဝင်ခင်ပါတယ်၊ ဒါကြောင့် အန်တီဆင့် မသိအောင် တော်ဝင်သိုဝှက်ထားတာပါ။ တော်ဝင်ကို နားလည်ပါနော်"

တောင်းပန်သလိုလေးပြောနေတော့ သူ ပင့်သက်ရှိုက်ရင်း ခေါင်းညိတ်ရပြန်၏။ ဘာပဲဖြစ်ဖြစ် တော်ဝင်ကိုတော့ သူ အနိုင်မယူ ရက်အောင်ပဲ မြတ်နိုးပါသည်။

တစ်ချိန်ချိန်မှာတော့ သူ့အချစ်ကို တော်ဝင်သိအောင် ဖွင့် ပြောရပါဦးမည်။

အဲဒီအခါကျရင် တော်ဝင် ဘယ်လိုဆုံးဖြတ်မည်လဲ။

✿ ✿ ✿



## အခန်း (၁၉)

"ဒေါက် ဒေါက်"

"ကိုကို"

တံခါးခေါက်သံနှင့်အတူ ကြားလိုက်ရသော မခသံကြောင့် ဘာပင်နိုကိုင်ထားသော လက်ချောင်းတွေတောင် ဆတ်ခနဲတုန်သွား သည်။ မျက်ဝန်းတွေက တံခါးဆီကို မကျေမနပ်ငဲ့ကြည့်မိသည်။

"ကိုကို"

"ဘာကိစ္စလဲ မခ"

"နွားနို့လာပို့တာပါ ကိုကို"

"မသောက်ချင်ဘူး"

"ဟင် ခုနကတော့ အေးအေးကို နွားနို့ယူခိုင်းတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"အေး ငါယူနိုင်းတာ မိအေးကို၊ နင့်ယူနိုင်းတာမှ မဟုတ်ဘဲ သွားစမ်းပါဟာ၊ ငါ မသောက်ချင်တော့ဘူး"

"သောက်လိုက်ပါ ကိုကိုရာ၊ နွားနို့က ပူပူလေး။ မခကိုယ်တိုင် နွေးပြီးယူလာတာပါ၊ နော် ကိုကို"

"မခ ငါ့ကိုရစ်မနေနဲ့၊ ငါ တကယ် မသောက်ချင်တော့တာ လစ်တော့"

ယတိပြတ်ပြောပြီး ခိုင်ယာယီစာအုပ်လေးကို ပိတ်ပစ်လိုက် သည်။ တော်ဝင်နှင့် ပတ်သက်သမျှ ရင်ထဲကခံစားချက်တွေကို ... စဉ် ရင်ဖွင့်ဖြစ်ခဲ့တာ။ ဒီကောင်မလေးလာနှောင့်တာကြောင့် ဘာ... ဖြစ်ကုန်မှန်း မသိတော့။

"ကိုကို"

ခွဲခွဲနွဲ့နွဲ့ခေါ်သံကို ထပ်ကြားသည်။ စကားထပ်မပြောချင်... မို့ သူ နှုတ်ဆိတ်နေလိုက်သည်။

"ကိုကို တံခါးမဖွင့်မချင်း မခ ရပ်စောင့်နေမှာနော်"

ခြိမ်းခြောက်သလိုဆိုသော စကားသံလေးက မူနွဲ့နွဲ့လေး... ဖြစ်သည်။ ဒါပေမဲ့ သူ ထောင်းခနဲဒေါသဖြစ်သွားသည်။ စားပွဲ... က ခိုင်ယာရီစာအုပ်လေးကို ခေါင်းအုံးအောက် သိမ်းဆည်းပြီးမှ တံ... ဆီလှမ်းခဲ့သည်။

တံခါးကို ဒေါသတကြီးဆွဲဖွင့်လိုက်တော့ မြင်လိုက်ရသော... နွားနို့ဖန်ခွက်တင်ထားသော ဗန်းလေးကိုင်ကာ ရပ်နေသည့် မ...





ပြုံးယဲ့ယဲ့မျက်နှာလေး။

"အစောကြီးကတည်းက ဖွင့်ပေးလိုက်ရင် ပြီးရဲ့နဲ့၊ ကိုကို က တကယ်ပဲ"

သူ ဒေါသထွက်နေတာကိုသိပေမယ့် မခ,ကတော့ ထုံးစံ အတိုင်း စကားရောဖောသောပြောကာ ဗန်းလေးကို အခန်းထဲယူလာ သည်။

ပြီးတော့ စားပွဲလေးပေါ်တင်ပေးပြီး သူ့ကိုလှည့်ကြည့်သည်။ နှုတ်ခမ်းတွေတင်းတင်းစေ့ပြီး ရှုတည်တည်ကြည့်နေသော သူ့ကို မခ ပခုံးလေးတွန့်ကြည့်၏။ ပြီးမှ တံခါးဆီပြန်လျှောက်လာရင်း –

"ဘာဖြစ်နေတာလဲ ကိုကို၊ လူကိုကြည့်တာများ အမှုန့်ကြိတ် ပစ်တော့မယ့်အတိုင်းပဲ"

"အေး ကြိတ်ပစ်ချင်နေတာ အမှန်ပဲ၊ ဒါမှ နင့်ကို လုံးဝ မမြင်ရတော့မှာ"

"ဟင် မခကို အဲဒီလောက်ထိတောင် မုန်းနေသလား၊ ကိုကို့ ကို မခ အဲဒီလောက်အထိ ဒုက္ခမပေးပါဘူးနော်"

"နင့် ငါ့ကို အမြဲအနှောင့်အယှက်ပေးနေတာကို၊ အခန်းထဲ့ မှာ တစ်ယောက်တည်းနေလည်း မရ၊ အပြင်ထွက်ဂစ်တာတီးလည်း မရ၊ မလွယ်ပါလား"

"ကိုကိုရယ် မခက နှောင့်ယှက်တာ မဟုတ်ပါဘူး၊ ကိုကို့ကို ခင်မင်သံယောဇဉ်ကြီးတာပါ၊ ကိုကိုအရိပ်ကို အမြဲကြည့်ပြီး ဖြည့်



www.burmeseclassic.com

www.burmeseclassic.com



ဆည်းပေးနေတာပါ''

ချက်ချင်းပဲ လေသံလေးက တုန်ယင်ကာ မျက်ရည်တွေဝဲလာပြန်သည်။ ဒီလိုကျတော့လည်း ကောင်မလေးကို သူ သနားမိပြန်သည်။

''ကဲ ကဲ သွားတော့ မခ၊ ငါ ဘာမှမလိုတော့ဘူး။ နှောင့်ယှက်မနေနဲ့တော့''

ဝဲတက်လာသော မျက်ရည်တွေကို ချက်ချင်းပုတ်ခတ်သိမ်းဆည်းပြီး မခ လှမ်းထွက်သွားသည်။ အနက်ရောင်လက်ပြတ်အင်္ကျီ ခါးတိုလေးနှင့် ဂါဝန်ပွပွလေးက ဒူးဖုံးရုံမျှပဲ ရှည်သည်။

တကယ့်ကလေးလေးအတိုင်းပါပဲလားဟု တွေးမိတော့ အာရုံထဲကိုဝင်လာတာ တော်ဝင့်မျက်နှာလေးဖြစ်သည်။

''မခ''

ခေါ်သံကြောင့် မခ လှည့်ကြည့်သည်။ တော်ဝင်အကြောင်းတွေးမိပြီး မခနှင့်တော်ဝင် ကျောင်းတူနေတာ သတိရပြီး ခေါ်မိတာဖြစ်၏။

''ဘာလဲဟင်၊ ကိုကို ဘာခိုင်းမလို့လဲ''

''ခိုင်းဖို့ မဟုတ်ပါဘူး၊ နင့်ကို မေးစရာရှိလို့''

''ကိုကို ဘာမေးမလို့လဲ၊ မေးလေ''

ခြေလှမ်းတွေ သူ့ဘက်ပြန်လှည့်လာပြီး မခ မေးသည်။

''တခြားမဟုတ်ပါဘူး၊ နင်တို့ကျောင်းတွေ ဘယ်တော့ စ





ဖက်ရမှာလဲသိချင်လို့''

''နှစ်ပတ်ကျော်ကျော်လောက် လိုသေးတယ်လေ၊ ဘာလို့လဲ ကိုကို''

''ငါသိချင်လို့မေးတာ၊ ကဲ ရပြီ၊ သွားတော့''

ပြောပြီး သူ အခန်းတံခါးကိုပိတ်လိုက်သည်။ နှစ်ပတ်ကျော်ကာလလုံးလုံးမှာ တော်ဝင်နှင့်ဆုံဖို့က ခက်ခဲလွန်းနေဦးမှာ သေချာသည်။

ကျောင်းဖွင့်ရက်တွေမှာတော့ ကျောင်းကို သူသွားတွေ့နိုင်သည်။ ဒါပေမဲ့ နှစ်ပတ်ကျော်လုံးလုံးတော့ တော်ဝင်ကို သူ မတွေ့ဘဲ မနေနိုင်ပါ။

တော်ဝင်ရဲ့အရိပ်လေးကို မြင်ရဖို့အတွက်တော့ ဝဏ္ဏတို့အိမ်ကိုပဲ သူ အားကိုးရတော့မည်။

ကံကြမ္မာက အခွင့်အရေးပေးလာခဲ့ရင်တော့ တော်ဝင်ရဲ့အရိပ်လေးကို သူ မြင်တွေ့နိုင်ကောင်းပါရဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

''အဲဒီနေ့က အဖြစ်အပျက်ကိုတော့ မပြောချင်တော့ဘူး မဟော်၊ ငါတို့ တော်တော်ရက်ကလည်ရိုက်ကုန်တာကွ''

''ဘာတွေဖြစ်ကုန်လို့လဲ''

''ဘာဖြစ်ရမှာလဲ၊ ဦးမိုးကားနဲ့ မတိုက်မိပေမယ့် အာကာစီးတဲ့ကောင်က လန့်ပြီးခုန်ရှောင်လိုက်တာ ပလက်ဖောင်းပေါ်မှာ ဖင်ထိုင်ရက်ပြုတ်ကျရောပဲ၊ ကားက ဆယ်ပေအကွာလောက်ကတည်းက ဘရိတ်နင်းပြီးရပ်ပြီးသားဆိုတော့ မတိုက်မိတာ အသိသာကြီးပဲ''

''အာကာကတော့ လုပ်လိုက်ရင် တလွဲချည်းပဲ''

''အေး ကားနဲ့မတိုက်မိပေမယ့် အာကာ မြီးညှောင်းရိုးနာသွားတာကတော့ အမှန်ပဲ၊ ငါလည်း ဦးမိုးဆိုတဲ့လူကြီးကို အဖြူထည်





ကြီးပြသနာရှာရတာပေါ့၊ ဟိုက သူနဲ့မဆိုင်ဘူးရှင်းပေမယ့် ဆေးခန်းကို ဖွတ်ပို့နိုင်းရတယ်''

''တော်သေးတာပေါ့ကွာ၊ ဟိုက လိုက်ပို့တယ် မဟုတ်လား''

''ဦးမိုးက ပို့ရှာပါတယ်၊ တကယ်လည်း အာကာခံလိုက်ရတာကိုး ဆိုးတာက ဆေးခန်းရောက်တော့ ဦးမိုးဖုန်းဆက်လို့ အန်တီဆင့်ရောက်လာတော့ ငါနဲ့ထိပ်တိုက်တွေ့ပြီး မျက်နှာပူစရာဖြစ်ကုန်ရောကွ''

''အန်တီဆင့် ရိပ်မိသွားလို့လား''

''မရိပ်မိပါဘူး၊ ဒါပေမဲ့ ငါက ဦးမိုးကို ခြိမ်းခြောက် ကျိုင်ရှာသားတာတွေ ဦးမိုးက ဖုန်းထဲက အန်တီဆင့်ကိုပြောထားတာကိုးကွ၊ အန်တီဆင့်ရောက်လာတော့ ငါ့မှာ တောင်းပန်ရတယ်၊ အန်တီဆင့်ကားမှန်း မသိလို့ပါ၊ သူငယ်ချင်းအတွက် ထူပူပြီးပြောမိတာပါ ဘာညာပေါ့ကွာ''

''ဘာပဲဖြစ်ဖြစ် အဆင်ပြေသွားတယ် မဟုတ်လား''

''အဆင်ပြေသွားတယ် မလုပ်နဲ့ အာကာကတော့ ဆေးနှစ်လုံးထိုးခံရတယ်၊ အခုလည်း ဒဏ်ရာအရှိန်နဲ့ လမ်းတောင်ကောင်းကောင်းမလျှောက်နိုင်ဘူး''

''ဟေ အဲဒီလောက်တောင် ဖြစ်ကုန်သလား၊ ငါ မသိဘူး''

''မင်းဆီ ငါဖုန်းဆက်တယ်၊ ဆက်မရလို့''

''ဟုတ်လား၊ မနေ့က ငါ တစ်နေ့လုံး ဖုန်းပိတ်ထားတာကွ၊ ရွှေရည်လွင် ဖုန်းခေါ်ပြီး ရစ်နေလို့ကွ''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က ရွှေရည်လွင်လဲ"

"စမ်းချောင်းကလေကွာ"

"ဪ သိပြီ မင်းနဲ့ပြတ်တာ ကြာပြီဆို ဘာဖြစ်နေတာလဲ"

"ပြတ်တာကြာပြီ၊ ဒါပေမဲ့ သူက ဖုန်းထဲကနေ ငါ့ကိုမုန်းလို့ မရဘူး, ဘာညာကြွေပြတယ်၊ အခု သူ့အိမ်က အိမ်ထောင်ချပေးမယ့်ယောကျ်ားကို မယူနိုင်ဘူးတဲ့၊ သူ့ကိုခိုးဖို့ ငါ့ကိုပြောနေတာ"

"ပြဿနာပါလား"

"အေး တကယ့်ကျိုင်တွေကွာ၊ တစ်ခါမက, နှစ်ခါမက, နာရီဝက် တစ်ခါလောက်ဆက်နေလို့ ငါ ဖုန်းပိတ်ပြီး အခန်းအောင်းနေတာ"

"ဖြစ်ရမယ်၊ ဒါဆို အာကာ့အိမ် မရောက်သေးဘူးပေါ့"

"ဘယ်ရောက်မှာလဲ အခု မင်းပြောမှ သိတယ်၊ ဒီညနေ ငါဝင်သွားလိုက်ပါ့မယ်၊ တကယ်ကွာ ငါ စိတ်မကောင်းဘူး"

"အေးကွာ၊ ဒီကောင် ခိုးရိမ်လွန်ပြီး ခုန်ရှောင်တာ မြီးညှောင်ရိုးနာသွားတယ်ကွ၊ ဆရာဝန်က ဓာတ်မှန်ရိုက်ခိုင်းလို့ ရိုက်ရသေးတယ်၊ တော်သေးတာပေါ့ အရိုးအက်မသွားတာ"

အာကာ့အဖြစ်ကို ဝဏ္ဏပြောပြနေတော့ သူ စိတ်မကောင်းဖြစ်မိသည်။ သူ့ကိုကူညီရင်းဖြစ်သည့်ကိစ္စကို မသိတော့ ဥပေက္ခာပြုထားသလို ဖြစ်နေ၏။ အာကာကတော့ အတော်ကျိန်ဆဲစိတ်ဆိုးနေမှာ သေချာ၏။





"ညနေ သွားလိုက်မယ်ကွာ"

"အေး ကျေနပ်အောင် တောင်းပန်လိုက်ဦး။ အနည်းဆုံး တစ်ပတ်လောက်တော့ ဒီကောင် အိမ်တွင်းအောင်းနေရမှာ သေချာတယ်"

"အေးပါကွာ၊ ဒီကောင်ကြိုက်တဲ့ ကဗျာန်းပေါင်းနဲ့ ဓာတ်စာတွေ ဝယ်သွားပြီးငိုပြလိုက်ရင် ရပါတယ်"

"အင်း အာကာ အခုလိုဖြစ်တာ ငါလည်းစိတ်မကောင်းပါဘူး။ ဒါပေမဲ့ ငါ့အတွက် တစ်ခုတော့ ကံကောင်းတယ်"

"ဘာ ကံကောင်းတာလဲ"

"ဆွိဒါလီကိစ္စလေကွာ၊ အခု သူတို့သားအမိ ရန်ကုန်ရောက်နေကြတယ်၊ ငါနဲ့တောင် အတော်ရင်းနှီးနေပြီ"

သူ တစ်ခါမြင်ဖူးသော ဆွိဒါလီပုံရိပ်ကို အာရုံထဲမှာပြန်ပုံဖော်မရတော့ပေမယ့် ဝဏ္ဏနှင့်အာကာတို့ အပြိုင်ကြိုးစားနေသူဟု သိသည်။

"သူတို့က သန်လျင်မှာ နေကြတာကွ၊ ဒီမှာတစ်ပတ်လောက်နေမှာတဲ့၊ ဒီကာလမှာ ငါ ကြိုးစားကြည့်ခွင့်ရပြီ၊ အာကာတော့ မနှောင့်ယှက်နိုင်ဘူး"

"ခွေးကောင် မင်းက ဒါကြောင့် ဝမ်းသာနေတာပေါ့လေ"

"ဟာ ဒီသဘောမဟုတ်ပါဘူးကွ၊ ငါက ဖြစ်ပျက်နေတဲ့ အခြေအနေကို ပြောပြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏ ကသောကမျော ဖြေရှင်းသည်။ ဆွိဒါလီကိစ္စအတွက် ဝဏ္ဏကံကောင်းတာ မှန်ပေမယ့် အာကာအတွက်တော့ ဒီကော စိတ်မကောင်းမှာတော့ သေချာ၏။ ဟိုးငယ်ငယ်ကနေ ကျော တော်ကြီးအထိ လည်ပင်းဖက်ပေါင်းခဲ့သူတွေပဲ။ သံယောဇဉ်ကြိုး ပေါ့သေးသေးတော့ မဟုတ်နိုင်ပါ။

"ဒါနဲ့ မင်းတို့ကိစ္စကော အဆင်ပြေရဲ့လား"

"အဲဒီနေ့က ဒရိုင်ဘာဦးမိုးအတွက် သူ ပူပန်နေတာ ကြည့်ပြီး ငါတောင် စိတ်မကောင်းဖြစ်သွားတယ်ကွာ"

"ဟင် ဒါဆို မင်း ဘာမှမထူးခြားဘူးပေါ့၊ မတန်လိုက်တာ ကွာ"

ဝဏ္ဏ မချင့်မရဲပြောသည်။ သူ နှုတ်ဆိတ်စွာပဲ တစ်ဖက် လေးထဲကို ငေးမောကြည့်နေမိဆဲ။

မြင်ရတွေ့ရဖို့ ခက်ခဲလှသော အရိပ်လေးကိုမျှော်ရတာ ထဲမောလှ၏။ ရည်းစားတွေထားခဲ့ဖူးတုန်းက စိတ်ညစ်ရင်မောစ ဘာတစ်ခုမှမရှိခဲ့ဖူးပေမယ့် တော်ဝင်လေးနဲ့ကျမှ သူ ခံစားနေခဲ့ရ တွေကတော့ ထူးဆန်းပါသည်။

ဒါ အချစ်ဆိုသောအရာကြောင့်ဆိုတာ သူ ယုံတတ်ခဲ့ပြီ

တော်ဝင်လေးနှင့်ပတ်သက်သည့် ရင်မောစရာတွေကိုလည် ခံစားတတ်ခဲ့ပြီ။

✿ ✿ ✿



## အခန်း (၂၁)

ထုံးစံအတိုင်း မနက်မိုးလင်းတာနဲ့ ရေမိုးချိုး အဝတ်အစား လဲပြီး သူ သွားဖို့ပြင်ဆင်မိတာ ဝဏ္ဏရဲ့အိမ်ကိုဖြစ်သည်။

"ကိုကို"

ညှို့ခန်းကို ထွက်မိသည်နှင့် ကြည်လင်သောစိတ်ကို အ နှောင့်အယှက်ပေးလာတာ နှင်းမခပါပဲ။ ဝတ်စားပြင်ဆင်ထားပုံက တစ်နေရာကိုသွားမည့်ပုံစံဆိုတာ ထင်ရှားသည်။ အနားမှာလည်း ဒေါ် မိုးမြင့်စံ ငုတ်တုတ်ကြီးရှိနေသည်။

ဘာနှောင့်ယှက်ဦးမလဲဆိုသောအကြည့်နှင့် မပေါ် ဘုဆတ် ဆတ် မေးငေါ့ကြည့်နေလိုက်သည်။

"ကိုကိုနဲ့ လမ်းကြုံလိုက်ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလမ်းကြိုလဲ၊ ကြိုစရာ အကြောင်းမရှိဘူး"

"မောင်မဟော် လမ်းသင့်ရင် သမီးလေးကို လမ်းထိပ်
သွားပေးပါကွယ်၊ လမ်းထိပ်ရောက်မှ သမီးဘာသာ တက္ကစီငှားသွ
လိမ့်မယ်၊ အိမ်က ကားပျက်နေလို့ ဝပ်ရှော့ပို့ထားရတယ်"

ဒေါ်မိုးမြင့်စံကပါ တောင်းပန်အကူအညီတောင်းသံနှင့်
ပြောသည်။ ဒါပေမဲ့ မဟော် ခေါင်းကိုပဲ ခါယမ်းပြရင်း –

"လမ်းထိပ်လမ်းလျှောက်သွားရမှာ ဘယ်လောက်ဝေးလို့
ကျွန်တော်က ဝင်စရာရှိတယ်"

"တက္ကစီငှားလို့ရမယ့် လမ်းထိပ်ပဲ လိုက်မှာပါ ကိုကို၊
အချိန်နောက်ကျနေလို့ပါနော်"

"ဆောရီးပဲ၊ ငါလည်း သိပ်အရေးကြီးနေတယ်"

ယတိပြတ်စကားနှင့် မင်းမဟော် ငြင်းဆိုပြီး လှမ်းထွက်သွ
သည်။ ညှော်ခန်းထဲမှာ ကျန်ရစ်ခဲ့သော မခတို့နှစ်ယောက်စလုံး
တစ်ချက်လေးတောင် လှည့်မကြည့်တော့ပါ။

ဆင်ဝင်အောက်မှာ ရပ်ထားသော ကားပေါ်တက်ကာ
ခနဲမောင်းထွက်သွားသည်။

ဒေါ်မိုးမြင့်စံ အံကိုတင်းခနဲကြိတ်ရင်း သမီးကိုလှမ်းကြ
တော့ မခ,မျက်ဝန်းက မျက်ရည်တို့ ယိုစီးကျနေပြီ။

သူမရင်ထဲ နင့်ခနဲ နာကျင်ခံစားလိုက်ရ၏။ သမီးဖြစ်
ရင်ထဲက ခံစားချက်တွေကို စာနာနားလည်နိုင်ပါသည်။ မင်းမဟော်





သိပြတ်သားသော ဆက်ဆံမှုတွေက နုနယ်သော သမီးလေးနှလုံး
သားကို ထိခိုက်စေမှာ သေချာသည်။

"သမီးလေး"

သမီးပခုံးလေးကိုဆုပ်ကိုင်ပြီး နှစ်သိမ့်ခေါ်လိုက်မိခါမှ မျက်
ရည်တွေ သမီးပါးပြင်ပေါ် ယိုလို့စီးကျလာသည်။

"အဟင့် ဟင့် မေမေရယ်၊ သမီးလေ အရမ်းဝမ်းနည်း
တယ်"

ကြေကြေကွဲကွဲရှိုက်ငိုရင်း သမီးက သူမရင်ခွင်ထဲကို ခေါင်း
တိုးဝင်သည်။ တသိမ့်သိမ့် တုန်ယင်နေသော သမီးခန္ဓာကိုယ်လေးကို
ပွေ့ဖက်ထိန်းထားရင်း ဆိုဖာထိုင်ခုံမှာ ဖေးမ,ထိုင်စေလိုက်သည်။

"မေမေ နားလည်ပါတယ် သမီးရယ်"

နှစ်သိမ့်အားပေးနေမိသည့် သူမကိုယ်တိုင် ခံစားချက် မျက်
ရည်တွေရစ်ဝဲလာသည်။ ဒါပေမဲ့ ပါးပြင်ပေါ်စီးကျမလာခင်မှာပဲ မျက်
တောင်တွေနှင့် ပုတ်ခတ်သိမ်းဆည်းပစ်လိုက်ပါသည်။

သူမမျက်ရည်တွေကိုမြင်လျှင် သမီးလေး ပိုမိုအားငယ်သွား
မည်စိုးမိ၏။

"သမီး မငိုနဲ့တော့နော်၊ မျက်ရည်ကျတယ်ဆိုတာ အရှုံး
ပေးတာပဲတဲ့၊ သမီး ဘယ်တော့မှ အရှုံးမပေးနဲ့နော်၊ လိုချင်တဲ့အရာ
တစ်ခုကို ရယူနိုင်ဖို့အတွက် သည်းခံစိတ်နဲ့ အရှုံးမပေးတဲ့စိတ်ဓာတ်တွေ
ရှိင်မာဖို့လိုတယ် သမီး"



www.burmeseclassic.com

www.burmeseclassic.com



သူမ,အားပေးစကားတွေကို သမီး နားလည်နိုင်မည်
မသိပါ။ သမီးပါးပြင်ပေါ်က မျက်ရည်စတွေကိုတော့ သူမ ညင်
စွာပဲ ပွတ်သုတ်သိမ်းဆည်းပေးလိုက်မိ၏။

"ကိုကို့ကို သမီး အမြဲတမ်းသည်းခံစိတ်နဲ့ ဆက်ဆံခဲ့တာ
မေမေရယ်၊ ကိုကို့ရဲ့တုံ့ပြန်မှုတွေက ခါးသီးနေခဲ့တော့ သမီး ဝမ်းနည်
တယ်၊ ဒါပေမဲ့ သမီးဘယ်တော့မှ ကိုကို့ကို မနာကြည်းဘူး မေမေ"

မျက်ရည်စတွေနှင့် တောက်ပပြာလဲ့နေသော သမီး
မျက်ဝန်းတွေထဲကို ငေးစိုက်ကြည့်ရင်း သူမ ရင်မောသွားမိတာ
မှန်ဖြစ်သည်။

အချစ်ဆိုသောတန္ဓေတစ်ကောင် သမီးကိုပူးတွယ်ကပ်ငြိ
ခဲ့ပြီထင်ရဲ့၊

"သမီးလေ ကိုကို့ရဲ့ ယုယကြင်နာမှုလေးကိုပဲ အမြဲ
လင့်ခဲ့တာပါ၊ အဲဒီအရာတစ်ခုကလွဲရင် သမီး ဘာကိုမှ မမက်မော
ဘူး မေမေရယ်"

ကြည့်စမ်း။ ရိုးသားစွာဝန်ခံနေခဲ့သောစကားတွေက သ
လေးရင်ထဲက ဆန္ဒတွေပဲပေါ့။ သံယောဇဉ်နဲ့နှောင်ဖွဲ့သော အချ
တစ်ခုကို သမီးခံစားတတ်နေခဲ့တာတော့ သေချာသည်။

"ကိုကိုဘာလို့ သမီးကိုခါးသီးနေတာလဲ မသိဘူး။ တကယ
ဆို သမီးထားတဲ့ စေတနာ,မေတ္တာတွေအတွက် ကိုကို့ဘက်က တ
ခုတော့ ပြန်တုံ့ပြန်သင့်ပါတယ်"





ဝမ်းနည်းကြေကွဲသံလေးနှင့် သမီးလေးရေရွတ်တော့ သူမ
ထဲမှာ တုကယ်ခံစားနာကျင်ရသည်။

"သမီးလေးရယ် မောင်မပေဟ်က မေမေ့အပေါ်မှာ မိတွေး
တဲ့စိတ်နဲ့ အမြင်တွေလွဲနေတာပါ၊ အဲဒီစိတ်နဲ့ပဲ မေမေရဲ့သမီးလေး
ပါ ရိုက်ခတ်နေခဲ့တာပါ။ ဒါပေမဲ့ သမီးလေးထားတဲ့ မေတ္တာ စေတ
ရဲ့ တုံ့ပြန်မှုကိုတော့ သမီး ပိုင်ဆိုင်ရမှာပါကွယ်"

သူမကို မော့ကြည့်နေသော သမီးလေးမျက်ဝန်းတွေထဲမှာ
ခြင်းတရားအတွက် မျှော်လင့်ချက်တွေနှင့် တောက်ပနေခဲ့သည်။

ထိုမျှော်လင့်ချက်တွေ ပြိုပျက်သွားမှာကို သူမ စိုးထိတ်မိ
သည်။ သမီးလေးတောင့်တသော ဆန္ဒတစ်ခုတော့ ပြည့်ဝစေချင်ပါ
သည်။

မေမေ့ရဲ့သမီးလေး ဘယ်တော့မှ မကြေကွဲ ဝမ်းမနည်းစေ
ဘူးကွယ်။

အဲဒီအတွက် မေမေ အားလုံးကိုရင်ဆိုင်ရဲတယ်။ မေမေရဲ့
ဘဝတစ်ခုလုံးက သားနဲ့သမီးအတွက် ရင်ဆိုင်ရဲရင့်ခဲ့တာပါ သမီးရယ်။

မေမေဖြတ်သန်းရင်ဆိုင်ခဲ့တဲ့ အတိတ်ဘဝတစ်ခုလုံးမှာ မေ
ရဲ့ရင်သွေးလေးနှစ်ဦးအတွက်ပဲ အမြဲတမ်း ဆုံးဖြတ်ရှင်သန်ခဲ့တယ်
ဆိုတာ . . .။

✿



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ကိုပြန်တွေးမိတိုင်း သူမ အာရုံထဲမှာ မှတ်မိနေ
သော ကာလတစ်ခုက အတွေးထဲဝင်လာတတ်စမြဲဖြစ်သည်။

ခင်ပွန်းသည် ဆုံးပါးပြီးတော့ ကလေးနှစ်ယောက်နှင့် ကျ
ရစ်ခဲ့သော သူမ,ရင်ဆိုင်ခဲ့ရသော ဒုက္ခဆင်းရဲတွေကို ဘယ်တော့
မမေ့နိုင်ခဲ့ပါ။

ထိုစဉ်က သားမိုးကျော်က အသက်ခြောက်နှစ်၊ သမီးလေး
နှင်းမခ အသက်က နှစ်နှစ်ကျော်လေးပဲရှိသေးသည်။ ပွဲရုံတစ်ခု
စာရင်းကိုင်ဝန်ထမ်းတစ်ယောက်ဖြစ်သော ခင်ပွန်းသည်က သူမ
သားအမိအတွက် ဘာမှမထားရစ်ခဲ့နိုင်ပါ။

အားကိုးစရာ မိဘဆွေမျိုးတွေမရှိသည့်ဒေသမှာ ကလေး
နှစ်ယောက်မိခင် သူမအဖို့ ဝမ်းရေးအတွက် ရုန်းကန်ကြိုးစားခဲ့
သည်။ ပညာရေးမှာ ဘွဲ့တစ်ခုပိုင်ဆိုင်ထားပေမယ့် အိမ်ထောင်ကျ
တော့ သူမ ဘာအလုပ်မှ မလုပ်ခဲ့ရ။

ခင်ပွန်းဖြစ်သူရဲ့လုပ်စာကိုပဲ မိသားစုပြီးပြီးချောချောစားသောက်
ခဲ့ကြတာဖြစ်သည်။ ခင်ပွန်းဆုံးပြီဆိုတော့ သူမ မဖြစ်မနေ အလုပ်
တစ်ခုလုပ်ရတော့၏။ ကလေးနှစ်ဦးတာဝန်၊ စားဝတ်နေရေး အား
လုံးအဆင်ပြေဖို့အတွက် ရှိသည့်ငွေလေးကို အရင်းပြုကာ အဝေးပြေး
ကားဂိတ်လေးမှာ ကွမ်းယာဆိုင်လေးဖွင့်ဖြစ်သည်။





မနက် သားကြီးကိုကျောင်းပို့ပြီးလျှင် သမီးလေးကို ရင်ခွင်
ပိုက်ကာ ဈေးရောင်းရသည်။ နေ့စဉ် ပုံမှန်ဝင်ငွေလေးနှင့် မိသားစု
စားရေးက အထိုက်အလျောက်တော့ အဆင်ပြေခဲ့သည်။

ဒါပေမဲ့ လင်သားမရှိသော သူမအတွက် အန္တရာယ်တွေက
နေခဲ့တာ အမှန်ပဲဖြစ်သည်။ ရိုးသားစွာ ဈေးရောင်းစားသောက်
ပေမယ့် ကြီစည်ချင်သည့်လူတွေက ရှိသေးသည်။

"ညီမလေးကြည့်ရတာ ပင်ပန်းလိုက်တာ၊ အဟဲ အကိုကြီး
ကူညီမယ်လေ၊ အဲဒီအတွက် တစ်ခုပဲပြန်ပေးမလား၊ ဟင်"

"ဒီမှာ ရှင်ကြီး၊ ဘာစကားပြောတာလဲ၊ ခုချက်ချင်း ကျွန်မ
ဆိုင်ရှေ့က ထွက်သွား၊ အသက်ချင်း လဲပစ်လိုက်မယ်မှတ်"

ကွမ်းရွက်ညှပ်ကတ်ကြေးကိုဆွဲယူပြီး ဘီလူးကြိမ်း ကြိမ်းဝါး
လိုက်တော့မှ ထိုလူ ဆိုင်ရှေ့က ခပ်သုတ်သုတ်ထွက်သွားသည်။
ထိုဟန်နှင့်မာန်နှင့် ကာကွယ်ရှောင်တိမ်းလို့ရသည့်လူရှိပေမယ့် တစ်
ခါတစ်ရံမှာတော့ အမူးသမားအုပ်စုနှင့်တိုးသည့်အခါ အန္တရာယ်က
ရှောင်ရခက်ခက်။

"ရှင်တို့ မူးနေရင် ထွက်သွားကြ၊ ကျွန်မ ရိုးရိုးသားသား
ဈေးရောင်းစားတာနော်"

"အပိုတွေမလုပ်နဲ့ ငါတို့သိတယ်၊ လိုက်ခဲ့စမ်းပါ၊ မင်းအ
တွက် ထိုက်ထိုက်တန်တန်ပေးမှာပါကွ"

"ရှင်တို့ နမသားချင်း မစာနာကြပါလား၊ ကဲ သင်္ဘောတို့ရှိ



www.burmeseclassic.com

www.burmeseclassic.com



စမ်းကြည့်လေ၊ ဟိုမှာ လာနေတဲ့လုံခြုံရေးရဲတွေကြားအောင် ကျွန်
အော်ခေါ်လိုက်မှာ''

''ဟင် ဒိုးကြီး၊ လာကွာ လစ်စို့''

လောကကြီးရဲ့ ရိုက်ခတ်မှုဒဏ်တွေကို သူမ ဘယ်လောက်
ကြာကြာရင်ဆိုင်နိုင်မည်လဲ။ သားနှင့်သမီးအတွက် အနာဂတ်ကိုတွေ
မိတိုင်း ရင်မောခဲ့ရသောညတွေက အများကြီးရှိခဲ့သည်။

သူမဘဝမှာ သွေးရင်းချာညီအစ်ကို မောင်နှမတစ်ယော
မှ မရှိပေမယ့် ရန်ကုန်မှာ ဝမ်းကွဲအစ်မတစ်ယောက်ရှိတာတော့ သိထား
သည်။ အားကိုးရာကင်းမဲ့သောဘဝကြီးမှာ ရှေ့ရည်ရင်ဆိုင်ဖို့ မလွယ်
တာ နားလည်မိချိန်မှာတော့ ရန်ကုန်ကိုသွားဖို့ သူမ ဆုံးဖြတ်ခဲ့သည်

ဒေါ်သိင်္ဂီဆိုသော ဝမ်းကွဲအစ်မကို သူမ ခက်ခက်ခဲခဲရှာဖွေ
လိုက်ရပါသည်။ သူမနှင့် ကလေးနှစ်ယောက်ဒုက္ခကို စာနာစွာနှ
ဒေါ်သိင်္ဂီက အပြည့်အဝကူညီပေးခဲ့၏။

''ငါ့ညီမ အစ်မတို့အိမ်မှာပဲ နေ၊ ညီမကလည်း ပညာတတ်
တစ်ယောက်ပဲဥစ္စာ၊ အလုပ်လုပ်ဖို့ မခက်ပါဘူး၊ အစ်မ အားလုံးကူ
ညီပေးမယ်''

အိမ်ထောင်နှင့် သားတစ်ယောက်ရှိပြီးသော ဒေါ်သိင်္ဂီက
သူမကို ဆွေမျိုးနီးစပ်တော်စပ်သည့် အချက်တစ်ချက်တည်းနှင့် ကူည
ပေးခဲ့သည်။ အစ်မရဲ့ခင်ပွန်း ကိုမင်းဖြူကလည်း သူမကို လိုလားကြည်
ဖြူခဲ့သည်။





''ဟုတ်သားပဲ မိမိုး၊ နင် အလုပ်လုပ်ချင်တယ်ဆိုရင် စက်
ရုံတွေ၊ ကုမ္ပဏီတွေ၊ စတိုးဆိုင်တွေအများကြီး ငါတို့ပိုင်တာပဲ၊ ကြိုက်
တဲ့နေရာ ဝင်လုပ်''

''အစ်မမှာ မနိုင်မနင်းဦးစီးနေရတာ၊ ညီမ ရောက်လာတာ
ကောင်းပါတယ်၊ အစ်မနဲ့အတူ လုပ်ငန်းသဘောတွေ လေ့လာရင်
အဆင်ပြေသွားမှာပါ''

သူမဘဝအတွက် ကံကြမ္မာက ဖေးမလာခဲ့ခြင်းဖြစ်သည်။
မသိင်္ဂီနှင့်အတူ လက်တွဲပြီး လုပ်ငန်းတွေလေ့လာသင်ယူရင်း ကူညီ
ပေးခဲ့သည်။ ကျေးဇူးရှင်အစ်မရဲ့အလုပ်တွေမှာ အားကိုးလောက်
အောင် သူမဘက်က ကြိုးစားခဲ့သည်။

သားနှင့်သမီးအတွက် သူမမှာ ပူစရာမရှိခဲ့ပါ။ မမသိင်္ဂီက
သားဖြစ်သူ မင်းမဟော်နှင့် ထပ်တူချစ်ခင်သည်။

သည်လိုနှင့် မိသားစုပမာ နေထိုင်လာရင်း မမသိင်္ဂီရဲ့ကျန်းမာ
ရေးက မထင်မှတ်ဘဲဆိုးရွားလာခဲ့သည်။ အိပ်ရာထဲ မမသိင်္ဂီဗုန်းဗုန်း
လဲတော့ သူမပဲ အနီးကပ်စောင့်ရှောက်ပေးခဲ့သည်။

မမသိင်္ဂီရောဂါက မျှော်လင့်ချက်ကင်းမဲ့သော ကင်ဆာဝေဒ
နာဆိုတာ သိလိုက်ရချိန်မှာ သူမ ဝမ်းနည်းငိုကြွေးမိသေးသည်။

မမသိင်္ဂီကတော့ ကိုယ့်ဝေဒနာကို တည်ငြိမ်သောစိတ်နှင့်
ရင်ဆိုင်ရင်း သူမကိုလည်း တီးတိုးတိုင်ပင်ခဲ့သည်။

''ညီမလေး မိုးကို မမ တိုင်ပင်ချင်တယ်''



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ မမ၊ မမဘာပြောချင်လို့လဲ"

"လောကကြီးထဲမှာ မမ,မရှိတော့ရင် သားလေးမဟော် အတွက် မမ စိတ်မချနိုင်ဘူးကွယ်"

"အို မမရယ် အဲဒါတွေ မပြောပါနဲ့၊ မမ ဘာမှမဖြစ်ပါဘူး"

"မမ,ဝေဒနာကို မမ,သိတယ် ညီမလေး။ ဘာမှ စိတ်မ ကောင်း မဖြစ်နဲ့နော်၊ အခု မမ,ပြောတာကို အသေအချာနားထောင် ပေးနော်"

ဝဲတက်လာသောမျက်ရည်တွေကို သိမ်းဆည်းရင်း သူမ ခေါင်းလေးညိတ်မိသည်။ မမသီဂီက အတန်ကြာအောင် သူမကိုငေး ကြည့်နေရင်းမှ –

"မမ လောကကြီးထဲမှာမရှိတော့ရင် သားလေးကို ညီမလေး စောင့်ရှောက်ပေးပါ"

"အဲဒီအတွက် မပူပါနဲ့ မမရယ်၊ မင်းမဟော်ကို ညီမလေး ရဲ့ သားနဲ့သမီးလိုပဲ ချစ်ပါတယ်၊ မမတို့ကျေးဇူးတွေအတွက် စောင့် ရှောက်ပေးမှာ ယုံပါ"

"ကျေးဇူးတင်တယ် ညီမလေး။ မမ,ဆိုလိုတာ မမ,မရှိတော့ ရင် သားလေးနဲ့ ကိုမင်းဖြူကို စောင့်ရှောက်ဖို့ ညီမလေးကိုအပ်ခဲ့ချင် တာ"

"ရှင်"

"မမ စိတ်ချလက်ချ လောကကြီးထဲက ထွက်ခွာသွားချင်





တို့ ဒီလိုစီစဉ်တာပါ၊ ညီမလေး လက်ခံနိုင်မလားဟင်"

မမမျက်နှာကို မကြည့်ရဲအောင်ဘဲ သူမ ထူပူသွားမိတာ အမှန်။ ကိုမင်းဖြူကို သူမရဲ့အစ်ကိုတစ်ယောက်လို ချစ်ခင်ခဲ့တာ ဖြစ်သည်။ အခုတော့ မမသီဂီစကားတွေက ယုံနိုင်စရာမရှိ။

"ကိုမင်းဖြူလည်း အရွယ်ရှိသေးတယ်လေ၊ သူ အိမ်ထောင် ပြုခဲ့ရင် မမ သားလေးတော်ရမယ့် မိထွေးထက် ညီမလေးနဲ့ပဲ မမ စိတ်ချကြည်ဖြူတယ်၊ မမ,စကားကို နားထောင်လက်ခံပေးပါနော်"

"မမရယ် ကျွန်မ ကျွန်မ မမတို့ကို ကျေးဇူးရှင်အဖြစ်လေး စားကြည်ညိုခဲ့တာပါ"

"ဒါဆိုရင် မမ မသေခင် စိတ်ချမ်းသာအောင် ခေါင်းလေး ညိတ်ပေးပါကွယ်"

"ဟို ဟို"

"မမစကားကို နားထောင်ပေးပါ ညီမလေးရယ်"

ပိန်လှီသောလက်ချောင်းလေးတွေနှင့် တောင်းပန်နေသော မမသီဂီကိုကြည့်ကာ သူမရင်ထဲမှာ မကောင်းပါ။ လပိုင်းအတွင်းမှာ ပဲ သိသာစွာချောင်ကျသွားခဲ့သော မမသီဂီအသွင်က အားရကျေနပ် စရာမရှိပါ။

ကျေးဇူးတရာတွေအတွက် သူမ မမသီဂီ ကျေနပ်အောင် ခေါင်းညိတ်ဖြစ်ခဲ့သည်။

နောက်နှစ်ပတ်မှာပဲ မမသီဂီ တိမ်းပါးသွားခဲ့သည်။ ကိုမင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြူကလည်း သူမကို ပွင့်လင်းစွာပဲ တိုင်ပင်သည်။

"အမှန်ပြောရရင် အစ်ကိုမိန်းမ နောက်ဆုံးတောင်းဆိုခဲ့တဲ့ ဆန္ဒကို အစ်ကိုခေါင်းညိတ်ကတိပေးခဲ့တယ် ညီမလေး။ ဒါပေမဲ့ မင်း ဆန္ဒမပါဘဲ ကို မတောင်းဆိုပါဘူး"

"ဟို ဟို မမကိုလည်း ကျွန်မ ကတိပေးခဲ့ပါတယ် အစ်ကို"

"ဒါဆိုရင် မင်းလက်ခံသလား ညီမလေး၊ သားအတွက် မင်းဟာ သင့်တော်မယ့်အမေတစ်ယောက်လို့ အစ်ကိုယုံကြည်တယ်"

ကိုမင်းဖြူက ယုံကြည်ခဲ့သလို သူမအတွက်လည်း ဒါ အသင့်တော်ဆုံးဟု တွေးထားခဲ့ပြီးပြီ။

ဒီအရိပ် ဒီဘဝမှာ ဆက်နေမှ သားနဲ့သမီးတို့တဝလေး အေးချမ်းအပူအပင်ကင်းမှာ သူမ,ယုံသည်။

မမသိဂီရဲ့ဆန္ဒအတိုင်း ကိုမင်းဖြူနှင့် သူမ တရားဝင်လက်ထပ်ဖြစ်ခဲ့သည်။ မင်းမဟော်ကိုလည်း သူမ သားသမီးတွေနှင့်ထပ်တူချစ်ခဲ့ပေမယ့် မိထွေးဆိုသော အသိလေးဝင်နေသည့် မင်းမဟော်က ခါးသီးနေခဲ့၏။

"သား ကြာရင် စံမေတ္တာကို နားလည်လာမှာပါ၊ သည်းခံပေးပါနော် စံ"

သည်းခံပေးပါဆိုပေမယ့် သူမဘက်က ဘယ်လောက်ပဲ နားလည်မှုတွေပေးခဲ့ပေမယ့် မင်းမဟော်ရဲ့တုံ့ပြန်မှုတွေက ဆိုးသထက်ဆိုးလာသည်။





မိခင်ကို မင်းမဟော် နာကြည်းခက်ထန်စွာ တုံ့ပြန်နေတော့ သားဖြစ်သူ မိုးကျော်က နာသည်။

"မေမေ ဒီလောက်အထိ လိုက်လျောသည်းခံနေတာကို သူက ရိုင်းစိုင်းပြနေတာပဲဗျာ။ ဥပေက္ခာပြုထားလိုက်စမ်းပါ၊ တကယ်ဆို ဒီသားစုကိစ္စ, စီးပွားရေးကိစ္စအားလုံးကို မေမေပဲ အနစ်နာခံ, အပင်ပန်းခံရှာဖွေနေတာပဲ"

သားပြောသလို သူမ ဥပေက္ခာပြုထားလိုက်သည်။ သူမပေးသည့် မေတ္တာကိုမှ လက်ခံမယူတော့လည်း ရှိပါစေတော့။

အရင်ကတော့ ကိုမင်းဖြူနှင့် သူမကလည်း တရားဝင်လင်မယားတွေမို့ သူမအတွက် ထိုက်တန်သော အမွေတော့ရမည်ဟု ထင်ထားခဲ့သည်။ ဒါပေမဲ့ ပိုင်ဆိုင်ခွင့်အားလုံးသည် မင်းမဟော်အတွက်ဟု သိခဲ့ပြီးသည့်နောက်ပိုင်းမှာ . . .

သူမ ဘာကိုမှ မက်မောမနေချင်တော့ပါ။ သားနဲ့သမီးလည်း အရွယ်ရောက်ပြီ။ ဘဝကိုရပ်တည်နိုင်ဖို့ ပညာလည်းရှိကြသည်။ သူမဘက်က ပေးဆပ်နိုင်တာ အကောင်းဆုံးပေးနိုင်ဖို့ ဆုံးဖြတ်ခဲ့သည်။

သားနှင့်သမီးအတွက် လစဉ်ရည်ရွယ်စုပေးထားသော ငွေတွေ ဘဏ်မှာရှိ၏။ မင်းမဟော် အမွေတွေတရားဝင်ရလို့ အိမ်ပေါ်က နှင်ချလည်း ပြဿနာမရှိ။ သူမတို့မိသားစုအတွက် နေစရာ ခြံနှင့်တိုက်တစ်လုံး ကိုမင်းဖြူက ဝယ်ပေးမည်ဟု ကတိပြုထားသည်။

ဘာမှမပူမပန်တော့ဘူးဆိုမိခါမှ အခု သမီးနှင်းမချဲ့ ပြ



www.burmeseclassic.com

www.burmeseclassic.com



သနာက ပေါ်လာတာဖြစ်သည်။

မင်းမပျော်ကိုမှ သံယောဇဉ်တွယ် မျှော်လင့်နေသော သမီး ရင်ထဲကို သူမ အထင်အရှားမြင်သိလိုက်ရသည်ဆိုမှတော့ သူမ သမီး လေးအတွက် အကောင်းဆုံးတော့ စီမံပေးရမည်။

ဒါ အတ္တဆန်သောစိတ်ဆိုလျှင်တော့ ချစ်သောသမီးလေး အတွက်ပဲဖြစ်လိမ့်မည်။

မေမေ့သမီးလေး ဘယ်တော့မှ အသည်းမကွဲစေရပါဘူး ကွယ်။

✿ ✿ ✿



## အခန်း (၂၂)

"ဒီကားက နောက်က ကပ်လိုက်နေသလိုပဲ"

အန်တီဆင့် ပြောမှ သတိထားမိတာဖြစ်သည်။ နောက်ခန်း ထဲမှာ အတူထိုင်နေရင်း အန်တီဆင့် နောက်ကို ချာခနဲ လှည့်ကြည့် ၏။ တော်ဝင်လည်း အန်တီဆင့်လိုပဲ နောက်ကိုလှည့်ကြည့်မိတော့

"ဟင်"

တော်ဝင်မျက်နက်ဝန်းလေးတွေ ဝိုင်းစက်ကာ နှုတ်ခမ်းလေး တွေ ဖွင့်ဟသွားမိတဲ့အထိ။

ပရာဒိုကားပြာကြီးကို မြင်ရုံနှင့် မင်းမပျော်ကားဆိုတာ ချက် ချင်းသိသည်။ ကားကို နောက်ကကပ်မောင်းရင်းပါလာသော မင်းမ ပျော်မျက်နှာကိုလည်း ထင်းခနဲမြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်ဆံနွယ်တွေကြားမှ ဝင်းမွတ်နေသောမျက်နှာမှာ ဖေ
ကာမျက်မှန်အမည်းကို တပ်ဆင်ထားသည်။

"သမီး သိလို့လား"

အန်တီဆင့် မေးမှ မင်းမပော်ကို ငေးကြည့်နေမိသော
အကြည့်တွေ ပြန်ဦးလှည့်ရုပ်သိမ်းရင်း –

"ဟင့်အင်း မသိပါဘူး၊ အန်တီဆင့်ကြည့်လို့ လှည့်ကြည်
တာပါ"

စိုးရိမ်စိတ်နှင့် တုန်ယင်နေသောအသံကို ထိန်းပြောလိုက်နိ
ပေမယ့် ရင်တွေကတော့ ခုန်နေဆဲ။ ဘယ်က ဘယ်လို အနှောက်
ပါလာတာလဲ။ တော်ဝင် လုံးဝမသိလိုက်တာ အမှန်ပါပဲ။

ကြည့်ရတာ အိမ်ကထွက်ကတည်းက သူ ပါလာပုံရသည်
အန်တီဆင့်တို့ခြံရှေ့က အိမ်က သူ့သူငယ်ချင်းရဲ့အိမ်ဆိုတာ တော်ဝ
သိထား၏။

"ဦးမိုး ကားစက်ရှိန်ကို လျှော့လိုက်စမ်းပါ"

အန်တီဆင့်က ကားမောင်းနေသော ဦးမိုးကိုလှမ်းပြောသည်
သည်တော့ ဦးမိုး ကားစက်ရှိန်ကိုလျှော့ချသည်။

တော်ဝင်ကတော့ ရင်တွေထိတ်နေသည်။ အန်တီဆင့်
ဖွင့်မပြောဘဲ သိုဝှက်ထားသည့်ကိစ္စကြီးသာ ပေါ်သွားလျှင် အခက်
ကိုမင်းကလည်း အတင့်ရဲလွန်းလိုက်တာ။ အန်တီဆင့်ရှိနေလျက်
ဒီလိုမလုပ်သင့်ဟု ထင်သည်။





မင်းမပော်ရဲ့ကားလေးက စက်ရှိန်လျော့သွားသော တော်
ဝင်တို့ကားကြီးကို ဖြတ်ကျော်တက်သွား၏။

သည်တော့ အန်တီဆင့်ရဲ့ တွန့်ထားသောမျက်ခုံးနှစ်ဖက်
ပြေကျသွားသလို ဦးမိုးကလည်း –

"မဆင့် ထင်လို့ပါ၊ သူ့လမ်းသူသွားတဲ့ကားပါ"

"အင်း ကျွန်မ သတိထားမိချိန်တိုင်း ကျွန်မတို့ကားနောက်
မှာ ကပ်ပါနေလို့ စိုးရိမ်သွားတာပါ"

အန်တီဆင့်အာရုံပြောင်းသွားပေမယ့် တော်ဝင်ကတော့ ရှေ့
မှာမြင်နေရသော မင်းမပော်ကားလေးကြောင့် စိုးရိမ်ပူပန်နေဆဲရှိ
သည်။ ဒီအတိုင်း ရှေ့ကမောင်းနေတာ ကြာလာလျှင် အန်တီဆင့်
သံသယတွေထပ်ဝင်ဦးမှာ သေချာသည်။

ဒုက္ခပါပဲ၊ တော်ဝင်တို့သွားမည့် ပလာဇာထဲအထိသာ မင်း
မပော်လိုက်လာရင် အခက်။ တွေးရင်း တော်ဝင် ပိုလို့ စိုးရိမ်ထိတ်
လန့်လာသည်။

ထိုအခိုက်မှာပဲ ရှေ့ကမောင်းနေသော မင်းမပော်ရဲ့ကား
လေးက အချက်ပြမီးနီလေးတွေပြကာ ထိုးရပ်သွားခဲ့၏။

"မဆင့်ပြောတဲ့ကားတော့ ကျန်ရစ်ခဲ့ပြီ"

ဦးမိုးကပြောတော့ ပလက်ဖောင်းနံဘေးမှာ ရပ်ကျန်ခဲ့သော
ကားကို အန်တီဆင့် တစ်ချက်ငဲ့ကြည့်သည်။ တော်ဝင်ကတော့ လှည့်
မကြည့်တော့ဘဲ ရင်ထဲက စိုးရိမ်စိတ်ကြီး လျော့ခနဲ ပြေကျသွားတာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စိတ်အေးသွားရ၏။

သင်တန်းပြီးကတည်းက ကိုမင်းနှင့် မဆုံဖြစ်တာကြာပြီ နေ့စဉ်တိုင်း သတိရမိသောကိုမင်းကို ဆုံတွေ့ခွင့်ဆိုတာ တော် ကျောင်းတက်မှ ဖြစ်နိုင်မည်ဟုလည်း သိပါသည်။

မကြာခင် ကျောင်းတွေဖွင့်တော့မည်။ အဲဒီအခါကျရင်တော့ မင်းမပေဟ်နှင့် ဆုံရတော့မည်။

အခုချိန်မှာတော့ ကိုမင်းရယ် သည်းခံပေးပါကွယ်။

✿

ဒေါ်ခင်ခင်ဆင့်ဆိုသောအဘွားကြီးက လည်သည်။ သူ့က ပါလာတာကို သံသယဝင်နေမှန်း သူသိလိုက်တာ အန်တီဆင့် လှည့်ကြည့်လိုက်ကြကတည်းက ဖြစ်သည်။

ပြီးတော့ ချက်ချင်း ကားစက်ရှိန် သိသိသာသာလျော့ သွားခဲ့တော့ ပိုလို့သဘောပေါက်သွားသည်။ ဒါကြောင့်လည်း တမင်ကျော်တက်ခဲ့ပြီး ကားကိုထိုးရပ်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်သည်။

မြေနီကုန်းနားက သူငယ်ချင်းတစ်ယောက်ရဲ့ လျှပ်စစ်ပစ္စည်း ဆိုင်လေးမှာ သူ ကားကိုအပ်ကာ ချက်ချင်းတက္ကစီငှားကာ တော် တို့ကားကို မီအောင်လိုက်ခဲ့သည်။





နောက်ဆုံးတော့ တော်ဝင်တို့ ဦးတည်ရာကိုသိခဲ့ရသည်။

ပလာဇာထဲ တော်ဝင်နှင့် အန်တီဆင့်တို့ လှမ်းဝင်သွားတော့ သူ့ရဲ့တက္ကစီလည်း ပလာဇာရှေ့မှာ ရပ်ပြီးဖြစ်နေသည်။

ကားခငွေကို ရှင်းပေးပြီး သူ ပလာဇာထဲဝင်ခဲ့သည်။ တော် ကို ကားကြီးပေါ်မှာ ထိုင်စောင့်နေခဲ့ဖြစ်သည့် ဦးမိုးကတော့ သူ့ ကို မှတ်မိပုံမရပါ။

ပလာဇာထဲမှာ စိတ်တိုင်းကျစျေးဝယ်နေသော အန်တီဆင့် နှင့် တော်ဝင်ပါ မမြင်အောင် သူ နောက်ယောင်ခံလိုက်ခဲ့၏။

တော်ဝင်ကတော့ မြင်တွေ့သမျှ အထူးအဆန်းဖြစ်နေပုံရ သည်။ အန်တီဆင့်ဝယ်နေသမျှ ရပ်ငေးကြည့်နေပုံလေးက ချစ်စရာ။

ဘာဝတ်စုံလေးပဲဝတ်ဝတ် လိုက်ဖက်သော တော်ဝင်သည် ိုးရောင်ကိုယ်ကျပ်ဝတ်စုံလေးထက်က ခါးရှည်ရင်ကွဲအဖြူရောင် လေး ကြော့ရှင်းနေသည်။

အဝတ်အစားတွေ စိတ်ကြိုက်ဝယ်ပြီးတော့ အမျိုးသမီးအလှ ပစ္စည်းတွေရောင်းသည့် ကောင်တာမှာလည်း တော်ဝင်နှင့်အန်တီ ဆင့် ဝယ်ကြသေးသည်။

နက်မှောင်သော မဟူရာဆံရှည်ကြီးနဲ့ တော်ဝင်ကိုကြည့်ရင်း ယာ် စိတ်ကူးတစ်ခုပေါ်လာမိတာမို့ . . .

ဖန်စီပစ္စည်းတွေရောင်းသောကောင်တာမှာရပ်ပြီး လိုချင် သာပစ္စည်းကို ရှာသည်။ ရွှေရောင်ဆံညှပ်လေးက ရောင်စုံကျောက်



www.burmeseclassic.com

www.burmeseclassic.com



ပွင့်တွေစီခြယ်ထားတာမို့ လှပနေသည်။

ဒီဆံညှပ်လေးနဲ့ဆို တော်ဝင့်ဆံရှည်ကြီးထက်မှာ တင့်တ
လိုက်ဖက်မှာ သေချာသည်။

ကျသင့်ငွေရှင်းပေးပြီး မင်းမဟော်လှည့်ကြည့်တော့ ကံကြ
က အခွင့်အရေးတော့ပေးနေခဲ့ပြီ။ လက်ထဲက ဟန်းဖုန်းထမြည်
မို့ အန်တီဆင့် တော်ဝင်ကိုစောင့်ခိုင်းပြီး လူရှင်းသောအပြင်ဘက်
ခပ်သုတ်သုတ်ထွက်သွားသည်။

အထုပ်အပိုးတွေ တစ်ပွေ့တစ်ပိုက်နှင့် တော်ဝင်တစ်ယော
တည်း မှန်နံရံလေးအနားမှာ ရပ်နေရှာသည်။ မဟော် အခွင့်ကော
ကို အကျိုးရှိအောင် အသုံးချလိုက်ပါသည်။

"တော်ဝင်"

"ဟင်"

အံ့သြမျက်ဝန်းလေးတွေနှင့်အတူ တော်ဝင် စိုးရိမ်ရောင်
တွေဖြာသွားတာကို မဟော်မြင်ပါသည်။

"အံ့သြနေတာလား၊ ကိုယ့်ကားကိုထားခဲ့ပြီး တက္ကစီနဲ့ လို
လာတာ၊ အန်တီဆင့် မရိပ်မိအောင်လေ"

"ကိုမင်းရယ် အတင့်ရဲလိုက်တာ၊ သွားပါတော့နော်၊ အ
တီဆင့် ပြန်လာတော့မှာ၊ တော်ဝင် တောင်းပန်ပါတယ်"

"သွားမှာပါ တော်ဝင်ရဲ့၊ ဒီမှာ တော်ဝင်အတွက် လ
ဆောင်"





သူကမ်းပေးသောဘူးလေးကို လှမ်းမယူသေးဘဲ တော်ဝင်
ကြောက်နေသည်။ သူ တော်ဝင်ဆွဲထားသော လက်ဆွဲအိတ်လေး
ဲ ဘူးလေးကို ထည့်ပေးလိုက်၏။

"ဟင့်အင်း၊ မပေးပါနဲ့၊ တော်ဝင်မယူပါရစေနဲ့"

"ယူပါကွာ၊ တိုက်ဆိုင်လို့ မထင်မှတ်ဘဲ ပေးခွင့်ရတဲ့လက်
ဆောင်ပါ၊ ကဲ ကျောင်းတွေဖွင့်တဲ့နေ့ကျရင် ဆုံကြမယ်နော်"

မဟော်ပြောပြီး လှစ်ခနဲ ထွက်ခဲ့သည်။ တော်ဝင်ကတော့
တ်လန့်တုန်ယင်နေသော စိတ်ကလေးနှင့် ရင်တွေတုန်ခါကျန်ခဲ့ရှာ
သည်။

ချစ်စရာကောင်းလွန်းသည့် ကောင်မလေး။ သင်တန်းပြီးမှ
ပထမဆုံးတွေ့ခွင့်ရတဲ့အဖြစ်။

ဒီနေ့တော့ ကိုယ့်လိုအင်ဆန္ဒတွေ အပြည့်အဝရခဲ့တဲ့နေ့လေး
တော်ဝင်ရယ်။ လှပတဲ့နေ့လေးတစ်နေ့ ဒိုင်ယာရီလေးပေါ်မှာ တင်
ပြီပေါ့။

ကျေးဇူးပါပဲ ကံကြမ္မာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ခါတိုင်း ဒီအချိန်ဆိုလျှင် ဝဏ္ဏတို့အိမ်ကို သူ ပုံမှန်ရောက်ေ
ကျဖြစ်သည်။ အခုတော့ အိမ်ထဲကအိမ်ပြင် မထွက်ဖြစ်ဘဲနေခဲ့ရတ
နှစ်ရက်ရှိခဲ့ပြီ။

အကြောင်းက ဝဏ္ဏတစ်ယောက် အိမ်မှာမရှိတာကြောင်း
ဖြစ်သည်။ ပြီးခဲ့သော သုံးရက်လောက်ကတည်းက ဝဏ္ဏသူ့ကိုပြေ
ခဲ့သည်။

"ငါ သုံးရက်လောက်မရှိဘူး မပေါ်၊ ခရီးသွားစရာရှိလို့"

"ခရီးသွားစရာရှိလို့၊ ဟုတ်လား၊ ဘယ်သွားမှာလဲ"

"သန့်လျင်ကိုသွားမှာ"

သူ အံ့သြသွားတော့ ဝဏ္ဏက ရင်ကော့ပြီးရင်းကြွားပြန်သည်





"ဟုတ်တယ်၊ သန့်လျင်ကိုသွားမှာလေ၊ ဒါလီ့မိဘတွေက
ကိုလာလည်ဖို့ ခေါ်ထားတယ်"

"ဒါလီ ဆိုဒါလီနဲ့ မင်းက အဆင်ပြေနေကြပြီလား"

"အင်း အတော်အခြေအနေကောင်းနေပြီလို့ ပြောလို့ရပြီပေါ့
၊ အခု ငါသွားမှာက ဒါလီရဲ့အဖေကိုယ်တိုင်က အလည်လာဖို့
ခေါ်လို့ကွ"

ဝဏ္ဏစကားတွေကို သူ မယုံမရဲတောင် ဖြစ်မိသေးသည်။
ပေမဲ့ ဝဏ္ဏကတော့ အသေအချာကိုပြောနေသည်။

ဒီအတိုင်းဆို ဝဏ္ဏမရှိသော ဝဏ္ဏအိမ်လာပြီး တော်ဝင်သူ
အရိပ်လေးကိုကြည့်ဖို့ဆိုတာ မလွယ်တော့ပါ။

တကယ်လည်း ဝဏ္ဏ ခရီးထွက်သွားခဲ့တာ အမှန်ဖြစ်သည်။
သုံးရက်ကြာမည်ဆိုတော့ သူ့မှာ အိမ်မှာပဲ သောင်တင်နေခဲ့သည်။
နက်တစ်ခါ၊ ညနေတစ်ခါတော့ ဝဏ္ဏတို့အိမ်လမ်းထိပ်လေးကို သူ
ရောက်ပါသည်။

လမ်းထိပ်က လက်ဖက်ရည်ဆိုင်လေးမှာတိုင်ရင်း တော်
ဝင်အရိပ်ကို မျှော်ရသည့်အဖြစ်က မဖြစ်နိုင်မှန်းသိပေမယ့် သူ နှစ်ရက်
လုံး ပုံမှန်ရောက်ခဲ့သည်။

ဝဏ္ဏရဲ့အိမ်ထဲကဆိုလျှင် ခြံထဲဆင်းမည့် တော်ဝင်အရိပ်လေး
ကို မြင်တွေ့နိုင်သေးသည်။ အခုတော့ ဝဏ္ဏပြန်လာပါစေလို့ ဆု
တောင်းရတာ သူ့အတွက် အလုပ်တစ်ခုဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မတော်ရသေးသော ယောက္ခမကြီးကတောင် ဝဏ္ဏကို အလည်ခေါ်သည်ဆိုတော့ ဝဏ္ဏရဲ့အခြေအနေက အတော်တိုးတက် အဆင်ပြေနေပုံရှိသည်။ အာကာကတော့ နောက်ကောက်ကျပြီထင်ပါရဲ့။

"တွီ တွီ တွီ"

အာကာအကြောင်းတွေးနေတုန်း ဝင်လာသောဖုန်းကို ကောက်ယူနားထောင်တော့ ကြားရတာ အာကာ့အသံ ဖြစ်နေ၏။

"အာကာလား၊ မင်း အသက်ရှည်ဦးမယ်၊ မင်းအကြောင်း ငါ တွေးနေတာ"

"အပိုတွေမပြောနဲ့ ခွေးကောင်၊ နှစ်ခေါက်ရောက်လာပြီး ကတည်းက မင်း ငါ့ဆီမလာတော့တာ တင်းနေတာ"

"ဟာ ဆောရီး သူငယ်ချင်းရာ၊ ငါ အလုပ်တွေရှုပ်နေလို့"

"ဘာ အလုပ်တွေရှုပ်တာလဲ၊ အရှုပ်တွေ လုပ်နေတာပါ။ မင်း ဝဏ္ဏအိမ်ကို နေ့တိုင်းရောက်တာ ငါသိတယ်"

"နေ့တိုင်း မဟုတ်ပါဘူး။ အခု မသွားဖြစ်တာတောင် နှစ်ရက်ရှိနေပြီ"

"ဒါဆို ဝဏ္ဏသတင်း မကြားသေးဘူးပေါ့"

အာကာမေးမှ သူသိသည်။ ဝဏ္ဏ သန်လျင်ကိုရောက်သွားတာ အခုမှ ကြားပုံရသည်။ မြီးညှောင့်ရိုးဒဏ်ရာနှင့် အာကာ အိပ်ရာထဲလဲနေသော တစ်ပတ်ကျော်မှာ ဝဏ္ဏနှင့်ဆွိဒါလီ အဆင်ပြေသွားတာသိလျှင် သူ့ကိုဒေါကန်နိုင်၏။





"ဟင့်အင်း မကြားပါဘူး။ အဲ ခရီးထွက်သွားတယ်ဆိုလား"

"ဟေ့ကောင် အပိုတွေပြောမနေနဲ့၊ ဒီကောင် သံလျင်သွားတာ မင်းသိတယ်၊ အခု ဒီကောင် အိမ်ပြန်ရောက်နေပြီ"

"ဟေ ဟုတ်လား"

"ဟုတ်တယ်၊ သန်လျင်မှာ မသေပြီးဟိုက်ရတာ ကံကောင်းတယ်မှတ်"

"ဘာ ဘာဖြစ်လို့လဲ အာကာ"

"ဆွိဒါလီရဲ့အဖေကို ဖားပြီး ကန်ထဲရေဆင်းငုပ်တာ ကြွက်တက်ပြီး ရေနစ်နေလို့ သေလုမျောပါးပဲ၊ အခုတော့ ဆွိဒါလီအိမ်က ဒီကောင့်ကို ရန်ကုန်ပြန်လိုက်ပို့လို့ အိမ်ရောက်နေပြီ"

"ရေကန်ထဲဆင်းတယ်၊ ဒီကောင်က ဘာဆင်းလုပ်တာလဲ"

"မေးချင်ရင် ဒီကောင့်အိမ်ရောက်မှမေး။ မင်းလာခဲ့၊ ငါလည်း ထွက်ခဲ့မယ်၊ အဲဒီကျမှ စုံစုံညီညီ အင်တာဗျူးတာပေါ့"

စကားဖြတ်ပြီးဖုန်းချသွားသော အာကာကြောင့် သူ ကသောကမျောအဝတ်အစားကောက်လဲလိုက်ရသည်။ ဝဏ္ဏသတင်းက ယုံနိုင်စရာမရှိ။ ဘာတွေဖြစ်ကြတာလဲ။

သိချင်စိတ်တို့က ရင်ထဲမှာ ပြည့်နေခဲ့၏။

✿



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏခြံထဲကို သူရောက်တော့ အာကာရဲ့ ကားအနီလေးကို တွေ့ရသည်။ အာကာ ကြိုရောက်နေတာဖြစ်မည်။

"ဟော မောင်မဟာ လာကွယ်"

"ဝဏ္ဏကော အန်တီ၊ ဒီကောင် ဘာဖြစ်တာလဲ"

"မပြောချင်ဘူးကွယ်၊ ရှက်ဖို့လည်းကောင်းပါတယ်၊ မိန်းမ တစ်ယောက်ကို ပိုးပန်းပြီးဖြစ်တာတဲ့လေ၊ လူကြားလို့မတော်၊ ကိုင်း မင်းသူငယ်ချင်း အပေါ်ထပ်မှာရှိတယ်၊ သွားတွေ့လိုက်"

ဝဏ္ဏမေမေက ပြောပြီး မီးဖိုခန်းဘက်လှမ်းဝင်သွားတာမို့ အပေါ်ထပ်လှေကားထစ်အတိုင်း တက်ခဲ့သည်။

ဝဏ္ဏအခန်းတံခါးပွင့်နေတာမို့ သူ လှမ်းဝင်လိုက်တော့ ဒ ရင်းဘက်ပေါ်မှာ အနွေးထည်ထူထူထဲထဲကြီးဝတ်ကာ လှဲနေသော ဝဏ္ဏ၊ နံဘေးက ထိုင်ခုံမှာထိုင်နေတာ အာကာ။

"လာကွာ မဟော်"

ဝဏ္ဏခေါ်သံက တိုးတိုးပဲဖြစ်သည်။ ကြည့်ရတာ နေကောင်း ပုံမရပါ။ အာကာက သူ့အတွက် ထိုင်ခုံလေး တစ်ခုဆွဲပေးရင်း -

"ထိုင် မဟော်၊ ကိုင်း ဝဏ္ဏ၊ ပြောပြလိုက်စမ်းပါဦး မင်းအ ကြောင်း"

"ဟာကွာ မင်းပြောပြလိုက်ပါ၊ ငါ ရှက်လည်းရှက်ပါတယ်၊ အဟွတ် အဟွတ် ဟွတ်"





ဝဏ္ဏပြောရင်း ချောင်းတွေတဟွတ်ဟွတ်ဆိုးနေသည်။ အာ ကာက ဝဏ္ဏအဖြစ်ကို စိတ်မသက်မသာကြည့်ရင်း -

"ဒီလို မဟော်၊ ဆွိဒါလီအဖေကြီး ဒီကောင့်ကို အိမ်အထိ ဖိတ်ခေါ်တာ အကြောင်းရှိတယ်ကွ၊ သူတို့ခြံထဲက ရေကန်ကြီးထဲ ပြုတ်ကျသွားတဲ့ ပစ္စည်းတစ်ခုကိုဆယ်ယူခိုင်းချင်လို့ကွ"

"ဘာပစ္စည်းမို့လဲ"

"ဒါလို့အဘိုးရဲ့ လမ်းလျှောက်တုတ်ကောက်ကွ"

"ဟာ ဒီပစ္စည်းလေးအတွက်များကွာ"

"မပြောနဲ့လေ၊ ဒီအဘိုးကြီးက သိပ်နှမြောတတ်တာ၊ ပြီး တော့ ဆွိဒါလီတို့အဘိုးရဲ့တုတ်ကောက်က ရှေးဟောင်းတုတ်ကောက် ကွ၊ လက်ကိုင်မှာ ရွှေကွင်းစွပ်ထားတာဆိုတော့ တန်ဖိုးရှိတယ်"

အာကာဖြေရှင်းပြနေပေမယ့် သူ လက်မခံနိုင်ပါ။ လူတစ် ယောက်ရဲ့အသက်ထက် ဘာကအရေးကြီးမှာမို့လဲ။ ပြီးတော့ ဝဏ္ဏက ရေကူးသိပ်ကျွမ်းကျင်တာ မဟုတ်။

"ဒီကောင် ဝဏ္ဏနဲ့ ဆွိဒါလီ စကားစပ်မိတုန်းက ဝဏ္ဏက သူဟာ တက္ကသိုလ်ရေကူးချန်ပီယံလို့ ကြွားထားတာကွ၊ ဒီတော့ ဆွိ ဒါလီအဘိုးကြီးသိပြီး သန့်လျှင်ကိုအလည်ခေါ်၊ ကန်ကြီးထဲက တုတ် ကောက်ကို ဆယ်ခိုင်းတာပဲ"

"ဟာကွာ ကြောင်လှချည်လား ဝဏ္ဏရာ၊ မင်းကွာ မသေ ကောင်းမပျောက်ကောင်း ကံကောင်းလို့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



သူ ကရုဏာဒေါသော ရေရွတ်အပြစ်တင်တော့ ဝဏ္ဏမျက်နှာကြီး ရဲရဲနီကာ ရှက်နေသည်။

"ဒီထက်ပိုခံပြင်းဖို့ကောင်းတာက အခု ဒီကောင်ရေနစ်တော့ ဆွိဒါလီအဘိုးကြီးက ရေကူးမကျွမ်းကျင်ဘဲ လိမ်ညာရမလား ဆိုပြီး ဒေါသတွေထွက်သေးတာကွ၊ ရန်ကုန်ကိုပြန်ပို့တာတောင် ဒရိုင်ဘာနဲ့ပဲ ထည့်လိုက်တာ၊ ဆွိဒါလီတို့အိမ်က တစ်ယောက်မှလိုက်မလာကြဘူး"

"တော်တော်ကူညီဖို့ ကောင်းပါလား"

အာကာနှင့်သူ ခံရခက်ခက်နှင့် ဝေဖန်တော့မှ ဝဏ္ဏ မျက်နှာငယ်လေးနှင့်ခေါင်းညိတ်ရင်း –

"ဟုတ်တယ်ကွ၊ ငါ တော်တော်နောင်တရသွားတယ်၊ ဆွိဒါလီက ငါ့ကို အသုံးချလိုက်တာသက်သက်ပဲ၊ ရန်ကုန်မပြန်ခင် ငါ သူ့ကို နှုတ်ဆက်တော့ ဘာပြောတယ်မှတ်သေးသလဲ၊ ရှင် ရေကူးချန်ပီယံဖြစ်အောင် ကြိုးစားလိုက်ဦးတဲ့"

"ဟာကွာ တောက်"

"ဆွိဒါလီက ခပ်ရှုပ်ရှုပ်ကွ၊ လက်ရှိလည်း မိတသဘောတူထားတဲ့ယောကျ်ားရှိတယ်၊ ဒါကို ဘာမသိညာမသိ ဝဏ္ဏသွားကြွေနေတာ"

"မင်းက အဲဒီကိစ္စ အခုမှပြောရသလား အာကာရာ"

"ငါလည်း ဒီကောင် သန်လျင်ထွက်သွားပြီးမှ သိရတာကိုး မပော်ရ"





"တော်ကြပါတော့ကွာ အခုကိစ္စကြောင့် ငါ့မိဘတွေ အတော်ရှက်နေကြတာ၊ အဖေဆို ငါ့မျက်နှာ မမြင်ချင်ဘူးတဲ့၊ အိမ်ကနှင်ချနေလို့ အမေက ကြားဝင်တောင်းပန်ပေးထားရတယ်"

"ဖြစ်ရမယ် ဝဏ္ဏရယ်"

"တော်ပါပြီကွာ၊ မိန်းမဆို ကြောက်သွားပြီ"

ဝဏ္ဏ တကယ်ကို သွေးပျက်သံနှင့်ပြောသည်။ သူနှင့်အာကာ ဝဏ္ဏအဖြစ်ကိုကြည့်ပြီး ရယ်ရခက် ငိုရခက်။

အမြဲတမ်း မိန်းကလေးတွေကို နောက်ပြောင်ပြီး ကစားတတ်ခဲ့သော သူတို့အုပ်စုထဲမှာ ဝဏ္ဏကတော့ သင်ခန်းစာကောင်းကောင်း ရသွားခဲ့ပြီ။

"မပော် မင်းလည်း သတိထားဦး"

"ငါက ဘာဖြစ်လို့လဲ အာကာ"

"ဟ မင်းလည်း ကောင်မလေးတွေကို ရှုပ်ခဲ့ပွေခဲ့တာပဲလေ၊ အခုတစ်ယောက်နဲ့မှ အတော်ပြောင်းလဲနေတာ၊ သတိတော့ထား"

အာကာက နောက်ပြောင်သလိုပြောတာဖြစ်ပေမယ့် သူ့ရင်ထဲမှာတော့ ထိတ်ခနဲ ဖြစ်သွားမိသည်။

တော်ဝင်က ဆွိဒါလီလို မဟုတ်ပါ။ ဒါပေမဲ့ ရိုးသားဖြူစင်လွန်းသည့် တော်ဝင်သာ သူ့အကြောင်းတွေ သိသွားခဲ့ရင် အခက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ကိုကို မနက်ဖြန်ကျ မခတို့ကျောင်းတွေ စတက်ရတော့မှာ သိလား"

ညနေစာစားပြီး ဧည့်ခန်းထဲမှာ သူတစ်ယောက်တည်းထိုင်နေတုန်း မခ ရောက်လာကာပြောသည်။ မခတို့ကျောင်းတွေဖွင့်ပြီဆိုတာ သူသိထားသည်။ မခနှင့် တော်ဝင် ကျောင်းတူနေသည်။

"အေး ငါသိသားပဲ"

"ဟိုလေ မနက်ဖြန်တစ်ရက် မခတို့ကျောင်းအထိ ကိုကို လိုက်ပို့ပေးပါလားဟင်"

မခက သူ့မျက်နှာကို မဝံ့မရဲလေးကြည့်ကာ တောင်းဆိုလာတော့ သူ တွေခနဲဖြစ်သွားခဲ့သည်။ မနက်ဖြန်ဆို သူလည်း မခတို့





ကျောင်းကိုသွားစရာရှိနေသည်။ တော်ဝင်နှင့် ပထမဆုံးဆုံရမည့် ကျောင်းတက်ရက်အတွက်တော့ သူ ရင်ခုန်လှုပ်ခတ်မိတာ အမှန်ဖြစ်သည်။

"နော် ကိုကို၊ ဟိုလေ မနက်ဖြန်တစ်ရက်တည်းပါနော်"

ဘယ်တုန်းကမှ မခ,ရဲ့တောင်းဆိုမှုကို သူ မလိုက်လျောခဲ့ဘူးပေမယ့် ဒီတစ်ခါတော့ စဉ်းစားရပြီ။

တစ်ကျောင်းတည်းအတူတက်ကြမည့် မခနဲ့တော်ဝင်က ပထမနှစ်နှင့် ဒုတိယနှစ် မတူပေမယ့် တစ်ယောက်နဲ့တစ်ယောက် ဆုံနိုင်သည်။ တော်ဝင်ကို သူနှင့်ပတ်သက်နေတာ မခ သိသွားနိုင်သည်။

ဘာပဲဖြစ်ဖြစ် အဲဒီအခါမျိုးမှာ မခကိုလည်း သူ အကူအညီတောင်းစရာတွေပေါ်လာနိုင်သည်။ လိုရမယ်ရ မခကိုတော့ သူ စည်းရုံးထားဖို့လိုသည်။

"အေး ငါလိုက်ပို့ပေးမယ်"

"ဟင် ကိုကို တကယ်ပြောတာနော်"

မခ မျက်နှာလေး ဝင်းလဲ့တောက်ပသွားကာ မယုံမရဲ ထပ်မေးနေပြန်၏။

"ဒုက္ခပါပဲ၊ ငါပြောတာ အရှင်းကြီး။ နင် နားမလေးပါဘူးနော်"

"ဟို ဟို မခ မယုံနိုင်အောင်ဖြစ်သွားလို့ပါ ကိုကိုရယ်"

တစ်ကြိမ်တစ်ခါမှ မျက်နှာသာမပေးဖူးသော မခကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကို သူကိုယ်တိုင်လိုက်ပို့ပေးမည်ဆို၍ ဝမ်းသာကျေနပ်ေ
သည်။ တစ်ခါ တစ်ခါတော့ ဒီကောင်မလေးကို အရမ်းသနားပါသည်

"ကိုကို ကျောင်းရောက်ရင် ကိုကိုစားချင်တာ မခ ကျွေးမယ်
သိလား"

"လာမဖားနဲ့၊ ငါ ဘာမှမစားဘူး။ ပြီးတော့ နင့်ကိုငါ အမြဲ
တမ်းလိုက်မပို့ပေးနိုင်ဘူးနော် မခ"

"သိပါတယ် ကိုကိုရယ်၊ ကိုကို မနက်ဖြန်လိုက်ပို့ပေးမယ်ဆို
ရုံနဲ့ မခ ဝမ်းသာကျေနပ်ပါပြီ"

"အေး၊ နောက်လည်း ငါအားတဲ့ကြုံတဲ့ရက်ဆို ပို့ပေးမယ်
ကဲ ငါသွားအိပ်တော့မယ်"

"ဟုတ်ကဲ့ ကိုကို"

သူဧည့်ခန်းထဲက ထထွက်ခဲ့တော့ မခ ထိုင်ခုံမှာ အငြိမ်
မျက်နှာလေး ပွင့်ကျန်ရစ်ခဲ့သည်။

ဒီကောင်မလေးက အမေဖြစ်သူနဲ့လည်း မတူ။ မိခင်ဖြစ်
လို မာနလည်းမရှိ၊ အစ်ကိုလိုလည်း သူ့အပေါ် အမြင်မကြည်တာ
မရှိ။ သည်းခံစိတ်နဲ့ ခင်တွယ်နေ၏။

ဒါကို သူသိပေမယ့် သူ့စိတ်က ဒီကောင်မလေးအပေါ် ဘာ
တုန်းကမှ ပစားမပေးဘဲ နှိပ်ကွပ်ခဲ့သည်ချည်းဖြစ်သည်။

အခုတော့ သူ ကျောင်းပို့ပေးမည်ဆိုတာနဲ့ ဒီကောင်မလေး
ကျေနပ်ပျော်ရွှင်သွားခဲ့တာ ဖုံးဖိမရပါ။





သူကတော့ ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ် ဖြစ်သည်။

တစ်ချိန်ချိန်မှာ တော်ဝင်နှင့်ပတ်သက်ပြီး မခက လိုအပ်လာ
နိုင်သည်။ အဲဒီအခါမျိုးမှာလည်း ဒီကောင်မလေး သူခိုင်းတာကို
ငြင်းမှာမဟုတ်။

ဘာပဲဖြစ်ဖြစ် ဒီကောင်မလေးကိုတော့ ပေါင်းသင်းထားရ
မည်။

✿

မခပြောတော့ မေမေ မယုံနိုင်သလိုကြည့်သည်။ မခ,က
တော့ ပျော်လွန်းလို့ ကြည်နူးဝမ်းသာစိတ်တွေကို မဖုံးနိုင်မဖိနိုင် ဖြစ်
နေ၏။

"တကယ်ပြောတာ မေမေရဲ့၊ မနက်ဖြန်ကျ ကိုကိုက
ကျောင်းကိုလိုက်ပို့ပေးမယ်တဲ့"

"သေချာရဲ့လား သမီးရယ်၊ တော်ကြာ မနက်ကျမှ မပို့ဘူး
ဆို သမီးပဲ ခံစားရဦးမယ်"

"ကိုကိုကတော့ အသေအချာပြောတာပါ မေမေရယ်"

မခ ယုံကြည်စွာနှင့်ပြောတော့ မေမေ ခေါင်းညိတ်ကာ နွေး
နွေးလေးပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း သမီးပျော်နေတာ မေမေ ဝမ်းသာပါတယ်ကွယ်"

"သမီး အရမ်းဝမ်းသာတယ်၊ သိလား မေမေ၊ ကိုကို အရင်လို မဟုတ်တော့ပါဘူး၊ သမီးကို နားလည်လာပြီထင်ပါတယ်"

မခဆိုတော့ မေမေ မခ,ပခုံးလေးကို ဆုပ်ကိုင်ပွေ့ဖက်ရင်

"မေတ္တာမှာ အသွားအပြန်ရှိပါတယ် သမီးရယ်၊ မောင် ဟော် သမီးအပေါ် တကယ်နားလည်လာပြီဆိုရင် မေမေလည်း ဝမ်း သာပါတယ်"

"မေမေ ဘုရားရှိခိုးမလို့ မဟုတ်လား၊ သမီးလည်း အခန်း ထဲ သွားအိပ်တော့မယ်နော်"

"အေး အေး အိပ်တော့ သမီး၊ မေမေက သမီးကို မနက် ကျောင်းပို့ပေးဖို့ သားကိုမိုးကို ခိုင်းမလို့ကွဲ့"

"ကိုမိုးကို မပို့ခိုင်းနဲ့တော့၊ ကိုကိုလိုက်ပို့ပေးမှာပါ မေမေ စိတ်ချပါ၊ သေချာပါတယ်"

ပြောပြီး မခ မေမေ့အနားကထွက်ခဲ့သည်။ မေမေက အခန်း ထဲက မခ ထွက်သွားသည်အထိလိုက်ကြည့်ရင်း ကျန်ရစ်ခဲ့သည်

အခန်းထဲရောက်တော့ မခ ခုတင်ပေါ်ကိုကြည်နူးဝမ်းသာ စိတ်တွေနှင့် လှဲချလိုက်သည်။ စောစောအိပ်မည်ဆိုပေမယ့် မျက်ဝန်း တွေက ချက်ချင်းအိပ်မပျော်တာလည်း အမှန်။

အာရုံထဲမှာ ကိုကိုမျက်နှာက အရိပ်ထင် စိုးမိုးနေသည်၊ ဟိုးငယ်ငယ်ကတည်းက ကိုမိုးထက်ပိုပြီး မခ ကိုကို





သံယောဇဉ်ပိုခင်တွယ်ခဲ့ရ၏။

ထိုစဉ်က ကိုကိုတို့အိမ်မှာ မခတို့ မှီခိုနေရတာ မှတ်မိ၏။ ကိုကိုရဲ့မေမေ ဒေါ်သိင်္ဂီက မခကို သိပ်ချစ်သည်။

"သားသား သမီးလေးက သားညီမလေးနော်၊ အနိုင်မကျင့် ရဘူး"

"ဟင် သားက တစ်ဦးတည်းသော သားဆို၊ မခက ညီမ အရင်းမှ မဟုတ်တာဘဲ မေမေ"

"အရင်းမဟုတ်ပေမယ့် သားရဲ့ ညီမဝမ်းကွဲတော်တယ်၊ ညီမလေးကို ချစ်ရမယ်နော်၊ ကိုယ့်ထက်ငယ်တော့ အလျှော့ပေးရ မယ်နော် သား"

အန်တီဒေါ်သိင်္ဂီက ကိုကို့ကို မှာသည်၊ ကိုကိုကလည်း မိခင် ကားကိုနာခံကာ မခ ကို ချစ်ခင်ခဲ့သည်။ အတူစား၊ အတူကစား နှင့် သံယောဇဉ်ပိုခဲ့၏။

မေမေနှင့်ကိုကို့ရဲ့ ဒယ်ဒီတို့ အန်တီဒေါ်သိင်္ဂီဆုံးပါပြီး လက် ထပ်လိုက်ကြသည့်နောက်ပိုင်းမှာတော့ ကိုကိုသည် မခ,အပေါ် မယုံ ကြည်နိုင်စရာကောင်းအောင် ပြောင်းလဲသွားခဲ့သည်။

"နင်နဲ့ငါ ဘာမှမတော်ဘူး၊ နင့်အမေက ငါ့မိထွေး၊ ငါ အချမ်းမုန်းတယ်၊ သွား မခ"

ကိုကို မခကို အော်ဟစ်မောင်းထုတ်လိုက်တိုင်း မခ နာကျင် နာခံစားရသည်။ မျက်ရည်ဝဲခဲ့ရသည်။ လူကြီးတွေကိစ္စကို မခ သာမှ



www.burmeseclassic.com

www.burmeseclassic.com



မသိပါ။

မခ,သိတာ ကိုကို့ကို မခ သိပ်ချစ်သည်။

ကိုကို ဘယ်လောက်ပဲခါးသီးစွာ ဆက်ဆံပါစေ မခ,ဘက်က ခင်မင်သံယောဇဉ် မပျက်ခဲ့။

အရွယ်လေးရလာတော့ ဖြူစင်သောသံယောဇဉ်တွေက ဖြူစင်သောအချစ်တွေအဖြစ် ပြောင်းခဲ့တာ ကိုကို မသိပါ။ မပြောင်းလဲခဲ့တာက ကိုကို့ရဲ့ ခါးသီးသောဆက်ဆံမှုတွေပဲဖြစ်သည်။

အခုတော့ ကိုကို မခရဲ့မေတ္တာကို နားလည်စာနာနိုင်ပြီလား။

မခ အရမ်းဝမ်းသာတယ် ကိုကိုရယ်။ ကိုကို့ရဲ့ ဂရုစိုက်မှုလေးတွေကိုပဲ မခ မျှော်လင့်မိတာပါ။

ကိုကို တကယ်ပြောင်းလဲသွားခဲ့ပြီ ထင်ပါရဲ့။

မေမေပြောသလို မေတ္တာတရားဆိုတာ အသွားအပြန်ရှိတာဆိုရင်တော့ ကိုကို့ရင်ထဲမှာ မခ အတွက်။

✿ ✿ ✿



## အခန်း (၂၅)

"ကိုကို ကင်တင်းနဲ့မှာ တစ်ခုခုစားဦးမလားဟင်"

"ဘာမှမစားဘူး၊ နင်သွားတော့၊ ငါ သွားစရာရှိတယ်"

ကျောင်းရှေ့မှာ ကားကိုထိုးရပ်ပြီး သူပြောတော့ မခ ခေါင်းလေးညိတ်သည်။ ပြီးတော့ သူ့ကို ကြည်နူးကျေနပ်အပြုံးလေးနှင့် ကြည့်ရင်း

"ကိုကို့ကို မခ အရမ်းကျေးဇူးတင်တယ်၊ သိလား၊ တာ့တာ ကိုကို"

မခ မြူးမြူးလေးနှုတ်ဆက်စကားဆိုပြီး ကျောင်းဝန်းထဲ ခပ်သုတ်သုတ်လေး လှမ်းဝင်သွားသည်။ ဝတ်ထားတာက DEAR တံဆိပ် အဝါရောင်တီရှပ်လေးနှင့် ပန်းသွေးဆီရောင်မှာ အဖြူပွင့်ဆက်



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ဖောက်ထားသော ထဘီလေးနှင့် မခ လှပနေခဲ့ပါသည်

ဒါပေမဲ့ မဟော့်စိတ်တွေက မခ,ဆီက ချက်ချင်းပဲပျော

ဆုံးသွားကာ ကျောင်းဝန်းရှေ့မှာရပ်ထားသော ကားတွေကို ရှာ

ကြည့်မိသည်။

တော်ဝင်တို့ရဲ့ MARK II ကြီးကို လုံးဝမတွေ့ရသေး

ကျောင်းတက်ချိန်လိုနေသေးတာမို့ မရောက်သေးတာဖြစ်မည်။

ကားတံခါးကိုမှီရပ်ကာ မဟော်စောင့်သည်။ အပြာနုရော

ရှပ်လက်တိုနှင့် ဂျင်းပြာကိုဝတ်ဆင်ထားသော မင်းမဟော်ရဲ့ စတို

မှာ မိန်းကလေးတွေ နစ်မျောငေးနေတာလည်း မဟော် မသိပ

စောင့်မျှော်ရခြင်းရဲ့ဒုက္ခကို မဟော် အခုမှပဲ ခံစားဖူးတေ

သည်။ စက္ကန့်တွေက ရှည်ကြာလွန်းသည် ထင်မိသည်။

ဟိုးအဝေးက မောင်းနှင်လာသော ကားတစ်စီးမြင်ရတို

မဟော့်ခန္ဓာကိုယ် ဆန့်မတ်သွားကာ ကြည့်မိသည်။ မျှော်နေသေ

ကား မဟုတ်တော့ ပင့်သက်ရှိုက်ကာ နာရီကိုပြန်ငုံ့ကြည့်မိပြန်

ကျောင်းတက်ဖို့ နာရီဝက်လောက်ပဲလိုတော့သည်။ တော်

ကိုသယ်ဆောင်လာမည့် ဦးမိုးရဲ့ကားကို အခုထိတောင် မတွေ့မ

ရသေးပါ။

ကျောင်းဝန်းထဲပဲ ဝင်သွားပြီလား။ မဖြစ်နိုင်ဟု ထင်သည်

ကျောင်းဖွင့်သည့်ရက်မှာ သူလာခဲ့မည်ဟု တော်ဝင်ကို မှာထားပြီးသ

ဖြစ်သည်။





ဘယ်နှကြိမ်မြောက်မှန်း မမှတ်မိသော ပင့်သက်ရှိုက်ကာ မဟော် ခေါင်းကို တစ်ချက်အခါမှာ သူ့ကိုရပ်ကြည့်နေသော အရိပ်တစ်ခုကို မြင်လိုက်တာမို့ လှည့်ကြည့်မိသည်။

"ဟင်"

စိတ်ထဲမှာ ထိတ်ခနဲဖြစ်သွားတာ အမှန်။ ဂျင်းကျောပိုးအိတ်လေးကိုလွယ်ပိုးထားသော ထိုလူရွယ်မျက်ဝန်းတွေက သူ့ကိုစူးစူးနစ်နစ်စိုက်ကြည့်နေရင်း အနားကိုလှမ်းလျှောက်လာသည်။

မဟော် စိတ်အနှောင့်အယှက်ဖြစ်သွားခဲ့တာတော့ အမှန်ပဲဖြစ်သည်။ ရိုးမဆိုသော ဒီကောင်နဲ့ မဆုံချင်တာမို့ ရှောင်နေတာကြာပြီ။ အခုတော့ ထိပ်တိုက်လာဆုံနေပြီ။

ရှောင်လို့လည်း မရတော့ ရင်ဆိုင်ရုံပေါ့။

"ကိုမင်းမဟော် ဘာလုပ်နေတာလဲ"

"ဪ ရိုးလေး သူငယ်ချင်းတစ်ယောက် လာစောင့်နေတာ ဗျ"

ရိုးလေး နှုတ်ခမ်းတွေတွန့်သွားခဲ့တာ ပြုံးတာမဟုတ်မှန်း သူသိသည်။ အနားက ထွက်မသွားဘဲ ရိုးလေး သူ့ကို စူးစိုက်ကြည့်နေ၏။

"မင်း ကျောင်းလာတက်တာလား ရိုးလေး"

ရိုးလေးကိုမြင်မှ ဒီကောင်က ဒီနည်းပညာတက္ကသိုလ် နောက်ဆုံးနှစ်တက်နေမှန်း သူသတိရတာမို့ အလိုက်သင့်မေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်၊ ဒါပေမဲ့ ဒီနေ့ ကျောင်းမတက်ဖြစ်လည်း အရေးမကြီးပါဘူး။ ကျွန်တော် ခင်ဗျားနဲ့ တွေ့ချင်နေတာ''

''ဘာကိစ္စလဲ၊ ငါ ဒီနေ့ အားမှာမဟုတ်ဘူး၊ မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားလို့''

''ဘယ်က မိတ်ဆွေလဲ၊ ယောကျ်ားလား, မိန်းမလားဗျ''

အမေးစကားသံက လှောင်သလိုလို ရိသလိုလိုမို့ မဟော်ခပ်တည်တည်ပြန်ကြည့်ပစ်လိုက်သည်။ ဒီလိုအချိုးမျိုး လာလုပ်နေတာတော့ လက်မခံနိုင်တာအမှန်။ ရိုးမဆိုသည့်ကောင်ကလည်း သူ့ကို ခပ်ရူးရူးကြည့်နေ၏။

''အဲဒါ ငါ့ကိစ္စလေကွာ၊ မင်းကို တင်ပြနေစရာ မလိုဘူးထင်တယ်''

သူ့ဘက်ကလည်း ခပ်တင်းတင်းပဲတုံ့ပြန်တော့ ရိုးလေးမျက်နှာ တင်းခနဲဖြစ်သွားရင်း –

''ဟုတ်ပြီလေ၊ ကျွန်တော်နဲ့ဆိုင်တာပဲ ပြောမယ်၊ ခင်ဗျားနဲ့ မမငြိမ့်ကိစ္စ သိချင်လို့၊ မမငြိမ့် ကျွန်တော့်ကို လာပြောပြတယ်''

ရိုးမရဲ့ရည်ရွယ်ချက်က ဒါပဲဆိုတာ သူသိပြီးသားပါပဲ။ ချစ်သက်ငြိမ့်ဆိုတာ ရိုးမရဲ့ အစ်မတစ်ဝမ်းပဲကွဲသည်။ သူနှင့် ချစ်သက်ငြိမ့်တို့ ချစ်သူရည်စားဘဝမှာ ရိုးမနှင့် သုံးလေးကြိမ်ဆုံဖူးသည်။

''ချစ်သက်ငြိမ့်ပြောတယ်ဆို ပြီးပြီပေါ့၊ သူနဲ့ငါ ဇာတ်လမ်းပြတ်သွားပြီ''





''ဒါတော့ ခင်ဗျား မတရားတာပဲ၊ မမငြိမ့်ကို အကြောင်းမရှိဘဲ တမင်အပြစ်ရှာပြီး ခင်ဗျားဖြတ်ခဲ့တာကိုး''

''အဲဒါ ငါတို့ကိစ္စပဲကွ၊ မင်းနဲ့ ဘာဆိုင်လို့လဲ''

''ဆိုင်တာပေါ့၊ မမငြိမ့်နဲ့ ကျွန်တော်က တစ်ဝမ်းပဲကွဲတဲ့မောင်နှမတွေလေ၊ ခင်ဗျားကြောင့် မမငြိမ့် အတော်ခံရခက်နေတယ်''

''မဆန်းပါဘူးကွာ၊ သူလည်း ရည်းစားထားဖူးတာပဲ၊ ကွဲတာမဆန်းပါဘူး''

''ခင်ဗျား ရှုပ်တာပွေတာတွေ ကျွန်တော်သိတယ်၊ ဒါကြောင့်လည်း မမငြိမ့်ကို အသိပေးဖူးတယ်၊ မမငြိမ့်က ခင်ဗျားကို တကယ်ချစ်သွားတာ၊ အခုဆို သူ တော်တော်ခံစားနေရတယ်''

''ပြဿနာပါပဲလား ရိုးမ၊ မင်းလည်း ရည်းစားတွေထားတာ မှုပဲကွာ၊ ချစ်သူရည်းစားဆိုတာ စိတ်သဘောထားချင်း မတိုက်ဆိုင်ရင် လမ်းခွဲကြမှာပဲ''

''အခုက ခင်ဗျား ပြဿနာရှာပြီး လမ်းခွဲသွားတာ''

ပြောရင်း ဒေါသတွေဆူဝေချင်နေသည့် ရိုးမကို သူ့ဘက်က ပြေလည်အောင်ရှင်းပြနေလို့ ထူးခြားမလာမှာ နားလည်လိုက်သည်။ ဒီကောင် သိပ်လွန်နေပြီ၊ ခင်ဗျားတွေနဲ့ ရိုင်းစိုင်းပြနေတာတော့ လက်မခံနိုင်ပါ။

''ရိုးလေး မင်း ငါ့ကို ရိုင်းရိုင်းစိုင်းစိုင်းပြောနေတာ ငါ ဆက်သည်းမခံနိုင်ဘူးနော်၊ မင်းကို နားလည်ပေးထားတာ အခွင့်အရေးယူ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ချစ်သက်ငြိမ့်ကိစ္စနဲ့ပတ်သက်ပြီး မင်း မကျေနပ်ရင် ဘာဖြစ်ချင်လဲ ပြော''

ယတိပြတ် စိန်ခေါ်စကားခေါ်ကာ ရင်ဆိုင်ဖို့အတွက် ခန္ဓာကိုယ်ကို အသင့်အနေအထားနှင့် မတ်မတ်ရပ်လိုက်တော့ ရိုးလေးရဲ့ တင်းနေသောမျက်နှာ လျော့ကျသွားခဲ့သည်။

တကယ်တမ်း ထိပ်တိုက်ရင်ဆိုင်ဖို့ကျတော့ ဒီကောင် သတ္တိမရှိပါ။

''ကောင်းပြီလေ၊ ခင်ဗျားဝဋ်မလည်ပါစေနဲ့လို့ ဆုတောင်းထားဦးပေါ့''

ကြိမ်းဝါးသလို ခြိမ်းခြောက်သလိုဆိုလာတော့ သူ့နှုတ်ခမ်းတွန့်ပြီးလှောင်ပြုံး ပြုံးပစ်လိုက်သည်။

''ငါ့ကို သကြံန်အခြောက်ပစ်ပြီး မခြိမ်းခြောက်နဲ့ ရိုးလေး ဘယ်လိုနည်းနဲ့ရှင်းရှင်း အသင့်ပဲ၊ မှတ်ထားလိုက်၊ ငါ့နာမည် မင်းမပေါ်''

အံကိုတင်းခနဲကြိတ်ကာ ရိုးမလှည့်ထွက်သွားချိန်မှာပဲ ကျောင်းဝန်းရှေ့ကို နက်ပြာရောင် MARK II ကားကြီးထိုးရပ်သည်။

ရင်ထဲကဒေါသတွေကို လျှော့ချပစ်ပြီး မပော့အာရုံတွေက ပွင့်လာသောကားတံခါးဆီက လွင့်ကျလာသော ခြေဖမိုးလေးကို လှမ်းကြည့်မိ၏။

ဝင်းမွတ်နေသော ခြေဖမိုးအိအိလေးကို အုပ်မိုးထားသော





Aerosoft ကွင်းထိုးဖိနပ်လေးတစ်စုံ။

ကျောင်းဝန်းရှေ့မှာ နံနက်ခင်းရဲ့လမင်းလေး သာသွားသလို တော်ဝင်သူမျက်နှာလေး ထွန်းလင်းဝင်းပသွားခဲ့သည်။

လှိုင်းတွန့်နက်ပြာရောင် ကိုယ်ကျပ်အင်္ကျီလေးက ဝင်းမွတ်နေသော တော်ဝင်ရဲ့အသားအရေကို ပိုလို့ပေါ်လွင်စေသည်။

ခါးရှည်အင်္ကျီလေးနှင့်လိုက်ဖက်သော အဝါတောက်တောက်ထဘီလေးနှင့် အဖြူရောင်ကျောပိုးအိတ်ကလေးနှင့် တော်ဝင်အလှကို သူ ကြည့်မဝနိုင်အောင်ဘဲ ဖြစ်နေမိ၏။

ဒရိုင်ဘာဦးမိုးကို တော်ဝင် စကားပြောနှုတ်ဆက်သည်။ ဦးမိုး ကားကို ညင်သာစွာမောင်းထွက်သွားချိန်မှာပဲ တော်ဝင် မျက်ဝန်းလေးတွေ ပတ်ဝန်းကျင်ကို ဝေ့ဝဲရှာဖွေနေသည်။

ကားကိုမှီရပ်နေသော သူ့ကိုမြင်တော့ တော်ဝင် ညီညာဖြူဖွေးသောသွားတန်းလေးတွေပေါ်အောင် နှုတ်ဆက်ပြုံးသည်။

သူ့ခြေလှမ်းတွေ တော်ဝင့်အနားကို ဘယ်လိုရောက်သွားခဲ့သည်မသိ။

''တော်ဝင်''

''ကိုမင်း ရောက်လာပါ့မလားလို့ မယုံမရဲဖြစ်နေတာ''

''ပလာဇာထဲမှာ ဆုံပြီးကတည်းက နောက်ထပ်ဆုံခွင့်ကို မျှော်နေတာပဲ တော်ဝင်ရယ်''

''အဲဒီနေ့က ကိုမင်းပေးခဲ့တဲ့ ဆံညှပ်လေးအတွက် ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တင်တယ်၊ သိလား''

တော်ဝင်ဆိုမှ နက်မှောင်သောဆံနွယ်ကြီးမှာ ဆင်ယင်ထားသော ဆံညှပ်လေးကို သူ သတိထားမိတော့သည်။

''တော်ဝင်ရဲ့ ဆံပင်တွေနဲ့လိုက်ဖက်တယ်ကွာ၊ အချိန်ရရင် ကိုယ်တို့တစ်ခုခုသွားစားကြရအောင်နော်''

''နောက်ကျနေပြီ ကိုမင်းရဲ့၊ ကျောင်းဝန်းထဲ စောစောဝင်ပြီး တော်ဝင် အခန်းကိုရှာရဦးမယ်၊ နောက်နေ့တွေမှ ဆုံရအောင်နော်''

နာရီလေးကို ငုံ့ကြည့်ကာတော်ဝင်ဆိုတော့ သူ လက်ခံခေါင်းညိတ်ပေးရပြန်သည်။

''ကိုမင်း တော်ဝင်သွားတော့မယ်နော်''

နှုတ်ဆက်အပြုံးလေးနှင့် တော်ဝင်ကျောင်းဝန်းထဲလှည့်ဝင်သွားတော့ ဆံနွယ်ရှည်ကြီးတွေကို စည်းနှောင်ထားသော ရွှေရောင်ဆံညှပ်လေးဆီက ကျောက်ပွင့်လေးတွေ လက်ခနဲ တောက်ပသွားခဲ့၏။

ဆုံတွေ့ခွင့်လေးတစ်ခဏအတွက် သူ့မှာတော့ အစောကြီးထကာ မခက်ပဲ လိုက်ပို့ပေးခဲ့ရသည်။ မိနစ်ပိုင်းလေး တော်ဝင်အရိပ်ကိုမြင်ရုံမျှသာ ရှိသည်။ ဒါပေမဲ့ သူကျေနပ်ပါသည်။

ကျောင်းဝန်းထဲမှာ တော်ဝင့်အရိပ်လေး ပျောက်ကွယ်သွားတော့မှ မပေါ် ပင့်သက်လေးချကာ ပြန်ဖို့လှည့်အထွက် သူ့ကိုရပ်ကြည့်နေသော ရိုးမမျက်ဝန်းတွေက စူးစူးနစ်နစ်။





ဒီကောင် မသွားသေးပါလား။ မပော် တန်ပြန်မျက်ဝန်းစူးစူးလေးတွေနဲ့ ပြန်စိုက်ကြည့်နေလိုက်တော့ ရိုးမ ခေါင်းတစ်ချက်ညိတ်ပြီး ကျောင်းဝန်းထဲလှမ်းဝင်သွား၏။

မပော်စိတ်ထဲ ထင့်ခနဲဖြစ်သွားခဲ့သည်။ ရိုးမကျောပြင်ကိုငေးရင်း တစ်စုံတစ်ခုကိုတွေးမိသွား၏။

တော်ဝင်နဲ့သူ ရပ်ပြီး စကားပြောနေခဲ့တာကို ရိုးမမြင်တွေ့သွားမှာ သေချာ၏။ ဒါဆိုလျှင် ဒီကောင် ဘာတွေနှောက်ဦးမည်လဲ။

စိုးရိမ်စိတ်က ရင်ထဲဝင်လာတော့ မောသွားချင်၏။ ဘာပဲဖြစ်ဖြစ် ရိုးမကိုတော့ ဥပေက္ခာပြုထားလို့မရတာ သေချာပြီ။ တော်ဝင်နဲ့သူ့ကြားမှာ ဒီကောင် ဝင်နှောင့်ယှက်လာခဲ့လျှင်တော့။

သူ ဘာဆက်လုပ်ရမလဲ။ အာရုံတော့ စားသွားတာ အသေအချာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

မခ အံ့သြနေမိတာတော့ အမှန်ပဲဖြစ်သည်။ မနက်ကတည်းက ကိုကို ကျောင်းလိုက်ပို့ပေးသည်။ ညနေကျောင်းဆင်းတော့လည်း လာကြိုနေသည့်ကိုကို့ကို တွေ့ရသည်။

ကားတံခါးမှာမှီရင်း လမ်းမကြီးပေါ်ကို မျှော်ငေးနေသော ကိုကို့အနားကို မခ တအံ့တသြလေးရောက်သွားကာ မေးမိ၏။

"ဟင် ကိုကို ဘယ်ကိုလာတာလဲဟင်"

မခ,မေးတော့မှ ကိုကို့အကြည့်တွေ မခဘက် ဦးလှည့်လာရင်း –

"ဒီကိုလာတာပေါ့၊ နှင် ပြန်မှာမဟုတ်လား၊ ကဲ ကားပေါ်တက်"





"မခကို လာကြိုတာလားဟင် ကိုကို"

"အေး လမ်းကြုံလို့ နှင့်ကိုတစ်ခါတည်းစောင့်နေတာ"

မခ မယုံနိုင်စွာနှင့် ကိုကို့ရဲ့ကားပေါ် ပါလာခဲ့သည်။ တစ်လမ်းလုံးလည်း ကိုကို့ကို စကားတွေမေးမဆုံးနိုင်အောင် ဖြစ်နေခဲ့သည်။

"ကိုကို ဘယ်ကပြန်လာတာလဲဟင်၊ မခကို စောင့်နေရတာ ကြာပြီလား"

"နှင် တော်တော်စကားများတာပဲ"

မဟော် စိတ်တိုသွားသလိုပြောတော့ မခမျက်နှာလေး ညှိုးသွားရင်း ကသောကမျောလေး ဖြေရှင်းသည်။

"စိတ်မဆိုးပါနဲ့ ကိုကို၊ ကိုကို လာမကြိုဘူးထင်လို့ မခ မေးမိတာပါ"

"ဒါနဲ့ နေစမ်းပါဦး၊ မိုးကျော်က နှင့်ကို ကြိုဖို့မလုပ်ပေးဘူးလား"

"ကိုမိုးက ကြိုပေးမယ်ပြောပါတယ်၊ မခကြောင့် အချိန်တွေ သီးသန့်ပေးရမှာစိုးလို့ မခက မကြိုခိုင်းတာ၊ လိုင်းကားစီးပြီး ပြန်လို့ရတာပဲလေ"

မခက အမှန်အတိုင်းဖြေသည်။ ဒီကောင်မလေးရဲ့စိတ်ဓာတ်ကိုတော့ မဟော်သဘောကျသည်။ ပထမနှစ်တက်တုန်းကလည်း ဘယ်သူ့ကိုမှ ဒုက္ခမပေးခဲ့၊ သူမဘာသာသူမ အဆင်ပြေသလို တက်ခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးကျော်တုန်းကတော့ ဒယ်ဒီဆီက ကျောင်းတက်ဖို့ ကား တစ်စီးတောင်းခဲ့ဖူးသည်။ မပော်ကိုယ်ပိုင်ကားနဲ့ ကျောင်းသွားပြ တော့ မိုးကျော်ကလည်း ညီတူခံစားခွင့်ရှိသည်ဆိုကာ တောင်းဆ ခြင်းဖြစ်သည်။

မခ ကတော့ ဒယ်ဒီ့ဆီကိုလည်း မပူဆာခဲ့ပါ။ ဒယ်ဒီက ဝ စဉ်ပေးမည်ဆိုတာတောင် ငြင်းခဲ့သည်။ ဘာလိုချင်သည်၊ ညာလိုချ သည်လည်း မပူဆာသော ကောင်မလေးရဲ့စိတ်ဓာတ်ကတော့ ချီးကျူ စရာကောင်း၏။

"မခ"

"ရှင် ကိုကို"

"နောက်နေ့တွေကျရင် နင့်ကိုငါ့ကားနဲ့ ကျောင်းပို့ပေးမယ် အပြန်ကျရင်တော့ ကြိုရင်ဝင်ကြိုပေးမယ်"

"တကယ်လား ကိုကို"

"ဒုက္ခပါပဲ၊ ငါက ဘယ်တုန်းက နင့်ကိုနောက်ပြောင်ဖူးလို့လဲ"

"ဟို မခ နားကြားလွဲသလားလို့မေးတာပါ၊ ကျေးဇူးတင် ပါတယ် ကိုကိုရယ်၊ ကိုကို မအားတဲ့ရက်တော့ မပို့ပါနဲ့ မခ အဆင်ပြေ ပါတယ်"

"အေးပါ၊ ငါ အားမှ ပို့ပေးမှာ"

ကိုကို ဘာကြောင့် ဒီလောက်အထိတောင် မခ အပေ စေတနာတွေကောင်းနေသည်လဲ မခ စဉ်းစားမရအောင်ဖြစ်မိသည်





မေးကြည့်ချင်ပေမယ့် မမေးရဲတာကြောင့် ငြိမ်နေလိုက်ရသည်။

အိမ်ကိုရောက်တော့ မေမေကတောင် အံ့ဩနေသည်။ ကိုကို ကတော့ ဆင်ဝင်အောက်မှာ ကားကိုရပ်ပြီးသည်နှင့် အိမ်ခန်းထဲလှမ်း ဝင်သွားခဲ့သည်။

"သမီးကို မောင်မပော် လာကြိုတာလား"

"ဟုတ်တယ် မေမေ၊ ကျောင်းဆင်းတော့ ကိုကိုရောက်နေ တယ်လေ"

မခ အံ့ဩဝမ်းသာနေသလို မေမေ့မျက်ဝန်းတွေထဲမှာလည်း အံ့ဩလွန်းနေခဲ့တာ သေချာသည်။

"နောက်နေ့တွေ... ည်း ကိုကိုက မခကို ကျောင်းလိုက် ပို့ပေးမယ်တဲ့ မေမေ"

"သူက ဒီလိုပဲပြောသလား သမီး"

"ဟုတ်တယ် မေမေ၊ သမီး မတောင်းဆိုဘဲ ကိုကို့ဘာသာ ပြောတာ"

"အင်း ဒါဆိုလည်း အဆင်ပြေတာပေါ့ကွယ်၊ ကဲ ကဲ သမီး အဝတ်အစားသွားလဲလိုက်ဦးနော်"

"ဟုတ်ကဲ့ မေမေ"

မခ ခေါင်းလေးညိတ်ပြီး အခန်းထဲလှမ်းဝင်သွားခဲ့သည်။ ကျောပိုးအိတ်ကလေးကို လွယ်ယမ်းပြီးဝင်သွားသော သမီးကိုကြည့်ရင်း ဒေါ်မိုးမြင့်စံ ပြင့်သက်ရှိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးလေး ပျော်နေခြင်းအတွက်တော့ သူမလည်း ကျေနပ်
မိပါသည်။ ဒါပေမဲ့လည်း ရင်ထဲမှာ စိုးရိမ်နေတာတစ်ခုတော့ရှိသည်
သမီးလေးအပေါ်မှာ မင်းမဟော်ရဲ့ဆက်ဆံမှုတွေ သိသာ
စွာပြောင်းလဲသွားခဲ့တာကြောင့် ဖြစ်သည်။ ဒါဟာ ရိုးမှရိုးသားရဲ့လား
ဟု သူမ သံသယဖြစ်မိ၏။

မင်းမဟော်အကြောင်း သူမ မသိမဟုတ်၊ သိပါသည်။

ချစ်သူမိန်းကလေးတွေ အများကြီးထားခဲ့ဖူးတာ သူမ အသ
ဆုံး။ ဒါပေမဲ့ ဘယ်မိန်းကလေးကိုမှ မင်းမဟော် အလေးအနက်ထား
တတ်တာ မတွေ့ခဲ့ပါ။

အခုသမီးလေးအပေါ်မှာကော မင်းမဟော်ရဲ့ ပြောင်းလဲလာ
သော ဆက်ဆံမှုတွေက ရိုးသားပါရဲ့လား။ သမီးလေး ထိခိုက်အောင်
ဆိုသော ရည်ရွယ်ချက်နှင့်သာ မင်းမဟော်ကြံစည်ခဲ့လျှင် အခက်
ဒါမျိုးတော့ ဘယ်တော့မှ အဖြစ်မခံနိုင်ပါ။

"မေမေ"

သားဖြစ်သူခေါ်သံကြားမှ အတွေးတွေပြတ်ကာ ဒေါ်မိုးမြ
စံလှည့်ကြည့်မိ၏။

သားကြီးမိုးကျော်က သူမအနားလျှောက်လာကာ ပတ်ဝ
ကျင်ကို ဝေ့ဝဲကြည့်သေး၏။ ပြီးမှ လေသံတိုးတိုးနှင့် –

"မေမေ့သမီး ဟိုကောင်နဲ့ ကျောင်းကပြန်လာတာဆို"

"ဟုတ်တယ် သား။ မေမေ့ကို အခုပဲ သမီးပြောပြသွားတယ်





နောက်ကလည်း မောင်မဟော်လိုက်ပို့တာတဲ့"

မိုးကျော် မျက်ခုံးတွေတွန့်သွားရင်း ခေါင်းကိုခါယမ်းသည်။

"အဲဒါကို သားစဉ်းစားနေတာ မေမေ၊ ဒီကောင် ရိုးသား
မလား။ ဒီကောင့်အကြောင်း မေမေသိတယ်နော်"

သူမ စိုးရိမ်နေသလို သားကလည်း ညီမအတွက် စိုးရိမ်
နေပုံရသည်။

"ဒီကောင် ညီမလေးအပေါ် ဘာရည်ရွယ်ချက်နဲ့ အခုလို
ဆက်ဆံနေတာလဲ၊ အရင်က ဒီလိုပုံစံမဟုတ်တာ မေမေသိသားပဲ"

"သား စိုးရိမ်နေတာ မေမေသိပါတယ်၊ မောင်မဟော်မှာ
တော့ ဒီလိုစိတ်မျိုးတော့ မရှိဘူးထင်ပါတယ်"

"ပြောလို့ရမလား မေမေရာ၊ ဒီကောင်က ကျွန်တော်နဲ့
မေမေ့ကို မုန်းနေတဲ့ကောင်လေ၊ ညီမလေးကို ဒုက္ခပေးမှာစိုးလို့ သား
ပြောနေတာ"

"အဲဒီလောက်အထိ မစိုးရိမ်ပါနဲ့သားရယ်၊ မေမေ ဒီအတိုင်း
ပွတ်မထားပါဘူး"

"မေမေ ဒီကိစ္စကို ဘာလို့ဒီလောက်ခွင့်ပြုလိုက်လျော့နေတာ
လဲ သား စဉ်းစားမရဘူးဗျာ"

ဒေါ်မိုးမြင့်စံ ယဲ့ယဲ့လေးပြုံးသည်။ မျက်နှာကြီးရဲရဲနီကာ အလို
မကျဖြစ်နေသော သားဖြစ်သူလက်ကိုဆွဲကာ အနီးမှထိုင်စေ၏။ ပြီးမှ

"မေမေပြောတာ သား အသေအချာနားထောင်၊ မင်းမ



www.burmeseclassic.com

www.burmeseclassic.com



ဟော်နဲ့သမီးလေး နီးစပ်သွားရင် မေမေတို့အတွက် အကောင်းဆုံး
လေ၊ ဘာပဲဖြစ်ဖြစ် မဟော်က မေမေတို့အပေါ် မကြည်ဖြူပေမယ့်
သမီးလေးအပေါ် ကြည်ဖြူတယ်ဆိုရင် မေမေ ခွင့်ပြုကျေနပ်ရမှာ
သမီးလေး အနာဂတ်အတွက် အဆင်ပြေမယ့်ကိစ္စပဲလေ''

မိုးကျော် တွေခနဲဖြစ်သွားသည်။ မေမေရဲ့ဆိုလိုရင်းကို
သဘောပေါက်သည်။ တကယ်ဆို မဟော်ရဲ့ပိုင်ဆိုင်မှုတွေက သူ့
ဘာမှမဆိုင်။ ညီမလေးနဲ့ မဟော်ပတ်သက်သွားလျှင်တော့ –

''အင်း မေမေမျှော်လင့်သလို ဖြစ်မလာဘဲ ဒီကောင်
တမင်အကောက်ကြံဖျက်ဆီးတာဆိုရင်ကော''

''အဲဒီလိုလုပ်လို့ မရဘူးသား၊ အဲဒီလိုဖြစ်လာရင်
မေမေ ခွင့်ပြုမယ်လို့ သားထင်သလား၊ သူ့ဖေဖေ ရှိပါသေးတယ်

မိုးကျော် ငြိမ်သွားသည်။ မဟော် ဒီလိုလုပ်လျှင် အန်ကယ်
ဦးမင်းဖြူက ဘယ်လိုမှ ခွင့်လွှတ်မှာမဟုတ်တာ သေချာ၏။ ပြီးတော့
မင်းမဟော်က ဂျစ်ပေပေသာနိုင်တာပါ။ ဒီလို နာမည်ပျက်မျိုးမရှိ
လည်း အမှန်။ သူကတော့ ညီမလေးအတွက် စိုးရိမ်တာဖြစ်သည်

မေမေပြောသလို ဘာမှပြဿနာမရှိဘဲ အဆင်ပြေသွားလျှင်
တော့ ကောင်းပါသည်။

ညီမလေးမခ အနာဂတ်လှပမည်ဆိုလျှင် သူလည်း ကျေနပ်
ဝမ်းသာနိုင်ရမည်ပေါ့။

✿ ✿ ✿



အခန်း (၂၇)

ထုံးစံအတိုင်း ကိုကိုက ကျောင်းဝန်းရှေ့မှာ ကားရပ်ပြီး
ခကိုပို့ပြီးသည်နှင့် ပြန်သွားလိမ့်မည် ထင်မှတ်ထားပေမယ့် ကား
ခါးမှီကာ ရပ်နေဆဲရှိ၏။

မခ အံ့ဩသွားမိကာ ကိုကို မခကိုမမြင်နိုင်သောနေရာမှ
ချောင်းကြည့်မိသည်။

ကိုကို ဘာလို့မပြန်သေးတာလဲ။ ဘယ်သူ့ကိုစောင့်နေတာ
လဲ။ မခ သိချင်စိတ်နှင့်စောင့်ကြည့်နေတာ ကိုကို မသိ။ မခ,ကိုလည်း
သတိထားပုံမရပါ။

MARK II ကားကြီးတစ်စီးထိုးရပ်တော့ ကိုကိုကြည့်နေ
ဘာမို့ မခလည်း စိတ်ဝင်စားစွာရပ်ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကားကြီးပေါ်က ဆင်းလာတာ လှပချောမောသော မိန်း ကလေးတစ်ယောက်ဖြစ်နေသည်။ ဆံပင်ရှည်ကြီးတွေနှင့် ယဉ်သော အလှက မိန်းကလေးချင်းတောင် ငေးမောလောက်သည်။

လိုက်ပို့သည့်ကားကြီး မောင်းထွက်သွားတော့ ထိုမိန်းကလေး က ကိုကို့ဆီကိုလှမ်းသွားသည်။ ကိုကိုနဲ့ သိနေသည်လား။

ကိုကိုတို့နှစ်ယောက် အပြုံးတွေနှင့် စကားတွေပြောပြီးတော့ ကျောင်းဝန်းအပြင်က ကဖေးဆိုင်လေးကို အတူထွက်သွားကြ

ငေးကြည့်နေရင်း မခရင်ထဲမှာ လှိုက်ဖိုဝမ်းနည်းလာမိ ကိုကို မခတို့ကျောင်းကို လာနေတာ ဒါကြောင့်ကိုး။ မခကို နေ့စဉ် လိုက်ပို့ကြိုနေသော ကိုကို့ရည်ရွယ်ချက်ကို သိလိုက်ရချိန်မှာ မ မျက်ရည်တွေတောင်ကြွေကျမတတ်။

"နှင်း ဘာလုပ်နေတာလဲ"

အနားကို ဘယ်အချိန်ကရောက်လာသည်မသိသော သန္တာ ကိုမြင်တော့ မခ မျက်ရည်တွေကိုပုတ်ခတ်သိမ်းဆည်းရင်း –

"ဘာမှမဟုတ်ပါဘူးဟာ၊ ဟို ငါ့အစ်ကိုကို ကြည့်နေတာ"

"ဟင် နှင်းအစ်ကိုက တော်ဝင်သူနဲ့ အဆင်ပြေနေပြီလား"

"ဘယ်သူ သန္တာ၊ အဲဒီကောင်မလေးကို နှင်းသိလို့လား"

"နှင်းက တကယ်ညံ့တာပဲ၊ တော်ဝင်သူကိုတောင် မသိ လား။ First Year မှာတော့ သူက ကွင်းပဲလေ၊ တော်တော်လှတယ် နှင်းအစ်ကိုနဲ့ ဘယ်တုန်းက သိသွားကြတာလဲ"





"ငါလည်း မသိဘူးလေ"

မခ ခေါင်းလေးယမ်းကာပြောတော့ သန္တာ ခေါင်းလေးညိတ် ပြရင်း –

"အင်း နှင်းနဲ့ နှင်းအစ်ကိုကတော့ တခြားစီပဲနော်၊ နှင်းအစ်ကို င်းမဟော်က တကယ့်နာမည်ကြီးပဲ၊ ငါ့အစ်မနဲ့ နှင်းအစ်ကိုက စီးပွား ရေးမှာအတူတက်ဖူးတော့ ပြောပြဖူးတယ်"

သန္တာနှင့် မခတို့က ပထမနှစ်ကတည်းက အတူခင်မင်ရင်း လာတာမို့ တစ်ယောက်အကြောင်း တစ်ယောက်သိနေကြသည်။ ညာရေးကလွဲရင် ဘာကိုမှစိတ်မဝင်စားသော နှင်းမခနှင့် မင်းမဟော် ို့မောင်နှမဆိုတော့ သန္တာ အံ့ဩသွားခဲ့သည်။

မောင်နှမအရင်းအချာတွေမဟုတ်မှန်းတော့ သန္တာ မသိရှာ ။ မခလည်း ဖွင့်မပြောခဲ့။

"နေဦး သန္တာ၊ အဲဒီ တော်ဝင်သူက တို့ကျောင်းကပဲပေါ့"

"အေးလေ၊ ပထမနှစ်ကို အခုမှ စတက်လို့ နှင်းမသိသေးတာ ါ နှင်းရယ်၊ ငါ အံ့ဩသွားတာက နှင်းအစ်ကိုနဲ့ တော်ဝင်သူ ကျွမ်း င်နေတာကိုဟာ၊ ကျောင်းဝန်းထဲက တော်ဝင်ကို ချိန်နေတဲ့ ကျောင်း သားတွေတော့ နောက်ကောက်ကျပြီပေါ့"

သန္တာပြောတာကို နားထောင်ရင်း မခ ရင်ထဲမှာလည်း လစ် ဟာနေခဲ့သည်။ မခကို ကိုကိုကျောင်းပို့ကြိုနေတာ ဒီကောင်မလေး ကြောင့်ဆိုတာ သိပ်ကိုသေချာလွန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တဒင်္ဂလေးမြင်လိုက်ရပေမယ့် မခ,အာရုံထဲမှာတော့ တော်ဝင်သူဆိုတဲ့ ကောင်မလေးပုံရိပ်လေးက စွဲမြဲနေသည်။

ဝင်းမွတ်ကြည်လင်နေသော မျက်နှာလေးက လှပချစ်စ ကောင်းသည်။ ဒါကြောင့်လည်း ကိုကို စိတ်ဝင်စားသွားတာပဲဖြ လိမ့်မည်။

မခ နားမလည်နိုင်တာက ဒီကောင်မလေးကို ကိုကို ဘယ် တုန်းကတည်းက စ သိကျွမ်းနေခဲ့တာလဲ မခ သိချင်လိုက်တာ။

ရည်းစားတွေအများကြီးထားခဲ့ဖူးသော ကိုကို တော်ဝင်သူ ချောမောသောမိန်းကလေးကို နှစ်သက်စိတ်ဝင်စားသွားနိုင်တာ မခ ပါ။ ဒါပေမဲ့ မခ,ရင်ထဲမှာ သိချင်တာ တစ်ခုပဲရှိသည်။

တော်ဝင်သူကို ကိုကို အပျော်သဘောမျိုး စိတ်ဝင်စားတာ လား။ ဆုမတောင်းကောင်းမှန်း သိပေမယ့် မခ ဆုတောင်းမိ၏။

ကိုကို့နှလုံးသားရင်ခွင်အတွက် တော်ဝင်သူဆိုတာလည် တစ်ခဏနားခိုသူပဲ ဖြစ်ပါစေဟု။

✿

မခ ဒီလောက်အထိ စောစီးစွာသိသွားလိမ့်မည်ဟု မထ ခဲ့မိပါ။ အခုတော့ သူ့ကိုမေးနေချေပြီ။





"အဲဒီကောင်မလေးက ပထမနှစ်အခုမှစတက်တာ၊ ကိုကိုနဲ့ ဘယ်လိုသိနေတာလဲဟင်"

"ဝဏ္ဏတို့အိမ်သွားရင်း သိနေတာ၊ သူတို့နေတဲ့ခြံက ဝဏ္ဏတို့နဲ့ မျက်နှာချင်းဆိုင်လေ"

"ဟို ကိုကိုတို့က ချစ်သူတွေလား"

မခက တဲ့တိုးကြီးမေးနေသည်။ သူ ဘယ်လိုဖြေရမည်မသိ။ သူ့မျက်နှာကို စေ့စေ့စူးစူးစိုက်ကြည့်နေသော မခ မျက်ဝန်းတွေကို ရင်မဆိုင်ဖြစ်ပါဘဲ –

"လောလောဆယ်တော့ ခင်မင်ရုံပဲရှိပါသေးတယ်"

မပျော် စိတ်မဝင်စားသလို လက်ထဲကကစ်တာကို အသံစမ်းရင်းဆိုတော့ မခ အနားကခွာမသွားသေးဘဲ –

"အင်း တော်ဝင်သူက တကယ်ချောပါတယ်၊ ကျောင်းကို အခုမှ ရောက်ရုံပဲရှိသေးတယ်၊ ဝဲနေတဲ့ကောင်လေးတွေက အများကြီးပဲ ကိုကိုရဲ့"

မခ,စကားကြောင့် သူ မော့ကြည့်ဖြစ်သည်။ တော်ဝင်နှင့် ပတ်သက်သောသတင်းဆိုတော့ စိတ်ဝင်စားသွားမိတာ အမှန်ဖြစ်၏။

"တော်ဝင်အကြောင်း နင် ဘယ်လောက်သိသလဲ မခ"

"ဟင့်အင်း မခ သိပ်မသိပါဘူး၊ မခ,သူငယ်ချင်းပြောပြလို့ သိတာ၊ တော်ဝင်သူက ပထမနှစ်ရဲ့ အလှဘုရင်မဘွဲ့ရထားတဲ့သူလေ"

မခပြောတာကို သူ လက်ခံခေါင်းညိတ်မိသည်။ တော်ဝင်



www.burmeseclassic.com

www.burmeseclassic.com



အလုက ဘယ်ယောက်ျားလေးကိုမဆို ဖမ်းစားနိုင်တာ သေချာ
ညှို့ယူနိုင်စွမ်းတွေမပါဘဲနဲ့တောင် တော်ဝင်အလှမှာ သူကြွေခဲ့တာဖြ
သည်။

"မခ"

"ရှင် ကိုကို"

"တော်ဝင်ကိုနင်အသေအချာစောင့်ကြည့်စမ်း။ ထူးခြားမှု
ရင် ကိုယ့်ကိုပြောနော်"

"ကိုကိုပြောတာ မခ နားမလည်ဘူး"

"နင့်ကလည်း တုံးလိုက်တာ၊ တော်ဝင်အနားမှာ ဘယ်
ကောင်တွေရှိသလဲဆိုတာကို ငါသိချင်တာ"

"အင်း မခ နားလည်ပြီ"

"အသေအချာကြည့်နော်၊ ငါနဲ့မပတ်သက်သေးခင် ငါ
နောက်ကောက်ကျ မကျန်ခဲ့ချင်ဘူး"

မခ ခေါင်းလေးပဲညိတ်မိပြန်သည်။ ဘာကြောင့်များ ကိုကို
မိန်းကလေးတွေကို ချစ်လွယ်ကြိုက်လွယ်တာလည်း မသိပါ။

ကိုကို့ရဲ့စိတ်ကို မခ မပိုင်နိုင်ပေမယ့် ကိုကို့ဆန္ဒတွေကိုတော့
မခ တတ်စွမ်းသလောက်ဖြည့်စွမ်းပေးချင်ပါသည်။

တော်ဝင်သူဆိုတဲ့ မိန်းကလေးကိုတော့ ကိုကို တကယ် မ
ချစ်သွားဖို့ပဲလိုသည်လေ။

✿ ✿ ✿



## အခန်း (၂၀)

ကားပေါ်ကဆင်းမိသည်နှင့် မျက်ဝန်းတွေက သူ့ကိုရှာဖွေ
မိပြီးဖြစ်နေသည်။ အမြဲတမ်း တော်ဝင်ထက် ကြိုတင်ရောက်နေတတ်
သော သူ့ကို ချက်ချင်းတွေ့ရ၏။

ဒါပေမဲ့ တော်ဝင့်ရင်ထဲမှာ ဟာခနဲဖြစ်သွားမိတာ သူ့အနား
မှာအတူရှိနေသော မိန်းကလေးတစ်ယောက်ကြောင့်ပဲဖြစ်သည်။

တော်ဝင်ကိုမြင်တော့ မင်းမဟော်မျက်နှာ ဝင်းပပြုံးသွားပေ
မယ့် တော်ဝင်ကတော့ သူ့နံဘေးက မိန်းကလေးကိုပဲ စူးနစ်စိုက်
ကြည့်နေမိ၏။ သူမရဲ့မျက်ဝန်းနက်နက်လေးတွေကလည်း တော်ဝင်
ကို အကဲခတ်ငေးကြည့်နေခဲ့၏။

"တော်ဝင် ဒီနေ့ စောသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့နှုတ်ဆက်မေးခွန်းကို တော်ဝင် ခေါင်းညိတ်ဖြစ်ပေမယ့် ရင်ထဲမှာ ဝေဒနာတစ်ခု အလိုလိုဖြစ်နေခဲ့သည်။

သူနဲ့အတူ ကဖေးဆိုင်လေးမှာ ထိုင်ချင်တာမို့ ဦးမိုးကို စောစောလိုက်ပို့ခိုင်းမိခါမှ သူ့အနားမှာ အဖော်မိန်းကလေး ရှိနေသည့်အဖြစ်။

"ကိုယ်တို့ တစ်ခုခုစားရင်း ခဏထိုင်ကြရအောင်နော်၊ မခ လည်း လိုက်ခဲ့"

မခ တဲ့။ သူ့စိမ်းမိန်းကလေးနာမည်ကို တော်ဝင်သိလိုက်ရသည်။ ဝင်းမွတ်ကြည်လင်သော မျက်နှာလေးနှင့် မင်းမဟော် စကားကို ခေါင်းလေးညိတ်ပြသော သူမကိုတော့ တော်ဝင် ဘာကြောင့် ဝန်တိုနေမိသည် မသိပါ။

ကျောင်းဝန်းရှေ့က လက်ဖက်ရည်ဆိုင်လေးအထိ သုံးယောက်သား အတူလျှောက်ခဲ့ချိန်လေးမှာ တော်ဝင် ရင်ထဲ ဝမ်းနည်းကြေကွဲချင်သလိုလို။

ဒါ သူ့ရဲ့ ချစ်သူမိန်းကလေးပဲလား။

တော်ဝင်နဲ့မိတ်ဆက်ပေးလာခဲ့လျှင် တော်ဝင် ဘယ်လိုတုံ့ပြန်ရမလဲ မသိပါ။

တကယ်ဆို မင်းမဟော်ဆိုသော ယောကျာ်းတစ်ယောက်ကိုပဲ တော်ဝင့်ဘဝမှာ ခင်တွယ် သံယောဇဉ်ဖြစ်ခဲ့ဖူးတာဖြစ်သည်။

အန်တီဆင့်မသိအောင် လိမ်ညာသိုဝှက်ထားခဲ့တာလည်း





တော်ဝင့်ဘဝမှာ ပထမဆုံးလိမ်ညာမှုကြီးပဲ ဖြစ်သည်။

ဒါတွေဟာ ချစ်စိတ်ကြောင့် မိုက်မဲခြင်းလားလို့ တော်ဝင် တွေးကြည့်ခဲ့ဖူးသည်။ တော်ဝင် မိုက်မဲနေခဲ့ခြင်းလား။

"တော်ဝင် ထိုင်၊ မခ ဘာသောက်မလဲ၊ မှာလေ"

"တော်ပြီ ကိုကို၊ မခ တကယ် ဘာမှမသောက်ချင်လို့ပါ"

ကိုကိုဟုခေါ်လိုက်သော သူမအသံလေးက တော်ဝင့်ရင်ထဲအထိ စူးစူးနစ်နစ် ထိရှစေသည်။

သေချာပါပြီ။

ဒီမိန်းကလေးဟာ ချစ်သူရဲ့ချစ်သူပဲပေါ့။

"မိတ်ဆက်ပေးရဦးမယ် တော်ဝင်၊ သူက နှင်းမခတဲ့"

နှင်းမခတဲ့။ နာမည်လေးနဲ့လိုက်ဖက်အောင် နုဖပ်ချောမောသောမျက်နှာလေးနှင့် မိန်းကလေးကို တော်ဝင် ဝေဒနာတွေမျိုသိပ်ထားရင်း ပြုံးပြရတာ ပင်ပန်းလွန်းပါသည်။

"မခကတော့ တော်ဝင်အကြောင်း သိပြီးသား။ မခက ဒုတိယနှစ်တက်နေတဲ့ ကိုယ့်ရဲ့ညီမလေးလေ တော်ဝင်ရဲ့"

"ရှင်"

အံ့သြစိတ်ကြောင့် တော်ဝင် ပါးစပ်လေးတောင် ပွင့်သွားတဲ့အထိ ဖြစ်သွားမိသည်။

"ကိုယ့်ရဲ့ညီမလေး နှင်းမခနဲ့ တော်ဝင်ကို မိတ်ဆက်ပေးတာပါ၊ မခ တော်ဝင်ကိုလည်း မှတ်ထားနော်"



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်နှစ်လိုဖွယ်အပြုံးလေးနှင့် မခ ပြုံးပြတော့မှ တော်ဝင်ကသောကမျောနဲ့ ပြန်ပြုံးပြနှုတ်ဆက်ရင်း –

"ဟုတ်ကဲ့ မမ,မခကို တော်ဝင်ခင်ပါတယ်၊ ဟိုလေတော်ဝင်ကို ခင်မင်ပါနော်၊ မမ,မခ အတန်းအားရင်လည်း တော်ဝင် မမ,မခတို့အတန်းဘက် လာလည်ပါရစေနော်"

အံ့သြဝမ်းသာစိတ်တွေနဲ့ တော်ဝင် စကားတွေအများကြီးပြောနေမိသည်။ ရင်ထဲမှာ ကြည်နူးလှိုက်ဖိုမှုတွေနှင့် တော်ဝင် ဟန်မဆောင်နိုင်အောင် ဖြစ်နေခဲ့ပြီလားတောင် မသိခဲ့ပါ။

ကိုမင်းနဲ့ မမမခက မှောင်နှမတွေတဲ့။ တော်ဝင် အထင်လွဲခဲ့မိတာတောင် ငရဲတွေကြီးကုန်ပြီ ထင်ပါရဲ့။

ဘာပဲဖြစ်ဖြစ် တော်ဝင် အရမ်းဝမ်းသာမိတာ အမှန်ပဲဖြစ်သည်။

ကိုယ့်အထင် ကိုယ့်အတွေးတွေနဲ့ ရင်ထဲမှာ ခံစားနေခဲ့ရသော ဝေဒနာတွေ ချက်ချင်းပျောက်ဆုံးကာ ကိုမင်းကိုပဲ ငေးကြည့်နေမိသည်။

အပြစ်ဆိုရက်စရာမရှိအောင် ကိုမင်းချောတာတော့ တော်ဝင် မငြင်းနိုင်ပါ။ ဒါပေမဲ့ ကိုမင်းကို တော်ဝင်ချစ်တာ၊ ရုပ်သန့်ချောမွေ့နေတဲ့အလှတစ်ခုကြောင့် မဟုတ်ဘူးဆိုတာ သေချာတယ်။

စတွေ့ကတည်းက တော်ဝင့်နှလုံးသားတွေ လှုပ်ခတ်စေခဲ့တာ တော်ဝင်ရဲ့အတွေးတွေထဲမှာ ကိုမင်း ထာဝစဉ်ရှိနေခဲ့တာပါကွယ်။





တော်ဝင့်နှလုံးသားက တစ်သက်မှာတစ်ခါပဲ ချစ်ခဲ့သူကိုတော်ဝင်ဘဝတစ်ခုလုံးအတွက် မျှော်လင့်ခဲ့တာပါ။

ဒါကို ကိုမင်း နားလည်ပေးပါကွယ်။

✿

ကိုကို့ကို အမြဲတမ်းနားလည်ပေးခဲ့သူရဲ့ ရင်ထဲကိုရော ကိုကိုမြင်နိုင်ပါရဲ့လား။ မခ မေးချင်လိုက်တာ။

မနက်ခင်းတုန်းက ဆုံခဲ့ရတဲ့အဖြစ်တွေကို မခ ဘယ်တော့မှ မမေ့နိုင်ပါဘူး ကိုကိုရယ်။

တော်ဝင်သူဆိုတဲ့ မိန်းကလေးအပေါ်မှာ နူးညံ့ညင်သာတဲ့ကိုကို့ရဲ့စကားသံတွေ။ ပြီးတော့ ကိုကို့ရဲ့ သိမ်မွေ့တဲ့ အကြည့်တွေကိုမခ မြင်တွေ့ခဲ့ရတာ သေချာပါတယ်။

တော်ဝင်သူဆိုတဲ့ ကောင်မလေးရဲ့ မျက်ဝန်းတွေကလည်း ကိုကို့ကိုငြိတွယ်နေတာ မခ ရိပ်မိပါတယ်။

မိန်းမချောလေးတွေကို လွယ်ကူစွာငြိတွယ်တတ်တဲ့ ကိုကို ဘာကြောင့် တော်ဝင်သူကိုကျတော့ အခုချိန်အထိ ဖွင့်မပြောခဲ့တာ ထဲ။

ကိုကို့ရင်ထဲမှာ ဘာတွေရှိနေသလဲ မခ သိချင်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုရယ် ကမ္ဘာပေါ်မှာ ရှိသမျှ မိန်းကလေးတွေကို ကိုက် စိတ်ဝင်စားချင် စိတ်ဝင်စားပါ။ ဒါပေမဲ့ နှလုံးသားထဲက စွဲလမ်းမြ မချစ်လိုက်ပါနဲ့။

မခ အလိုချင်ဆုံးက ကိုကို့ရင်ထဲက အချစ်တစ်ခုပဲ။

ကိုကို့အပေါ် အမြဲနားလည်ပေးတဲ့ မခ အတွက်တော့ ကိုက် ရဲ့ နှလုံးသားကို ချန်ထားပေးပါကွယ်။

ဒါ မခ အလိုချင်ဆုံး ဆုလဒ်တစ်ခုပါပဲ။

✿ ✿ ✿



## အခန်း (၂၉)

မခနှင့် တော်ဝင်တို့ကို တွေ့ဆုံမိတ်ဆက်ပေးလိုက်ခြင်းက ူအတွက်တော့ အကျိုးရှိစေခဲ့တာ အမှန်ပဲဖြစ်သည်။

မခကိုအကြောင်းပြု၍ တော်ဝင်နှင့်ဆုံတွေ့နိုင်ခွင့်ကို သူကြိုး ားမိတော့ မခ မဝံ့မရဲဖြစ်နေသေး၏။

"ဟို မလွယ်ဘူးထင်တယ် ကိုကို၊ တော်ဝင်သူက အပြင် ွက်ဖူးတော့ သူ့အဒေါ်က လက်ခံမယ် မထင်ဘူး"

"နင်နဲ့ဆို အန်တီဆင့်က လက်ခံမှာပါ မခရဲ့၊ နင်လည်း ာ်ဝင်တို့အိမ်ကို ရောက်ဖူးတာ နှစ်ခေါက်ရှိပြီလေ"

ပြီးခဲ့သော ကျောင်းပိတ်ရက် တနင်္ဂနွေနှစ်ပတ်မှာ မခကို ာ်ဝင်တို့အိမ်သွားလည်ဖို့ သူတိုက်တွန်းခဲ့သည်။ သူကတော့ မ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖြစ်ပါ။ အန်တီဆင့်က သူ့ကို မျက်မှန်းတန်းမိနိုင်သည်။

ဝဏ္ဏတို့အိမ်ကို သူရောက်တာ အန်တီဆင့်မြင်ဖူးသည်။ ကြောင့်လည်း မခကိုပဲ တော်ဝင်တို့အိမ်လွှတ်ကာ သူက ဝဏ္ဏ အိမ်ကပဲ အရိပ်အခြည်စောင့်ကြည့်မိခဲ့၏။

"နင်သွားလိုက်ပါ မခရယ်၊ ကူညီစမ်းပါ၊ တော်ဝင်ကိုလည်း ငါပြောထားတယ်၊ တော်ဝင်က နင်လာခေါ်ရင် အန်တီဆင့်က လ ခံမှာပါတဲ့"

သူ ဖွတ်တောင်းဆိုနေတော့ မခ မနေနိုင်တော့ဘဲ ခေါ ကလေးညိတ်ရှာသည်။

"ဒါဆို အဝတ်အစားလဲတော့လေ၊ ငါ လမ်းထိပ်အထိ လိုက် ပို့ပေးပြီး တစ်နေရာက စောင့်နေမယ်၊ နင် တော်ဝင်ကို ရအောင်ခေ ခဲ့ဟာ"

မခ ခေါင်းလေးညိတ်ပြီးထွက်သွားတော့ သူလည်း အဝ အစားတွေလဲ ပြင်ဆင်နေလိုက်သည်။

ဧည့်ခန်းထဲမှာ သူ မိနစ်နှစ်ဆယ်လောက် စောင့်နေလို တော့ မခ ထွက်လာသည်။ ခရမ်းရောင်ဝမ်းဆက်လေးနှင့် မခ သူကြည့်ကာ ကျေနပ်သွား၏။

"အေး ကောင်းတယ်၊ နင် တော်ဝင်ကိုခေါ်ရင် ပလာ သွားမယ်ဆိုပြီး ခေါ်နော်၊ ကဲ လာ၊ လစ်စို့"

သူနှင့် မခ ကားပေါ်တက်ထွက်ခဲ့တော့ ခြံထဲမှာရှိနေသေ





မိုးကျော်က မျက်နှောင်ကြီးကုတ်ကာ ကြည့်နေ၏။ သူ ဥပေက္ခာပြု ပြီး ကားလေးကိုဆက်မောင်းထွက်ခဲ့သည်။

မိုးကျော်နှင့်သူ အဆင်မပြေပေမယ့် မခနှင့် သူ့ကိစ္စကို မိုး ကျော် ဘာတစ်ခွန်းမှ ဝင်မစွက်ပါ။ မိုးကျော်တင်မကဘဲ ဒေါ်မိုးမြင့်စံ လည်း သူ့ကို ဘာမှမမေးဘဲ ငြိမ်သက်နေခဲ့သည်။

အခုတစ်လော ဒေါ်မိုးမြင့်စံ အရင်ကလို သူနှင့် အတိုက်အခံ လုပ်တော့ဘဲ နားလည်ပေးနေတာတော့ သတိထားမိ၏။

"မခ"

ကားပေါ်မှာ တိတ်တိတ်ဆိတ်ဆိတ်ကလေး လိုက်လာသော မခ,က သူ့ခေါ်မှလှည့်ကြည့်ရင်း –

"ရှင် ကိုကို"

"အခု နင် အပြင်ထွက်လာတာကို အန်တီမိုး ဘာမေးသေး သလဲ"

"မေမေ မမေးပါဘူး။ ကိုကိုနဲ့ ပလာဇာသွားမလို့လို့ မခ ပြောလိုက်တာ၊ ဘာဖြစ်လို့လဲဟင် ကိုကို"

"ဘာမှမဖြစ်ပါဘူး။ မေးကြည့်တာ၊ ဟိုရောက်ရင် တော်ဝင် ကိုတော့ နင် ရအောင်ခေါ်ခဲ့နော်၊ ငါ လမ်းထိပ်မှာစောင့်မယ်၊ တော်ဝင် တို့အိမ်အထိတော့ နင့်ဘာသာ ဆက်မောင်းသွား၊ ဖြစ်တယ်နော်"

"ဖြစ်ပါတယ် ကိုကို၊ မခ ရအောင် ခေါ်ခဲ့မှာပါ၊ ဟို ကိုကို တော်ဝင်ကို ဘယ်ခေါ်သွားမလို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"စကားပြောလို့ရတဲ့ တစ်နေရာပေါ့ဟာ"

မခ ဘာမှဆက်မမေးဘဲ သူ့ကိုငေးကြည့်နေတာ သူ သိ မယ့် နှုတ်ဆိတ်ပြီး ကားကိုဆက်မောင်းခဲ့သည်။

တော်ဝင်ကို သူ စကားတွေပြောချင်သည်။ ကျောင်း တော်ဝင်နှင့် ရိုးမရဲ့သတင်းတွေကို သူကြားထားသည်။ ရိုးမဆိုသ ကောင်က တော်ဝင်ကို ချဉ်းကပ်နေသည်တဲ့။

ဒါ ရိုးသားမှုတော့ မဟုတ်နိုင်ဟုထင်သည်။ တော်ဝင် ရိုးမ ကြိုးစားနေခဲ့တာ သူ့ကြောင့်ပဲဖြစ်သည်။

ချစ်သက်ငြိမ့်ကိစ္စနှင့်ပတ်သက်ပြီး သူနှင့် ရိုးမ့ကြားမှာရှိ သော အဖုအထစ်တစ်ခုကြောင့် ရိုးမ တော်ဝင်ကို ချဉ်းကပ်တာ နိုင်သည်။ ပြီးတော့ ဒီကောင်က သူ့အကြောင်းတွေ တော်ဝင် လျှောက်ပြောနိုင်သည်။

သူရည်းစားများခဲ့တာတွေ တော်ဝင်သိလျှင် မဖြစ်။ တော် ရဲ့ ဖြူစင်သောစိတ်က သူ့အပေါ် အထင်သေး ကြောက်ရွံ့သွားခဲ့လျှ

"ကိုကို လမ်းထိပ်မှာ ရပ်မယ်ဆို"

မခ သတိပေးသံကြားမှ တော်ဝင်တို့လမ်းထိပ်ကိုရောက် ဟု သူ သတိထားမိ၏။ ကားကိုလမ်းနံဘေး ငြိမ့်ခနဲထိုးရပ်ရင်း

"သွားတော့နော် မခ၊ ရအောင်တော့ ခေါ်ခဲ့ကွာ၊ နော်

မခကို ချော့ချော့မော့မော့လေးပြောကာ ခေါင်းလေးကို ပုတ်လိုက်တော့ မခ ခေါင်းလေးညိတ်ပြရှာ၏။





"ကိုကို ဟောဟိုအအေးဆိုင်လေးက စောင့်မယ်နော်"

ပြောပြီး မဟော် လမ်းဖြတ်ကူးကာ အအေးဆိုင်လေးဆီ သို့မ်းသွားတော့ မခ ပင့်သက်လေးရှိုက်မိသည်။

ကိုကိုရဲ့တောင်းဆိုချက်ကြောင့် မခ ခေါင်းညိတ်ခဲ့ရပေမယ့် ခင်ထဲမှာမောနေတာ ကိုကိုမှ မသိနိုင်ဘဲလေ။ တကယ်ဆို တော်ဝင် သူနှင့် ကိုကိုရဲ့ကြားမှာ ရိုးမဆိုသောသူ ဝင်လာတာကြောင့် ကိုကို အခုလိုဖြစ်လာတာပဲ ဖြစ်သည်။

ရိုးမဆိုတာ ကိုကိုနှင့်ပတ်သက်ဖူးသော ချစ်သက်ငြိမ့်ရဲ့ မောင် ဝမ်းကွဲဟု ကိုကိုပြောပြမှ မခ သိရ၏။

"ဒီကောင် တမင်ဝင်နှောင့်တာပဲ၊ ကိုယ်နဲ့ ချစ်သက်ငြိမ့် ပြတ်သွားတဲ့ကိစ္စကို သူ မကျေနပ်ဘူး"

"အဲဒါနဲ့ တော်ဝင်နဲ့ ဘာဆိုင်လို့လဲ ကိုကို"

"နင်ကလည်း တုံးပါ့၊ တော်ဝင်ကို ဝင်ရောနှောပြီး ငါ့အ ကြောင်းတွေ သူပြောမှာပေါ့၊ ဒီကောင် ဒီလိုအနိုင်ယူဖို့ ကြိုးစား တာတော့ ငါ လက်မခံနိုင်ဘူး၊ မင်းမဟော်ဘဝမှာ အရှုံးဆိုတာ မရှိ စေရဘူး"

မခံချင်စိတ်တွေနဲ့ ကိုကို ကြိမ်းဝါးခဲ့တာကို မခ ကြားခဲ့ရ သည်။ တော်ဝင်ရဲ့အချစ်ကို ရိုးမထက်ဦးအောင် ကိုကိုကြိုးစားမှာ လည်း နားလည်မိသည်။

အခုတော့ ကိုကိုကိုယ်တိုင် တော်ဝင်ကို ခေါ်ထုတ်နိုင်းပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါ ရိုးမကို ရှုံးနိမ့်မခံချင်တာကြောင့်ပဲဖြစ်မည်ဟု မခ ယုံ
သည်။ အချိန်တန်လျှင် တော်ဝင်သူဆိုသော မိန်းကလေးသည်လည်း
ကိုကိုစွန့်ပစ်ခဲ့သော မိန်းကလေးတစ်ယောက်ပဲ ဖြစ်လာလိမ့်မည်။

ကိုကိုနှင့် တော်ဝင် မြန်မြန်ရည်းစားတွေဖြစ်ကာ မြန်မြန်ပြတ်
စဲသွားကြလျှင် ကောင်းပါသည်။ ကြားထဲက ရင်မောခံစားနေရတာ
တွေကို မခ စိတ်ညစ်လှပြီ။

ကိုကို ဖြစ်ချင်သည့်ဆန္ဒအတိုင်း ဒီနေ့တော့ တော်ဝင်သ
ကို ခေါ်ထုတ်ပေးလိုက်ဦးမည်။

တော်ဝင်ကိုခေါ်ထုတ်ဖို့အတွက် မခ ခက်ခက်ခဲခဲတော့ မ
ကြိုးစားလိုက်ရပါ။ တော်ဝင်ရဲ့ အန်တီဆင့်က မခကို မြင်ဖူးသိဖူ
နေတာမို့ ယုံကြည်စွာပဲ ခွင့်ပြုသည်။

"အန်တီလည်း သမီးကို ပလာဇာပို့ပေးချင်နေတာ၊ အ
လုပ်တွေရှုပ်နေလို့ သမီးလေးနှင်းနဲ့အတူသွားမှာဆိုတော့ အဆင်ပြေ
တာပေါ့။ ကဲ သမီး စိတ်ကြိုက်ဝယ်ချင်တာဝယ်ဖို့ အန်တီဆင့် အိတ်
ထဲမှာ ငါးသိန်းထည့်ပေးလိုက်တယ်နော်"

အဆင်ပြေပြေပဲ တော်ဝင်ပါလာခဲ့သည်။ ညနေ တော်ဝင်ကို
မခအရောက်ပို့ပေးမည်ဟုပဲ ဒေါ်ခင်ခင်ဆင့်ကို ကတိပေးခဲ့သည်။

လမ်းထိပ်မှာစောင့်နေသော ကိုကိုကတော့ တော်ဝင်ပါလာ
တာမြင်တော့ ကျေနပ်ဝမ်းသာသွားခဲ့သည်။

"အိုကေ ငါ့ညီမလေးကို ကျေးဇူးတင်တယ်၊ ကဲ ပလာဇာ





အရင်သွားရအောင်"

မပော်ကိုယ်တိုင် ကားလေးကို ပလာဇာအထိ မောင်းခဲ့
သည်။

ပလာဇာထဲရောက်တော့ မပော်က မခလက်ထဲ သူ့ပိုက်
ဆံအိတ်ကို ထိုးထည့်ပေးရင်း –

"ညီမလေး ဝယ်ချင်တာဝယ်စမ်း၊ ကိုယ် လက်ဆောင်ပေး
သတောပေါ့"

"ဟင့်အင်း၊ မခ ဘာမှမလိုချင်ပါဘူး ကိုကို"

"မဟုတ်တာ၊ ဝယ်စမ်းပါ၊ တော်ဝင်လည်း ဝယ်မှဖြစ်မှာ
ဒါမှ တော်ဝင့်ဒေါ်လေး ယုံကြည်မှာပေါ့၊ မြန်မြန်တော့ ဝယ်ကြ
ပြီးရင် သွားစရာတွေက အများကြီးကွ"

သုံးယောက်သား ပလာဇာထဲ အတူဝင်ခဲ့ကြသည်။ မခ
ဘာမှမဝယ်ဘဲ တွန့်ဆုတ်နေတော့ မင်းမပော်ကိုယ်တိုင် မခ
တွက် အဝတ်အစားသုံးစုံဝယ်ပေးသည်။

တော်ဝင်ကလည်း သုံးစုံပဲဝယ်သည်။ မပော်က တော်ဝင်
တွက်ဟုဆိုကာ စိတ်တိုင်းကျ ဝတ်စုံတစ်စုံဝယ်ပေး၏။

"ဘယ်သွားဦးမလို့လဲ ကိုကို"

"အရင်ဆုံး တစ်ခုခု ဝင်စားကြမယ်လေကွာ၊ ပြီးရင် ရင်
ထဲသွားကြမယ် မခ ဂိမ်းကစားချင်ကစားပေါ့၊ ကိုကိုနဲ့ တော်ဝင်
ားပြောစရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



မခ ခေါင်းလေးညိတ်သည်။ တော်ဝင်ကတော့ တိတ်ဆိ
စွာ ခေါင်းလေးငုံ့နေသည်။ ပန်းနုရောင်ဝတ်စုံလေးနှင့် တော်ဝင် ဒီ
မှ မဟော်မျက်ဝန်းထဲမှာ ပိုလှပနေသလိုပါပဲ။

စားသောက်ပြီးတော့ မဟော်ရဲ့အစီအစဉ်အတိုင်း ရင်
ထဲကို ရောက်ခဲ့ကြသည်။ ကစားကွင်းတွေထဲ လှည့်ပတ်ကြည့်နေ
မဟော်က မခကို မျက်ရိပ်ပြ၏။

“မခ ကွန်ပျူတာဂိမ်းကစားရင်း စောင့်နေ၊ ကိုကိုနဲ့တော်
ဟိုဘက်ခဏ လျှောက်လိုက်ဦးမယ်”

မခ နားလည်စွာ ခေါင်းလေးညိတ်ပြီးနေခဲ့သည်။ မဟေ
ကတော့ တော်ဝင်နှင့်အတူထွက်ခဲ့ကာ ငြိမ်ချမ်းစွာ စကားပြော
နိုင်သောနေရာလေးအထိ ခေါ်ခဲ့သည်။

သစ်ပင်လေးအောက်က ခုံတန်းလေးရောက်တော့ နှစ်ဦး
တူယှဉ်တွဲထိုင်ဖြစ်ကြသည်။

လှသောမျက်နှာလေးကို ထူးထူးခြားခြား မခြယ်သထား
ပဲလည်း တော်ဝင်မျက်နှာလေးက ဝင်းမွတ်အိညက်နေ၏။

လည်တိုင်ဝင်းဝင်းလေးမှာ ပလက်တီနမ်ကြိုးမျှင်လေး
ဆံနွယ်ရှည်ကြီးကို အနောက်ဘက်မှာ စုစိမ်းထားသော တော်
သည် တန်ဖိုးကြီးရတနာတွေဆိုလို ဘာမှ ဆင်မထားပါ။

“တော်ဝင်”

“ရှင်”





မှောကြည့်သော မျက်ဝန်းတွေထဲမှာ ကြောက်စိတ်လေး
တွေ အရောင်ဖြာနေသည်ဟု မဟော် ထင်မိတာမို့ –

“ဘာဖြစ်နေတာလဲဟင်၊ တော်ဝင် တစ်ခုခုကို စိုးရွံ့နေသလို
ပဲ”

“အန်တီဆင့်ကို လိမ်ညာပြီး မခ,မခနဲ့ လိုက်ခဲ့တာ လိမ်
ညာသလိုဖြစ်နေသလား တွေးနေတာပါ ကိုမင်းရယ်”

“ဟာကွာ ဘာညာလို့လဲ၊ ပလာဇာထဲ ရောက်ခဲ့ပြီးပြီလေ”

“မဟုတ်ဘူးလေ၊ မခ,မခနဲ့ သွားမယ်လို့ ပြောခဲ့တာ”

“ဘာလဲ၊ ကိုယ်ပါလာလို့ တော်ဝင်စိတ်ညစ်နေတာလား”

“အို မဟုတ်ပါဘူး၊ အန်တီဆင့်ကို ညာသလိုဖြစ်လို့ စိတ်မ
ကောင်းတာပါ။ ကိုမင်းနဲ့ မဆိုင်ပါဘူး”

ရိုးသားဖြူစင်သော ကောင်မလေးရဲ့စကားတွေကို နား
ထောင်ရင်း မဟော် ပိုလို့မြတ်နိုးချင်လာသည်။

“တော်ဝင်”

“ရှင်”

“မင်းရဲ့ရိုးသားဖြူစင်မှုလေးကို ကိုယ်မြတ်နိုးတယ်”

“အို”

“ဟုတ်တယ်၊ အဲဒီရိုးသားမှုလေးကြောင့်ပဲ ကိုယ်နှုတ်တွေ
ဖွင့်မပြောရက်ဘဲ ဆွံ့အနေခဲ့တာ၊ အခုတော့ ကိုယ်ဝန်ခံပါရစေ တော်
ဝင်၊ မင်းကို ကိုယ် သိပ်ချစ်တယ်”



www.burmeseclassic.com

www.burmeseclassic.com



ငုံ့ထားသောမျက်နှာလေးက ပိုလိုငုံ့ကျသွား၏။ ဖြူသွယ်ဖောင်းအိသော လက်ချောင်းလေးတွေကို မပော်ဆုပ်ကိုင်တော့ ရှက်မျက်နှာလေးမော့လာပြီး ထိတ်လန့်သလိုကြည့်သည်။

"တော်ဝင်ကို တခြားသူဦးသွားမှာ ကိုယ်သိပ်ကြောက်နေတယ်၊ ဖြေပါဦးကွာ၊ ကိုယ့်ကို တော်ဝင် ဘယ်လို သဘောထားသလဲ"

မျက်တောင်ရှည်ကြီးတွေ တဖျပ်ဖျပ်ပုတ်ခတ်ရင်း စကားသံတိတ်ဆိတ်နေသော မျက်နှာလေးက ရဲရဲနီနေသည်။ လက်ချောင်းလေးတွေ အေးစက်နေတဲ့အထိတောင် ကြောက်လန့်နေသည့် ကောင်မလေး

"တော်ဝင် ကိုယ့်ကို အဖြေတစ်ခုပေးပါဦး"

"အို တော် တော်ဝင် မဖြေတတ်ဘူး"

"မရက်စက်နဲ့ကွာ၊ ကိုယ် ရင်တွေခုန်နေပြီ"

"တော်ဝင် မဖြေတတ်ဘူး၊ အန်တီဆင့်ဆူလိမ့်မယ်"

"ဒုက္ခပါပဲ၊ ကိုယ်ခံစားနေရတာကိုတော့ ကြည့်ရက်တယ်ပေါ့"

"ဟင့်အင်း၊ မ မဟုတ်ပါဘူး"

"ဒါဆို ခေါင်းညိတ်ကွာ၊ အန်တီဆင့်ဆူမှာကြောက်ရင် ကိုယ်နဲ့ တစ်ခါတည်းလိုက်ခဲ့"

"မ မလုပ်ပါနဲ့"





မျက်ဝန်းလေးတွေ ဝိုင်းစက်သွားကာ အထိတ်တလန့်လေး ခေါင်းခါနေသော တော်ဝင်ကိုကြည့်ကာ သူ မချင့်မရဲဖြစ်သွားရသည်။

"ချစ်လိုက်တာ တော်ဝင်ရယ်"

"တော်ဝင် ကြောက်တယ်၊ ဟို ပြန်ရအောင်နော်"

"မခ ပြန်ပို့ပေးမှာပါကွာ၊ တော်ဝင်နှုတ်က စကားလေးကိုပဲကိုယ် ကြားပါရစေ"

"တော် တော်ဝင် ကိုကို့ကို ချစ်ပါတယ်"

"ဘာ ဘာရယ်၊ ထပ်ပြောပါဦး"

"တော်ဝင်ရှက်တယ် ကိုကိုရယ်"

ခေါင်းကလေးငုံ့ကာ ရင်ခွင်ထဲတိုးဝင်လာသော တော်ဝင်ကိုသူ မြတ်နိုးစွာပွေ့ဖက်ထားမိသည်။ ဘယ်တုန်းကမှ မခုန်ခဲ့ဖူးသောရင်ခုန်သံတွေကို တော်ဝင် ကြားမည်လား။

"တော်ဝင်ရယ်"

မြတ်နိုးစွာ နမ်းရှိုက်မိသော ဆံနွယ်လေးတွေဆီက သင်းပျံ့ပျံ့ရှန်ပူရနံ့လေးက သူ့သွေးသားထဲအထိ စိမ့်ဝင်သွားသည် ထင်မိသည်။

အချစ်ဆိုတာ တော်ဝင်အတွက် ပထမဆုံးသော ရင်ခုန်ခြင်းဖြစ်မှာ သေချာပေမယ့် သူ့အတွက်တော့ သစ္စာဆို ဝန်ခံရင်တောင် ယုံကြည်မည်လားမသိ။

သေချာတာကတော့ ချစ်ခြင်းကြောင့် သူ ပထမဆုံး ရင်ခုန်



www.burmeseclassic.com

www.burmeseclassic.com



တတ်ခဲ့သည်ဆိုတာ ကိုယ်တိုင်ပဲ အသိဆုံး။

မင်းလေးဟာ ကိုယ့်နှလုံးသားအတွက် တစ်ဦးတည်းသော ချစ်သူပါ တော်ဝင်လေးရယ်။

✿ ✿ ✿



## အခန်း (၃၀)

ခါတိုင်းဆိုလျှင် မမ,မခရောက်လာမှ တော်ဝင် ကင်တင်းနှ် ထွက်ကာ တစ်ခုခုစားဖြစ်တာဖြစ်သည်။

ဒီနေ့တော့ မမ,မခလည်းရောက်မလာတာမို့ တစ်ယောက်တည်း ကင်တင်းန်ကို ထွက်ခဲ့သည်။ ဆီချက်တစ်ပွဲမှာကာ စားနေတုန်းမှာ –

"တော်ဝင်"

ရင်းနှီးနေသောအသံကြောင့် မော့ကြည့်တော့ ရိုးမ,ဖြစ်နေခဲ့သည်။ တော်ဝင်နှင့် အတန်းချင်းမတူပေမယ့် အတန်းဖော် သီတာနှင့်ဆက်နွှယ်ပြီး ရိုးမနှင့် ခင်မင်ခဲ့ဖူးသည်။

"ဩော် ကိုရိုးမ ဘယ်လာတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်ထဲမှာပဲ ထိုင်နေတာ၊ တော်ဝင်ကိုမြင်လို့ ဝိုင်းကူးလာတာ"

"သြော် အင်း၊ ထိုင်လေ၊ ဘာစားဦးမလဲ"

"မစားတော့ဘူး၊ ထူးထူးခြားခြား တော်ဝင်တစ်ယောက်တည်း ပါလား"

"ဟို မမ,မခ ဒီနေ့မလာဘူး၊ တော်ဝင်လည်း ဗိုက်ဆာနေတာနဲ့ ထွက်ခဲ့တာ"

ရိုးမက စားပွဲဝိုင်းရှေ့က ထိုင်ခုံမှာ ဝင်ထိုင်ရင်း ခေါင်းတစ်ချက်ညိတ်ကာ ငေးကြည့်နေတော့ တော်ဝင် မနေတတ်ပါ။ ဆာလောင်နေသောစိတ်တွေတောင် ဘယ်ရောက်ကုန်ပြီမသိ။

တစ်ယောက်တည်း အရဲစွန့်ထွက်ခဲ့မိတာ မှားပြီထင်သည်။

"မခ,ဆိုတာ နှင်းမခကို ပြောတာလား"

"ဟုတ်ကဲ့၊ ဒုတိယနှစ်ကပါ"

"ကိုယ်သိတယ်၊ မင်းမဟော်ရဲ့ညီမဆိုတာ မဟုတ်လား"

တော်ဝင် ခေါင်းညိတ်ပြတော့ ရိုးမ ခပ်မဲ့မဲ့ပြုံးသည်။ အညိုရောင်ဆိုးထားသော ဆံပင်တွေက ကုပ်ထောက်မတတ်ရှည်ပြီး မျက်ခုံး၊ မျက်လုံး၊ နှာတံတွေက အချိုးကျပြေပြစ်သည့် ရုပ်သွင်ရှိသည့် ရိုးမကတော့ ကျောင်းဝန်းထဲမှာ နာမည်ကျော်တစ်ယောက်ပဲဖြစ်သည်။

ကိုယ်ပိုင် လင်ခ်ရှူဆာကားနှင့် ကျောင်းတက်သူမို့လည်း ထင်ပေါ်ကျော်ကြားသည်။ ရုပ်ရည်စတိုင်လ်နှင့် ပြေပြစ်သူမို့ အခု





နောက်ဆုံးနှစ်အထိ ရည်းစားတွေအများကြီးထားခဲ့ဖူးသည့် သတင်းကလည်း ကျော်စောသည်။

ဒါကြောင့်လည်း ရိုးမကို တော်ဝင် မခင်မင်ချင်တာဖြစ်သည်။

"တော်ဝင် မင်း၊ တကယ်လှတယ်"

"ရှင်"

တော်ဝင်ကို စေ့စေ့စူးစူးကြည့်ကာ ခပ်ပြုံးပြုံးဆိုသည့် ရိုးမစကားကြောင့် တော်ဝင်ကြောင်သွားသည်။ ပြီးမှ မျက်နှာလေးနီသွားခဲ့ကာ –

"ကိုရိုးမ ဆက်ထိုင်ချင်ထိုင်၊ တော်ဝင်ပြန်တော့မယ်"

"နေပါဦး တော်ဝင်၊ မင်းကို စကားလေးတစ်ခွန်းလောက် ကိုယ်ပြောချင်လို့"

စကားလမ်းကြောင်းက ဘယ်ကိုဦးတည်လာပြီဆိုတာကို တော်ဝင် သဘောပေါက်သည်။ ရင်ခုန်တာမဟုတ်ပေမယ့် တော်ဝင် မျက်နှာလေးထူပူသွားတာတော့ အမှန်။

တစ်ချိန်ချိန်မှာ ရိုးမ ဒီလိုပြောလာမှာကိုသိတာမို့ တတ်နိုင်သလောက် ရှောင်ခဲ့သည်။ အခုတော့ ထိပ်တိုက်ဆုံနေပြီ

"တော်ဝင် ကိုယ်လေ"

"ခဏလေး ကိုရိုးမ၊ တော်ဝင် အရင် အသိပေးပါရစေဦး"

"အသိပေးမှာ ဘာလဲ တော်ဝင်"

"တခြားမဟုတ်ပါဘူး၊ တော်ဝင်မှာ ချစ်သူရှိတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်လို့''

အခုကတည်းက အပြတ်ပြောထားလိုက်တာ အကောင်းဆုံးမို့ တော်ဝင် အသိပေးလိုက်တာဖြစ်ပေမယ့် ရိုးမ နှုတ်ခမ်းတွေ မဲ့ခနဲပြုံးရင်း –

''မင်းမှာ ချစ်သူရှိတယ်ဆိုတာ အမှန်ပဲပေါ့''

''ဟုတ်ပါတယ်''

''နေပါဦး၊ အဲဒီလူက မင်းမပော်မှ ဟုတ်ရဲ့လား''

တော်ဝင်မပြောဘဲတောင် သိနေသည်ဆိုတော့ တော်ဝင့်ကိုအရိပ်ကိုစောင့်ကြည့်နေတာများလား မသိပါ။

''ဟုတ်ပါတယ် ကိုရိုးမ''

''ဟား ဒီကောင် ခြေသွက်လက်သွက်နိုင်လှချည်လား။ ဘယ်တုန်းက မင်္ဂလာနဲ့ငြိသွားကြတာလဲ တော်ဝင်သူ''

''တော်ဝင်နဲ့ ကိုကို အဲ သူက ကျောင်းမတက်ခင်ကတည်းက ခင်မင်ဆုံစည်းခဲ့ကြတာပါ ကိုရိုးမ''

တော်ဝင်စကားကြောင့် ရိုးမ မျက်မှောင်ကြီးကုတ်သွားသည်။ ပြီးမှ နောက်ထပ်မေးခွန်းတစ်ခု ထုတ်လာ၏။

''တော်ဝင် မင်း ဒီလူအကြောင်း ဘယ်လောက်ထိ သိထားသလဲ''

တော်ဝင်မျက်မှောင်လေးပုတ်ခတ်ကာ ရိုးမကိုကြည့်သည်။ တော်ဝင့်ကိုယ်တော်ဝင်တောင် ဘယ်တုန်းကမှ မမေးခဲ့သော မေးခွန်း





ကို ရိုးမ မေးလာခြင်းဖြစ်၏။

''ဟင့်အင်း၊ တော်ဝင် ဘာမှ မသိပါဘူး၊ ကိုကို့ကို တော်ဝင်ချစ်တာ ရင်ထဲကချစ်တာ၊ ဘာမှ ကျန်တာ မလိုအပ်ဘူးလေ''

''အားပါး၊ လေးစားလောက်တဲ့ အချစ်စိတ်ပဲ၊ မပော်ဆိုတဲ့သူကလည်း ဒါမျိုးလေးတွေကို စိတ်ကြိုက်တွဲ ပြီးရင် တစ်ယောက်ပြောင်း။ အင်း မင်းအတွက်တော့ ကိုယ် တကယ် စိတ်မကောင်းဘူး တော်ဝင်''

''ဟင်''

တော်ဝင် မျက်တောင်ရှည်ကြီးတွေပုတ်ခတ်ပြီး ရိုးမကို ကြည့်သည်။ ကြားလိုက်ရသောစကားတွေက အမှန်တွေပဲလား။ ကိုကိုဟာ ရိုးမ ပြောသလို လူစားမျိုးလား။ ဟင့်အင်း။ တော်ဝင်မယုံချင်ပါ။

''ရိုးမ ရှင် ဘာပြောပြော ကျွန်မ မယုံဘူး၊ ယောကျ်ားတစ်ယောက်ဖြစ်ပြီး ကွယ်ရာမှာ ဒီလို ရှင် မပြောသင့်ဘူး''

''ကွယ်ရာမှာမဟုတ်ဘူး တော်ဝင်၊ ရှေ့မှာလည်း ရင်ဆိုင်ပြောခဲ့တယ်၊ မင်းလည်း ကိုယ်တိုင်စုံစမ်းကြည့်လိုက်ဦး။ မင်းမပော်ဆိုတဲ့ကောင်နဲ့ပတ်သက်ခဲ့ဖူးတဲ့ မိန်းကလေးတွေ စာရင်းပြုစုရင် မင်းရဲ့လက်နှစ်ဖက်က လက်ချောင်းတွေနဲ့ မလုံလောက်ဘူး သေချာတယ်''

''ဟင်''

''အဲ့ဩမသွားနဲ့ မင်းမပော်ဆိုတဲ့ကောင်မှာ နှလုံးသားမရှိ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ကိုယ့်ရဲ့ အစ်မတစ်ယောက်တောင် ဒီကောင်ရဲ့သားကော
ဖြစ်ခဲ့ရတယ်၊ နာမည်က ချစ်သက်ငြိမ့်တဲ့၊ တကယ်ဆို ဒီလို ဒီကော
မရက်စက်သင့်ဘူး''

နားထောင်ရင်း တော်ဝင် တုန်လှုပ်ချင်လာသည်။ ရိုးမ
အံကိုတင်းခနဲကြိတ်ရင်း လွယ်ထားသောလွယ်အိတ်ထဲက စာရွက်
ဘောပင်နှိုက် ထုတ်ယူသည်။

''ဒီမှာ ကိုယ့်အစ်မရဲ့ဖုန်းနံပါတ် ရေးပေးခဲ့မယ်၊ မင်း သ
ချစ်ပါတယ်ဆိုတဲ့ မင်းမပော်အကြောင်း စုံစမ်းကြည့်ပေါ့ကွာ''

ပြောရင်း စာရွက်ပေါ်မှာ ဖုန်းနံပါတ်တစ်ခုကို ရိုးမ ချ
သည်။ တော်ဝင် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေပေမယ့် မျက်
စတွေတော့ ဝဲချင်ချင်။

''ကဲ တော်ဝင် မင်းနှလုံးသားဖြူဖြူလေး ကျားရိုင်းတ
ကောင်ကြောင့် မပဲ့ကြွေစေချင်ဘူး''

စကားအဆုံးမှာ ရိုးမ ထိုင်ခုံက ထထွက်သွားခဲ့သည်။
ပွဲလေးပေါ်မှာ ကျန်ရစ်ခဲ့သည့် ဖုန်းနံပါတ်စာရွက်လေးကို တော်
တုန်တုန်ယင်ယင် ကောက်ယူမိ၏။

မျက်ရည်စတွေ ရစ်ဝိုင်းနေသော မျက်ဝန်းတွေထဲမှာ ဝေ
ဝါးဝါးနံပါတ်လေးတွေနှင့် ချစ်သက်ငြိမ့်ဆိုသော အမည်နာမလေး
ဝိုးတဝါး။

ကိုကိုရယ် တကယ်ပဲလား၊ တော်ဝင် မယုံချင်ဘူး၊ မယ





နေစေနဲ့၊ ကိုကို့ကို တော်ဝင် မြတ်နိုးယုံကြည်စွာ ချစ်ခဲ့တာပါ။
ကိုကို တော်ဝင့်ကို မလှည့်စားလိုက်ပါနဲ့နော်။

✿

''ဟဲလို ချစ်သက်ငြိမ့်ပါ''

ဖုန်းထဲက ကြားလိုက်ရသော အသံချိုချိုလေးက တော်ဝင့်
နားစည်ထဲကို တိုးဝင်ရိုက်ခတ်လာပေမယ့် တော်ဝင် ခွန်းတုံ့မပြန်နိုင်
ဘဲ မှင်တက်နေမိဆဲ။

''ဟဲလို ဘယ်သူလဲ''

နောက်ထပ် ထပ်မေးလာသော အသံလေးကိုကြားတော့
မှ တော်ဝင် ကသောကမျော ပြန်ဖြေမိ၏။

''တော် တော်ဝင်ပါ၊ တော်ဝင်သူပါရှင်''

''တော်ဝင်သူ၊ ဘယ်သူလဲ၊ ဖုန်းမှားနေတယ် ထင်တယ်''

''မ မဟုတ်ပါဘူး မမ၊ မမက ချစ်သက်ငြိမ့်ဆိုရင် မမှားပါ
ဘူး''

''တို့က ချစ်သက်ငြိမ့်ပါ၊ မင်းကို တို့ မသိတာတော့ သေချာ
တယ်''

''ဒီ ဒီလိုပါ မမချစ်သက်ငြိမ့်၊ တော်ဝင် မမကို မေးစရာလေး



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ပါ၊ ဟို ကိုမင်းမဟော်အကြောင်း''

"မင်းမဟော်၊ ဟုတ်လား''

"ဟုတ် ဟုတ်ပါတယ် မမ''

တစ်ဖက်က စကားသံလေးတိတ်သွား၏။ ပြီးမှ –

"အဲဒီနာမည်ကြားလိုက်တာနဲ့ တို့ရင်ထဲက နာကြည်းတယ် မင်း ဘာမေးမှာလဲ ညီမ၊ မေးပါ''

"ဟို ဟို သူနဲ့ မမနဲ့ ပတ်သက်ခဲ့ကြဖူးသလားလို့ပါ''

"ပတ်သက်ဖူးသလား ဟုတ်လား။ အင်း အမှန်အတိုင် မမ,ဖြေမယ် ညီမလေး၊ မင်းမဟော်က မမနဲ့မပတ်သက်ခင်ကလည် ချစ်သူရည်းစားတွေ အများကြီးရှိခဲ့တယ်၊ မမနဲ့ ချစ်သူတွေဖြစ် ချိန်မှာလည်း သူ့မှာ နောက်ထပ်ချစ်သူတွေရှိနေတာ မမသိတာ ဒါပေမဲ့ မမ နားလည်စွာနဲ့ ဆက်ချစ်ခဲ့တယ်''

နာကြည်းသံစွက်နေသော စကားတွေကို နားထောင် တော်ဝင် မျက်ရည်တွေဝဲလာသည်။ မဟုတ်ပါစေနဲ့ဟူသော တောင်းက အားလုံး ကြေပျက်သွားခဲ့ပြီပဲ။

"ဒါပေမဲ့ မမကိုလည်း သူ့ဘက်က အကြောင်းပြပြီး ထ ခွဲသွားခဲ့တာပါပဲ၊ အများကြီးတစ်ခုမှန်းသိရဲ့နဲ့ မမ တိုးခဲ့မိတာ ဖြစ်ပဲလေ၊ အခုတော့ နာတတ်အောင် မမ ကြိုးစားနေနိုင်ပြီ ညီ

နာတတ်အောင်ကြိုးစားနေနိုင်ပြီတဲ့လား။ ဟင့်အင်း တော် ဝင်ကတော့ နာကြည်းအောင်ကြိုးစားဖို့ထက် အသည်းနှလုံးတစ်ခု





ခြွမ်းခံလိုက်ရတာပါပဲ။

"ညီမလေးက သူနဲ့ဘယ်လိုပတ်သက်နေလို့လဲ၊ သူ့ကြောင့် သည်းကွဲနေတဲ့ ကောင်မလေးလား၊ အဟင်း ဟင်း''

တစ်ဖက်က ချစ်သက်ငြိမ့်က ရယ်ရယ်မောမောလေးမေး ပေမယ့် တော်ဝင် ပြန်မဖြေနိုင်ဘဲ ရင်ထဲမှာဆို့နင့်သွားသည်။ မျိုသိပ်ထားနိုင်သော ရှိုက်သံတွေက နှုတ်မှထွက်အံကျကုန်သည်။

"ဟင် ညီမလေး ငိုနေတာလား''

တော်ဝင် ရှိုက်သံတွေနှင့်ပဲ ဖုန်းကို အလျင်အမြန် ပိတ်ပစ် လိုက်ရ၏။ ရင်ထဲအထိ လှိုက်တက်လာသော ဝေဒနာတွေက ဆို့ နင့်နေသည်။

ကိုကို ဒီလောက်အထိ လိမ်ညာရက်စက်သူတစ်ယောက်ဟု ထင်ထားခဲ့မိပါ။ အခုတော့ တော်ဝင်ကို ပိရိစွာ ကိုကိုလိမ်ညာသွား ခဲ့ပြီပါလား။ ဘဝမှာ ပထမဆုံးမြတ်နိုးမိသော ကိုကိုသည် တော်ဝင့် နှလုံးသားကို ရက်စက်စွာခြေမွသွားခဲ့သူ ဖြစ်နေခဲ့ပြီပဲ။

ကိုကိုရယ် ရက်စက်လိုက်တာ။

နာကျင်ခံစားမှုဝေဒနာတွေနှင့် ရှိုက်ငိုနေတုန်း ဟင်းနှံဖုန်း သံက ထမြည်ပြန်သည်။ တော်ဝင်ဖုန်းလေးကို ကောက်ယူနား ထောင်မိတော့ –

"တော်ဝင်''

"ဟင်''



www.burmeseclassic.com

www.burmeseclassic.com



''တော်ဝင် ကိုကိုပါ''

ကိုကိုတဲ့လား။ အသံကြားရုံနှင့် တော်ဝင် ရင်ထဲမှာ ဆို့နင့် သွားခဲ့တာ နာကျင်မှုကြောင့် မဟုတ်ပါ။ ကိုကို့ရဲ့အသံလေးတွေကြား ရင်ပဲ တော်ဝင် ရင်ခုန်သည်။ ပျော်ဝင်ချင်သည်။

အခုလည်း ဒီအတိုင်းပဲဖြစ်သည်။ ဒါပေမဲ့ တော်ဝင်ရှိုက်သံ တွေပဲ ထွက်လာ၏။

''ဟင် တော်ဝင် ငိုနေတာလား။ ဘာဖြစ်လို့လဲဟင်''

''အဟင့် ဟင့်၊ ကိုမင်းမပော် ရှင် သိပ်ရက်စက်တယ်''

''ဟာ တော်ဝင် ဘာပြောတာလဲ၊ ကိုကို နားမလည်ဘူး''

တော်ဝင်ကို ထပ်လိမ်ညာဖို့ ကြိုးစားဦးမှာလား ကိုကိုရယ် တော်ဝင်ထပ်ပြီး လိမ်ညာမခံပါရစေနဲ့။

ဖုန်းလေးကို တော်ဝင် အပြီးတိုင်ပိတ်ပစ်လိုက်သည်။

ကိုကို နောက်ထပ်အကြိမ်ကြိမ် ခေါ်နေသံတွေလည်း မ ကြားချင်တော့ပါ။ ကိုကို့ကို မနာကြည်း မမုန်းနိုင်မုန်းသိပေမယ့်လည်း

တောင်းပန်ပါတယ် ကိုကို။ ကိုကို့ရဲ့ အချစ်ကို ပိုင်ဆိုင်ခဲ့ သူတစ်ယောက်အဖြစ်နဲ့ပဲ တော်ဝင် ရှုံးနိမ့်ပါရစေတော့။

✿ ✿ ✿



အခန်း (၃၁)

''ဘာ ဘာတဲ့လဲ မခ၊ တော်ဝင် ဘာတွေဖြစ်နေတာလဲ''

ကျောင်းဖွင့်ရက်အထိ မစောင့်နိုင်ဘဲ ကိုကို ထွက်မေးနိုင်းတာ မို့ မခ တော်ဝင်တို့အိမ်အထိ သွားစုံစမ်းပေးခဲ့ရသည်။ မခ ပြန်ရောက် သည်နှင့် ကိုကိုမေးလာ၏။

''ကိုကို့ကို တော်ဝင်သူက အထင်လွဲသွားတာပါ။ ဟိုလေ ကိုကို့ရဲ့ အရင်ကအကြောင်းတွေ သူကြားသွားတာ''

''ဘယ်လို မခ''

တော်ဝင်ပြောပြသမျှကို မခ ကိုကို့ကို အားလုံးပြန်ပြောပြ သော့ ကိုကိုခေါင်းငိုက်စိုက်ကျသွားခဲ့ရင်း –

''တောက်၊ ရှီးမ၊ ဒီကောင်မွှေလိုက်တဲ့ ပြဿနာကိုး''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုကို၊ ကိုကိုနဲ့ မမငြိမ့်ပြဿနာကို တော်ဝင်သိသွားတာ၊ မမငြိမ့်ဆီတောင် တော်ဝင် ဖုန်းဆက်မေးပြီးပြီတဲ့"

"ဟာကွာ၊ တကယ့်ပြဿနာပါပဲလား"

မပော် ခေါင်းကဆံပင်တွေကို ထိုးဖွခါထုတ်ရင်း ညည်းခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ နှုတ်ခမ်းတွေကို တင်းတင်းစေ့လိုက်၊ ဟူးခနဲ ပင့်သက်မောကိုချလိုက် ဖြစ်နေသည်။

ရှိုးမကိုပဲ ကိုကို ကြိုက်မနိုင်ခဲမရ ဖြစ်နေသည်လား။

"ကိုကို"

မခ ခေါ်တော့ ကိုကို ချာခနဲလှည့်ကြည့်သည်။ ကိုကို့မျက်နှာ ဒီလောက်အထိ အလိုမကျစိတ်ရှုပ်နေတာမျိုး မခ တစ်ခါမှ မမြင်ဖူးပါ။

"ကိုရှိုးမကို ကိုကို စိတ်တိုနေတာလားဟင်"

"ဒီကောင့်ကို သတ်ချင်တာ၊ တောက်"

"ကိုကိုရယ် ရန်တွေဘာတွေ ဖြစ်မနေပါနဲ့၊ မိန်းမတစ်ယောက်အတွက်နဲ့ မကောင်းပါဘူး"

"မခ"

"ရှင်"

"နင် ဘာမှမသိပါဘူး၊ ငါ့ရင်ထဲမှာ ပူလောင်နေတာ၊ တော်ဝင်ကို ငါ တကယ်ချစ်တာ"

"ဟင်"





"ဟုတ်တယ်၊ တော်ဝင်ကို ငါ တကယ်မြတ်နိုးချစ်တာ၊ ငါ ရည်းစားတွေ အများကြီးထားခဲ့ဖူးတယ်၊ ဒါပေမဲ့ မချစ်တတ်ခဲ့ဘူး၊ တော်ဝင်ကိုတော့ ငါ့နှလုံးသားက တကယ်ချစ်မိသွားတာ"

ကိုကို ရင်ထဲကခံစားချက်တွေကို မမျိုသိပ်နိုင်ဘဲ ဖွင့်ဟနေတာကို ငေးကြည့်ရင်း မခ လုံးဝမယုံနိုင်အောင် မှင်တက်နေမိ၏။

"ငါ ရည်းစားတွေ ထားခဲ့ဖူးပေမယ့် အချစ်ဆိုတာ ဘာလဲ မသိခဲ့ဖူးဘူး၊ တော်ဝင်ဆိုတဲ့ မိန်းကလေးက ငါ့နှလုံးသားကို လှုပ်ခတ်စေခဲ့တာပါ၊ ငါ တော်ဝင်ကို မြတ်မြတ်နိုးနိုးချစ်တယ်၊ ဆုံးရှုံးရမှာကြောက်တယ် မခရယ်"

မခ ရင်ထဲ့ အက်ဆစ်တွေနဲ့ ဖျန်းပက်ချနေသလို ကိုကိုရဲ့ စကားလုံးတွေက ပူပြင်းလောင်မြိုက်စေတာ ကိုကို မသိပါလား။ ကိုကို့မျက်ဝန်းတွေထဲမှာ မခ ခံစားချက်တွေကို မြင်သိနိုင်ဖို့ ဘယ်တော့မှ မရှိတော့ဘူးလား ကိုကို။

တော်ဝင်သူဆိုတာ ကိုကို့နှလုံးသားရဲ့ သခင်တဲ့လား။ ဟင့်အင်း ဒီလိုမှန်းသိခဲ့ရင် မခ မကူညီခဲ့ပါဘူး၊ အခုတော့ . . .

"မခ ညီမလေး"

မခ,ပခုံးလေးကို ဆုပ်ကိုင်ပြီး ကိုကိုခေါ်တော့ မခ မော့ကြည့်မိ၏။ ကိုကို့မျက်ဝန်းတွေထဲမှာ ဝေဒနာရဲ့ အရိပ်တွေလား။

"ကိုကို့ကို ကူညီပါနော် ညီမလေး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး နားလည်အောင်ရှင်းပြရင် တော်ဝင် ယုံကြည်လက်ခံမှာပါ၊ နော် ညီမလေး"

"ကိုကိုရယ်"

"ကိုကိုတောင်းပန်ပါတယ်ကွာ၊ အခုချိန်မှာ တော်ဝင် ကိုကို့ကို လုံးဝအထင်လွဲနေမှာ သေချာတယ်၊ ဒါပေမဲ့ သူ ကိုကို့ကို တကယ်ချစ်ခဲ့တာပါ"

တော်ဝင်သူက ကိုကို့ကို တကယ်ချစ်နေသည်လား။ ဒါကို မခလည်း လက်ခံယုံကြည်ပါသည်။ မခ ကိုရင်ဖွင့်ပြောပြခဲ့သော တော်ဝင်ရဲ့မျက်ရည်တွေနှင့် ခံစားချက်တွေကို မခ မြင်ခဲ့ရသည်။

"ကိုကို သိပ်ရက်စက်တယ် မမ,မခရယ်၊ တော်ဝင် ဘယ်လိုမှ မယုံခဲ့ပေမယ့် ကိုကို ရှုပ်ခဲ့ပွေခဲ့တာတွေ မမ,မခ သိမှာပါ။ တော်ဝင်က အချစ်မှာ ကံဆိုးခဲ့တာပါ၊ အဟင့် ဟင့်"

မျက်ရည်တွေနှင့် တော်ဝင်ခံစားနေခဲ့ရတာကို မခ စာနာနားလည်ပေမယ့် နှုတ်ဆိတ်စွာပဲ နားထောင်ခဲ့ပါသည်။

တော်ဝင်က ကိုကို့ကို ချစ်သတဲ့လား။ တကယ်ဆို မင်းထက် တို့က ကိုကို့ကို ပိုပြီးချစ်ခဲ့တာပါ။ ကိုကို ဘယ်လောက်ပဲ ရည်းစားတွေများပါစေ။ မခ သည်းခံခွင့်လွှတ်ချစ်ခဲ့သလို တော်ဝင် မချစ်နိုင်ခဲ့ပါဘူး။

"မခ ကိုကို ပြောတာ ကြားရဲ့လား"

"ရှင် ကိုကို"





"တော်ဝင့်ဆီကို သွားခွင့်ရှိတာ မခ ပဲရှိတယ်၊ သူ့ဖုန်းကိုလည်း အမြဲပိတ်ထားတော့ ကိုကို ဘယ်လိုမှရှင်းပြခွင့်မရှိဘူး၊ မခက ရှင်းပြပေးပါကွာနော်၊ ကိုကို့ကို မခ ကူညီပါ"

ဘယ်တုန်းကမှ မခကို မခယ မတောင်းဆိုဖူးသော ကိုကို့ရဲ့နှုတ်က ဒီလိုစကားတွေကြားနေတော့ မခ ရင်ထဲမှာ ဘယ်လိုမှ မကောင်းတာ အမှန်ဖြစ်သည်။ ကိုကို့ကို မခ သနားလိုက်တာ။

"ကိုကို အရမ်းခံစားရတယ် ညီမလေးရယ်"

ကိုကို့ရဲ့စကားတွေက မခ နှလုံးသားတစ်ခုလုံးကို ချေမွလုံးချေနေခဲ့ရင်တောင် မခ ကိုကို့ကို မနာကြည်း အပြစ်မမြင်ရက်ပါဘူး။ အဲဒီလောက်အထိ မခ ကိုကို့ကို ချစ်ခဲ့တာပါ။

"ကိုကို့ကို မခ ကူညီပါ့မယ်"

"ဝမ်း ဝမ်းသာလိုက်တာ မခရာ"

မျှော်လင့်ချက်တွေနှင့် တောက်ပဝင်းလက်နေသော ကိုကို့မျက်ဝန်းတွေကိုကြည့်ကာ မခ ပင့်သက်လေးရှိုက်လိုက်မိသည်။

ရင်ထဲမှာ ကြေွတဲ့စိတ်တွေနဲ့ မခရဲ့မျက်ရည်တွေကိုတော့ ကိုကို ဘယ်တော့မှ မမြင်စေရပါဘူး။

နှင်းမခဆိုတဲ့ ကောင်မလေးဟာ အချစ်တွေကို သိုဝှက်မျိုသိပ်ထားရသလိုပဲ မျက်ရည်တွေကိုလည်း သိမ်းဆည်းတတ်ရမှာပေါ့ ကိုကို။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"တော်ဝင်ရယ် မျက်နှာလေး ချောင်ကျသွားတာပဲကွာ"

တော်ဝင်မျက်နှာလေးကို မျက်တောင်မခတ်တမ်းကြည့်ပြီး ဆိုနေသော ကိုကို့စကားသံလေးတွေကြားတော့ မျက်ရည်တွေက ဝဲချင်နေမိပြန်၏။

"မငိုပါနဲ့ ကလေးရယ်၊ ကိုကို မင်းမျက်ရည်တွေကို မမြင်ရက်ဘူး"

"ကိုကိုရယ် တော်ဝင်လေ ကိုကို့ကို မုန်းလို့မရဘူး၊ ကိုကို အကြောင်းတွေကြားရတာ တော်ဝင် အရမ်းခံစားခဲ့ရတာ"

"ကလေးရယ် ကိုကို တကယ်ခံစားရပါတယ်၊ ဒီအကြောင်းတွေကို အရင်ကတည်းက ရှင်းပြခဲ့သင့်တာပါ၊ ဒါပေမဲ့ ရှင်းမပြခဲ့တာ





လိမ်ညာသိုဝှက်ထားတာ မဟုတ်ပါဘူး၊ ကိုကို့အချစ်ကို တော်ဝင်လေးယုံကြည်တဲ့နေ့မှ ဖွင့်ပြောမလို့ပါ၊ ဖြူစင်ရိုးသားတဲ့ ကလေးရဲ့ နှလုံးသားနုနုလေးက ခံနိုင်ရည်မရှိမှာ ကိုကိုကြောက်နေတယ်"

"တော်ဝင် တကယ်ကို ခံနိုင်ရည်မရှိခဲ့တာပါ ကိုကို၊ အန်တီဆင့်သိမှာစိုးလို့ သိုဝှက်ထားရတယ်၊ ဒါတောင် အန်တီဆင့်က ရိပ်မိချင်သလိုပဲ"

"ဟင်"

"တော်ဝင် ထမင်းမစားနိုင်မသောက်နိုင်ဖြစ်တော့ အန်တီဆင့် အရမ်းစိုးရိမ်ပြီး ဆရာဝန်ကိုခေါ်တယ်လေ၊ လူက ထမင်းမစားတော့ အင်အားပြတ်သလိုဖြစ်သွားလို့ ဆေးတွေဘာတွေ သွင်းလိုက်ရတယ်"

"ကိုကို စိတ်မကောင်းလိုက်တာ တော်ဝင်ရယ်"

"ကိုကိုလည်း နည်းနည်းပိန်သွားတယ်နော်"

သူ့ကိုမော့ကြည့်ကာ တော်ဝင်ပြောတော့ သူ တော်ဝင့်ခန္ဓာကိုယ်လေးကို တင်းတင်းလေးပွေ့ဖက်ထားရင်း –

"တော်ဝင်နဲ့ဝေးရင် ကိုကိုလည်း သေမှာသေချာတယ်"

"ကိုကိုရယ်"

"ကိုကို့ကို တော်ဝင် တကယ်ခွင့်လွှတ်ပေးနိုင်ပြီလားဟင်"

"ကိုကိုရယ် ခွင့်လွှတ်ပေးရအောင် ကိုကို့ကို တော်ဝင် စိတ်ဆိုးနာကြည်းခဲ့တာမှ မဟုတ်တာ၊ ကိုကို တော်ဝင်ကို တကယ် မ



www.burmeseclassic.com

ချစ်ဘဲ ကစားသွားမှာကိုပဲ ကြောက်နေခဲ့တာ''

''ကိုကို တော်ဝင့်ကို တကယ်မြတ်နိုးတာ ဘာနဲ့သက်သေပြရမလဲ''

သူ့ရင်ခွင်ထဲက တော်ဝင် အသာလေးရုန်းထွက်ကာ မော့ကြည့်သည်။ မျက်ရည်စတို့မပြယ်သေးသော မျက်နှာလေးနှင့် ညင်သာစွာ ခေါင်းလေးခါယမ်းပြ၏။

''မမ,မခက အားလုံးပြောပြပါတယ် ကိုကို၊ ပြီးတော့ ကိုကိုလည်း တော်ဝင် တကယ်ချစ်နေတာပဲ၊ ကိုကို ထားရစ်ခဲ့ရင်လည်း ခံရဲတယ်ဆိုတဲ့ အသိနဲ့ဆက်ချစ်မှာပါ၊ ကိုကို ဘာမှသက်သေပြစရာမလိုပါဘူး''

''ကလေးရယ် ကလေးကို ကိုကို တစ်ဘ၀လုံးအတွက် ချစ်တာမို့ ဒယ်ဒီပြန်ရောက်လာတာနဲ့ ကလေးအန်တီဆီမှာ တရား၀င်လာတောင်းရမ်းမှာပါ''

''အို အဲဒီလိုမလုပ်ပါနဲ့ဦး ကိုကို၊ တော်ဝင်က အခုမှ ပညာသင်စပဲရှိသေးတော့ အန်တီဆင့် လက်ခံမှာမဟုတ်ဘူး''

''စိတ်ချပါကွာ၊ ကိုကိုက တော်ဝင်လေးကျောင်းပြီးမှ အပိုင်သိမ်းမှာပါကွာ''

''ကိုကိုနော်''

ရှက်မျက်နှာလေးနှင့် တော်ဝင် ခေါင်းလေးကို သူ့ရင်ခွင်ထဲကို တိုးဝင်ဝှက်တော့ သူ ဆံနွယ်လေးတွေကို တိတ်တခိုးနမ်းရှိုက်





မိ၏။

မထိရက် မနမ်းရက်အောင် ဖြူစင်လွန်းသည့် ချစ်သူလေးအပေါ်မှာ သူ့ ထာဝရသစ္စာရှိမှာ တိုင်တည်ချင်ပါသည်။

တော်ဝင်နှင့်သူ့ကို နားလည်စွာနဲ့ ပြန်ဆုံစည်းအောင်ဖန်တီးပေးနိုင်ခဲ့သော မခ ကိုလည်း ကျေးဇူးတင်မိသည်။

ချစ်စရာကောင်းတဲ့ ညီမလေး မခကိုတော့ သူ ဂုဏ်ပြုကျေးဇူးဆပ်ရဦးမည်။

ကျေးဇူးကမ္ဘာပါ မခရယ်။

✿

''ကျေးဇူးတင်ဖို့မလိုပါဘူး ကိုကိုရယ်၊ တော်ဝင်ကိုယ်တိုင်က ကိုကို့ကို ခွင့်လွှတ်ပေးခဲ့တာပါ''

''ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမဲ့ ညီမလေးရဲ့ကျေးဇူးတွေ အများကြီးရှိတယ်၊ ညီမလေး ဘာလိုချင်လဲ၊ ဘာစားချင်လဲ၊ ပြော''

ကိုကို့မျက်နှာက ရွှင်မြူးကြည်လင်နေသည်။ မခ ခေါင်းတွေခါကာ ငြင်းဆိုနေပေမယ့် ကိုကိုက လက်မခံပါ။

''မရဘူးကွာ၊ အခုလာမယ့်ဆန်းဒေးကျရင် ကိုကိုနဲ့တော်ဝင်တို့ ချိန်းထားတယ်၊ အဲဒါ မခ,ပါ လိုက်မှဖြစ်မယ်''

www.burmeseclassic.com



"ဟင့်အင်း မခ မလိုက်တော့ဘူး၊ ကိုကိုတို့ဘာသာ လွတ်လွတ်လပ်လပ်သွားကြပါနော်"

"မရဘူးကွ၊ တော့်ဝင်ကို အပြင်ခေါ်ထုတ်ဖို့ မခကိုပဲ အားကိုးရမှာလေ၊ အရင်ဆုံး ကိုကိုတို့ ရွှေတိဂုံဘုရားသွားမယ်၊ ပြီးရင် မခနဲ့တော်ဝင်အတွက် ကိုကို လက်ဆောင်တွေဝယ်ပေးမယ်၊ ရက်စ တောရင့်မှာ ကျွေးမွေးမယ်ကွာ"

ကိုကိုကတော့ ကြည်နူးအပြုံးတွေနှင့် ရွှန်းရွှန်းဝေအောင် ပြောနေ၏။ မခ ဟန်ဆောင်အပြုံးလေးနှင့် ခေါင်းညိတ်နေခဲ့ရသည့် အဖြစ်မှာ။

✿

ကိုကို့ရဲ့ ရှေ့မှောက်မှာ ကြွေဆင်းခွင့်မရှိသော မျက်ရည်တွေကို အခန်းထဲရောက်တော့မှပဲ မခ အားပါးတရ ငိုကြွေးမိသည်။

ခေါင်းအုံးမှာ မျက်နှာအပ်ပြီး မခ အားပါးတရ ငိုကြွေးနေမိတာမို့ အခန်းထဲကို မေမေရောက်လာတာလည်း မသိလိုက်ပါ။

"သမီး"

"ဟင် မေ မေမေ"

"အို သမီး ငိုနေတာလား"





"ဟင့်အင်း၊ မ မဟုတ်ပါဘူး"

မျက်ရည်စတွေကို ကပျာကယာသိမ်းဆည်းဖို့ ကြိုးစားပေမယ့် မေမေက ခုတင်စွန်းမှာ ဝင်ထိုင်ရင်း –

"သမီး ဘာဖြစ်တာလဲ၊ မေမေ့ကို ပြောစမ်းပါ၊ ပြောစမ်းပါ သမီးရယ်"

မခ,မေးလေးကို ဆွဲယူပြီး မေမေ စိုးရိမ်စွာမေးနေမှ မျက်ရည်တွေက ပိုလို့ တားမရဆီးမရ ကျလာပြန်သည်။

"မေမေရယ်"

ပါးပြင်နှစ်ဖက်မှာ ရွှဲရွှဲစိုနေသော မျက်ရည်တွေကို မေမေ ယုယစွာပွတ်သုတ်ပေးနေပေမယ့် မခန်းခြောက်နိုင်ပါ။ မေမေ့ရင်ခွင်ထဲမှာပဲ ခေါင်းဝင်ကာ မခ ငိုနေမိသည်။

"သမီးလေး အားရအောင် ငိုနော်၊ ပြီးရင် မေမေ့ကိုပြော၊ မေမေ နားထောင်ပေးမယ်၊ ဟုတ်လား"

မေမေက နှစ်သိမ့်အားပေးပေမယ့် မခ,ခံစားချက်တွေက မေမေ ကယ်တင်နိုင်မည့်အရာမဟုတ်မှန်းလည်း မခ သိထားသည်။

"သမီးရယ် မျက်လုံးတွေမို့အစ်နေပြီ၊ သမီးနဲ့ မောင်မဟော် ဘာဖြစ်ကြတာလဲ၊ မေမေ့ကိုပြောစမ်းပါ"

မခ ခေါင်းကိုသာ ခါယမ်းမိ၏။ မခအနားမှာ အမြဲတမ်းနားလည်စွာ နှစ်သိမ့်ပေးတတ်သူက မေမေပဲဖြစ်သည်။

"ဟင့်အင်း၊ ကိုကို ဘာမှမသိပါဘူး မေမေရယ်၊ သမီးအာ



www.burmeseclassic.com

www.burmeseclassic.com



ကာမကောင်းခဲ့တာပါ''

"ဘာတွေဖြစ်တာလဲ မေမေ့ကိုပြောစမ်းပါ သမီး၊ စောစောကပဲ သမီးနဲ့ မောင်မဟော် ခြံထဲမှာ စကားတွေပြောမနေခဲ့ကြတာ မေမေမြင်တယ်''

''အဲဒါ ကိုကိုက တော်ဝင်သူနဲ့တွေ့ဖို့ သမီးကို အကူအညီတောင်းနေတာပါ''

''တော်ဝင်သူ၊ ဟုတ်လား၊ သူက ဘယ်သူလဲ သမီး''

''တော်ဝင်သူဆိုတာ ကိုကို့ရဲ့ချစ်သူပါ မေမေ''

''ဟင်၊ သမီးက မောင်မဟော်ရဲ့ ကောင်မလေးတွေကိုစွမ်ဘာလို့ဝင်ပြီး ကူညီပေးနေတာလဲဟင်၊ မေမေက သမီးတို့ အဆင်ပြေနေပြီထင်တာ''

''မဟုတ်ဘူး မေမေ၊ တော်ဝင်သူဆိုတာ ကိုကို သိပ်ချစ်တဲ့ ကိုကို့ရဲ့ချစ်သူမိန်းကလေးပါ''

''ဟင်''

ဒေါ်မိုးမြင့်စံခေါင်းထဲမှာတောင် မိုက်ခနဲဖြစ်သွားမိ၏။ သူမနားလည်ထားမိတာ မဟော်နှင့်သမီးလေး အေးချမ်းနေပြီဟု။ အခုတော့ မဟော်က ချစ်သူရှိနေသည်တဲ့။

''သမီး ပြောစမ်း၊ အားလုံး မေမေ့ကိုပြောစမ်းပါ''

သိချင်စိတ်တို့နှင့် သူမ မေးတော့ သမီးလေးက အားလုံးကို ရင်ဖွင့်ပြောပြသည်။





သမီးစကားတွေဆုံးတော့ သူမ ပင့်သက်ရှိုက်ခေါင်းကိုခါ...မ်းရင်း –

''သမီး ဘာတွေလုပ်နေတာလဲ၊ ဘာလို့ အဲဒီကိစ္စတွေကို ...း ကူညီနေရတာလဲ၊ အဓိပ္ပာယ်မရှိတာကွယ်''

''သမီး အရင်ကထင်ခဲ့တာ တော်ဝင်သူကို ကိုကိုကြိုးစား...တာ အရင်ရည်းစားတွေထားသလို အပျော်လို့ပဲ ထင်လို့ပါ မေမေ၊ ...မေမဲ့ ကိုကို့ရဲ့ရင်ထဲကို သမီး မြင်သိလိုက်ပါပြီ''

ပြောရင်း ဝဲတက်လာသော မျက်ရည်တွေကို သမီးလေး ...န်းချုပ်ဖို့ကြိုးစားနေပြန်တော့ သူမ ရင်ထဲမှာ နင့်ခနဲခံစားရသည်။

သမီးလေးရင်ထဲမှာ သောကပူတွေ ဘယ်လောက်အထိ ...ာင်လောင်မြိုက်နေသည်လဲ၊ မမေးဘဲ သိနေ၊ မြင်နေသည့် သူမ ...င်ထဲအထိ အပူမီးတွေက ကူးစက်နေခဲ့သည်။

''သမီး မောင်မဟော်ကို သိပ်ချစ်သလားဟင်''

''မေမေရယ် ကိုကို့ကိုချစ်တဲ့ စိတ်တစ်ခုနဲ့ပဲ ကိုကို့ဆန္ဒအား...ကို သမီးလိုက်လျောနေခဲ့တာပါ၊ ကိုကို့ရဲ့အချစ်ကို သမီး ဘယ်...တော့မှ ပိုင်ဆိုင်ခွင့်မရတော့ဘူးဆိုတာ သိထားပေမယ့် ကိုကို့ဆန္ဒတွေ...ကို သမီးဖြည့်ဆည်းပေးမှာပါ''

သူမရင်ထဲအထိ စူးနစ်ထိရှစေသော သမီးရဲ့စကားလုံး...တွေက နူးညံ့ညင်သာလိုက်တာ။

ဟင့်အင်း မေမေ့သမီးလေးရင်ထဲက ဝေဒနာတွေကို မေမေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှမမြင်ရက်နိုင်ဘူး။ ဝေဒနာတွေနဲ့ပျော်ဝင်နေတဲ့ သမီးနှ
သားလေးကို မေမေ မကြည့်ရက်နိုင်ဘူး။

ဒီအတွက် မေမေဟာ မိန်းမရိုင်းကြီးတစ်ယောက် ဖြစ်ခဲ့
လည်း မေမေ့ကို နားလည်ပေးပါ သမီးရယ်။

✿ ✿ ✿



## အခန်း (၃၃)

ရောက်နေတာက ရွှေတိဂုံစေတီတော်ရဲ့ အရိပ်အောက်မှာ
ဖြစ်ပေမယ့် မခ စိတ်တွေ မငြိမ်းချမ်းနိုင်တာတော့ အမှန်ဖြစ်သည်။

ကိုကိုရဲ့ဆန္ဒအတွက် မနက်ကတည်းက တော်ဝင်သူ့ကို မခ
သွားခေါ်ခဲ့ရသည်။ တော်ဝင်ရဲ့အဒေါ် ဒေါ်ခင်ခင်ဆင့်ကိုလည်း သူ
ယ်ချင်းတစ်ယောက်ရဲ့အလှူဟု လိမ်ညာအကြောင်းပြရသည်။

ကိုကို့အတွက် မခ လိမ်ညာဖို့လည်း ဝန်မလေးတတ်တော့
ပါ။ ရင်ထဲက ခံစားချက်တွေကို မျိုသိပ်ပြီး ကိုကိုနဲ့တော်ဝင်တို့ ပျော်
ရွှင်နေတာကို ငေးကြည့်နေရသည့်အဖြစ်။

အခုလည်း ဘုရားဝတ်ပြုပြီးတော့ ရင်ပြင်တစ်ပတ်လျှောက်
ဖြစ်ကြတော့ ရှေ့မှာ ကိုကိုနှင့်တော်ဝင် လက်ချင်းတွဲချိတ်လို့ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နူးနေတာကို မခ နောက်ကငေးရင်း လိုက်ရသည်။

"မခ ညီမလေး ဗိုက်ဆာနေပြီလား"

"ဟင့်အင်း မဆာပါဘူး ကိုကို"

"ဒါဆို ပလာဇာကို အရင်သွားကြတာပေါ့၊ ပြီးမှ ကို
ရှယ်လိုက်ကျွေးမယ်၊ ဟုတ်လား"

အားလုံး ကိုကို့စိတ်တိုင်းကျ မခ စက်ရုပ်ကလေးလို ခေါ
ညိတ်ပေးနေမိ၏။ တော်ဝင်သူကတော့ ကြည်နူးအပြုံးတွေနှင့် ကို
လက်မောင်းကို မှီတွယ်လို့ ဘုရားရင်ပြင်ပေါ်က ဆင်းခဲ့ကြသည်

ရပ်ထားသောကားဆီ လှမ်းခဲ့ခိုက်မှာပဲ မမျှော်လင့်ေ
အခြေအနေနှင့် ရင်ဆိုင်တိုးတော့သည်။

"တော်ဝင်"

"ဟင် အန်တီဆင့်"

မာတင်းခက်ထန်နေသော ဒေါ်ခင်ခင်ဆင့်မျက်နှာက ဒေ
တွေကို မျိုသိပ်ထိန်းချုပ်ထားမှန်း သိသာလွန်းသည်။ တော်ဝင် မျ
နှာလေးက သွေးဆုတ်ဖြူရော်နေသည်။

ကိုကိုကိုယ်တိုင်လည်း ဘယ်လိုမှထင်မှတ်မထားသော 
ခြေအနေကြောင့် မှင်တက်ကြောင်တွေလျက်ရှိသည်။ မခ,ကေ
ပါးစပ်လေးအဟောင်းသားနှင့် ကိုကို့မျက်နှာကို ငေးကြည့်နေမိ

"အန်တီဆင့် သမီးလေ ဟို ဟို"

"တော်တော့ သမီး၊ အန်တီဆင့် ဘာမှထပ်မကြားချင်





ကဲ ဟိုမှာ အန်တီဆင့်ကားပါတယ်၊ သွားစို့"

"နေ နေပါဦး အန်တီဆင့်၊ ကျွန်တော်ရှင်းပြပါရစေဦး"

ကိုကိုက လက်ကာတားရင်း ရှင်းပြဖို့ကြိုးစားပေမယ့် ဒေါ်ခင်ခင်ဆင့်က တော်ဝင့်လက်ကို ဆုပ်ကိုင်ဆွဲခေါ်ပြီး ဖြစ်နေသည်။

"မင်း ဘယ်သူဘယ်ဝါဆိုတာ အန်တီသိပါတယ်၊ မောင်ဝဏ္ဏတို့ခြံကို မင်း ဝင်ထွက်နေတာပဲကွယ်၊ အခုအချိန်မှာ မင်းစကားတွေကို အန်တီနားထောင်ဖို့ ဆန္ဒမရှိဘူး၊ ဒီတော့ မနက်ဖြန် အိမ်ကိုလာခဲ့၊ ဟုတ်ပြီလား"

ကိုကို ယောင်ယမ်းပြီးခေါင်းညိတ်ပြသည်။ ဒေါ်ခင်ခင်ဆင့်အကြည့်တွေက မခ ဆီလှွင့်ဝဲလာရင်း ယဲ့ယဲ့လေးပြုံးသည်။

"နှင်းမခ သမီးကို အန်တီအပြစ်မတင်ပါဘူး၊ အန်တီညံ့ဖျင်းလို့ ဒီလိုဖြစ်ကုန်တာပဲလေ၊ အဲ တော်ဝင်သူကို ယုံကြည်လွန်းခဲ့တာလည်း အမှားတစ်ခုဖြစ်သွားတာပဲပေါ့၊ ကဲ အန်တီ့ကိုခွင့်ပြုဦး"

ဒေါသစကားလုံးတွေနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဟု မခ ထင်မှတ်ထားပေမယ့် ဒေါ်ခင်ခင်ဆင့်ရဲ့စကားလုံးတွေက နူးညံ့ညင်သာသည်။ မခ မျက်နှာနီမြန်းလျက် ရှက်ရွံ့သိမ်ငယ်မိတာလည်း အမှန်။

ယုံကြည်မှုတစ်ခုကို အလွဲသုံးစားလုပ်မိသူတစ်ယောက် အဖြစ် မခ ဒီနေရာက အပေးဆုံးလွင့်စဉ်သွားချင်မိတဲ့အထိ။

ဒေါ်ခင်ခင်ဆင့် တော်ဝင်လက်ကိုဆွဲကာ ရပ်ထားသော ကားဆီခေါ်ဆောင်သွားတာကိုပဲ ကိုကိုနှင့် မခ ကျောက်ရုပ်တွေလို ရပ်



www.burmeseclassic.com

www.burmeseclassic.com



ငေးကျန်ရစ်ခဲ့သည်။

တော်ဝင်ကိုသယ်ဆောင်သွားသော MARK II ကားဖြ ကြီးကို ငေးကြည့်နေရင်း ကိုကို့ဆီက ပင့်သက်မောကြီးချသံကြားရ

"ကိုကို"

မခ,ခေါ်သံကြောင့် လှည့်ကြည့်သည့် ကိုကိုမျက်ဝန်းတွေ ထဲမှာ စိတ်ပျက်ညစ်ညူးခြင်းတွေကိုမြင်ရ၏။

"ပြဿနာပဲ ဒေါ်ခင်ခင်ဆင့် ဘယ်လိုသိသွားတာလဲ၊ အဝ အကျသိလို့ ဒီကို လာစောင့်ဖမ်းတာဖြစ်မယ်"

မခ,ကိုယ်တိုင် မှသိသောအဖြေအတွက် နားမလည်နိုင်စွ ပဲ ခေါင်းကိုခါပြမိသည်။

"မခလည်း မပြောတတ်တော့ဘူး ကိုကို၊ မနက်တုန်းက တော့ အန်တီဆင့် ယုံယုံကြည်ကြည် ထည့်လိုက်တာပါ"

"တော်ဝင်တော့ တော်တော်ကြောက်နေတယ်၊ သူ့အဒေါ် ကို သူက သိပ်ကြောက်တာ မခရဲ့"

ပြောရင်း ကိုကို ပင့်သက်ကြီးချပြန်သည်။ ငိုမဲ့မဲ့မျက်နှာ လေးနှင့် ပါသွားရှာသော တော်ဝင့်မျက်နှာလေးကို မြင်ယောင်က မခ,လည်း သနားမိသည်။

"ကိုကို ဘာဆက်လုပ်မလဲဟင်"

"ဒေါ်ခင်ခင်ဆင့်နဲ့ ကိုယ်သွားတွေ့မှာပေါ့"

"ဟင်"





"ဟုတ်တယ်၊ တော်ဝင်ကို ကိုယ် တကယ်မြတ်နိုးတာလေး ဒေါ်ခင်ခင်ဆင့်နဲ့ ထိပ်တိုက်ညှိနှိုင်းပြီး ဒယ်ဒီပြန်လာတာနဲ့ တရားဝင် တောင်းရမ်းမယ်"

ကိုကို့ဘက်က ဒီလောက်အထိ ပြတ်သားနိုင်မှာနေခဲ့သည် လား။ ဘယ်တော့မှ ပိုင်ဆိုင်ခွင့်မရနိုင်တော့သော ကိုကိုရဲ့အချစ် တွေက တော်ဝင်သူ့အတွက်ပဲ ထာဝရရှိနေမှာ မခ ယုံကြည်လိုက် ပါပြီ ကိုကို။

မင်း အရမ်းကံကောင်းပါတယ် တော်ဝင်သူရယ်။

✿

မခ ရှင်းပြသမျှ မေမေ ငြိမ်သက်တိတ်ဆိတ်စွာပဲ နား ထောင်နေခဲ့သည်။ ကိုကိုကတော့ အိမ်ပြန်ရောက်သည်နှင့် မခကို ထားရစ်ခဲ့ကာ အပြင်ထွက်သွားခဲ့သည်။

"ကိုကို အတော်စိတ်ရှုပ်သွားတယ် မေမေ၊ အခုလည်း ဝဏ္ဏတို့အိမ် သွားတာထင်တယ်"

"သူသွားလည်း ကောင်မလေးအရိပ်တောင် မြင်တွေ့ခွင့်ရ မှာ မဟုတ်ဘူးလေ၊ သူ့အဒေါ်က နှိုင်နှိုင်နင်းနင်း ထိန်းသိမ်းထား မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို မနက်ဖြန်ကျ ဒေါ်ခင်ခင်ဆင့်နဲ့ သွားတွေ့နွေးမယ်တဲ့၊ တော်ဝင်သူကို အနက်ကယ်ဖြူပြန်လာတာနဲ့ တရားဝင်တောင်းရမ်းမယ်တဲ့"

မခ ပြောပြတော့ မေမေပြုံးသည်။ မေမေ့ရဲ့အပြုံးတွေက လျှို့ဝှက်မှုတစ်ခုရှိနေသလို ထင်မိတာကြောင့် –

"မေမေ ဘာပြုံးတာလဲဟင်"

"ဘာမှမပြုံးပါဘူးကွယ်၊ မင်းမဟော် ကြိုးစားမယ်ဆိုလည်း ကြိုးစားပေါ့ကွယ်၊ မိန်းကလေးရှင်ဘက်က လက်ခံ မခံ ဆုံးဖြတ်မှာပါ။ ကဲ သမီး အဝတ်အစားလဲလိုက်ဦး၊ သမီးအစ်ကိုပြန်လာရင် ထမင်းအတူစားကြတာပေါ့"

မေမေ အခန်းထဲကထွက်သွားတော့မှ မခ အဝတ်အစားလဲပြီး ရေမိုးချိုးလိုက်သည်။

မခတို့ ထမင်းစားချိန်အထိ ကိုကို ပြန်မလာသေးတော့ မခ စိုးရိမ်မိတာကြောင့် စိတ်က တမျှော်မျှော်နှင့် ဧည့်ခန်းထဲမှာလျှောက်နေမိ၏။

"ဘာဖြစ်နေတာလဲ မခ"

မခ ဟိုလျှောက်ဒီလျှောက် ဖြစ်နေတာကြည့်ပြီး ကိုမိုး မေးသည်။

"ကိုကို ပြန်မလာသေးလို့ စောင့်နေတာ"

"သူဘာသာ ဘာဖြစ်ဖြစ်၊ နင်နဲ့ဘာဆိုင်လို့လဲ"





"ကိုမိုး ဒီလိုမပြောပါနဲ့၊ ကိုကို တစ်ခုခုဖြစ်မှာစိုးလို့ မခ စိုးရိမ်နေတာ"

"ကဲ ဘာမှ သမီး ပူမနေနဲ့၊ မေမေ အခုပဲ ဖုန်းဆက်ပြီးပြီ၊ ဝဏ္ဏတို့အိမ်က မောင်မဟော် အခုပဲ ပြန်သွားပြီတဲ့"

ဧည့်ခန်းထဲဝင်လာရင်း မေမေဆိုတော့မှပဲ မခ ပင့်သက်ချနိုင်တော့သည်။ ကိုမိုးကတော့ မျက်နှာတစ်ချက်မဲ့ပစ်ရင်း –

"ကောင်းတယ်၊ ဒီလိုကောင်မျိုး ဝဋ်လည်တာ၊ အရင်တုန်းကတော့ ကောင်မလေးတွေကို ထည်လဲတွဲခဲ့တဲ့ကောင်၊ လူပါး ပုလင်းကွဲထိတာ ဒါမျိုးပေါ့"

ကိုမိုးစကားတွေကို မခ ဥပေက္ခာပြုရင်း ခြံဝကိုပဲ မျှော်ကြည့်နေလိုက်၏။ ဆင်ဝင်အောက်မှာ ကိုကို့ကားလေးထိုးရပ်တော့ မခ တံခါးဝအထိရောက်သွားရင်း အမောတကော မေးမိသည်။

"ကိုကို ဘာ ထူးခြားလဲဟင်"

"အရိပ်အခြေကောင် မတွေ့ရဘူး၊ ဖုန်းခေါ်တော့လည်း ပိတ်ထားတယ်၊ မနက်ဖြန်တောင် သူ ကျောင်းတက်မယ်မထင်ဘူး၊ ဘာပဲဖြစ်ဖြစ် မနက်ဖြန်တော့ အန်တီဆင့်နဲ့ငါ ထိပ်တိုက်သွားတွေ့မှာပါ"

ပြောပြီး မဟော် အခန်းထဲလှမ်းဝင်သွားသည်။ ကိုကို့ကျောပြင်ကို ငေးရင်း မခ ရင်မောသွားမိ၏။

ကိုကို့ရဲ့အပူတွေကို မခလည်း ကူးစက်ခံစားမိသည့်အပြင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

အနိုတီဆင့်မျက်နှာကိုမော့မကြည့်ရဲလောက်အောင် တော်ဝင် ဘက်ကမှားခဲ့သည့် အမှားဟု လက်ခံထားမိသည်။ ဒေါသသံမပါပေ မယ့် အနိုတီဆင့်စကားလုံးတိုင်းမှာ တော်ဝင်မျက်ရည်တွေ မကျနိုခန်း နိုင်အောင် စီးကျနေမိ၏။

"ဒီကောင်လေးနဲ့ သမီးကို အနိုတီဆင့် ဘယ်လိုနည်းနဲ့မှ သဘောမတူနိုင်ဘူး သမီး၊ ဥစ္စာနေပြည့်စုံပြီး ပညာတတ်ဘွဲ့ရဆိုတဲ့ အရည်အချင်းကလွဲရင် ကျန်တာ ဘာမှမကောင်းဘူး၊ လက်ရှိလည်း ဘာအလုပ်မှမရှိဘူး၊ အထူးသဖြင့် ကောင်လေးရဲ့အကျင့်စရိုက်ကို အနိုတီဆင့် လက်မခံနိုင်တာပဲ၊ မိန်းကလေးတွေအများကြီး ရှုပ်ခဲ့ပွေ ခဲ့ဖူးတဲ့သူနဲ့မှ သမီးလေး သွားပတ်သက်ရတယ်လို့ကွယ်"





ကိုကိုနှင့်ပတ်သက်ပြီး အနိုတီဆင့် အားလုံးသိနေတာကို တော်ဝင်အံ့သြမိ၏။ ပြီးတော့ အနိုတီဆင့်သည် တော်ဝင်မသိသော ကိုကိုတို့ရဲ့မိသားစုအကြောင်းတွေကိုပါ သိပြီးဖြစ်နေခဲ့၏။

"ပြောရရင် မျိုးရိုးကိုလည်း အနိုတီဆင့် သိပ်သဘောမကျ ဘူး သမီး၊ သူ့အဖေက နောက်အိမ်ထောင်နဲ့တဲ့၊ နှင်းမခနဲ့ မိုးကျော် ဆိုတဲ့ ကလေးနှစ်ယောက်အမေက သူ့ရဲ့မိထွေးလေ၊ ဘယ်လိုပဲ ကြည့်ကြည့် မသင့်တော်တဲ့ အသိုင်းအဝိုင်းဆိုတာ သမီးလက်ခံသင့် တယ်၊ သမီးလေးကို အဲဒီအသိုင်းအဝိုင်း ကထဲ အနိုတီဆင့်မထည့် နိုင်ဘူး၊ ထွင်မှုတင်တို့လက်ထဲကတောင် ခွဲထုတ်လာခဲ့ပြီးမှ အခုလို အခြေအနေရောက်သွားရင် အနိုတီဆင့် ဘယ်ကောင်းမှာလဲ"

စကားတွေကို မမောတမ်း အနိုတီဆင့်ပြောသည်။ အားလုံး ကလည်း အမှန်တွေပဲမို့ တော်ဝင် ခေါင်းခါခွင့်မရှိခဲ့ပါ။ မျက်ရည်တွေ သာ ယိုစီးကျရင်း နားထောင်နေခဲ့ရသည်။

"သမီးကို ပတ်ဝန်းကျင်လောကကြီးနဲ့ ကျွမ်းဝင်စေချင်လို့ အနိုတီဆင့် လွတ်လပ်ခွင့်ပေးခဲ့တယ်၊ ဒါပေမဲ့ သမီးလေးက အန္တရာယ် တွေကို ရင်ဆိုင်နိုင်စွမ်းမရှိသေးဘူးဆိုတာ အနိုတီဆင့်မေ့သွားတယ်၊ ဒါ သမီးရဲ့ဘဝတစ်ခုလုံး နစ်မွန်းသွားမယ့်ကိစ္စကြီးကွဲ့"

ပြောရင်း အနိုတီဆင့်လက်တစ်ဖက်က ငုံ့ထားသော တော် ဝင်မေးဖျားလေးကို မ တင်လာ၏။

"မျက်ရည်တွေ သုတ်လိုက် သမီး"



www.burmeseclassic.com

www.burmeseclassic.com



တော်ဝင် ပါးပြင်ပေါ်က မျက်ရည်တွေကို ခပ်ကြမ်းကြမ်းလေး ပွတ်သုတ်ပစ်လိုက်၏။

"ဒီကောင်လေးရောက်လာရင် အန့်တီဆင့်စကားပြောမယ် သမီး။ အခုကတည်းက သမီးသိအောင် အန့်တီဆင့်ပြောပြထားတာ နော်၊ သမီးဟာ အန့်တီဆင့်တူမဆိုလည်းဟုတ်, သမီးဆိုလည်း မမှားဘူး။ ဒီတော့ သမီးဘဝအတွက် အန့်တီဆင့်မှာတာဝန်ရှိတယ်၊ အန့်တီဆင့်ပြောတာကို သမီး နားထောင်မှာလား"

"ဟုတ်ကဲ့၊ သမီးနားထောင်မှာပါ အန့်တီဆင့်"

"သမီးလိမ္မာတာ အန့်တီဆင့်သိပါတယ်၊ အန့်တီဆင့် သမီးကို ချုပ်နှောင်ထားတာမျိုး မလုပ်ချင်ဘူး၊ သမီးလက်ခံမယ်ဆိုရင် ကျေနပ်ပြီ၊ ကဲ သမီးလေး သွားနားတော့နော်၊ မနက်ဖြန်တော့ ကျောင်းမတက်နဲ့ဦး၊ သမီးကို ဒီကောင်လေးနှောင့်ယှက်မှာ အန့်တီဆင့် သိနေတယ်"

တော်ဝင် ခေါင်းလေးညိတ်ကာ အန့်တီဆင့်ရှေ့က ထွက်ခဲ့သည်။ အခန်းထဲရောက်တော့ အန့်တီဆင့်ရှေ့မှာ ထိန်းချုပ်ထားရသော မျက်ရည်တွေ အဆီးအတားမဲ့စွာ ကျဆင်းလာကြပြန်သည်။

ကိုကို့ကို မေ့ပစ်လိုက်ရမည်တဲ့လား။

ကိုကို့ကို တော်ဝင် မြတ်နိုးစွာချစ်ခဲ့တာပဲဖြစ်သည်။ ကိုကို့ကို မုန်းဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တာ သိနေသည်။ ဒါပေမဲ့လည်း အန့်တီဆင့်စကားတွေကို တော်ဝင် ဖယ်ရှားဆန့်ကျင်ဖို့ဆိုတာ မဖြစ်





င်ပြန်။

တော်ဝင် ဘာဆက်လုပ်ရမလဲ ကိုကိုရယ်။ ကိုကို့ရဲ့ အဝိတ်တွေကို တော်ဝင်နားလည်ခွင့်လွှတ်နိုင်ပေမယ့် အန့်တီဆင့်က လက်ခံနိုင်ဟု အပြတ်ပြောပြီးပြီ။

ဒီအခြေအနေကြီးကို တော်ဝင် ဘယ်လိုရင်ဆိုင်ဖြတ်သန်းမှာလဲ။

မျက်ရည်တွေနဲ့ပဲ တော်ဝင်ဘဝက ရှင်သန်ကုန်ဆုံးရတော့ မည်လား။ အချစ်မှာ ရူးရူးမိုက်မိုက် ပျော်ဝင်ခဲ့သူ တော်ဝင်အတွက်တော့ ပူလောင်သောကတွေကိုပဲ ပိုင်ဆိုင်နေရပြီလေ။

တော်ဝင် ရင်ထဲကို မြင်ကြည့်လှည့်ပါ ကိုကိုရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ကျွန်တော် တော်ဝင်ကို တကယ်ချစ်တာပါ အန်တီ"

ရောက်ကတည်းက သူ့ကိုအကဲခတ်ကြည့်နေသော ဒေါ်ခင်ခင်ဆင့်မျက်ဝန်းတွေအောက်မှာ သူ တစ်ချိန်လုံး သိမ်ငယ်စွာပဲရှိနေခဲ့ရ၏။ အခုလည်း သူအလေးနက်ဆိုသောစကားကို ဒေါ်ခင်ခင်ဆင့် နှုတ်ခမ်းတွေတွန့်ခနဲတစ်ချက်ပြုံးရင်း –

"နေပါဦး မောင်မင်းမဟော်၊ မင်း အရင်က သမီးလေးအရင်ပတ်သက်ဖူးတဲ့ ကောင်မလေးတွေအကြောင်း ပြောပါဦး"

မဟော် မျက်မှောင်ကြီးတွန့်ကုတ်သွား၏။ ဒီမေးခွန်းတွေကြားရလိမ့်မည်ဟု ထင်မှတ်မထားခဲ့ပါ။ အခုတော့ ဒေါ်ခင်ခင်ဆင့်က သူ့အကြောင်းတွေကို အားလုံးသိနေပုံရ၏။





"ကျွန်တော်ဝန်ခံပါတယ် အန်တီ၊ ကျောင်းသားဘဝတုန်းက ကျွန်တော် ရည်းစားတွေအများကြီးထားခဲ့ဖူးပါတယ်၊ ဒါပေမဲ့ အလေးအနက်မဟုတ်ခဲ့ရသလို ဘယ်မိန်းကလေးကိုမှ ကျွန်တော် ညည်းမကျော်ခဲ့ပါဘူး"

"အန်တီ့သမီး တော်ဝင်လေးဟာ တကယ့်ဖြူစင်ရိုးသားတဲ့ မိန်းကလေးပါ"

"ဒါကြောင့်လည်း တော်ဝင်ကို ကျွန်တော် မြတ်မြတ်နိုးနိုး အလေးထားခဲ့တာပါ အန်တီ၊ ကျွန်တော့်အတိတ်အကြောင်းတွေကိုလည်း တော်ဝင်ကို ဝန်ခံအသိပေးထားပါတယ်"

"သမီးလေးက လောကကြီးအကြောင်း ဘာမှမသိဘူး၊ ရှင်သန်ကြီးပြင်းခဲ့တဲ့ဘဝကလည်း လွတ်လပ်မှုကင်းခဲ့တယ်"

"တော်ဝင်ပြောပြလို့ ကျွန်တော်သိပါတယ်၊ အန်တီ့ဆီ ရောက်လာတဲ့အတွက် တော်ဝင်ကျေနပ်နေတာလည်း ပြောပါတယ်"

"ဟုတ်တယ်၊ အန်တီက တော်ဝင်လေးကို လှောင်ချိုင့်ထဲမှာ ပိတ်လှောင်မထားခဲ့ပါဘူး။ သမီးလေးဘဝတိုးတက်အောင်, ပတ်ဝန်းကျင်လောကကြီးအကြောင်းသိအောင် လွတ်လပ်ခွင့်ပေးခဲ့တာပါ"

"တော်ဝင်ပြောပြပါတယ် အန်တီ"

"အင်း သမီးလေးက ပကတိအဖြူရောင်ပဲ၊ ဒါပေမဲ့ သမီးလေးမှာ ဆင်ခြင်နိုင်စွမ်းမရှိသေးပါဘူး"

ဒေါ်ခင်ခင်ဆင့် ဘာကိုဆိုလိုတာလဲ။ သူ နားမလည်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သချာသည်က ဒေါ်ခင်ခင်ဆင့်မျက်ဝန်းအကြည့်တွေက သူ့ကို သံ
ယတွေခြုံလွှမ်းနေခဲ့တာတော့ သေချာ၏။

"အန်တီ့ကို ကျွန်တော် လာတွေ့တာ တော်ဝင့်အပေါ်ထား
ကျွန်တော့်ဆန္ဒတွေကို ပြောချင်လို့ပါ"

"ပြောပါဦး မောင်မင်းမဟော်၊ အန်တီနားထောင်ကြည့်မယ်"

လေသံနှင့်အမူအရာကတော့ သူ့ကို အထက်စီးက အုပ်
ထားတာ သေချာ၏။ ဒါပေမဲ့ ခုချိန်မှာတော့ တော်ဝင်အတွက် သူ့
မာနတွေအားလုံးကို လျှော့ချထားဖို့ သူဆုံးဖြတ်ပြီးပြီမို့ –

"တော်ဝင့်ကို လက်ထပ်ဖို့ ကျွန်တော့်ဒယ်ဒီနဲ့ အန်တီ့
မိသားဖသားပီပီ လာတောင်းဆိုမှာပါ"

"အဲဒါ မင်းရှည်ရှည်ချက်ဆိုရင် အန်တီငြင်းရလိမ့်မယ်"

"ဗျာ"

ဒေါ်ခင်ခင်ဆင့် ပင့်သက်ကို မှုဉ်းမှုဉ်းလေးချသည်။ ဆန္ဒအ
ရင်းခံအတိုင်းဆိုရင် ဒီကောင်လေးကို သမီးလေးနှင့်ပတ်သက်ပြီး ယ
ပြတ်ငြင်းလိုက်ဖို့ပဲဖြစ်သည်။ ဒါပေမဲ့ ထိုစကားက မင်းမဟော်ရဲ့စိတ်ကို
ရှုန်းကြွလာအောင် ဆွပေးလိုက်သလိုဖြစ်မှာလည်း စိုးရိမ်ရ၏။

"အန်တီ ဘာကိုဆိုလိုတာလဲ၊ ကျွန်တော်နဲ့ တော်ဝင်ကို
လက်မခံဘူး, သဘောမတူဘူးဆိုတဲ့ သဘောလား"

ရဲရဲဝံ့ဝံ့မေးလာသော စကားသံတွေနှင့် စူးစူးရှရှမျက်ဝန်းတွေ
ကို သူမ နားလည်သည်။





"အဲဒီလို အန်တီမပြောဘူးလေ သားရဲ့"

လေသံကို လျှော့ချကာ သားဟုခေါ်တာမို့ မင်းမဟော်စိတ်
တွေ ပျော့ကျသွားခဲ့တာတော့ သေချာ၏။

"သမီးလေးအသက်က ငယ်ပါသေးတယ်၊ အခုမှ ပညာ
သင်တုန်းပဲ ရှိသေးတယ်၊ တကယ်ဆို သမီးလေးကို အရင်ကစောင့်
ရှောက်ခဲ့တဲ့ သူဦးလေးတွေလက်ထဲမှာတုန်းကဆို သမီးက တကယ့်
ကလေးလေးလိုပဲ၊ ဘာမှသိတာမဟုတ်ဘူး၊ အခု အန်တီ့ဆီရောက်မှ
ရည်စားတွေ့ ဘာတွေထားတတ်နေတာသိရင် အန်တီတောင်မကောင်း
ဘူး။ အန်တီပြောချင်တာက သမီးလေးပညာသင်နေချိန်မှာ အိမ်
ထောင်ရေးကိစ္စတွေ မဖြစ်စေချင်ဘူး"

"ကျွန်တော် လက်ခံပါတယ် အန်တီ၊ ဒယ်ဒီလာရင် တော်
ဝင်နဲ့ ကျွန်တော့်ကို စေ့စပ်ပေးဖို့ တောင်းဆိုမှာပါ"

မင်းမဟော်ဘက်က ပြတ်သားစွာတောင်းဆိုနေတော့ ဒေါ်
ခင်ခင်ဆင့် လိမ်မာပါးနပ်စွာပဲ ပြောသည်။

"သားတို့ကိစ္စကို မင်းမိဘရောက်လာမှ ထပ်ဆွေးနွေးကြ
မယ်၊ လက်ရှိအခြေအနေမှာတော့ အန်တီ သားကို တစ်ခုတောင်းဆို
ချင်တယ်"

"ပြောပါ အန်တီ၊ ကျွန်တော် နားထောင်နေပါတယ်"

"ဒီကာလတွေမှာ မင်းဘက်က သမီးလေးကို ဘာမှမပတ်
သက်ဘဲ နေပေးစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို အန်တီ"

"သမီးလေးကို လွတ်လပ်စွာ ကျောင်းတက်ပါစေကွယ် သမီးလေးပညာရေးကို မထိခိုက်စေချင်ဘူး၊ ဒါ သမီးလေးအတွက်ပဲ"

မင်းမဟော် နှုတ်ဆိတ်ငြိမ်သက်စွာနှင့် စိုက်ကြည့်နေတာ အကြာကြီးဖြစ်သည်။ စူးစူးစိုက်စိုက်အကြည့်တွေကို ဒေါ်ခင်ခင်ဆင့် အရင်ဆုံးမျက်နှာလွှဲရှောင်တိမ်းရင်း –

"မင်း သမီးလေးကို တကယ်ချစ်တယ်ဆိုရင် သမီးရဲ့ပညာရေးကို ထိခိုက်အောင် မလုပ်ပါနဲ့ကွယ်"

"ကျွန်တော် တော်ဝင့်ကိုချစ်တယ်၊ ကျွန်တော့်ကြောင့် တော်ဝင် တကယ်ထိခိုက်နစ်နာစေတာမျိုးဆိုရင် ကျွန်တော် ဘာမှမလုပ်ပါဘူး အန်တီ"

ဒီကောင်လေးက သူထင်ထားသည်ထက်တောင် ပြတ်သားခိုင်မာလွန်းနေသည်။ လိုချင်တာကို ရအောင်ယူမည့်စိတ်ဓာတ်တွေက မျက်ဝန်းတွေထဲမှာ မြင်တွေ့နေရသည်။

လက်ရှိအခြေအနေမှာ လိမ်မာပါးနပ်စွာနှင့် ကိုင်တွယ်ဖို့လိုတာ သေချာနေ၏။ အရေးကြီးတာ သမီးလေးအတွက်ပဲဖြစ်သည်။

တော်ဝင်က ရိုးရိုးအအလေးနှင့် ဒီကောင်လေးက ထက်မြက်လွန်းတာတော့ မဖြစ်ပါ။ တစ်ခုခုတော့ စီစဉ်မှ။

✿ ✿ ✿



## အခန်း (၃၆)

ရက်ပိုင်းအတွင်းမှာပဲ အခြေအနေကို သူ တွက်ဆနားလည်နိုင်ခဲ့သည်။ တော်ဝင်ကျောင်းပြန်တက်ပေမယ့် အရင်လို ဦးမိုးလာပို့ပေးတာ မဟုတ်တော့ပါ။

ဒေါ်ခင်ခင်ဆင့်ကိုယ်တိုင် ကျောင်းပို့သည်။ သူ့ကိုမြင်ပေမယ့် မသိကျိုးကျွန်နှင့် ဒေါ်ခင်ခင်ဆင့်က နှုတ်တောင်မဆက်ပါ။

တော်ဝင် မျက်နှာလေးညှိုးနေတာကိုကြည့်ပြီး သူ ရင်ထဲမကောင်းပါ။

ကျောင်းတက်မှ ဒေါ်ခင်ခင်ဆင့်ပြန်သည်။

ညနေကျောင်းဆင်းတော့လည်း ကိုယ်တိုင်လာကြိုကာ ကားဖြင့် ခေါ်ဆောင်သွားတာမို့ တော်ဝင်နှင့်ဆုံတွေ့ခွင့်ဆိုတာ မလွယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မလွယ်ဘူး ကိုကို၊ တော်ဝင်က အရင်လိုတစ်ယောက်တည်းမဟုတ်ဘူး၊ တော်ဝင်အနားက ကြည်ပြာဖြင့်ဆိုတဲ့ ကောင်မလေးက အန်တီဆင့်ရဲ့လူယုံလေ၊ မခ ရောက်သွားရင် အနားကမခွာဘူး၊ မခကိုတောင် လိုလားပုံမရှိတာ အမှန်ပဲ"

မခဆီက ကြားရသောသတင်းကလည်း စိတ်ပျက်စရာကောင်းသည်။

ရနိုင်မည်လား ဖုန်းဆက်ကြည့်တော့ တော်ဝင်ဖုန်းက လုံးဝဆက်သွယ်လို့မရသလို အိမ်ဖုန်းကိုလည်း မိညိုပဲလာကိုင်တတ်သည်။

သူမှန်းသိသည်နှင့် မိညိုက ဖုန်းချပစ်လိုက်သည်ချည်းဖြစ်သည်။

နောက်ဆုံးတော့ ဝဏ္ဏအိမ်ကို သူရောက်သည်။

"အခြေအနေ မကောင်းဘူး။ အန်တီဆင့်က ငါ့ကိုတောင် လမ်းမှာကြုံလို့ စကားမပြောတော့ဘူးကွ"

အမြဲတမ်းပိတ်ထားသော ခြံဝန်းတံခါးကြီးနှင့် မြင်နေရသော တိုက်အိမ်မှန်တံခါးတွေအထဲမှာလည်း ခန်းဆီးတွေ ကာရံထားသည်။

ဝဏ္ဏတို့အိမ် ဝရန်တာလေးက စောင့်ကြည့်တော့လည်း ရင်မောရုံပဲ အဖတ်တင်သည်။ တော်ဝင်ရဲ့အရိပ်လေးကိုတောင် မမြင်ရပါ။

"အန်တီဆင့် မင်းနဲ့သဘောမတူတာ သေချာတယ်"





"ဖြစ်နိုင်တယ် မဟော်၊ မင်းကို ဖျားရည်နဲ့ဝမ်းချလိုက်တာဖြစ်မယ်၊ မင်းဒယ်ဒီလာရင်လည်း မလွယ်ဘူးထင်တယ်"

ဝဏ္ဏနှင့်အာကာတို့စကားတွေကို သူ လက်ခံရတော့မည်။ ဒေါ်ခင်ခင်ဆင့်နှင့် ကိုယ်တိုင်ဆုံတွေ့တုန်းကလည်း ရေရာပြတ်သားသောစကားတွေကို သူတစ်ခွန်းမှ မကြားခဲ့ရတာ အမှန်ဖြစ်သည်။

"ငါ တော်ဝင်ကို မစွန့်လွှတ်နိုင်ဘူး"

"ဒါဆို မင်း ဘာလုပ်မလဲ မဟော်"

"တော်ဝင်ကို ငါ့ဘဝအတွက် ရည်ရွယ်ထားတာပဲကွာ၊ အန်တီခင့်သဘောတူတူ, မတူတူ ငါရအောင်ယူမှာ"

ဝဏ္ဏနှင့်အာကာ ဘာမှဝေဖန်ချက်မပေးဘဲ တိတ်ဆိတ်နေကြသည်။ အမြဲတမ်း မိန်းကလေးတွေနှင့်ပတ်သက်ပြီး ကံကောင်းတတ်သော မင်းမဟော် အခုမှကြုံဆုံနေရသောအခြေအနေက ဝဋ်လည်ခြင်းပဲလား။

မဟော်ကတော့ တိတ်ဆိတ်ခြင်းဖြင့် မမြင်နိုင်သော တော်ဝင်အရိပ်လေးကို ငေးမောနေသည်။

မဆုံဖြစ်ခဲ့သော တစ်ပတ်ကလေးမှာပဲ တော်ဝင်ကို သူ ဘယ်လောက်ချစ်သလဲဆိုတာ ပိုလို့နားလည်ခဲ့သည်။

တော်ဝင်လည်း သူ့လိုပဲ လွမ်းနေမည်ထင်သည်။ အန်တီဆင့် ဘာကြောင့် သူနှင့် တော်ဝင်ကို မနီးစပ်စေချင်တာလဲ။ သူ့ အသိုင်းအဝိုင်းကြောင့်လား။ သူ့ရဲ့ အတိတ်က အရိပ်တွေကြောင့်လား။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို သူ့ရင်ထဲက အချစ်ကိုတော့ ရှာဖွေကြည့်သ
သည်။

အဆုံးရှုံးမခံနိုင်လောက်အောင် ချစ်ခဲ့တာ။ တော်ဝင်ယုံကြ
လျှင်တော့ သူ ဘယ်သူ့ကိုမှ ဂရုစိုက် ထည့်တွက်နေစရာမလို

မင်းနဲ့ကိုယ်နဲ့ ရှင်သန်ရင်ဆိုင်ရမယ့်ဘဝအတွက် အရေးကြ
ဆုံးက မင်းနဲ့ကိုယ်ပဲ တော်ဝင်။

ဒါကို လက်ခံတယ်ဆိုရင် –

✿

"ကိုကို ဘာလုပ်မလို့လဲ ဟင်"

"မေးရက်လိုက်တာ မခရယ်၊ ငါတို့ မဆုံတာ တစ်ပတ်ကျော်
သွားပြီလေ၊ ငါ တော်ဝင်ကို တွေ့ချင်တယ်"

ကိုကို့ကိုကြည့်ကာ မခ ရင်ထဲမှာ မကောင်းပါ။ ကျောင်း
ကိုလည်း ကိုကို နေ့စဉ်လိုက်ပြီး တော်ဝင်ကိုတွေ့ဖို့ကြိုးစားပေမယ့်
အရာမထင်ပါ။

အရင်ကလို ပျော်ပျော်ရွှင်ရွှင်ပုံစံမျိုးမရှိတော့သည့် ကိုကို့
မျက်နှာက နည်းနည်းချောင်ကျသွားသလိုရှိသည်။

ညဘက်တွေမှာလည်း ကိုကို့ကို ခြံထဲမှာ ဂစ်တာတစ်လက်





နှင့်တွေ့နေရတာ မခ စိတ်မကောင်းပါ။ ဂစ်တာကြိုးပိုက်ကာ မတီး
ခတ်ဘဲ ဘာတွေတွေးနေသည်လဲ။ ကိုကိုရဲ့သောကတွေကို မခ ဝေ
မျှယူနေဖြစ်တာကို ကိုကိုကတော့ သိနိုင်မည်မဟုတ်ပါ။

"မခ နင် ငါ့ကို ကူညီစမ်းပါ"

"မခ ကြိုးစားကြည့်မယ်လေ"

မပျော်မျက်ဝန်းတွေ ဝင်းလက်တောက်ပသွားကာ မခ ပခုံး
လေးကို အားကိုးတကြီးဆုပ်ကိုင်ရင်း –

"ဖြစ်အောင် ကြိုးစားပေးနော် ညီမလေး။ ကိုကို ပေးလိုက်
တဲ့စာကို တော်ဝင်လက်ထဲရောက်အောင် ထည့်ပေးနော်"

အားကိုးတကြီးပြောနေသော ကိုကိုစကားတွေကို မခ ခေါင်း
ညိတ်ပြမိသည်။ မေမေနှင့် ကိုမိုးသိရင်တော့ မခကို လုံးဝမကူညီဖို့
ပြောကြမှာ သိနေ၏။ ကိုကိုရဲ့အပေါ်မှာ နားလည်နိုင်တာ မခတစ်
ယောက်ပဲဖြစ်သည်။

"ဒီကောင်က ဒီလောက်ရုပ်ချောမှတော့ မိန်းကလေးရှင်ဘက်
က သဘောတူမလား"

"ဘာပဲဖြစ်ဖြစ် သမီး အခုအခြေအနေမှာ မောင်မပျော်
ဘာအကူအညီပဲတောင်းတောင်း မလုပ်ပေးနဲ့နော်၊ ပြဿနာအရှုပ်ထဲ
သမီးမပါစေနဲ့"

မေမေနဲ့ ကိုမိုးတို့က မခကို တိုးတိုးတိတ်တိတ် မှာထားပေး
မယ့် မနေနိုင်သူက မခ ပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့မျက်နှာကို အရိပ်လိုကြည့်ကာ ကိုကိုပြန်လာတိုင်း သတင်းတွေမေးရတာ အမော။ ကိုကို့ခံစားချက်တွေကို ဖွင့်မပြောပါဘဲ မခ မြင်နိုင်သည်။

ကိုကိုရယ် မခကသာ ကိုကို့အရိပ်ကို ဂရုစိုက်နားလည်ပေးတတ်ခဲ့တာပါ။ ကိုကိုကတော့ မခ,ရင်ထဲကို မြင်ဖို့မတတ်ခဲ့ဘူးလား။

ဒါပေမဲ့ အပြစ်တွေမမြင်နိုင်ခဲ့တာ ချစ်တဲ့စိတ်တစ်ခုကြောင့်ပဲဆိုတာ။

✿ ✿ ✿



## အခန်း (၃၅)

တော်ဝင်

ခဏလေးဖြစ်ဖြစ်တွေ့ပါရစေကွာ၊ ကိုကို ဘယ်လောက်အထိ ခံစားနေရသလဲဆိုတာ တော်ဝင်စာနာရင် ကျောင်းဝန်းအပြင်က လက်ဖက်ရည်ဆိုင်လေးကို ထွက်ခဲ့ပါ။

ကိုကို တစ်နေ့လုံးစောင့်နေမှာပါ။

ကိုကို

မနက်က တော်ဝင့်အခန်းကိုရောက်လာကာ ကြည်ပြာမြင့်အလစ်မှာ မမ,မခထည့်ပေးသွားသော ကိုကို့စာလေးကြောင့် တော်ဝင် ရင်မောသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



တော်ဝင့်ကို ကိုကို စောင့်နေမည်တဲ့လား။ တော်ဝင် အဲ
လောက်အထိ သတ္တိမရှိပါဘူးကိုကိုရယ်။ အန်တီဆင့်ကိုပေးခဲ့ပြီး
ကတိတွေကို တော်ဝင် မဖျက်ရဲပါဘူး။

အနားမှာလည်း ကြည်ပြာမြင့်ရှိနေတာမို့ တော်ဝင် ကျော
ဝန်းထဲကထွက်ဖို့ဆိုတာ မလွယ်ကူပါ။

ဒါပေမဲ့ နေ့လယ်ပိုင်းမှာတော့ ကြည်ပြာမြင့်က တော်ဝင်
ပြောလာသည်။

"တော်ဝင် ငါတို့အုပ်စု ညနေပိုင်း ကျောင်းလစ်မလို့ မြို့
လစ်ကြမှာ၊ တော်ဝင် လိုက်မလား"

"ဟင့်အင်း၊ မလိုက်ချင်ဘူး၊ ကြည်ပြာတို့ဘာသာ သွားကြ
လေ"

"အေး ဒါဆိုသွားမယ်၊ ကျောင်းဆင်းချိန်တော့ အမီပြန်လာ
မှာပါ"

ကြည်ပြာမြင့်တို့အုပ်စု ညနေပိုင်းစာသင်ချိန်တွင် လစ်သွား
တော့ တော်ဝင်တစ်ယောက်တည်း ကျန်ခဲ့သည်။

ထိုအချိန်မှာပဲ မမ,မခ ထပ်ရောက်လာသည်။ ကိုကို့ဆီ
ခဏလေးဖြစ်ဖြစ်သွားဖို့ မမ,မခက တိုက်တွန်းသည်။

"ကိုကို အပြင်ဘက်မှာ စောင့်နေတုန်းပဲ တော်ဝင်၊ ကိုကို
သနားပါတယ်၊ ခဏလောက်ဖြစ်ဖြစ် သွားတွေ့လိုက်ပါလားဟင်"

"မမ,မခရယ် တော်ဝင် ကိုကို့ကိုချစ်ပါတယ်၊ ဒါပေမဲ့ အန်





တီဆင့်သိသွားမှာ စိုးတယ်"

"အခု ကြည်ပြာမြင့် မရှိဘူးလေ၊ မသိပါဘူး၊ ကိုကိုနဲ့
ခဏလောက်ပဲဖြစ်ဖြစ် တွေ့လိုက်ပါနော် တော်ဝင်"

နောက်ဆုံးတော့ မမ,မခရဲ့စကားတွေကြောင့် တော်ဝင် မငံ့
ခရဲနိုင် ဆုံးဖြတ်ဖြစ်ခဲ့သည်။ ကျောင်းဝန်းတံခါးက လှမ်းကြည့်ရုံနှင့်
ကိုကို့ရဲ့ပရာဒိုကားလေးကို ပလက်ဖောင်းဘေးမှာရပ်ထားတာ မြင်
သည်။

မနက်ကတည်းက ကိုကို တစ်ချိန်လုံးစောင့်နေတာ ထင်ပါ
ရဲ့။ ကိုကို့ကို စာနာသနားစိတ်နှင့်တော်ဝင်ကျောင်းဝန်းထဲကထွက်ခဲ့
သည်၊ လမ်းမကိုဖြတ်ကူးစဉ်မှာပဲ ကိုကို ကပေးဆိုင်လေးထဲက အပြေး
ထွက်လာ၏။

"တော်ဝင် မျှော်လိုက်ရတာကွာ"

"တော်ဝင် လာဖို့မလွယ်ဘူးကိုကို၊ အခုတောင် ကြည်ပြာမရှိ
လို့ အရဲစွန့်ထွက်လာတာ၊ အန်တီဆင့်သိရင်"

"ဘာကိုမှ မကြောက်နဲ့ကွာ၊ ကိုကို တော်ဝင်ကို တကယ်
မြတ်နိုးတာ"

ပြောရင်း တော်ဝင့်လက်ကိုဆွဲကာ ကိုကို ကားပေါ်တက်စေ
သည်။

"ဘယ်သွားမလို့လဲ ကိုကို၊ ကျောင်းမဆင်းခင် တော်ဝင်
ဒီကိုပြန်ရောက်နေမှ ဖြစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုသိပါတယ်၊ ခဏလေး လိုက်ခဲ့ပါကွာ"

ကိုကို့စကားအတိုင်း တော်ဝင် ပုတ်သင်ညိုလေးဖြစ်ရပြီ သည်။ ကားလေးကိုမောင်းနေသော ကိုကို့ရဲ့ဘေးစောင်းမျက်နှာလေး ကို တော်ဝင်ငေးကြည့်နေမိသည်။

ကိုကို မျက်တွင်းလေးတွေ ချောင်ကျသွားခဲ့တာ အထင်အရှား ဖြစ်သည်။ တော်ဝင်လိုပဲ ကိုကိုလည်း လွမ်းစိတ်တွေနဲ့ရှိနေခဲ့တာ မေးစရာမလိုဘဲ သိလိုက်၏။

ကားလေးက မရပ်သေးဘဲ ဆက်ပြီးမောင်းနှင်နေတာမို့ တော်ဝင် မနေနိုင်ဘဲ မေးမိပြန်သည်။

"ကိုကို ဘယ်အထိ မောင်းမလို့လဲ"

"အေးအေးဆေးဆေးစကားပြောရင်း တော်ဝင်မျက်နှာလေး ကို အကြာကြီးထိုင်ကြည့်လို့ရမယ့် တစ်နေရာပေါ့"

တော်ဝင်ကို တစ်ချက်လှည့်ကြည့်ပြီး ကိုကိုပြောတော့ တော် ဝင် ရင်ထဲ နင့်ခနဲဖြစ်သွားကာ မျက်ရည်လေးတွေတောင် ဝဲတက် လာသည်။

အိမ်ကို ကိုကိုရောက်လာသည့်နေ့က ဧည့်ခန်းထဲမှာ အန်တီ ဆင့်နဲ့စကားတွေပြောနေတာကို တော်ဝင် လိုက်ကာတစ်ဖက်က နား ထောင်နေခဲ့ရသည်။ ကိုကို့ရဲ့ ပြတ်သားတည်ငြိမ်သောစကားတွေကို ကြားခဲ့ရသလို အန်တီဆင့်ကလည်း ကိုကိုပြန်သွားတော့ ယတိပြတ် အမိန့်ထုတ်သည်။





"ဒီကောင်လေးကို လျှော့မတွက်နဲ့ သမီး။ သူ သမီးကို ဆက်ဒုက္ခပေးဦးမှာ သေချာတယ်၊ ဘာပဲဖြစ်ဖြစ် သမီးဘက်က လုံးဝ မေ့လိုက်ပါ၊ သူနဲ့ပတ်သက်ရင် သမီးပဲ ဒုက္ခရောက်မှာ၊ တစ်သက်လုံး သမီးကိုအနိုင်ယူမယ့် ယောက်ျားမျိုးနဲ့တော့ အန်တီဆင့် ဘယ်လိုမှ သဘောမတူနိုင်ဘူး။ အဆိုးဆုံးက မျက်နှာများတတ်တဲ့စရိုက်ကို အန် တီဆင့်မကြိုက်တာ၊ အိမ်ထောင်ကျသွားပြီးမှ သူ့စရိုက်တွေ ပြန် ပေါ်လာရင် သမီးဘဝ နစ်မွန်းပြီ"

အန်တီဆင့်က တော်ဝင်ကို ကိုကိုနှင့်ဆုံတွေ့ခွင့်မရအောင် အားလုံးကိုယ်တိုင်စီစဉ်သည်။ ဦးမိုးကိုတောင် ကျောင်းမပို့ခိုင်းတော့ ပါ။ ကြည်ပြာမြင့်ကိုလည်း တော်ဝင်နှင့် အနီးကပ်စောင့်ရှောက်နိုင် သည်။

ကြည်ပြာမြင့်မိဘတွေက အန်တီဆင့်နှင့် မိတ်ဆွေရင်းတွေ ဖြစ်သလို ကြည်ပြာမြင့်အစ်မတစ်ယောက်နှင့်လည်း ကိုကိုက ချစ် ကြိုက်ဖူးတာမို့ ကိုကို့ကို လုံးဝကြည့်မရသော ကြည်ပြာမြင့်ကို အန် တီဆင့်ယုံသည်။

"တော်ဝင်ရယ် အဲဒီလူက မိန်းကလေးတွေကျလောက်တာ မှန်ပေမယ့် အထင်မကြီးစမ်းပါနဲ့၊ လူရှုပ်လူပွေ"

ကြည်ပြာမြင့်ကတော့ နားကြည်းစွာပြောသည်။ ဘယ်သူတွေ ဘာပဲပြောပြော တော်ဝင့်နှလုံးသားမှာ ကိုကိုက ခိုင်မာနေခဲ့ပြီ၊ ကိုကို့ ကိုချစ်သော စိတ်တစ်ခုနှင့်ပဲ အားလုံးကို ခွင့်လွှတ်နိုင်ခဲ့ပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်ခွင့်မရခဲ့ရင်တောင် တော်ဝင့်နှလုံးသားထဲက ကိုကို ဘယ်တော့မှ ထွက်သွားမှာမဟုတ်ပါ။

ငြိမ့်ခနဲကားထိုးရပ်သွားမှ တော်ဝင် အတွေးတွေထဲက ရုန်းထွက်နိုင်သည်။ ကြည့်လိုက်တော့ ကားက ခြံဝန်းတစ်ခုထဲမှာရပ်နေပြီ

"ကိုကို ဒါ ဘယ်သူ့အိမ်လဲ"

"ကိုကို့သူငယ်ချင်းတစ်ယောက်အိမ်ပါကွာ၊ ဘာမှမပူနဲ့ ခဏလေးလိုက်ခဲ့"

ကားတံခါးဖွင့်ပေးပြီး ကိုကိုခေါ်နေတာကို တော်ဝင် အကြွင်းမဲ့ယုံကြည်စွာပဲ ဆင်းလိုက်ခဲ့သည်။

စေ့ရုံစေ့ထားသော ဧည့်ခန်းတံခါးကို ကိုကိုကိုယ်တိုင် ဆွဲဖွင့်ပြီး တော်ဝင်ကိုတွဲခေါ်သည်။

ဧည့်ခန်းထဲမှာ ဘယ်သူမှရှိမနေပါ။ ဆိုဖာထိုင်ခုံတွေနှင့် ဧည့်ခန်းထဲက ပရိဘောဂတွေက သစ်လွင်နေသည်။

"ထိုင် တော်ဝင်၊ ဘာမှ အားမနာနဲ့၊ ဒီခြံမှာ ခြံစောင့်ကြီး ဦးစိုးပဲရှိတာ"

"ဟင် ကိုကို့သူငယ်ချင်းခြံဆို"

တော်ဝင်မျက်မှောင်လေးကုတ်ပြီးမေးတော့ ကိုကိုက တော်ဝင်လက်ကလေးကိုဆွဲကာ ထိုင်ခုံမှာ ထိုင်စေသည်။

"မဟုတ်ဘူး၊ ဒါ ကိုကိုပိုင်တဲ့ခြံ၊ တော်ဝင်နဲ့ကိုကို အတူနေကြဖို့ ဒီတိုက်လေးထဲမှာ အားလုံးစီစဉ်ပေးထားတယ်၊ နောက်မှ လိုတာရှိရင် ထပ်ဝယ်ကြတာပေါ့ကွာ"

"ဘယ် ဘယ်လို ကိုကို"

အခုချိန်ထိ တော်ဝင် သဲကွဲစာနားမလည်နိုင်သေးပါ။ ကိုကိုက တော်ဝင့်ပခုံးလေးကို သိုင်းဖက်ကာ ရင်ခွင်ထဲဆွဲသွင်းသည် ပြီးတော့ ကျေနပ်အပြုံးလေးနှင့်ကြည့်ရင်း –

"တကယ် အ,လိုက်တဲ့ ကလေးလေးကွာ၊ ကိုကို မင်းကို ခိုးလာတာကွ၊ ရှင်းပြီလား"

"ရှင်"

ကိုကို့ရင်ခွင်ထဲက ဆတ်ခနဲ ရုန်းထွက်ကာ တော်ဝင် အထိတ်တလန့် မော့ကြည့်မိသည်။ ပြုံးကြည့်နေသော ကိုကို့မျက်ဝန်းတွေက တကယ်အတည်ပြောနေတာဆိုတာ သေချာ၏။

"မ မဟုတ်တာ ကိုကို၊ အန်တီဆင့်သိရင် တော်ဝင့်ကို အတော်စိတ်ဆိုးမှာ"

"တော်ဝင်ရဲ့အန်တီဆင့်က ကိုကိုနဲ့ တော်ဝင်ကို ပေးစေမယ့်သူပါကွာ၊ ကိုကိုက တော်ဝင်ကိုမှ မစွန့်လွှတ်ရဲတာ၊ ဒါကြောင့် တော်ဝင်ကို အပြီးခေါ်လာတာ"

"ဟင့်အင်း၊ ဒီလိုမလုပ်ပါနဲ့ ကိုကို"

ကြောက်ဖြိုက်တွေနဲ့ တော်ဝင်အသံလေးတွေတောင် တုန်ခါနေသည်။ ကိုကိုက တော်ဝင့်လက်ဖဝါးလေးတွေကို နွေးထွေးစွာ ဆုပ်ကိုင်ထားရင်း –







www.burmeseclassic.com

www.burmeseclassic.com



"တော်ဝင်ရယ် ကိုကို့ကို အကြွင်းမဲ့ယုံပါ။ တော်ဝင့်ကို ကိုကို မြတ်နိုးကြင်နာမှာပါ၊ ဒယ်ဒီပြန်လာမှ အန်တီဆင့်ဆီတောင်းဆို လက်ထပ်ဖို့ ရည်ရွယ်မိပေမယ့် အန်တီဆင့် လက်မခံဘူးဆိုတာ ကိုကိုသိနေတယ်"

ကိုကိုကလည်း အန်တီဆင့်ရဲ့စိတ်ကို ကြိုသိနေခဲ့တာပဲလား။

"တော်ဝင်ရယ် ကြားလူတွေကြောင့် ကိုကိုတို့ ဝေးရမှာလား။ မင်းလေးကို ကိုကို စွန့်လွှတ်ဖို့ချစ်တာ မဟုတ်ဘူး၊ ပိုင်ဆိုင်ချင်တာပါ"

ပြောရင်း ကိုကို တော်ဝင့်ခန္ဓာကိုယ်လေးကို ပွေ့ဖက်သည်။ ပြီးတော့ ဆံနွယ်တွေကို တရှိုက်မက်မက်နမ်းသည်။ နဖူးပြင်မှာ ကိုကို့အနမ်းတို့က နွေးခနဲ။

"ကိုကို"

"ပြော တော်ဝင်"

"တော်ဝင်ကို ပြန်ပို့ပေးပါနော်"

"ဘာရယ်၊ မဖြစ်နိုင်တာကွာ၊ ကလေးကို ကိုကို အပြီးခေါ်လာတာ"

"တော်ဝင် တောင်းပန်ပါတယ် ကိုကိုရယ်"

"ဘာကိုတောင်းပန်နေတာလဲ တော်ဝင်ရယ်၊ မင်းလေးကို ကိုကိုမစွန့်လွှတ်ပါရစေနဲ့"

တင်းတင်းကျပ်ကျပ်ဖက်ထားသော ကိုကို့ရင်ခွင်ထဲမှာ တော်ဝင် ရုန်းထွက်လို့မရနိုင်ပါ။

"ချစ်တယ် တော်ဝင်ရယ်၊ သိပ်ချစ်တယ်"

မိန်းမောစေသော အနမ်းတွေထဲမှာ တော်ဝင်ပျော်ဝင်သွားချင်ပေမယ့် အာရုံထဲမှာ အန်တီဆင့်အရိပ်က ပေါ်လာသည်။

"ကို ကိုကို"

"ဘာလဲဟင် ကလေး"

"တော်ဝင့်ကို ကိုကို ပိုင်ဆိုင်ချင်တာလားဟင်"

"မေးရက်လိုက်တာကွာ၊ ဘယ်သူမဆို ကိုယ်ချစ်တဲ့သူကို ပိုင်ဆိုင်ချင်တာပေါ့"

"ဒါဆိုရင် ကိုကိုပိုင်ဆိုင်ဖို့ တော်ဝင်ခွင့်ပြုပါတယ်"

"ဟင် ဘာရယ်"

"တော်ဝင်ကို ကိုကို ပိုင်ဆိုင်ခွင့်ပြုပါတယ်၊ ပြီးရင်တော့ ပြန်ပို့ပေးပါနော်"

"ဟင်"

ဆတ်ခနဲ ကိုကို့ခန္ဓာကိုယ် တောင့်မတ်သွားပြီး ရင်ခွင်ထဲက တော်ဝင်ကို ပခုံးလေးနှစ်ဖက်ဆွဲကာ ခွဲထုတ်ပစ်သည်။

"တော်ဝင် မင်း မင်းဘာပြောလိုက်တာလဲဟင်၊ ငါ့ကို မင်း စော်ကားလိုက်တာ၊ ငါ့အချစ်ကို မင်းစော်ကားလိုက်တာလား"

ခပ်ကြမ်းကြမ်းကိုင်လှုပ်ရင်း ကိုကို့စကားသံတွေ ကျယ်လောင်စွာ ထွက်လာသည်။







www.burmeseclassic.com

www.burmeseclassic.com



"မ မဟုတ်ပါဘူးကိုကိုရယ်၊ တော်ဝင် အန့်တီဆင့်ခါ ပြ
ပါရစေ"

"ကောင်းပြီ တော်ဝင်၊ မင်းကို ကိုယ်ပြန်ပို့ပေးမယ်၊ ဒါပေ
မင်းသိထားဖို့က မင်းမပျော်ဆိုတဲ့ကောင် ရင်ထဲက မင်းကိုတော
တတာ သွေးသားဆန္ဒကြောင့် မဟုတ်ဘူး၊ မြတ်နိုးချစ်စိတ်ကြောင့်
တာ မမေ့နဲ့"

"အဟင့် ဟင့်၊ ကိုကို တော်ဝင့်ကို စိတ်ဆိုးသွားတာလာ
ဟင်၊ တော်ဝင် တောင်းပန်ပါတယ် ကိုကိုရယ်၊ တော်ဝင် အန့်တီဆ
ရဲ့ကျေးဇူးတွေကို စော်ကားသလိုဖြစ်မှာ သိပ်ကြောက်တယ်၊ ကိုက
ကို တော်ဝင်သိပ်ချစ်ပါတယ်၊ ပိုင်ဆိုင်ခွင့်မရတောင် တော်ဝင့်အသည်
ထဲမှာ ကိုကို ထာဝရရှိမှာယုံပါ ကိုကိုရယ်၊ အဟင့် ဟင့်"

ရှိုက်သံတွေနှင့် ကိုကို့ရင်ခွင်ထဲတိုးဝင်ရင်း တော်ဝင် တသိ
သိမ့်ငိုမိသည်။ ကိုကို့လက်တွေက တော်ဝင်ပခုံးလေးကို သိုင်းဖ
ရင်း –

"ကလေးရယ် ကိုကို မင်းကိုနားလည်ပါတယ်၊ မင်းလေ
မျက်ရည်ကျအောင် ကိုကိုလုပ်မိတာ မှားသွားပြီ"

"ဟင့်အင်း၊ ကိုကို့အချစ်ကို တော်ဝင်စော်ကားမိတာပါ"

"တိတ်တော့ ကလေးရယ်၊ မင်းကို ကိုကို ပြန်ပို့ပေးမယ်
မင်းလေးကိုပိုင်ဆိုင်ဖို့ ကိုကို အန့်တီဆင့်ခွင့်ပြုတဲ့အထိ ကြိုးစားမယ်
ဒယ်ဒီလာရင် ကိုယ် အန့်တီဆင့်နဲ့ လာညှိနှိုင်းမယ်နော်"





"ကိုကိုရယ်"

မျက်ရည်စတွေကြားက ကိုကို့ကိုမော့ကြည့်နေမိတော့ ပါး
ပြင်ပေါ်က မျက်ရည်တွေကို ကိုကိုညင်သာစွာ ပွတ်သုတ်ပေးသည်။

ကိုကို့လည်တိုင်ကို သိုင်းဖက်ရင်း ကိုကို့ပါးပြင်တစ်ဖက်ကို
တော်ဝင် နမ်းရှိုက်တော့ ကိုကို့လက်တွေက တော်ဝင့်ဆံနွယ်တွေကို
ညင်သာစွာပွတ်သပ်ရင်း . . .

"ကိုကိုတို့ အကြာကြီး မဝေးစေရဘူး ကလေးရယ်"

✿

"တော်ဝင် သမီး၊ အန့်တီဆင့်စကားကို အလေးမထားတဲ့
သဘောလား"

"အို မဟုတ်ပါဘူး အန့်တီဆင့်ရယ်၊ ကိုကိုက စကားလေး
ပြောချင်တယ်ဆိုလို့ ခဏလိုက်သွားတာပါ"

"ကျောင်းဝန်းထဲကထွက်ပြီး လိုက်သွားတာ အန့်တီဆင့်
စကားကို ဆန့်ကျင်တာပဲပေါ့"

"တော်ဝင် တောင်းပန်ပါတယ် အန့်တီဆင့်၊ အပြင်ဘက်မှာ
မနက်ကတည်းက ထိုင်စောင့်နေတဲ့ ကိုကို့ကို သနားလို့ပါ"

အန့်တီဆင့် မျက်နှာမဲ့ကျသွားရင်း ဒေါသသွေးတွေနှင့်မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာတစ်ခုလုံး ရဲရဲနီလာ၏။

"သနားလို့ ဟုတ်လား၊ မင်းမပေါ်ဆိုတဲ့ ယောကျ်ားအ
ကြောင်း မင်းသိထားတာပဲ တော်ဝင်၊ ပြောစမ်း၊ သူ မင်းကို ဘယ်
ခေါ်သွားခဲ့တာလဲ"

"တော်ဝင် အမှန်အတိုင်း ဝန်ခံခဲ့ပြီးပြီပဲ အန်တီဆင့်ရယ်"

"ဒါဆို သူတကယ်ပဲ မင်းကိုခိုးသွားဖို့ ကြံခဲ့တယ်ပေါ့"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုကို တော်ဝင်ကို ပြန်ပို့ပေးခဲ့
တယ်"

"သူက မင်းကို ဘာမှ မတောင်းဆိုခဲ့ဘူးလား၊ ဒါ လိမ်ညာ
သိုဝှက်စရာမဟုတ်ဘူး သမီး၊ အန်တီ့ကို အမှန်ပြော၊ သူနဲ့မင်း ဘာ
တွေဖြစ်ခဲ့သလဲ"

အန်တီဆင့် သူမပခုံးလေးကို ဆုပ်ကိုင်ကာ ချောမော့မေး
တော့ တော်ဝင်ခေါင်းကို ခါယမ်းပြရင်း -

"တကယ်ကို ကိုကို တော်ဝင့်ကို မနစ်နာစေခဲ့ပါဘူး အန်
တီဆင့်ရယ်၊ သမီးမညာပါဘူး"

"သေချာရဲ့လား သမီး"

"အန်တီဆင့်ရယ် သမီးကျိန်တွယ်ပြောရဲပါတယ်၊ ကိုက
အဲဒီလောက်ထိ သိက္ခာတရားမကင်းမဲ့ပါဘူး"

ဒေါ်ခင်ခင်ဆင့် တိတ်ဆိတ်စွာငေးစိုက်ကြည့်နေတော့ တော်
ဝင် ရှိုက်ငိုရင်း မျက်ရည်တွေစီးကျနေသည်။





ပင့်သက်တစ်ချက်ရှိုက်ရင်း ဒေါ်ခင်ခင်ဆင့် တော်ဝင့်ဆံနွယ်
တွေကို ပွတ်သပ်ချော့မော့သည်။

"မေ့လိုက်တော့ သမီး၊ အဲဒီကိစ္စကို သမီးရင်ထဲက မေ့
လိုက်တော့၊ အန်တီဆင့် ယုံပါတယ်၊ အခု သမီးကို အန်တီဆင့်ပြော
တာကို အသေအချာနားထောင်နော်"

တော်ဝင့်နှုတ်ခမ်းကို ပြောင်းထိုင်ရင်း အန်တီဆင့်လေသံတွေ
နူးညံ့သွားခဲ့သည်။ တော်ဝင် မော့ကြည့်တော့ မျက်နှာပေါ်မှာ ဒေါသ
တွေကင်းစင်သွားတာလည်း သေချာ၏။

"သမီးကို အန်တီဆင့်မိတ်ဆွေတစ်ယောက်သားနဲ့ လက်
ထပ်ပေးမယ်"

"ရှင်"

"သူ့နာမည်က မောင်ရိုးမတဲ့"

"ရိုးမ၊ ဟုတ်လား အန်တီဆင့်"

"အင်း သမီးသိချင်သိမှာပါ၊ သမီးတို့ကျောင်းကပဲ၊ နောက်
ဆုံးနှစ်တက်နေတာ၊ သူနဲ့သမီးကို အန်တီဆင့် အမြန်ဆုံးစေ့စပ်ထား
ချင်တယ်"

"ဟင့်အင်း သ သမီး"

"မငြင်းနဲ့ သမီး၊ မင်းမပေါ်ရဲ့အန္တရာယ်က မသေးဘူး၊
အန်တီဆင့်စီစဉ်တာကို နာခံပါ၊ နောက်တစ်ပတ်ထဲမှာပဲ သမီးနဲ့ မောင်
ရိုးမကို စေ့စပ်ပေးထားမယ်၊ မောင်ရိုးမ ကျောင်းပြီးတာနဲ့ လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်''

''ဟင်''

''ဒီရက်မှာတော့ သမီး ကျောင်းမတက်နဲ့တော့၊ သမီး
ယုံပေမယ့် မင်းမဟော်ကို အန်တီဆင့်မယုံဘူး၊ အန်တီဆင့်စိစဉ်တ
သမီးလေးအနာဂတ်အတွက်ပါကွယ်''

ဘာစကားမှ ထပ်ဆိုခွင့်မရှိအောင် အန်တီဆင့်ဘက်က နှ
မာပြတ်သားနေခဲ့ပြီ။ ကိုကို့နောက်ကို တော်ဝင်ပါသွားမှာ အန်တီဆ
ကြောက်နေသည်တဲ့လား။

''အန်တီဆင့် သမီး''

''နေဦး သမီး။ မင်းမဟော်နဲ့ အန်တီဆင့် ဘာလို့သဘော
မတူတာလဲဆိုတာ မနက်ဖြန်ကျရင် သမီးသိမှာပါ၊ အခုတော့ သမ
နားလိုက်ဦး။ ခေါင်းတွေကိုက်နေမယ်၊ ဆေးတော့ကြိုသောက်လိုက်
ဦးနော် သမီး''

အန်တီဆင့်ကိုယ်တိုင် တော်ဝင်ကို ဖေးမ,တွဲကာ အိပ်ခန်
ထဲအထိ လိုက်ပို့ပေးသည်။

''အန်တီဆင့် စောစောကပြောတာ ဘာလဲဟင်''

''မနက်ဖြန်ဆိုရင် မင်းမဟော်ရဲ့အကြောင်းတွေကို သမီးနာ
နဲ့ ကိုယ်တိုင်ကြားရမယ်လေ၊ အန်တီဆင့်ရဲ့စေတနာကို အဲဒီကျ
သမီးနားလည်မှာပါ၊ ဒါကိုမှ လက်မခံရင် သမီး စိတ်ကြိုက်ရွေးချယ
ခွင့်ပေးမယ်၊ ဟုတ်လား''





နှစ်သိမ့်စကားလား၊ ချော့မော့စကားလား တော်ဝင်မသိပါ။
ပဟေဠိဆန်သော အန်တီဆင့်စကားအတွက် ထိုညက တော်ဝင်
အိပ်မပျော်ခဲ့တာတော့ သေချာသည်။

ကိုကိုလည်း ခုလောက်ဆို တော်ဝင်ကို သတိရလွမ်းနေ
မည်လား။

တော်ဝင်အပေါ်ထားခဲ့တဲ့ ကိုကိုရဲ့စိတ်ကို တော်ဝင်သိခဲ့ရ
ပြီးပြီ။ ကိုကိုရဲ့ တည်ကြည်ပြီး ယောကျ်ားပီသတဲ့စိတ်ဓာတ်ကို တော်
ဝင် လေးစားကြည်ညိုခဲ့တာ အမှန်ပါ။

ကိုကို့ကို တော်ဝင်ချစ်ပါတယ် ကိုကိုရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

အန့်တီဆင့်နှင့်အတူပါလာသော အမျိုးသမီးကြီးကို တော်ဝင် တစ်ခါမှ မမြင်ဖူးပါ။ ညည့်ခန်းထဲမှာ အန့်တီဆင့်နှင့်စကားတွေပြောရင်း မိညိုလာခေါ်မှ ထွက်ရသည့် တော်ဝင်ကိုလှမ်းကြည့်၏။

"လာ သမီး၊ လာ ထိုင်ဦး"

အန့်တီဆင့်က တော်ဝင်ကို ဆီးကြိုရင်း နံဘေးမှာထိုင်စေ၏။ တော်ဝင်ကို ပြုံးပြုံးလေးကြည့်နေသော အမျိုးသမီးကြီးကို တော်ဝင်နှုတ်ဆက်ပြုံးပြမိ၏။

"မဆင့်တူမလေးက တကယ်ချစ်စရာလေးပါလား"

"တော်ဝင် သမီး၊ ဒါက ဒေါ်မိုးမြင့်စံတဲ့၊ နှင်းမခလေးရဲ့ အမေပေါ့"





"ဟင်"

တော်ဝင် အံ့ဩသွားမိသည်။ မမ,မခရဲ့ အမေတဲ့။ ဒါဆို ကိုကိုရဲ့မိထွေးပဲပေါ့။

"သမီးလေးက အန့်တီ့ကိုမသိပေမယ့် အန့်တီက သမီးလေးကို သိနေပြီးသားပါကွယ်"

"ဟုတ် ဟုတ်ကဲ့၊ သမီး မမ,မခကိုခင်ပါတယ်"

"သမီးလေးရဲ့ ဖြူစင်ရိုးသားတဲ့စိတ်ဓာတ်လေးကို အန့်တီ သိနေတာတယ် သမီး၊ ဒါကြောင့်လည်း အန့်တီက သမီးရင်းချာလို သဘောထားပြီး သမီးလေးကို သတိပေးချင်လို့ လာခဲ့တာပါ"

တော်ဝင် မျက်တောင်ရှည်ကြီးတွေပုတ်ခတ်ပြီး နားမလည်နိုင်သလိုကြည့်၏။ အန့်တီဆင့်က တိတ်ဆိတ်နေရာမှ ခေါင်းလေးညိတ်ကာ ဝင်ပြော၏။

"အသေအချာနားထောင် သမီး၊ မမိုး သမီးကိုပြောပြလိမ့်မယ်၊ အန့်တီဆင့်ပြောတာထက် မမိုးစကားတွေဆိုရင် သမီး သဘောပေါက်လက်ခံနိုင်လိမ့်မယ်၊ ကဲ မမိုး သမီးလေးနဲ့စကားပြောဦးနော်"

အန့်တီဆင့် တမင်ရှောင်ထွက်ပေးသွားတာဟုပဲ တော်ဝင် ထင်ပါသည်။ ညည့်ခန်းထဲမှာ တော်ဝင်နှင့် ဒေါ်မိုးမြင့်စံတို့နှစ်ဦးပဲ ကျန်ရစ်ခဲ့သည်။ တော်ဝင်ငြိမ်သက်စွာနားစွင့်နေမှ ဒေါ်မိုးမြင့်စံ ဆက်ပြောသည်။

"မောင်မင်းမပော်နဲ့ သမီးလေးတို့ သံယောဇဉ်တွယ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကို အန်တီကြားတယ်သမီး၊ ပထမတော့ မောင်မဟော် ချစ်သူရည်းစားတွေထားတာ အဆန်းတကြယ်ကိစ္စမဟုတ်လို့ အန်တီ ဘာမှမပြောလိုပါဘူး၊ အခုတော့ သမီးလေး ဒုက္ခရောက်မှာစိုးလို့ လာပြောတာပါ''

''ဟို အန်တီ ဘာကိုဆိုလိုတာလဲဟင်''

''သမီးမသိသေးတဲ့ မောင်မဟော်အကြောင်းတွေ အန်တီပြောချင်လို့ သမီး၊ မောင်မဟော်က အန်တီနဲ့ မိထွေးတော်တယ်ဆိုတာတော့ သမီးသိမှာပါ''

''ဟုတ်ကဲ့၊ သိပါတယ် အန်တီ''

''အန်တီ့သမီးလေး နှင်းမခနဲ့ မောင်မဟော်က မောင်နှမအရင်းတွေမဟုတ်ကြဘူး၊ မောင်မဟော်က မိန်းကလေးတွေရှုပ်တာ ပွေတာ သမီးကြားမှာပါ''

ကိုကိုနှင့်ပတ်သက်ပြီး ဒီအကြောင်းတွေပဲ ကြားနေရတာများတော့ တော်ဝင် သိပ်ပြီးမဆန်းတော့သလို ဖြစ်နေ၏။

''သမီးအပေါ်မှာပဲ သူ တည်ငြိမ်မယ်လို့ သမီးထင်နေတယ်ဆိုရင် လုံးဝမှားလိမ့်မယ် သမီး၊ မောင်မဟော်ဆိုတာ အန်တီ့လက်ထဲမှာပဲ ကြီးပြင်းလာတော့ အန်တီ သူ့စိတ်ကိုသိနေတယ်၊ ပွင့်ပွင့်လင်းလင်းပြောရရင် မောင်မဟော်ကြောင့် ပျက်စီးခဲ့တဲ့မိန်းကလေးတွေမနည်းတော့ဘူး''

''ဟင်''

''သမီး ဒုက္ခမရောက်စေချင်ဘူး၊ မောင်မဟော်ဟာ တစ်ချိန်





ကျရင် အန်တီ့သမီးနှင်းမခနဲ့ မဖြစ်မနေ လက်ထပ်ရမယ့်သူပါ''

''ရှင်''

''ဒါ အမှန်ပဲသမီး၊ မောင်မဟော်နဲ့ နှင်းမခလေးတို့က တစ်အိမ်တည်းအတူနေကြတာဆိုတော့ သူတို့ချင်း ဘယ်အခြေအနေထိရှိသလဲဆိုတာ သမီး စဉ်းစားကြည့်လေ၊ အန်တီနဲ့မောင်မဟော်အဖေ တိုင်ပင်ပြီး တစ်ချိန်မှာလက်ထပ်ပေးဖို့ စီစဉ်ထားတယ်၊ ပထမတော့ မောင်မဟော်က လက်မခံချင်ဘူး၊ ဒါပေမဲ့ သမီးနှင်းမခက သူ့ကို ဘယ်လောက်ထိခွင့်လွှတ်နားလည်သလဲဆိုတာ သူသိသွားပါပြီ''

တော်ဝင် မယုံနိုင်အောင် တုန်လှုပ်သွားမိတဲ့အထိပါပဲ။ ကိုကိုနဲ့ မမ,မခက ဒီအခြေအနေအထိဖြစ်နေကြသည်လား။ ဒါဆို ဘာကြောင့် မမ,မခက ကိုကိုနှင့်တော်ဝင်ကိစ္စမှာ ကူညီပေးနေခဲ့တာလဲ။

''သမီး ယုံရခက်ဖြစ်ချင်ဖြစ်နေမှာပါ၊ သမီးလေးနှင်းမခက မော်မဟော်ကို သိပ်ချစ်တယ်၊ တစ်ချိန်မှာ သူတို့ လက်ထပ်ရမှာသေချာတော့ အခုချိန်မှာ မောင်မဟော်စိတ်တိုင်းကျ အားလုံးခွင့်ပြုပေးထားတယ်''

''ဘယ်လို အန်တီ၊ မမ,မခက သမီးနဲ့ကိုကိုကိစ္စကို တမင်နားလည်ပေးတဲ့သဘောလားဟင်''

''သိပ်သေချာတာပေါ့ သမီး၊ အန်တီ ဒါကိုသိလို့ သမီးကို လာသတိပေးတာပါကွယ်၊ မောင်မဟော်ကို သမီး သံယောဇဉ်ငြိတွယ်နေရင်တောင် ဆင်ခြင်နိုင်အောင်လို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဆင်ခြင်ရမှာထက် လုံးဝကို သမီးနောက်ဆုတ်လိုက်ရမှာ၊ ကိုယ့်ဘဝကြီးနစ်မွန်းမယ့်ကိစ္စကြီးကို သမီးသိခဲ့ပြီပဲ"

အသံနှင့်အတူ ညှော်ခန်းထဲဝင်လာသော အန်တီဆင့်က ယတိပြတ်ပြောသည်။ ကြားနေရသောစကားတွေကို တော်ဝင် ထိတ်လန့်တုန်လှုပ်သွားမိသည်။ ကိုကိုနဲ့ မမ,မခတို့ တော်ဝင်ကို ပူးပေါင်းလှည့်စားခဲ့သည့်အဖြစ်ပါလား။

"သမီးလေးကို သားသမီးချင်းစာနာလို့ အန်တီဒုက္ခမတွေ့စေချင်ပါဘူး၊ မဆင့်ကိုလည်း ခင်မင်ရင်းနှီးနေလို့ အန်တီလာပြောရတာပါ၊ ဒီကိစ္စမှာ အန်တီရဲ့သမီးကိုယ်တိုင်ပါနေတော့ မဖြစ်သင့်တာတွေ မဖြစ်စေချင်ဘူး"

ဒေါ်မိုးမြင့်စံကိုယ်တိုင် နှုတ်က ဝန်ခံပြောဆိုနေသည့်အဖြစ်မှာ တော်ဝင့်နှုတ်တွေ ဆွံ့အနေပေမယ့် ရင်ထဲမှာတော့ မီးလျှံတွေနှင့် လောင်မြိုက်နေခဲ့တာ အမှန်ပဲဖြစ်သည်။

"ကဲ သမီး အမှန်တရားတွေကို သမီးသိခဲ့ပြီပဲ၊ အန်တီဆင့်ဘာကြောင့် သမီးကိုတားမြစ်နေသလဲဆိုတာ သမီးသိပြီပေါ့"

"အဟင့် ဟင့် ကိုကို ဒီလောက်အထိ တော်ဝင်ကို မလှည့်စားသင့်ဘူး"

ချောက်ချားတုန်ယင်စွာ ရေရွတ်ငိုရှိုက်ရင်း တော်ဝင် ညှော်ခန်းထဲက ချာခနဲ လှည့်ပြေးခဲ့မိသည်။

ရင်ထဲမှာ မွန်းကျပ်ဆို့နစ်နေသော ဝေဒနာတွေအတွက် အ





ခန်းထဲကအိပ်ရာပေါ်ရောက်မှ ပစ်လှဲရင်းရှိုက်ငိုနေမိသည်။

ရက်စက်လိုက်ကြတာ။ ကိုကိုရော နှင်းမခပါ တော်ဝင်ရဲ့နှလုံးသားကိုလိမ်ညာလှည့်စားခဲ့ကြတာ။ ဒီလောက်အထိ မကြံစည်မရက်စက်သင့်ပါဘူး ကိုကိုရယ်။

"သမီး"

ခေါ်သံနှင့်အတူ အခန်းထဲဝင်လာသော အန်ဆီဆင့်ကိုလည်း တော်ဝင် မော့မကြည့်နိုင်ပါ။ ဘယ်လိုမှ မယုံနိုင်သောအဖြစ်အပျက်တွေက တော်ဝင့်ရင်ထဲကို မုန်တိုင်းကြီးတစ်ခုလို မွှေနှောက်သွားခဲ့သည့်အဖြစ်။

"မျက်ရည်တွေ သုတ်လိုက်တော့ သမီး။ သမီးကြုံခဲ့ခဲ့တာ မဟာအမှားကြီးပဲ၊ အဲဒီအမှားကြီးကို အချိန်မီ ပြင်ဆင်နိုင်တာ နောက်မကျသေးပါဘူးကွယ်"

နောက်မကျသေးဘူးတဲ့လား။ တော်ဝင့်နှလုံးသားက ခံစားဖြစ်ပေါ်ခဲ့တဲ့အချစ်က လှည့်စားမှုကြီးဖြစ်ခဲ့သည်။

ကိုကို လှည့်စားလိမ်ညာခဲ့ပေမယ့် တော်ဝင့်နှလုံးသားက အချစ်ကို တကယ်တွေ့ရှိခဲ့တာပါ။ တော်ဝင်သူဆိုတဲ့ ကောင်မလေးနှလုံးသားမှာ အချစ်ဆိုတာ တစ်ကြိမ်တစ်ခါပဲ ပေါက်ဖွားခဲ့မှုပါတယ် ကိုကိုရယ်။

ဒါပေမဲ့ အဲဒီအချစ်က –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

"ဘာ ဘာပြောတယ် ဝဏ္ဏ၊ မဖြစ်နိုင်တာ"

"ငါ နောက်နေတာမဟုတ်ဘူး၊ ဒီမနက်ပဲ မာမီတို့ကို ဖိတ်ထားလို့ အန်တီဆင့်အိမ်ကိုသွားကြတယ်၊ တော်ဝင်သူရဲ့စေ့စပ်ပွဲတဲ့၊ အခုတောင် သူတို့ခြံထဲမှာ ကားတွေ,လူတွေ စုံနေပြီ"

ဝဏ္ဏစကားတွေက သူ့ရင်ကို ငရဲမီးနဲ့ပက်သလို ခံစားရသည်။ ဘာတွေဖြစ်ကုန်တာလဲ။ ဖုန်းကိုပိတ်ကာ သူ အိမ်ထဲက ပြေးထွက်ခဲ့သည်။

"ကိုကို ဘယ်သွားမလို့လဲ"

ညီ့ခန်းကိုအဖြတ်မှာ လှမ်းမေးသည့် မခ,အသံကိုကြားပေမယ့် ပြန်ရှင်းမပြနိုင်ပါ။ ကားပေါ်တက်ကာ ဝဏ္ဏတို့အိမ်ဘက်ကို





မောင်းထွက်ခဲ့သည်။

ခြံတံခါးဖွင့်ပြီးစောင့်နေသော ဝဏ္ဏရှေ့မှာပဲ သူ့ကားကိုထိုးရပ်ပြီး ဖွင့်ဆင်းလိုက်သည်။

မျက်နှာချင်းဆိုင်က တော်ဝင်တို့ခြံထဲမှာ ဝဏ္ဏပြောသလိုပဲ ကားသုံးစီးရပ်ထားသည်။ သူ ရပ်ကြည့်နေတုန်းမှာ ကားဖြူလေး တော်ဝင်တို့ခြံထဲမောင်းဝင်သွားသည်။

ဆင်ဝင်အောက်မှာရပ်လိုက်သော ကားပေါ်ကဆင်းလာသူတွေကို မပေါ် မျက်မှောင်ကြီးကုတ်ကြည့်နေလိုက်၏။

"ဟင်"

နု့သာရောင်တိုက်ပုံနှင့် ပိုးပုဆိုးကိုဝတ်ဆင်ထားသော လူရွယ်က သူတို့ရှိရာကို လှမ်းကြည့်သည်။ မထီတရီမျက်ဝန်းအကြည့်တွေနှင့် မျက်နှာက ရိုးမ။

"ဒါ ရိုး ရိုးမ"

"ဟုတ်တယ် မပေါ်၊ တော်ဝင်နဲ့စေ့စပ်လိုက်တာ ရိုးမလေ"

ဝဏ္ဏစကားက ရင်ထဲထိ စူးနစ်တိုးဝင်သည်။ သူ့ကိုမြင်တာကြောင့် ရိုးမ တမင်လှည့်ကြည့်တာ သေချာ၏။ အနိုင်ယူသူအပြုံးတွေနှင့် ရိုးမ တော်ဝင်တို့အိမ်ထဲ လှည့်ဝင်သွားသည်။

"တောက်"

ရင်ထဲက နာကျင်ဒေါသတွေက တက်တစ်ချက်အဖြစ် ပွင့်ထွက်သွားခဲ့သည်။ ဝဏ္ဏက သူ့ပခုံးကိုဆုပ်ကိုင်ရင်း –



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ရတာ လတ်တလော ဝုန်းဒိုင်းကြဲစီစဉ်လိုက်… မပော်၊ မင်းနဲ့တော်ဝင် ဒီရက်မှာ မတွေ့ဖြစ်ဘူးလား"

ဝဏ္ဏမေးတာတွေကို သူ ပြန်မဖြေနိုင်ပါ။ ရင်ထဲမှာ လစ်… သောဝေဒနာတွေက ပူလောင်လှသည်။

ဒေါ်ခင်ခင်ဆင့်ရဲ့စီစဉ်မှုထဲမှာ တော်ဝင် မငြင်းနိုင်ခဲ့တာ… ဖြစ်ရမည်။ ရိုးမနှင့် တော်ဝင်ကို ဖွတ်စီစဉ်လိုက်တာ သူ နောက်ကျ… သိခဲ့ရပြီ။

ဝဏ္ဏတို့ခြံထဲမှာပဲ သူနှင့်ဝဏ္ဏထိုင်ရင်း တစ်ဖက်ခြံထဲ… မျှော်ငေးကြည့်နေရသည့်အဖြစ်။ ရင်ထဲမှာ ဖြစ်တည်နေသော ဒေါ်… တွေ၊ နာကျင်မှုတွေကို ဖောက်ခွဲပစ်လိုက်ချင်သည်။

ဒါပေမဲ့ အသိတစ်ခုနှင့် သူ ထိန်းချုပ်နေခဲ့ရ၏။

တော်ဝင်တို့ခြံထဲက ကားတွေ၊ လူတွေ ပြန်ထွက်သွားသည်… အထိ သူစောင့်ကြည့်နေခဲ့သည်။ ဝဏ္ဏရဲ့မိဘတွေလည်း ပြန်… ကြသည်။

တော်ဝင်တို့ခြံတံခါးကြီးကို လာပိတ်နေသော ဦးမိုးဆီ… သူ အပြေးသွား လက်ကာတားရင်း –

"ဦးမိုး နေပါဦး"

"ဟာ ဟော့ မောင်ရင် ဘာလုပ်တာလဲ၊ ထွက်"

"တံခါးဖွင့်ပေးလိုက်ပါ ဦးမိုး"

ဆင်ဝင်အောက်က လှမ်းအမိန့်ပေးသော ဒေါ်ခင်ခင်ဆ…





အသံကြောင့် ဦးမိုး သူ့ကိုမတားတော့ပါ။ သူ ဒေါ်ခင်ခင်ဆင့်ဆီ ဦးတည်လျှောက်ခဲ့၏။

"ဘာကိစ္စလဲ မောင်မင်းမပော်"

"ကျွန်တော် တော်ဝင်နဲ့တွေ့ချင်လို့ အန်တီဆင့်"

"မင်း တွေ့ခွင့်မရှိတော့ဘူး၊ တော်ဝင်ကို ဒီနေ့ပဲ အန်တီ စေ့စပ်ပေးလိုက်ပြီ"

"မဖြစ်နိုင်ဘူး၊ မဖြစ်သင့်ဘူး၊ တော်ဝင့်ဆန္ဒမပါဘဲ အန်တီဆင့် စီစဉ်တာ ကျွန်တော်သိနေတယ်"

သူ ပေါက်ကွဲစွာဆိုတော့ ဒေါ်ခင်ခင်ဆင့် မဲ့ခနဲပြုသည်။ စေ့စပ်ပွဲမှာမို့ အပြည့်ဝတ်ဆင်ထားသော စိန်ရတနာတွေက ဝင်းလက်တောက်ပနေ၏။

"တော်ဝင်ကိုယ်တိုင်က ဒီပွဲကို လက်ခံခေါင်းညိတ်ခဲ့တာဆိုရင် မင်း ဘာပြောမလဲ"

"ကျွန်တော် မယုံဘူး၊ တော်ဝင်နဲ့ တွေ့ချင်တယ်"

"ဒါဆို မင်းကို နောက်ဆုံးအခွင့်ပေးမယ်၊ အဲဒီနေရာကပဲ စောင့်"

သူ့ကို ဧည့်ခန်းထဲတောင် ဝင်ခွင့်မပြုဘဲ ဆင်ဝင်အောက်မှာပဲ ရပ်နိုင်းခဲ့ကာ ဒေါ်ခင်ခင်ဆင့် လှမ်းဝင်သည်။ ပြီးတော့ သံဘာ… တံခါးကို ကျိမ်းခနဲပိတ်သည်။ ရင်ထဲမှာ ဒေါသတွေ ဆူဝေနေပေမယ့် တော်ဝင်စိတ်နှင့် သူ အံတင်းစောင့်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာလိုက်ပါ။ အန်တီဆင့်နှင့်အတူထွက်လာသော တော်ဝင်။ ပန်းနုရောင်ဝတ်စုံလေးနှင့် လှပကြော့ရှင်းနေ၏။

"တော်ဝင်"

"ရှင်ပြန်တော့ ကိုမင်းမဟော်၊ ရှင့်မျက်နှာကို ကျွန်မ ဘယ်တော့မှ မမြင်တွေ့ချင်တော့ဘူး"

"ဟင် တော်ဝင်၊ ကိုယ် ကိုယ်"

"ကဲ သမီး သွားတော့၊ မောင်မင်းမဟော် မင်း ထပ်ပြီး မနှောင့်ယှက်နဲ့တော့"

"တော်ဝင် တော်ဝင် နေပါဦး"

သူ့ခေါ်သံကို ဥပေက္ခာပြုကာ တော်ဝင် အခန်းထဲဝင်သွားသည်။ သံဘာဂျာတံခါးကို သူ တဝုန်းဝုန်း ဆွဲကိုင်ခေါ်နေမိဆဲ။

"သွားတော့ မောင်မင်းမဟော်၊ ဒါ အန်တီခြံဝန်းထဲမှာနော်"

ခြိမ်းခြောက်စကားမှန်း သူသိသည်။ လက်သီးတွေ တင်းတင်းဆုပ်ရင်း သူ အန်တီဆင့်ကို စူးစူးရဲရဲကြည့်သည်။

"မတရားဘူးဗျာ၊ တော်ဝင် ကျွန်တော့်ကို မုန်းသွားတာ တကယ်မဟုတ်ဘူး"

"သမီးလေးက မင်းရဲ့နာမည်ကိုတောင် ကြားချင်တာ မဟုတ်ဘူး၊ အန်တီခေါ်လို့ထွက်တွေ့တာ၊ ကဲ မင်းသွားပါတော့"

ဒေါ်ခင်ခင်ဆင့် စကားအဆုံးမှာ ဦးမိုးက သူ့လက်ကို လှမ်းဆွဲ၏။ ဦးမိုးလက်တွေကို သူခါထုတ်ပစ်တော့ –





"မဟော် လာကွာ၊ စိတ်ထိန်းပါ"

ခြံထဲအထိ စိုးရိမ်စွာဝင်လိုက်လာသော ဝဏ္ဏက သူ့ကို လာဆွဲခေါ်သည်။ သူလက်သီးတွေ တင်းတင်းဆုပ်ရင်း နေရာက မရွေ့။

"မောင်ဝဏ္ဏ မင်းသူငယ်ချင်းကို ခေါ်သွားပါ"

"ဟုတ်ကဲ့ အန်တီ၊ မဟော် လာကွာ၊ ငါ တောင်းပန်တယ်၊ ငါ့မျက်နှာကို မင်းထောက်ဦးကွာ၊ လာ မဟော်၊ လာပါကွာ"

နောက်ဆုံးတော့ ဝဏ္ဏဆွဲခေါ်ရာကို သူလိုက်ပါခဲ့ရသည်။ ရင်ထဲမှာ အလိုမကျခြင်းတွေ၊ ဒေါသတွေ၊ မွန်းကျပ်မှုတွေနှင့် ဆူဝေနေသည်။

ဘယ်တော့မှ မင်းကို ငါ အဆုံးရှုံးမခံနိုင်ဘူး တော်ဝင်။

အားလုံးကိုရင်ဆိုင်ပြီး မင်းကို ငါရအောင်ကြိုးစားပြမယ်။ ဘယ်သူတွေ ဗိုင်းဖျက်ဆီးကြပါစေ ငါ့ရင်ထဲက အချစ်က သက်သေဆိုတာ မင်းယုံပါ တော်ဝင်။

✿

မနက်ကတည်းက ထွက်သွားသော မဟော်။ ည မိုးချုပ်လုအထိ ပြန်မလာတော့ မခ စိုးရိမ်လာမိတာ အမှန်ဖြစ်သည်။

ဝဏ္ဏတို့အိမ်ကို ဖုန်းဆက်ကြည့်တော့လည်း ကိုကိုနှင့်ဝဏ္ဏ



www.burmeseclassic.com

www.burmeseclassic.com



အပြင်ထွက်သွားကြတာ မနက်ကတည်းကဟု ကြားသည်။

ဧည့်ခန်းထဲမှာ တမျှော်မျှော်ဖြစ်နေသော မခ တစ်ယောက်တည်းမဟုတ်ဘဲ မေမေလည်း ပါသည်။ ကိုမိုးကတော့ သူ့အခန်းထဲဝင်ကာ အိပ်နေပြီ။

"ကိုကို ဘာတွေလျှောက်လုပ်နေပြီလဲ မသိဘူး မေမေရယ်"

"မောင်ဝဏ္ဏလည်း ပါသွားတာပဲကွယ်"

မေမေက နှစ်သိမ့်သည်။ ဒါပေမဲ့ မခ့ရင်ထဲမှာ စိုးရိမ်နေတာပဲဖြစ်သည်။ မမျှော်လင့်ဘဲ တော်ဝင်စေ့စပ်လိုက်သည်ဆိုတော့ ကိုကို ခံစားရမှာ သေချာသည်။ ဒါကိုလည်း ခမပြောမှ မခ သိရတာဖြစ်သည်။

"ဒီမနက်ပဲ တော်ဝင်သူ စေ့စပ်လိုက်တာ သမီး၊ အဲဒီသတင်းကြားလို့ သူ ဝဏ္ဏတို့အိမ် ထွက်သွားတာ"

မေမေပြောတော့ မခ အံ့သြသွားမိတာ အမှန်။ တော်ဝင်စေ့စပ်လိုက်တာကို လုံးဝမယုံနိုင်ပါ။ အန်တီဆင့်ရဲ့အစီအစဉ်တွေဟုထင်သည်။

"တော်ဝင်ကို အန်တီဆင့် ဖွတ်စီစဉ်လိုက်တာထင်တယ်"

"တော်ဝင်လေးကိုယ်တိုင်က လက်ခံတာတဲ့ သမီး"

"ဟင် မေမေ ဘယ်လိုသိလဲ"

"မေမေ့ဆီ တော်ဝင့်အန်တီကိုယ်တိုင် ဖုန်းဆက်ပြောတာပါသမီး။ မင်းမဟော် ရှုပ်တာပွေတာတွေကို တော်ဝင် အတိအကျ





သိလိုက်လို့ စိတ်နာနေတာတဲ့"

မဖြစ်နိုင်ဘူးဟု မခ ထင်ပါသည်။ ကိုကိုနှင့်တော်ဝင်တို့ တွေ့နိုင်ဖို့တောင် မခ စီမံပေးခဲ့တာ မေမေတို့မှ မသိကြဘဲ။ ဒီကိစ္စမှာ တော်ဝင် မငြင်းနိုင်ဘဲ ခေါင်းညိတ်ခဲ့တာထင်၏။

"ဘာပဲဖြစ်ဖြစ် ဟိုက စေ့စပ်ပြီးသွားပြီဆိုတော့ မောင်မဟာဘာမှ ဆက်မလုပ်သင့်တော့ဘူး"

"ကိုကို သိပ်ခံစားရမှာပဲ မေမေရယ်"

"သူ့အတွက် မဆန်းပါဘူး သမီးရယ်၊ ရည်းစားတွေ အများကြီးထားပြီး အများကြီးလည်း ကွဲခဲ့ဖူးတာပဲ"

"အဲဒီလိုမဟုတ်ဘူး မေမေ၊ ကိုကိုက တော်ဝင်သူကို တကယ်ချစ်တာ"

မဟော်ဘက်ကချည်းပဲ ခံစားပြောနေသော သမီးလေးကို ဒေါ်မိုးမြင့်စံ မျက်မှောင်ကုတ်ကြည့်မိ၏။ တကယ်ဆို သမီးရင်ထဲကို မြင်ခဲ့တာလည်း ကြာပြီ။

"သမီး ဘာကြောင့် တခြားသူတွေရဲ့ရင်ထဲကို ခံစားနားလည်နေတာလဲ၊ သမီးရင်ထဲမှာရော ခံစားချက်မရှိဘူးလား"

သူမအမေးစကားကြောင့် သမီးမျက်နှာလေး ညှိုးသွားသည်။ မျက်ဝန်းလေးတွေထဲက ခံစားမှုတွေကို သူမ နားလည်ထားခဲ့တာကြာပြီ။ သမီးကိုမြင်တိုင်း သူမရင်ထဲမှာလည်း ခံစားခဲ့ရသော ဝေဒနာတွေက များနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း တော်ဝင်သူနှင့်ဆုံတွေ့ပြီး သမီးလေးအ
နား မပေါ်ရောက်အောင် ဖန်တီးခဲ့တာ သမီးလေးမသိရှာ။

"ပေါ ကိုကိုပြန်လာပြီ"

ခြံထဲကိုမောင်းဝင်လာသော ကားမီးရောင်ကိုမြင်တော့ အရင်ဆုံးထရပ်လိုက်တာ မခ ဖြစ်သည်။ ဆင်ဝင်အောက်ကို သုတ်ခနဲ ထွက်သွားတာမို့ ဒေါ်မိုးမြင့်စံက ကပ်လိုက်ခဲ့ရ၏။

ကားတံခါးဖွင့်ပြီး ဝဏ္ဏဆင်းလာသည်။ ပြီးမှ နောက်ခန်းထဲက မပေါ်ကိုတွဲထုတ်သည်။

"ဟင် ကိုကို"

"မပေါ် အတော်မူးနေတယ် နှင်းမခ၊ မနည်းချော့ခေါ်ခဲ့ရတယ်"

"ကျေးဇူးပဲ မောင်ဝဏ္ဏ၊ အန်တီတို့စိုးရိမ်လို့ မျှော်နေကြတာ"

"ရတယ် အန်တီ၊ ကျွန်တော်လည်း ပြန်တော့မယ်နော်၊ ကားထားခဲ့တယ်"

"မင်း ဘယ်လိုပြန်မလဲ၊ တစ်ယောက်ယောက်ကို လိုက်ပို့ခိုင်းမယ်လေ"

"ရတယ်အန်တီ ကျွန်တော် ဘာမဖြစ်ဘူး၊ တက္ကစီနဲ့ ပြန်လို့ရတယ်၊ မပေါ်ကိုပဲ ဂရုစိုက်လိုက်ပါ"

ဧည့်ခန်းဆိုဖာပေါ်အထိ မပေါ်ကို ဝဏ္ဏပို့ပေးပြီး ပြန်သွားသည်။ မခ စိုးရိမ်မျက်နှာနှင့် မပေါ်အနားမှာ တကြော်ကြော်ခေါ်





နေ၏။

"ကိုကို ကိုကို ကိုကို"

"အင်း အင်း တော်ဝင် အေ့"

ခေါင်းမထောင်နိုင်ဘဲ နှုတ်က ညည်းနေတာ တော်ဝင့်နာမည်ပဲ ဖြစ်သည်။ မခ မေမေ့ကိုကြည့်တော့ မေမေ တွေတွေကြီးရပ်နေ၏။

"ဘယ် ဘယ်လိုလုပ်မလဲ မေမေ"

"သူ့ကို သမီး အခန်းထဲအထိ တွဲခေါ်သွားကြမယ်"

"ဘယ်လို မေမေ"

မခ မျက်လုံးလေးဝိုင်းကာ ဒေါ်မိုးမြင့်စံကိုကြည့်သည်။ ဒေါ်မိုးမြင့်စံနှုတ်ခမ်းတွေ လွန့်လွန့်လေးပြုံးရင်း မခ,ပခုံးလေးကို ဆွဲကာ ရင်ခွင်ထဲသွင်းသည်။

"ဒါ သမီးအတွက် မေမေ့စီမံမှာ သမီး၊ မပေါ်ကို သမီး ဘယ်လောက်ချစ်သလဲဆိုတာ မေမေသိတယ်"

"ဟို ဟို သမီး"

"တွေဝေမနေနဲ့ သမီး၊ သမီးရင်ထဲမှာ ဘာတွေဖြစ်နေသလဲ ဆိုတာ မေမေသိတာပေါ့ကွယ်၊ မေမေ့သမီးလေး သောကတွေနဲ့ ပူလောင်နေတာ မေမေ မမြင်ရက်ဘူး"

မခ ဆံနွယ်လေးတွေကိုပွတ်သပ်ရင်း မေမေပြောနေသည်။ မခ,ကတော့ ရင်တွေတုန်ယင်ဖိုလှိုက်ရင်း ဆွံ့အတိတ်ဆိတ်နေ၏။

"ဒါ မပေါ်ကို သမီးလေး တစ်သက်လုံး ပိုင်ဆိုင်ခွင့်ပဲ



www.burmeseclassic.com

www.burmeseclassic.com



သမီး၊ တစ်ခါတလေမှာ ရိုးသားစာနာမှုတွေက ရှုံးနိမ့်ခြင်းတွေပဲ ရတတ်တယ်၊ မေမေ့သမီးလေး ဖြူစင်တာ မေမေသိတယ်၊ ဒီတစ်ခါတော့ မျက်လုံးတွေမှိတ်ပစ်လိုက် သမီး''

''ကို ကိုကိုသိရင် မခ,ကို မုန်းသွားမှာပေါ့''

''ဘယ်တော့မှ ပြန်မရနိုင်တဲ့ အခွင့်အရေးကို သမီးတွေးကြောက်နေတာပဲ၊ လောကကြီးမှာ အရေးကြီးတာ ဘာလဲ သမီး။ အမိက,က ကိုယ့်ကိုယ်ကိုယ်ချစ်တတ်ဖို့ပဲ၊ သူများအတွက်ချည်းပဲ သမီးကြည့်ခဲ့တာ ကြာပါပြီ၊ ဒီတစ်ခါတော့ သမီးအတွက် ငဲ့ကြည့်လိုက်စမ်းပါ၊ ကဲ မေမေစီမံတာကို မျက်စိလေးတွေမှိတ်ပြီး သမီးနာခံပါကွယ်''

မခ ဘာပြောရမှန်းမသိပါ။ ဆိုဖာထိုင်ခုံမှာ ခွေခေါက်အိပ်မောကျနေသော ကိုကို့မျက်နှာလေးကို ငေးနေမိဆဲ။

ကိုကို့ကို မခ ရင်နှင့်အမျှ ချစ်ခဲ့တာပါ ကိုကိုရယ်။

✿ ✿ ✿



## အခန်း (၄၀)

''ဟာ''

ဖျတ်ခနဲနိုးလာတော့ မပော် လူးလဲထလိုက်မိသည်။ ထက်အောက်ငြိမ့်မျောလွင့်ခတ်သွားသော မွေ့ရာပေါ်မှာ ငုတ်တုတ်လေးထိုင်နေသော သူ့ကို အထိတ်တလန့်မျက်ဝန်းလေးတွေနှင့် ကြည့်နေ၏။

''မခ ငါ ငါ ဘယ်ရောက်နေတာလဲ''

''ဟို ဟို ညက ကို ကိုကို မခအခန်းထဲ ဖွတ်ဝင်လာတာ''

''ဟာ''

အသံလေးတွေ တုန်ယင်ကာ မခ ဆိုတော့ သူ့ခေါင်းထဲ ချာချာလည်သွားစေမတတ် ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မ မဖြစ်နိုင်တာ၊ ငါ ငါ ဟာကွာ၊ မဟုတ်နိုင်ဘူး။ မင်း မင်း ငါ့ကို"

"ဒေါက် ဒေါက်"

"သမီး သမီးလေးမခ"

အခန်းတံခါးခေါက်သံနှင့်အတူ ဒေါ်မိုးမြင့်စံအသံကို ကြားသည်။ မဟော် မျက်နှာတစ်ခုလုံး ထူပူသွားရသည်။ ကြယ်သီးတွေပြုတ်နေသော အင်္ကျီကို ကသောကမျောတပ်သည်။

"မခ သမီး အိပ်နေတုန်းပဲလား။ ထတော့လေကွယ်"

မခ ခုတင်ပေါ်မှာ အသံမထွက်ဘဲ ငုတ်တုတ်လေးရှိနေ၏။ မဟော် အံကိုတင်းခနဲကြိတ်ရင်း တံခါးကိုဆွဲဖွင့်လိုက်သည်။

"သမီး၊ အို မင်း မင်း"

ဒေါ်မိုးမြင့်စံ မျက်လုံးကြီးပြူးကာ သူ့ကိုစိုက်ကြည့်ရင်း စကားသံတွေ ထပ်ထွက်မလာပါ။ သူ အခန်းထဲက တွန်းတိုက်ထွက်ခဲ့သည်။

"သမီး၊ မေမေ့သမီး"

ဒေါ်မိုးမြင့်စံအသံကို ကြားရ၏။ ဒါပေမဲ့ သူ ပြန်လှည့်မကြည့်ဖြစ်ပါ။ ခြေလှမ်းတွေက ဆင်ဝင်အောက်မှာရှိနေသော ကားဆီလှမ်းခဲ့၏။

ကားပေါ်လှမ်းအတက်မှာ ခြံထဲမှာရှိနေသော မိုးကျော်နှင့် မျက်နှာချင်းဆိုင်မိသေးသည်။ ထူပူသောမျက်နှာနှင့် သူ မောင်းထွက်ခဲ့မိသည်။





ညတုန်းကဖြစ်ရပ်တွေကို စဉ်းစားကြည့်တော့ မမှတ်မိပါ။ ဝဏ္ဏနှင့် တစ်နေ့လုံး အရက်တွေသောက်ခဲ့တာ မှတ်မိသည်။ ပြီးတော့ ဘာတွေဖြစ်ကုန်သည်လဲ။

ဝဏ္ဏအိမ်ရောက်တော့မှ ဝဏ္ဏရှင်းပြတာတွေကို သူနားထောင်မိ၏။

"ငါပြန်ပို့တော့ ဧည့်ခန်းထဲမှာ မခနဲ့ အန်တီစံရှိတယ်လေကွာ"

"ငါ့ကို မခအခန်းထဲ ဘယ်သူပို့လိုက်တာလဲ"

"ဟ ဒါတော့ ငါ ဘယ်သိမှာလဲ၊ မင်း အတော်မူးနေတာလေ"

"ဒါဆို ငါ့ဘာသာတော့ မသွားနိုင်တာ သေချာတယ်၊ တောက်၊ ဒါ လှည့်ကွက်ကြီးပဲဖြစ်မယ်၊ ဝဏ္ဏ မင်းဖုန်းပေးစမ်းကွာ"

ဝဏ္ဏက ဘောင်းဘီအိတ်ထဲက ဖုန်းကိုထုတ်ပေးသည်။ သူ ခလုတ်တွေနှိပ်ကာ ဆက်သွယ်မိသည်က ဒေါ်မိုးမြင့်စံကိုပဲဖြစ်သည်။

"ဒီမှာ ညက ခင်ဗျား ကျွန်တော့်ကို ထောင်ဖမ်းခဲ့တာ မဟုတ်လား ဒေါ်မိုးမြင့်စံ"

"မဟော် မင်း ဘာတွေပြောနေတာလဲ၊ မင်း အရမ်းမူးနေလို့ တို့သားအမိ မနိုင်ဘူး၊ ဧည့်ခန်းထဲမှာပဲ စောင်ခြုံသိပ်ထားခဲ့တာ"

"မဖြစ်နိုင်တာ၊ မခ,အခန်းထဲ ဘယ်လိုရောက်သွားသလဲ"

"မင်း မသိချင်ယောင်ဆောင် မေးနေတာလား မဟော်၊



www.burmeseclassic.com

www.burmeseclassic.com



ညက သန်းခေါက်လောက်ရောက်မှ မင်း မခအခန်းကို သွားနိူးတယ်လို့ သမီးပြောတယ်၊ ရင်တွေပူလို့ ရောဘူးယူခိုင်းတာတဲ့၊ ပြီးတော့ မင် သမီးကို စော်ကားတယ်''

''ဟာ''

''မင်း ဒီလိုမလုပ်သင့်ဘူး မဟော်၊ သမီးလေးက မင်း ငါတို့ထက်တောင် သံယောဇဉ်ကြီးခဲ့သူပါ၊ အခုတော့''

သူ ဆက်မပြောရဲတော့ဘဲ ဖုန်းကိုပိတ်လိုက်မိသည်။ အမှ တရားတွေကို သူ ဘာမှမမှတ်မိခဲ့ပါ။ ဒေါ်မိုးမြင့်စံပြောသလိုဆိုရ သူ မခရဲ့အခန်းကို မိုက်မဲစွာရောက်သွားခဲ့သည်လား။

''ဟာ သွားပြီကွာ''

''မင်း ဘာဆက်လုပ်မလဲ မဟော်၊ အဲဒါကြောင့် ညက အိမ်မပြန်နဲ့လို့ ငါပြောခဲ့တာကွာ''

ဝဏ္ဏ နှောင်တရသလို ပြောသည်။ သူ့ရင်ထဲမှာလည်း ဝေပူလောင်နေသည်။ ဘဝမှာ ဒီလိုအမှားမျိုး ဘယ်မိန်းမကိုမှ မကျ လွန်မိအောင် သူထိန်းသိမ်းခဲ့သည်။

အခုတော့ အားလုံးလွန်ခဲ့ပြီ။

''ငါ အိမ်မပြန်ချင်ဘူး၊ ရင်ဆိုင်ဖို့ တော်တော်မျက်နှာပူ တယ်၊ တောက် သွားပြီကွာ၊ ငါ့ဘဝတစ်ခုလုံး ပျက်စီးသွားပြီ''

မဟော် ခေါင်းတွေခါ အံတွေကြိတ်ရင်း ဆိုနေသည် ဝဏ္ဏဘာမှမပြောနိုင်ဘဲ ပင့်သက်တွေသာ အခါခါချနေမိဆဲ။





''ငါ ဘာလုပ်ရမလဲ ဝဏ္ဏရာ''

''ငါအကြံပေးချင်တယ် မဟော်၊ မင်း မခတာဝန်ကို ယူ သင့်တယ်''

''ဘာကွ ငါချစ်တာ တော်ဝင်၊ အခုကိစ္စက မရိုးသားဘူး မခတို့ ငါ့ကို ထောင်ချောက်ဆင်ခဲ့တာကွ''

''ဒီလို လက်လွှတ်စပယ်မပြောနဲ့လေကွာ၊ ထောင်ချောက် ဆင်တယ်ပဲထား၊ မင်းက အဲဒီထောင်ချောက်ထဲ ဝင်ခဲ့ပြီးပြီပဲ''

ဝဏ္ဏစကားတွေက သူ ခွန်းတုံ့မပြန်နိုင်အောင် မှန်ကန်နေ ခဲ့သည်။

''မခ,က မင်းအပေါ်ကောင်းပါတယ်၊ ပြီးတော့ မင်း ယောက်ျားတစ်ယောက်ပဲ မဟော်ရာ၊ အမှားကြီးကို ဥပေက္ခာပြုနေနိုင် သလား၊ မခ,အပေါ်မှာတော့ မင်း စာနာသင့်တယ်''

အံကိုတင်းတင်းကြိတ်ရင်း သူ ငြိမ်သက်နေမိသည်။ အာရုံ ထဲမှာ မခရဲ့မျက်နှာလေးကို မြင်ယောင်လာ၏။

မခ,မျက်ဝန်းတွေထဲမှာ သူ့ကို နှောင်ဖွဲ့ခြင်းတွေ အမြဲရှိနေ တာ သူသိခဲ့သည်။ ဒါပေမဲ့ သူ မခကို စိတ်မဝင်စားခဲ့ပါ။ တော်ဝင် ရဲ့ကိစ္စမှာ မခကိုပဲ အသုံးချ အကူအညီတွေယူခဲ့၏။

အခုတော့ မခနဲ့ သူ။

''ဟူး ငါ့စိတ်တွေ မွန်းကျပ်နေတယ်ကွာ''

''မင်း ဘာလုပ်မလဲ မဟော်''



www.burmeseclassic.com

www.burmeseclassic.com



"ငါ အိမ်မပြန်သေးဘူး။ ဒါပေမဲ့ ငါ့အမှားအတွက် ငါတာဝန်ယူမှာပါ။ ဒယ်ဒီပြန်လာတာနဲ့ မခ ကိုလက်ထပ်မယ်၊ ဒီရက်တွေမှာတော့ ငါ့ရဲ့အိပ်မက်အိမ်လေးထဲမှာပဲ ငါနေချင်တယ်"

ဝဏ္ဏပင့်သက်ရှိုက်မိသည်။ မဟော်ဆိုသည့် အိပ်မက်အိမ်ကလေးဆိုတာ တော်ဝင်နဲ့အတူနေဖို့ မဟော်ဝယ်ထားသော အိမ်ကလေးပဲဖြစ်သည်။

လတ်တလောမှာတော့ မဟော့်ရင်ထဲက ခံစားချက်တွေကို သူနားလည်ပါသည်။ မမြင်နိုင်သောကံကြမ္မာက မဟော့်ဘဝကို လှည့်စားပြောင်းလဲသွားစေခဲ့ပြီ။

ဘာပဲဖြစ်ဖြစ် မဟော်အတွက် သူငယ်ချင်းကောင်းပီသစွာပဲ သူ အကြံပေးခဲ့တာဖြစ်သည်။

ယောကျ်ားဆိုတာ အမှားရဲ့တာဝန်ကိုလည်း ယူရမည်ပေါ့။

✿ ✿ ✿



## အခန်း (၃၁)

"သူ ဒီလိုတာဝန်ယူတယ်ဆိုရင် ပြီးပြီပေါ့ သမီးရယ်"

"ဟို သမီးစိတ်ထဲမှာ လိပ်ပြာမသန့်ဘူး မေမေ၊ ကိုကိုကို"

"တော်တော့ သမီး၊ အဲဒီကိစ္စကို သမီးမေ့ထားစမ်းပါ၊ အခုအခြေအနေတွေက ပြီးသွားပြီ၊ နောက်တစ်ပတ်ဆို ကိုမင်းဖြူ ပြန်လာတော့မယ်၊ မဟော်က အဲဒီအခါ သမီးကိုလက်ထပ်မယ်လို့ မာမီ့ကို ဖုန်းဆက်တယ်၊ အခုတော့ သူ အားလုံးနဲ့ဝေးရာမှာ နေပါရစေတော့"

ကိုကို ဖုန်းဆက်ခဲ့တာတွေကို မေမေပြန့်ပြောတော့ မခ ရင်ထဲမှာ မွန်းကျပ်နေသည်။

တကယ်ဆို ထိုညက ကိုကို အမူးလွန်ကာ မခ အခန်းထဲ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံး အိပ်နေခဲ့သည်။

ကိုကို့ရဲ့မျက်နှာလေးကို တစ်ညလုံး ထိုင်ငေးနေရင်း မခ ပဲ ရင်တွေတုန်ခါနေခဲ့တာဖြစ်သည်။ ကိုကိုကတော့ တော်ဝင့်နာမည် ကို ရေရွတ်လိုက်၊ အိပ်ပျော်သွားလိုက်နှင့်ပဲ ရှိနေခဲ့တာဖြစ်သည်။

"သမီး ဘာမှမပူနဲ့နော်၊ အားလုံးအဆင်ပြေမှာပါကွယ်၊ ကဲ မေမေ အလုပ်သွားတော့မယ်နော်"

မေမေက မခ ခေါင်းလေးကိုပုတ်ခါထွက်သွားခဲ့သည်။ မခ တစ်ယောက်တည်း အခန်းထဲမှာ ကျန်ခဲ့၏။

ဒီအခန်းလေးထဲမှာ ကိုကို့ရဲ့ရနံ့လေးတွေ အခုထိရှိနေသေးဟု မခ ထင်ပါသည်။ ဒါပေမဲ့ ကိုကို့အပေါ် မရိုးသားခဲ့သော အပြစ်တစ် ခုအတွက်တော့ စိတ်မှာ မဝံ့မရဲဖြစ်နေဆဲ။

ကိုကို့ကို မခ ထာဝရပိုင်ဆိုင်ရတော့မည်တဲ့လား။

မေမေ့ဖန်တီးခဲ့သော အဖြစ်အပျက်တွေကို မခ သိခဲ့ သည်။ မေမေက ကိုကိုနှင့် တော်ဝင်တို့ ဝေးအောင်လည်း အန်တီ ဆင့်တို့ဆီသွားကာ ဖန်တီးခဲ့သည်။

ဒါတွေကို မနေ့က မေမေပြောပြမှ မခ အံ့သြစွာ သိခဲ့ရသည်။

"မေမေ မှားခဲ့တယ်ဆိုရင်တောင် သမီးလေးကို ချစ်လို့ပါ သမီး ခံစားနေရတာ မေမေ မကြည့်ရက်ဘူး"

မေမေဆိုခဲ့သောစကားက ရင်ထဲကို ထိရှခဲ့၏။ ဒါပေမဲ့ ကိုကို နှင့်တော်ဝင်တို့အပေါ်မှာတော့ မခ စိတ်တွေ လိပ်ပြာမလုံတော့ပါ။





ကိုကို့ကို ထာဝရပိုင်ဆိုင်ခွင့်က တရားမျှတရဲ့လား။

အတွေးတွေ ချာလည်နေတုန်း ဖုန်းကဝင်လာသည်။ မေမေ သူမကို ဘာမှာစရာကျန်သွားသည်မသိ။

"မခ"

ကြားလိုက်ရတာ မေမေ့အသံမဟုတ်ပါပဲ ကိုကို့အသံဖြစ် သည်။

"ကို ကိုကို"

"ကိုယ် မင်းအမေဆီဖုန်းဆက်ပြီးပြီ မခ၊ မင်းအမေပြော လား"

"ဟုတ် ဟုတ်ကဲ့"

"ဒယ်ဒီပြန်လာတာနဲ့ မင်းကို ကိုယ်တာဝန်ယူတယ် မခ၊ ဒါ ယောကျ်ားတစ်ယောက်ရဲ့ သိက္ခာတရားအတွက်ပဲ၊ ကိုယ့်နှလုံး သားကတော့ တော်ဝင့်ဆီပါသွားပြီဆိုတာ မင်းသိပါတယ်"

ကိုကို့စကားတွေက မခရင်ထဲအထိ စူးရှတိုးဝင်နေခဲ့၏။

ကိုကို ဘာကြောင့် ဒါတွေပြောနေခဲ့တာလဲ။

"အခုကတည်းက ငါ ဝန်ခံထားတာပါ၊ ကဲ ဒါပဲ မခ"

"နေ နေပါဦး၊ ကိုကို အခု ဘယ်မှာလဲဟင်"

"အဲဒါ မမေးပါနဲ့ မခ၊ ငါ့နှလုံးသားကို ငါ ဆေးစိမ်နေတာ ဆာ . . ."

"ဟင် ကိုကို အရက်တွေသောက်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သောက်ထားတာမဟုတ်ဘူး၊ သောက်နေတာ ငါတ[illegible] ယောက်လုံး နေ့တွေညတွေ ဘာမှမသိဘဲ နေချင်နေတာ"

"ကိုကိုရယ်"

"....."

တစ်ဖက်က ဖုန်းချသွားခဲ့ပြီ။ မခ မျက်ရည်လေးဝဲကာ ဖုန်[illegible] ကိုပိတ်လိုက်ရသည်။ ကိုကို အရမ်းခံစားနာကျင်နေပြီလား။

တစ်ဘဝလုံးအထိ ကိုကို့ရင်ထဲမှာ ဒဏ်ရာတွေဖြစ်တည်[illegible] မှာလား။

ကိုကိုရယ် မခ စာနာနိုင်ပါတယ်။

✿ ✿ ✿



BURMESE CLASSIC .com

## အခန်း (၄၂)

"မသောက်ပါနဲ့ ကိုကို"

ငုံ့ထားသောခွက်ကို့ လက်အလှမ်းမှာ ကြားလိုက်ရသော တားမြစ်သံကြောင့် မပော် လှည့်ကြည့်မိတော့ အခန်းဝမှာ မခ ရပ်နေ၏။

"မခ မင်း ဘာလာလုပ်တာလဲ"

"ကိုကို့ရဲ့ဘဝကြီးကို ကယ်တင်ဖို့ လာတာပါ"

"ဟာကွာ၊ ကျွတ်၊ ဝဏ္ဏတော့ နှောက်ပြီ"

သူ စိတ်ပျက်သွားသည်။ ဝဏ္ဏက အိမ်ကို ညွှန်လိုက်တာထ[illegible] ၏။ မခ,က ပြုံးပြုံးလေးခေါင်းယမ်းရင်း –

"ကိုဝဏ္ဏပြောလိုက်တာ မဟုတ်ပါဘူး ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



မခ,စကားကို သူ မယုံချင်ပါ။ ဒီအိမ်ကို ဝဏ္ဏပဲသိသည်။ အခန်းထဲဝင်လာကာ ထိုင်ခုံမှာထိုင်နေသော မခ,ကို သူ လှည့်ကြည့်ရင်း –

"မခ ပြန်တော့၊ ငါ အရက်သောက်နေတယ်"

"ကိုကိုက အရက်မူးလည်း သိက္ခာမပျက်တတ်ပါဘူး"

"ဘာ"

"ဟုတ်တယ်၊ မခ အသိဆုံးပဲလေ၊ ဟိုတစ်ညက မေမေကိုယ်တိုင် မခ,အနား ပို့ပေးခဲ့ပေမယ့် ကိုကိုတမ်းတနေတာ တော်ဝင်ပါ"

"ဘာ ဘာရယ် မခ၊ ဒါဆို အဲဒီညက ဘာမှမဖြစ်ခဲ့ဘူးပေါ့"

"ဘာမှမဖြစ်ခဲ့ပါဘူး ကိုကိုရယ်"

"ဟာ ဒါကို ဘာလို့ အန်တီမိုး ညာတာလဲ"

"မေမေက မခ,ရင်ထဲက ဝေဒနာတွေကို မမြင်ရက်လို့ပါ ကိုကို၊ မေမေ့ကို ခွင့်လွှတ်ပေးပါ၊ အခု အမှန်ကိုရှင်းပြရင်း ကိုကို ခံစားနေတာ မမြင်ရက်လို့ တော်ဝင်ကို မခ သွားခေါ်ခဲ့တာ"

"တော်ဝင် ဘယ် ဘယ်မှာလဲ"

"ဧည့်ခန်းထဲမှာ ရှိပါတယ် ကိုကို"

"ဟင်"

သူ အခန်းထဲကပြေးထွက်ကာ ဧည့်ခန်းထဲပြေးကြည့်တော့ ဆိုဖာထိုင်ခုံလေးမှာထိုင်နေသော တော်ဝင်။





"တော်ဝင်"

"ကိုကို"

သူ တော်ဝင်အနား ဘယ်လိုရောက်သွားမှန်းမသိပါ။ တော်ဝင်ရဲ့ ခန္ဓာကိုယ်လေးကို ဝေးကွာသွားမှာစိုးသည့်အလား ဖက်ထားမိဆဲ။

"တော်ဝင် ကိုကို့ဆီလာတယ်နော်"

"ကိုကို့ရင်ခွင်ထဲ အပြီးလာခဲ့တာပါ ကိုကို၊ မမ,မခ ရှင်းပြလို့ အားလုံးသိခဲ့ပါပြီ"

တော်ဝင့်စကားကိုကြားမှ မခကို သတိရကာ သူမော့ကြည့်မိ၏။ မခ အပြုံးလေးနှင့် ရပ်ကြည့်နေ၏။

"ကိုကို ဘယ်တော့မှ အသည်းမကွဲအောင် မခ,အသည်းကို ဆန့်ကျင်ပြီး တော်ဝင်ကိုခေါ်ထုတ်ခဲ့တာပါ၊ မိညိုလေးကူညီလို့ တော်သေးတာပေါ့"

"ကျေး ကျေးဇူးတင်ပါတယ် မခရယ်"

"မလိုပါဘူး ကိုကိုရယ်၊ ကိုကိုနဲ့ တော်ဝင်တို့ အေးချမ်းပါစေလို့ မခ ဆုတောင်းပေးပါတယ်၊ မခ ပြန်တော့မယ်နော် ကိုကို"

ဆင်ဝင်အောက်အထိ မခကို သူနှင့်တော်ဝင် ပြန်ပို့ပေးသည်။ မခ,ကားလေး ခြံထဲကမောင်းထွက်သွားသည်အထိ သူ ရပ်ငေးကြည့်နေတော့ –

"မမ,မခကို တော်ဝင် သနားလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



တော်ဝင် တိုးတိုးလေးဆိုသည်။

မပော် ပင့်သက်ရှိုက်ရင်း တော်ဝင်ရဲ့ခန္ဓာကိုယ်လေးကို ပွေ့ဖက်ထားမိသည်။

“မခ,အချစ်ကဖြူစင်ပါတယ် တော်ဝင်ရယ်၊ ကိုကိုရဲ့အချစ်ကလည်း တော်ဝင်ဆိုတဲ့ မင်းလေးအတွက်ပဲမို့”

“ကိုကိုရယ်”

နွေးထွေးသောရင်ခွင်မှာ တော်ဝင် နိုဝင်လိုက်မိသည်။ ချစ်သူနှစ်ဦးကြားက အနှောင့်အယှက်တွေ အဝေးဆုံး လွင့်စဉ်သွားခဲ့ကြပြီ။

ကိုကို့ရင်ခွင်လေးမှာပဲ တော်ဝင်နိုလှုံရင်း ရင်ခုန်သံလေးတွေ တူညီခဲ့ဖူးသော သည်အိမ်လေးထဲမှာ အခုလည်း ...

ကိုကို့အနမ်းတွေကိုခံယူရင်း တော်ဝင် ရင်ခုန်သံတွေ စီးမျောလို့။

ပရိသတ်အတွက် အမြဲတမ်း

ဂျူး

www.burmeseclassic.com